၇ ရက် သတင်းဂျာနယ်

7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၃၇)　　၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်　　၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၁ ၊ ၂၀၁၁)




ခုံးကျော်တံတားတည်ဆောက်မည့် နေရာလေးနေရာထဲမှ လှည်းတန်းလမ်းဆုံကို တွေ့ရစဉ်　　ဓာတ်ပုံ - အောင်အောင်

# ခုံးကျော်တံတား လေးစင်း လေးလအတွင်း တည်ဆောက်မည်

ပြည်သိမ်း

**နေပြည်တော်၊ နိုဝင်ဘာ- ၂၈**

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှု အဆိုးဆုံး လမ်းဆုံလေးခုတွင် ခုံးကျော်တံတားသစ်လေးစင်းကိုလေးလ အတွင်း အပြီးတည်ဆောက်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

စာ(၅၉)သို့

## အာရှဖွံ့ဖြိုးရေးဘဏ် မြန်မာသို့အကူအညီပြန်ပေးရန် လေ့လာနေ

အောင်သူရ

**ပုဂံ၊ နိုဝင်ဘာ - ၂၈**

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)က မြန်မာနိုင်ငံသို့ အကူအညီ ပြန်လည်ပေးအပ်ရန် လေ့လာမှုများနှင့်ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း မဲခေါင်ခရီးသွားပြပွဲသို့ တက်ရောက်လာသော ADB Country Director (Thailand) Mr. Craig M. Steffensen ကပြောသည်။

လက်ရှိ မြန်မာနိုင်ငံ၏ အခြေအနေများသည် အလွန်စိတ်ဝင်စားစရာကောင်းပြီး မကြာမီ တံခါးပွင့်လာကာ အလုပ်လုပ်ရန် များလာမည်ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။

အာရှဖွံ့ဖြိုးရေးဘဏ်က မြန်မာနိုင်ငံအား ထောက်ပံ့မှုမပြုခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ပြီး ယခုမှပြန်လည်ထောက်ပံ့ရန်စဉ်းစားခြင်းဖြစ်သည်။ မဲခေါင်ခရီးသွားနိုင်ငံများအဖွဲ့တွင် ပါဝင်သော ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံများအား အဆိုပါဘဏ်မှ ထောက်ပံ့မှုများစွာပေးထားကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာ(၁၂)သို့


မြေဈေးနှုန်းများဆက်လက်တက်နေ၍ လုပ်ငန်းရှင်များစတင်စိုးရိမ်　စာမျက်နှာ ၅


## တရုတ်နိုင်ငံ၏ အကြီးဆုံး ဘဏ်ရုံးခွဲ လာရောက်ဖွင့်လှစ်




အားမာန်

**ရန်ကုန်၊ နိုဝင်ဘာ- ၂၈**

တရုတ်နိုင်ငံ၏ အကြီးဆုံးဘဏ် ဖြစ်သော စက်မှုနှင့် ကုန်သွယ်ရေးဘဏ်(ICBC)ရုံးခွဲကို မြန်မာနိုင်ငံတွင် စတင်ဖွင့်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ထားသော တရုတ်နိုင်ငံမှ ဘဏ်များထဲတွင် ICBC မှာ မြန်မာနိုင်ငံ၌ ပထမဆုံးကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်သောဘဏ် ဖြစ်လာမည်ဖြစ်သည်။

စာ(၁၂)သို့

## သတင်းထောက်တစ်ဦး နေပြည်တော် သတင်းစာရှင်းလင်းပွဲတွင် ရုတ်တရက်ကွယ်လွန်

**ရန်ကုန် - နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းမ်ဂျာနယ်မှ အကြီးတန်းအယ်ဒီတာတစ်ဦးဖြစ်သောကိုဇော်ကိုသက်သည် နေပြည်တော်တွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ကြီးမှူးပြုလုပ်သော သတင်းစာရှင်းလင်းပွဲသို့ သတင်းယူရန်သွားစဉ်ဦးနှောက်သွေးကြောပြတ်ကာ ရုတ်တရက်သေဆုံးသွားကြောင်း လုပ်ဖော်ကိုင်ဖက်များနှင့် ရန်ကုန်မီဒီယာဂရုမှတာဝန်ရှိသူများကပြောကြားသည်။

စာ(၁၂)သို့

## ငွေသိန်းပေါင်းသောင်းချီ လိမ်လည်သွားသော ပဲကုန်သည်အား ကုန်စည်ဒိုင်မှ အရေးယူရန်စီစဉ်နေ

### ရန်ကုန်ပဲလောကတွင် မကြာခဏ လိမ်လည်မှုများ ဖြစ်ပွားနေသည်

သိမ့်သိမ့်စိုး

**ရန်ကုန်၊ နိုဝင်ဘာ- ၂၈**


ပဲလောကအတွင်းတွင် ငွေကျပ် သိန်းပေါင်းသောင်းနှင့်ချီ၍ လိမ်လည်သွားသည့်အမှုကို ကုန်စည်ဒိုင်နှင့် ပဲ၊ နှမ်းအသင်းတို့မှ စာရင်းအတိအကျ စုံစမ်းနေပြီး လုပ်ထုံးလုပ်နည်းများအညီ အရေးယူနိုင်ရန် စီစဉ်နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"လောလောဆယ် လိမ်သွားတဲ့ ပမာဏစာရင်းအတိအကျမရသေးဘူး။ စုံစမ်းနေဆဲပဲ။ အရင်လိုပဲ လုပ်ထုံးလုပ်နည်းနဲ့ အရေးယူသွားမှာပါ"ဟု ကုန်စည်ဒိုင်တာဝန်ရှိသူကပြောသည်။


စာ(၁၂)သို့

## ကုန်ဖိုး ငွေကျပ်သိန်း ၆၀ ကျော်မပေးသော ပဲ၊ နှမ်းကုန်သည်အား မန်းကုန်စည်ဒိုင်မှ ထုတ်ပယ်

စာမျက်နှာ ၁၂


CNC
JACKET
men's wear
ENVIRONMENT FRIENDLY
www.cncmenwear.com


D // 2
100% Cotton
TAZ


Nino
The Best Quality
Three quater
Pants
Long Pant
Contact To

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီပြန်လည်တည်ထောင်ရန်လျှောက်ထား

## ပါတီဖွဲ့စည်းပုံနှင့် အမှတ်တံဆိပ်တို့ကိုပါ ပြင်ဆင်ပြောင်းလဲရန် အစီအစဉ်ရှိ



ရွေးကောက်ပွဲကော်မရှင်ထံ ပါတီတည်ထောင်ရန်လျှောက်ထားပြီးနောက် ပြန်လည်ထွက်ခွာလာသော NLDတာဝန်ရှိသူများ ဓာတ်ပုံ-AFP

**အိဖြူလွင်**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၄**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပါတီစတင်တည်ထောင်ချိန်မှစ၍ ၂၂နှစ်အကြာ နိုဝင်ဘာ၂၄ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ပါတီပြန်လည်တည်ထောင်ရန် လျှောက်ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

ပါတီကိုပြန်လည်မှတ်ပုံတင်ခြင်းမဟုတ်ဘဲ အသစ်ပြန်လည်တည်ထောင်ရန် လျှောက်ထားခြင်းဖြစ်သည်ဟုပြန်ကြားရေးတာဝန်ခံဦးအုန်းကြိုင်က ပြောကြားသည်။ ပါတီဖွဲ့စည်းပုံကိုပြန်လည်ပြင်ဆင်မည်ဖြစ်ပြီး ပါတီအမှတ်တံဆိပ်ကိုပါ ပြောင်းလဲရန် ရှိကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူတစ်ဦးကလည်းပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပါတီပြန်လည်တည်ထောင်ခွင့် ရရှိပြီးပါက လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အားလုံး၌ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကြိုးစားမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင်လူငယ်နှင့် အမျိုးသမီးများကို ဦးစားပေး ရွေးချယ်မည်ဟု သိရသည်။

ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်း၊ အသက်အရွယ်တို့ကို ကြည့်၍ ရွေးချယ်မည်ဟုလည်း သိရသည်။

ပြန်လည်တည်ထောင်မည့် အင်န်အယ်ဒီပါတီ၏ ပါတီဝင်လျှောက်လွှာအရေအတွက်ကိုတစ်သန်းအထိ ရိုက်နှိပ်မည်ဖြစ်ပြီး ပါတီဝင်သစ်များနှင့်အတူ ပါတီဝင်ဟောင်းများပါ ပြန်လည်လျှောက်လွှာတင်ရမည်ဟု သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ပါတီတည်ထောင်လိုကြောင်း လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံထားရှိပြီးဖြစ်ပြီး ဦးတင်ဦး အပါအဝင် ပါတီတည်ထောင်လိုသူပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ(၄)နှင့် ပုဒ်မ(၆)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိမရှိစိစစ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မေတ္တာရပ်ခံ ညှိနှိုင်းထားကြောင်း နိုဝင်ဘာ ၂၆ရက်ထုတ်နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပါရှိသည်။

# ၁၅ ရက်အတွင်း ဇာဂနာ နိုင်ငံကူးလက်မှတ် ရရှိ

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၆**

ဒါရိုက်တာ သရုပ်ဆောင် ဦးသူရ(ခ)ဇာဂနာသည် နိုဝင်ဘာလ ၂၄ ရက်က နိုင်ငံကူးလက်မှတ်ရရှိခဲ့ကြောင်း ၎င်း၏မိသားစုဝင်တစ်ဦးက ပြောသည်။

"ကိုသူရက နိုင်ငံကူးလက်မှတ် (Passport) ကို တစ်ခါမှ မလျှောက်ခဲ့ဖူးပါဘူး။ အခုတစ်ခေါက်လွတ်လာပြီးနောက်ပိုင်းမှ လျှောက်ဖြစ်ခဲ့တာပါ။ စလျှောက်တာကနေ ၁၅ ရက်အတွင်း ပတ်စ်ပို့ရပါတယ်။ ကုန်ကျစရိတ်ကလည်း တခြားသူတွေ ပေးသွင်းရတဲ့နှုန်းအတိုင်းပဲ ပေးသွင်းရပါတယ်။ လောလောဆယ်တော့ ကိုသူရက အမေရိကကို သွားဖို့စီစဉ်ထားပါတယ်။ အမေရိကမှာ သူလုပ်ဖို့စီစဉ်ထားတာ နှစ်ခု၊ သုံးခုလောက်ရှိပါတယ်။ သူ့မိသားစုတွေနဲ့တွေ့ဖို့ရယ်၊ ကလင်တန်ဖောင်ဒေးရှင်းက ဖိတ်ထားတာကို သွားလေ့လာဖို့ရယ်ပေ့ါ။ အငြိမ့်ကဖြစ်မကဖြစ်ကတော့ မသေချာပါဘူး" ဟု ဇာဂနာ၏ ခယ်မဖြစ်သူ မငြိမ်းငြိမ်းကပြောသည်။

ဇာဂနာသည် ယခုရက်ပိုင်းအတွင်း ၎င်းကြီးကြပ်စီစဉ်နေသော လွတ်လပ်ခြင်းအနုပညာ ရုပ်ရှင်ပွဲတော်ကိစ္စများဖြင့် အလုပ်များနေပြီး အမေရိကန်ခရီးစဉ်ကို ယင်းရုပ်ရှင်ပွဲတော်ပြီးစီးမည့် ဇန်နဝါရီလ ၄ ရက်နောက်ပိုင်းမှသာ သွားရောက်နိုင်မည်ဟု မငြိမ်းငြိမ်းက ဆက်လက်ပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

CRIME CORNER

## ၁၆ နှစ်သားက ရှစ်နှစ်သမီးကို အဓမ္မပြုကျင့်

အိဖြူလွင်

ရန်ကုန်၊ နိုဝင်ဘာ-၂၃

အသက်(၁၆)နှစ်သာ ရှိသေး သော ယောကျ်ားလေးတစ်ဦးက (၈)နှစ်အရွယ် မိန်းကလေးငယ် တစ်ဦးကို မိဘများမရှိခိုက် အဓမ္မ ပြုကျင့်ခဲ့မှုတစ်ခု ခရမ်းမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

အဆိုပါဖြစ်ရပ်သည် နိုဝင်ဘာ ၁၉ရက်က ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး အိမ်နီးချင်းနေထိုင်သူ ပြစ်မှုကျူးလွန်သူဟုဆိုသူသည် မိန်းကလေးငယ်၏ မိခင်ဈေးရောင်းသွားနေချိန် ညနေ ၆ နာရီခွဲခန့်တွင် မိန်းကလေးငယ်ကို တစ်ခြံကျော်သို့ ခေါ်ဆောင်သွားပြီး အနိုင်ကျင့်ပြုမူခဲ့ခြင်းဖြစ်သည်ဟု ရဲမှတ်တမ်းများတွင် ဖော်ပြထားသည်။

ထိုကဲ့သို့ဖြစ်ပွားသည်ကို မိခင်ပြန်လာချိန်တွင် သမီးဖြစ်သူက ဗိုက်အောင့်ကြောင်းပြော၍ မေးမြန်းရာမှ သိရှိခဲ့ခြင်းဖြစ်ပြီး အသက် ၃၂ နှစ်ရှိ မိခင်က ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ကလေးငယ်သည်အသက်(၈)နှစ်ခန့်သာရှိသေးပြီး ဒုတိယတန်းကျောင်းသူတစ်ဦးသာဖြစ်၍ ခရမ်းရဲစခန်းတွင် အဆိုပါအမှုကို ခရမ်းရဲစခန်းတွင် ပ-၂၇၄/၁၁ ပုဒ်မ ၃၇၆ဖြင့် အမှုဖွင့်ဆောင်ရွက်နေကြောင်း သိရသည်။

## ဝရန်တာအမိုးပေါ် လက်သည်းညှပ် ဆင်းကောက်ရာမှ အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံး

အိဖြူလွင်

ရန်ကုန်၊ နိုဝင်ဘာ-၂၃

ဝရန်တာဆန်းရှိတ်အမိုးပေါ် လက်သည်းညှပ်ပြုတ်ကျ၍ ဆင်းကောက်ရာမှအငြိမ်းစားရဲအရာရှိတစ်ဦးလမ်းမပေါ်သို့ပြုတ်ကျသေဆုံးမှုတစ်ခု နိုဝင်ဘာလ ၂၀ရက်က ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ထိုနေ့ နေ့လယ် ၁ နာရီအချိန်ခန့်တွင် အင်းစိန်မြို့နယ် အောင်ဇေယျအိမ်ရာ ၅လွှာတွင် နေထိုင်သူ . . . . သည် တိုက်ခန်းရှေ့ ဝရန်တာ၌ လက်သည်းညှပ်နေရာမှ အောက်ထပ် ဝရံတာ ဆန်းရှိတ်အမိုးပေါ် သို့ လက်သည်းညှပ် ပြုတ်ကျသွားသဖြင့် ဆင်းကောက်ခဲ့သည်။

ဆင်းကောက်ရာမှ ပြန်အတက်တွင် ခြေချော်ပြီး ပေ ၅၀ အမြင့်မှ အောက်ထပ် ကွန်ကရစ်လမ်းမပေါ် သို့ပြုတ်ကျသွားခြင်းဖြစ်သည်။ ထိုသို့ဖြစ်ပွားချိန်တွင် နေအိမ်၌အခြားမိသားစုဝင်များ အပြင်သွားနေချိန်ဖြစ်သဖြင့် တစ်ဦးတည်းဖြစ်နေပြီး သတိလစ်နေသောကြောင့် တစ်တိုက်တည်း နေသူများက အင်းစိန်ဆေးရုံသို့ ပို့ဆောင်သော်လည်း လမ်းတွင် သေဆုံးသွားခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်ကို အင်းစိန်ဆေးရုံမှ သေမှုသေခင်း အမှတ် ၆၈/၁၁ ဖြင့် စုံစမ်းဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

# အရန်ဆန်အတွက် ဆန်အိတ်တစ်သိန်းကို တင်ဒါစနစ်ဖြင့် ဝယ်ယူမည်

အောင်သူရ

ရန်ကုန်၊ နိုဝင်ဘာ - ၂၄

**မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက အရန်ဆန်အဖြစ်ထားရှိရန် ဆန်အိတ်(တစ်တင်းခွဲ)တစ်သိန်းအား တင်ဒါစနစ်ဖြင့်ဝယ်ယူမည်ဟု အသင်းအထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောသည်။**

ထိုသို့ဝယ်ယူမည့်အစီအစဉ်ကို ဒီဇင်ဘာ ၁၅ ရက်မတိုင်ခင် ပြီးပြတ်အောင် ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း အသင်းဥက္ကဋ္ဌဦးချစ်ခိုင်ကပြောသည်။

ဝယ်ယူမည့် ဆန် အမျိုးအစားမှာ ဧည့်မထအုပ်စုဝင် ၂၅မှတ်ဆန်ဖြစ်ပြီး အသင်းပိုင် ရန်ပုံငွေဖြင့်ဝယ်ယူမည်ဖြစ်ကြောင်း အထွေထွေအတွင်းရေးမှူးက ဆက်လက်ပြောသည်။

"အိတ်ပိတ်တင်ဒါလား၊အိတ်ဖွင့်တင်ဒါနဲ့ဝယ်မလားတော့မဆုံးဖြတ်ရသေးဘူး။ မကြာခင် အသေးစိတ် ထုတ်ပြန်ပေးဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းကဆိုသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကလည်း ဒီဇင်ဘာလတွင် အရန်ဆန်ဝယ်ရန် စတင်ဆောင်ရွက်နေကြောင်း နိုဝင်ဘာ၁၈ရက်က ပြောကြားခဲ့သည်။ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက်အရန်ဆန်တစ်ချိန် တစ်သန်းထားရှိရန် ဆန်တန်ချိန် ငါးသိန်းကို စတင်ဝယ်ယူမည်ဖြစ်ပြီး ဆန်တန်ချိန်နှစ်သိန်းကို ဆန်အဖြစ်လည်းကောင်း၊ ဆန်တန်ချိန်သုံးသိန်းကိုယင်းပမာဏာနှင့်ညီမျှသောစပါးတင်းပေါင် ၂၅၂သိန်းကို စပါးအဖြစ် ဝယ်ယူသိုလှောင်သွားမည်ဟု သတင်းရရှိသည်။ ဒီဇင်ဘာတွင် ဝယ်ယူမည့်ပမာဏ၏ ၂၀ရာခိုင်နှုန်း၊ ဇန်နဝါရီတွင် ၅၀ရာခိုင်နှုန်း၊ ဖေဖော်ဝါရီတွင် ၂၅ရာခိုင်နှုန်းနှင့် မတ်လတွင် ၅ ရာခိုင်နှုန်းဖြင့် ဝယ်ယူသွားမည်ဟုဆိုသည်။

အများနှင့်သက်ဆိုင်သောပစ္စည်းများဝယ်ယူရာတွင် တင်ဒါစနစ်ဖြင့် ဝယ်ယူလေ့ရှိကြသော်လည်း ထိုစနစ်ဖြင့်ဝယ်ယူခြင်းကြောင့် စပါးဈေး ယခုထက် ထပ်ကျမည်ကိုစိုးရိမ်ကြောင်း တောင်သူကြီးအချို့က အကြံပြုသည်။

သို့သော် အရန်ဆန်ဝယ်ယူမည်ဟု အစည်းအဝေးဆုံးဖြတ်ခဲ့ပြီးနောက်တစ်နေ့ နိုဝင်ဘာ ၂၅ ရက်မှစ၍ စပါးဈေးမှာ တင်းတစ်ရာလျှင် ကျပ် ၂၀,၀၀၀ ခန့်တက်လာပြီး ကျပ် ၃၂၅,၀၀၀ ဖြင့်ဝယ်ယူလာကြောင်း ပဲခူးအရှေ့ခြမ်းရှိ တောင်သူများကဆိုသည်။

ယခုနှစ်မိုးစပါးမပေါ်မီတစ်လခန့်မှစ၍ နိုဝင်ဘာလဆန်းအထိ မြန်မာနိုင်ငံမှ တင်ပို့သော ၂၅ မတ်ဆန်မှာ ဝယ်ယူမည့်သူမရှိသဖြင့် စပါးပေါ်ချိန်တွင်စပါးဈေးမှာ ယမန်နှစ်ကထက် ဈေးလျှော့ကာ တင်းတစ်ရာလျှင် ကျပ် ၃၀၀,၀၀၀ ဝန်းကျင်သာဈေးရှိခဲ့သည်။

စပါးပေါ်ချိန်တွင် တောင်သူများ အရှုံးမပေါ်စေရန် အစိုးရနှင့် ဆန်ကုန်သည်ကြီးများ ဖက်စပ်ငွေကြေးစိုက်ထုတ်ကာ အခြေခံဈေးနှုန်းတစ်ခုဖြင့် သတ်မှတ်ဝယ်ယူပြီး နိုင်ငံတော်ရဲ့ အရန်ဆန်အဖြစ်ထားရှိရန် အစီအစဉ်သစ်တစ်ရပ်ကို ကျွန်တော်တို့စီမံထားပြီးဖြစ်ပါတယ်ဟူ၍ ဩဂုတ်လတွင် သမ္မတဦးသိန်းစိန်ကပြောခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက ဧည့်မထအုပ်စုဝင် စပါးတစ်တင်းလျှင် ၃,၂၅၀ ကျပ်ဖြင့် တန်ချိန်ငါးသိန်းအား ဒီဇင်ဘာလတွင်ဝယ်ယူရန် ယာယီသတ်မှတ်ခဲ့သည်။

ယခုနှစ် မိုးစပါးရာသီတွင် မိုးရွာသွန်းမှုများခဲ့သဖြင့် စိုက်ခင်းအချို့ပျက်စီးခြင်း၊ မှိုရောဂါဖြစ်ခြင်းနှင့် အထွက်နှုန်းလျော့နည်းခြင်းတို့ကြုံတွေ့ခဲ့ရသည်။

ထိုကဲ့သို့ အခြေအနေကိုဖြတ်ကျော်ပြီး စပါးပေါ်ချိန်တွင် ဧည့်မထအုပ်စုဝင် စပါးများအား တင်းတစ်ရာလျှင် ကျပ် ၃၀၀,၀၀၀ ဝန်းကျင်သာ ဈေးပေါက်သဖြင့် တောင်သူများ တွက်ခြေမကိုက်ဖြစ်နေကြသည်။

# မြန်မာနိုင်ငံတွင် ငါးနှစ်အတွင်း လူ ၁၀၀၀လျှင် ကား ၁၃ စီးနှုန်း ပိုင်ဆိုင်ရန် ရည်မှန်း

ထူးသန့်

နေပြည်တော်၊ နိုဝင်ဘာ-၂၁

နောင်ငါးနှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေ၁၀၀၀၌ မော်တော်ကား ၁၃စီးနှုန်း ပိုင်ဆိုင်အသုံးပြုနိုင်ရန် ရည်မှန်းထားကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင်သိန်းက ပြောကြားသည်။




လက်ရှိ မြန်မာနိုင်ငံတွင် လူ၁၀၀၀ဦးတွင် ကား၇စီးနှုန်းသာရှိသေးသည်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

လက်ရှိအခြေအနေတွင် ထိုင်းနိုင်ငံ၌ လူ၁၀၀၀ လျှင် ကား အစီးရေ၂၀၀နှုန်းဖြင့်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ လူတစ်ထောင်လျှင် အစီး၂၀နှုန်းဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ခုနစ်စီးနှုန်းဖြင့်လည်းကောင်း အသီးသီးရှိပြီး အနာဂတ်ရည်မှန်းချက်နှင့်ပတ်သက်၍ "မြန်မာနိုင်ငံအနေနဲ့ နောက်ငါးနှစ်မှာ လူတစ်ထောင်ကိုကား၁၃စီးနှုန်းရည်မှန်းထားတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

လက်ရှိအခြေအနေထက် နှစ်စဉ်ပိုသောကားအစီးရေအသုံးပြုစေမည်ဖြစ်သည့်အတွက် ငါးနှစ်အတွင်းကားအစီးရေလေးသိန်းခန့် ထုတ်လုပ်တင်သွင်းရမည်ဖြစ်သည်။ ထိုကဲ့သို့ထုတ်လုပ်တင်သွင်းမှုအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ မည်မျှတင်သွင်းထုတ်လုပ်မည်ဟူသည့် အချိုးကိုလည်း သုံးသပ်သွားရန်ရှိကြောင်း ဦးတင်နိုင်သိန်းက ဆက်လက်ပြောသည်။

အဆိုပါ အခြေအနေအရ မော်တော်ကားတာယာ စသည့် ရာဘာအသုံးပြုပစ္စည်းများကိုလည်း နောင်ငါးနှစ်အတွက်နှစ်ဆကျော်တင်သွင်းရမည်ဖြစ်သည်။ ထို့ကြောင့် ရာဘာပင်အမြောက်အမြားဖြစ်ထွန်းလျက်ရှိသော မွန်ပြည်နယ်တွင် ရာဘာအခြေပြုစက်ရုံများ တည်ထောင်နိုင်ရေးကိုလည်း ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ကာ ဆောင်ရွက်ထားသင့်ကြောင်း တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ စက်မှုလက်မှုဆိုင်ရာဝန်ကြီးများတက်ရောက်သော စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီညှိနှိုင်းအစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

# မြေဈေးနှုန်းများဆက်လက်တက်နေ၍ စီးပွားရေးလုပ်ငန်းရှင်များ စတင်စိုးရိမ်နေကြရ

ပြည်သိမ်း

**ရန်ကုန်၊**
**နိုဝင်ဘာ-၂၄**

ပြည်တွင်း ငွေကြေးတတ်နိုင်သူများသည် ခြံမြေများတွင်သာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြသောကြောင့် မြေဈေးနှုန်းများ ဆက်လက်မြင့်တက်နေသဖြင့် စီးပွားရေးလုပ်ငန်းရှင်များက စိုးရိမ်နေကြသည်။

၁၉၉၇ဝန်းကျင်ကထိုင်းနိုင်ငံမှ စတင်ပြီး အာရှတိုက်တွင် ကြုံတွေ့ခဲ့ရသောစီးပွားရေး အကျပ်အတည်း၏သက်ရောက်မှုကြောင့် ပြည်တွင်း၌ပါ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် စီးပွားရေးအကျပ်အတည်းကြုံတွေ့ခဲ့ရသည်။ ယင်းအချိန်က အာဆီယံနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာနိုင်မည်ကို မျှော်လင့်ပြီးပြည်တွင်းခြံမြေများတွင် ရင်းနှီးမြှုပ်နှံမှုများပြုခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း ပို့ကုန်၊ သွင်းကုန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"အိမ်ခြံမြေဈေးကွက် အခြေအနေက အကျိုးဆောင်တွေတောင်မျက်စိလည်ကုန်တယ်။ ဒီနှစ်က ခြံမြေနှစ်လို့ပြောလို့ရတယ်" ဟုမဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးသန်းဦးက ဆိုသည်။

လက်ရှိပြည်တွင်းအိမ်ခြံမြေဈေးကွက်သည် စီမံကိန်းများ၊ စီးပွားရေးသတင်းများ၏ ရိုက်ခတ်မှုအပေါ် ပြောင်းလဲများဖြစ်နေသည်။ သန်လျင်မြို့နယ်ရှိ သီလဝါစက်မှုဇုန်တွင် ရေနက်ဆိပ်ကမ်းတည်ဆောက်ရန် ကိုရီးယားနိုင်ငံမှ ကန်ဒေါ်လာငါးဘီလီယံရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည့် သတင်းများထွက်ပေါ်ခဲ့သည်။ ယင်းကြောင့်သီလဝါစက်မှုဇုန်ရှိမြေကွက်များသည် တစ်လအတွင်း သုံးဆခန့်ဈေးနှုန်းမြင့်တက်လာသည်။

ယင်းစက်မှုဇုန်ရှိမြေကွက်များသည် စီမံကိန်းသတင်းမထွက်ခင်က တစ်ဧကလျှင်ကျပ်သိန်း ၈၀၀ ဝန်းကျင်သာ ဈေးရှိရာမှ အဆိုပါသတင်းထွက်ပြီး တစ်လအတွင်း ကျပ်သိန်း ၂,၅၀၀ အထက်သို့ ရောက်လာသည်။ ယင်းနှင့်ဆက်စပ်၍သန်လျင်မြို့တွင်း အိမ်ခြံမြေများမှာလည်းဈေးနှုန်းများမြင့်တက်လာသည်။ ယခင်က ကျပ်သိန်း ၄၀၀ ဝန်းကျင်ရှိသည့်ခြံမှာ ကျပ်သိန်း၁,၂၀၀ နှင့်အရောင်းအဝယ်ဖြစ်ကြောင်းကိုလည်း သိရသည်။

"လုပ်ငန်းချဲ့ဖို့ မြေတစ်ဧကလောက်ဝယ်မလို့ရှာတာ။ လက်ရှိဈေးနှုန်းနဲ့ ဘယ်လိုမှမတတ်နိုင်ဘူး" ဟု လှိုင်သာယာစက်မှုဇုန်မှ ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယင်းကဲ့သို့ပင် သာမန်အိမ်ခြံမြေဈေးနှုန်းများမှာလည်း တစ်နှစ်ထက်တစ်နှစ် ၁၀ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ မြင့်တက်လေ့ရှိကြောင်း ယူနတီအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှမန်နေဂျာဦးဇော်ဇော်ကပြောသည်။

လက်ရှိမြို့တွင်း အိမ်ခြံမြေဈေးကွက်မှာ ကျပ်သိန်း ၁,၀၀၀၊ သိန်း ၂,၀၀၀ တန်များ အရောင်းအဝယ်ဖြစ်သကဲ့သို့ ကျပ်သိန်းပေါင်း သောင်းချီအထိလည်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များသည် အိမ်ခြံမြေတွင်သာ အဓိကရင်းနှီးမြှုပ်နှံရခြင်းမှာ အခြားသောစီးပွားရေးအခွင့်အလမ်းများပြည်တွင်း၌လွန်စွာအားနည်းနေခြင်းကြောင့်ဖြစ်ကြောင်း ဆန်စပါးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ပြည်ပမှဝင်ရောက်လာမည့်စီးပွားရေးလုပ်ငန်းများကိုမျှော်လင့်ကြသဖြင့် အကြောင်းအမျိုးမျိုးကြောင့်မဝင်လာနိုင်ပါကပြည်တွင်းစီးပွားရေးအကျပ်အတည်းဖြစ်နိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ပြည်တွင်း၌ ထုတ်ကုန်လုပ်ငန်းများ အားနည်းခြင်း၊ ဆန်၊ ပဲမျိုးစုံပြည်ပတင်ပို့မှုတွင် ကျဆင်းနေခြင်း၊ ရွှေ၊ ကားကဲ့သို့ရင်းနှီးမြှုပ်နှံမှုများတွင်လည်း အားမကောင်းခြင်း၊ အခြားသောလုပ်ငန်းများလုပ်ကိုင်မှုတွင်လည်း အတားအဆီးများရှိနေခြင်းကြောင့် အိမ်ခြံမြေတွင်သာ ရင်းနှီးမြှုပ်နှံမှုများနေခြင်း ဖြစ်သည်။

ယခုအခါ အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများ၌ပါ တစ်နှစ်ထက်တစ်နှစ်တိုး၍ ရင်းနှီးမြှုပ်နှံလာကြသည်။ စင်ကာပူအိမ်ခြံမြေတွင်ပြည်တွင်း နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုသည်တစ်နှစ်ထက်တစ်နှစ်တိုးလာကြောင်းCS Global Exhibitions PTE LTD မှ အထွေထွေမန်နေဂျာ ဒေါ်ဉမ္မာတင်မောင်က ဆိုသည်။

"ကျွန်မတို့ကုမ္ပဏီတစ်ခုတည်းက မနှစ်ကနဲ့ ဒီနှစ် ၂နှစ်အတွင်းမှာ လူ၁၀၀လောက် ရင်းနှီးမြှုပ်နှံထားတယ်"ဟု East Organization အိမ်ခြံမြေအကျိုးဆောင်မှ မဇွန်ကေခိုင်က ရှင်းပြသည်။

လက်ရှိပြည်တွင်းတွင် အပြောင်းအလဲများစွာ ဖြစ်လာပြီးနိုင်ငံရေးအခြေအနေကောင်းများဦးတည်လာသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းနှင့် ဝင်ရောက်လာနိုင်သည်၊ ယင်းအခြေအနေမျိုးတွင် ပြည်တွင်း၌ စီးပွားရေးအခြေခံကောင်းများရှိရန် လိုအပ်သည်။

ယခုကဲ့သို့ အိမ်ခြံမြေတစ်ခုတည်း၌သာ စုပြုံရင်းနှီးမြှုပ်နှံနေမည်ဆိုပါက ရေရှည်တွင် စီးပွားရေး အခက်အခဲများကြုံတွေ့နိုင်ကြောင်းပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ဆိုသည်။

**ရန်ကုန်မြို့၏ ၂၀၀၈ ခုနှစ်နှင့် ၂၀၁၁ ခုနှစ် မြေဈေးနှုန်းအခြေပြဇယား**

| | ၂၀၀၈ ခုနှစ် | ၂၀၁၁ ခုနှစ် |
|---|---|---|
| မြို့တွင်း ၆ မြို့နယ်မှ အိမ်ခြံမြေ ပျမ်းမျှဈေးနှုန်းဆူးလေဘုရားလမ်း၊ မဟာဗန္ဓုလလမ်း စသည့်လမ်းမတန်းများ | ကျပ် ၄၀၀,၀၀၀ မှ ၇၀၀,၀၀၀ ကြား (တစ်ပေပတ်လည် ပျမ်းမျှဈေး) | ကျပ် ၉၀၀,၀၀၀ မှ ၁,၀၀၀,၀၀၀ ကျော် |
| - ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း လမ်းမတန်းမှ တစ်ပေပတ်လည် ပျမ်းမျှဈေးနှုန်း | ကျပ် ၂၀၀,၀၀၀ မှ ၄၀၀,၀၀၀ ကြား | ကျပ် ၅၀၀,၀၀၀ မှ ကျပ် ၇၀၀,၀၀၀ |
| - လှည်းတန်း၊ ၈ မိုင်၊ လမ်းမတန်း တစ်ပေပတ်လည် ပျမ်းမျှဈေးနှုန်း | ကျပ် ၁၀၀,၀၀၀ မှ ၁၂၀,၀၀၀ ကြား | ကျပ် ၂၀၀,၀၀၀ မှ ၃၀၀,၀၀၀ ကြား |
| - လှိုင်သာယာစက်မှုဇုန် တစ်ဧက ပျမ်းမျှခေါ်ဈေးနှုန်း | ကျပ်သိန်း ၈၀၀ မှ ၁,၀၀၀ ကြား | ကျပ်သိန်း ၁,၀၀၀ မှ ၁,၅၀၀ ကြား |
| - ဝါးတစ်ရာစက်မှုဇုံ တစ်ဧက ပျမ်းမျှခေါ်ဈေးနှုန်း | ကျပ်သိန်း ၄၅၀ မှ ၅၀၀ ကြား | ကျပ်သိန်း ၈၀၀ မှ ၁,၀၀၀ ကြား |
| - ဒဂုံဆိပ်ကမ်းစက်မှုဇုန် တစ်ဧက ပျမ်းမျှခေါ်ဈေးနှုန်း | ကျပ်သိန်း ၇၀၀ မှ ၈၀၀ ကြား | ကျပ်သိန်း ၁,၄၀၀ မှ ၁,၆၀၀ ကြား |
| - မြောက်ဒဂုံ အိမ်ခြံမြေဈေး ပေ ၆၀× ပေ ၄၀ တစ်ကွက် | ကျပ်သိန်း ၁၅၀ ဝန်းကျင် | ကျပ်သိန်း ၄၀၀ မှ ၆၀၀ ကြား |



7 DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

## ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ခံစဉ် လုံခြုံရေးတာဝန်ထမ်းဆောင်သူများတွင် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းများပါဝင်

ကျော်သီဟ

ရန်ကုန်၊
နိုဝင်ဘာ-၂၄

ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်သူများ အဆင်ပြေစေရန်လုံခြုံရေးကို ထူထပ်စွာချထားပြီး ယင်းတို့ထဲတွင် ပုဂ္ဂလိကလုံခြုံရေး ကုမ္ပဏီများမှဝန်ထမ်းများ ပါဝင်ကြောင်း သတင်းရရှိသည်။

"မနေ့ကဒီကနေပြီးတော့ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်ရာ မဟာပါသာဏလိုဏ်ဂူတော်မှာ လုံခြုံရေးတာဝန်အတွက်သွားရတယ်။ မနက် ၂နာရီမှအိမ်ပြန်ရတယ်။ မီးသတ်တပ်ဖွဲ့နဲ့တွဲလုပ်ရပါတယ်" ဟု ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီတစ်ခုက ဝန်ထမ်းတစ်ဦးက ပြောသည်။



ဗုဒ္ဓမြတ်စွယ်တော်ရောက်ရှိလာသည့်နေ့က လာရောက်ဖူးမြော်သူများနှင့် လုံခြုံရေးဝန်ထမ်းများကိုတွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြတ်စွယ်တော်နေပြည်တော်မှ ရန်ကုန်သို့ နိုဝင်ဘာ ၂၁ရက်တွင် စတင်ရောက်ရှိလာပြီး သက်ဆိုင်ရာအစိုးရအဖွဲ့မှလည်း စွယ်တော် ဖူးမြော်ခံစဉ်ကာလတစ်လျှောက် ရန်ကုန်မြို့တော်နှင့် မဟာပါသာဏလိုဏ်ဂူတော်အား လုံခြုံရေးအထူးဂရုစိုက်ရန် တိုင်းဒေသကြီးရဲတပ်ဖွဲ့အား ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်းပြီးခဲ့သည့်ရက်ပိုင်းမှစတင်ကာ ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်စဉ် လိုက်နာရမည့် စည်းကမ်းချက် ၉ ချက်ကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားသည်။ လုံခြုံရေးကဏ္ဍကလည်း ဘုရားပန်း၊ တယ်လီဖုန်း၊ ဓာတ်ပုံရိုက်ယူနိုင်သော ဘောပင်၊ မျက်မှန်အထိ ယူဆောင်ခွင့်မပြုထားကြောင်း ဖော်ပြထားသည်။

နိုင်ငံခြားသားများဝင်ရောက်ဖူးမြော်နိုင်ရန်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများအား ရဲတပ်ဖွဲ့နှင့် အသင့်ထားရှိကာဆောင်ရွက်ပေးထားကြောင်း သတင်းရရှိသည်။

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)က ဗုဒ္ဓမြတ်စွယ်တော်သို့အလှူငွေနှင့် လက်ဝတ်ရတနာများလှူဒါန်း

ကျော်သီဟ

ရန်ကုန်၊ နိုဝင်ဘာ-၂၄

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)နှင့် ဒေါ်ကြိုင်ကြိုင်မိသားစုမှ ကန်ဒေါ်လာ ၁၃၀၀၊ ပတ္တမြား ၁၁ပွင့်၊ မြိတ်ပုလဲ တစ်ပွင့်၊ ၁၅ပဲရည်အဖြူရောင်၆ပွင့်ပါ၊ ရွှေလက်စွပ်၁ကွင်း၊ ကာလတန်ဖိုးငွေကျပ် ၄၈၈,၀၀၀အားနိုဝင်ဘာ ၂၂ရက် ညနေပိုင်းတွင် လာရောက်လှူဒါန်းကြောင်းနိုဝင်ဘာ၂၄ရက်ထုတ်နိုင်ငံပိုင်သတင်းစာ၌ ဖော်ပြပါရှိသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံစဉ်တစ်လျှောက် လက်ဝတ်လက်စားရွှေထည်များ ငွေ၊ နိုင်ငံခြားငွေမျိုးစုံ အလှူခံရရှိကြောင်း သာသနာရေးဝန်ကြီးဌာနသာသနာ ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှသိရသည်။

ဗုဒ္ဓမြတ်စွယ်တော်အား နိုဝင်ဘာ ၂၂ရက် ညနေ၆နာရီအထိ အများပြည်သူများအလှူခံဌာနများသို့လာရောက်လှူဒါန်းမှုများမှာ ၂၉,၁၁၉,၀၆၆ကျပ်၊ လက် ဝတ်ရတနာမျိုးစုံ ၁၆၄ ခုကာလ တန်ဖိုးငွေကျပ် ၁၈၀၁၅၄၀၀၊ ကန့်ဒေါ်လာ ၂၉၀၅ ဒေါ်လာ၊ ရီမင်ဘီ ၇၁ယွမ်၊ အိန္ဒိယရူပီး ၂၁၀၊ ထိုင်းဘတ် ၃၃၀၊ FEC ၂ယူနစ်၊ မလေးရှားရင်းဂစ် ၁၃၊ အီဂျစ်ပေါင် ၅၊ ကိုရီးယားဝမ် ၂၀၀၀၊ ဘရူနိုင်းဒေါ်လာ ၁၁ဒေါ်လာ အသီးသီးရှိကြောင်း သိရသည်။

## ဇော်တိကကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်း အခြေခံလုပ်ငန်းများ အိန္ဒိယနှင့် တ ုတ်ကုမဏီ ပူးပေါင်းဆောင်ရွက်မည်

နေလင်းထွန်း

ရန်ကုန်၊ နိုဝင်ဘာ-၂၃

ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော ဇော်တိကကမ်းလွန် သဘာဝဓာတ်ငွေ့တူးဖော်မှုလုပ်ငန်းတွင် ဓာတ်ငွေ့တူးဖော်စင်(ပလက်ဖောင်း)များနှင့် ဓာတ်ငွေ့ပိုက်လိုင်းများဆောင်ရွက်ရန် တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံမှ ကုမ္ပဏီများနှင့် သဘောတူလက်မှတ်ရေးထိုးပွဲပြုလုပ်ခဲ့သည်။

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် ဇော်တိကသဘာဝဓာတ်ငွေ့တူးဖော်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသော PTTEP ကုမ္ပဏီသည် ဓာတ်ငွေ့တူးဖော်စင်(ပလက်ဖောင်း)များ တည်ဆောက်ရန် အိန္ဒိယနိုင်ငံမှ Larsen & Toubro Co.Ltd၊ ကုန်းတွင်းပိုက်လိုင်း တည်ဆောက်ရန် တရုတ်နိုင်ငံမှ China Petroleum Pipeline Burea (CPPB) တို့နှင့် ဆီဒိုးနားဟိုတယ်၌ သဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချမည်ဖြစ်သော ဇော်တိကသဘာဝဓာတ်ငွေ့လုပ်ငန်းအား ၂၀၁၃ ခုနှစ်တွင် ဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်ငွေ့တူးဖော်စင်နှင့် ဓာတ်ငွေ့ပိုက်လိုင်းများအားတရုတ်နှင့် အိန္ဒိယနိုင်ငံမှကုမ္ပဏီများက တာဝန်ယူတည်ဆောက်သွားမည် ဖြစ်သည်။

ရဲတံခွန်နှင့် ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာမှ ရခိုင်ကမ်းရိုးတန်းရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် မုတ္တမကွေ့ရှိ ဇော်တိကသဘာဝ ဓာတ်ငွေ့စီမံကိန်းတို့ကို ထပ်မံ တူးဖော်မည်ဖြစ်သောကြောင့်မြန်မာနိုင်ငံ၌ကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းလေးခုထိ ရှိလာမည်ဖြစ်သည်။ ထို့အပြင် အာရှပစိဖိတ်ဒေသတွင် သဘာဝဓာတ်ငွေ့တင်ပို့မှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

## ပြည်ပစာပို့ခနှုန်းထား ၁၅ ဆကျော်တိုးမြှင့်

ယုဇနကိုကို

ရန်ကုန်၊
နိုဝင်ဘာ- ၂၆

ပြည်ပစာပို့ခနှုန်းထားများကို ၂၀၁၁၊ နိုဝင်ဘာ ၃၀ရက်မှစတင်ကာ မူလလက်ခံဆောင်ရွက်ပေးနေသော နှုန်းထားများထက် တစ်ဆယ့်ငါးဆကျော်အထိ တိုးမြှင့်သတ်မှတ်လိုက်ပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စာပို့တိုက်လုပ်ငန်းမှ သတင်းရရှိသည်။

ယခင်က ပြည်ပသို့စာများပေးပို့ရာတွင် ရိုးရိုးစာတစ်စောင်လျှင် ၃၀ ကျပ်နှင့် မှတ်ပုံတင်ချောစာ (Register Letter) တစ်စောင်လျှင် ၈၀ ကျပ်သတ်မှတ်ထားသည်။

ယခုလကုန်ရက်မှစတင်တိုးမြှင့်သတ်မှတ်တော့မည့် အဆိုပါပြည်ပစာပို့ခနှုန်းထားများမှာ ရိုးရိုးစာတစ်စောင်လျှင် ၃၀ ကျပ်မှ ၅၀၀ ကျပ်နှင့် (Register Letter) တစ်စောင်လျှင် ၈၀ ကျပ်မှ၁,၂၀၀ ကျပ်အစရှိသည်တို့ဖြစ်သည်။

အဆိုပါစာပို့ခနှုန်းထားများမှာ ၂၀ ဂရမ်အလေးချိန်ပေါ်တွင် အခြေခံပြီး ပေးဆောင်ရမည်ဖြစ်ပြီး ၂၀ ဂရမ်အထက်ကျော်လွန်ပါက အခြေခံသတ်မှတ်နှုန်းထားများအတိုင်း မြင့်တက်သွားမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတကာသို့စာများပေးပို့ရာတွင် အပိုင်း သုံးပိုင်းခွဲခြားထားပြီး အပိုင်းအလိုက် ပေးဆောင်ရမည့် နှုန်းထားများလည်း ကွာခြားသွားမည်ဟုသိရသည်။

အပိုင်းသုံးပိုင်းမှာ ဇုန် (A)၊ ဇုန် (B) နှင့် ဇုန် (C)တို့ဖြစ်သည်။

ဇုန် (A) တွင် အမေရိက အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများဖြစ်သည်။

ဇုန်(B) တွင် ဥရောပနိုင်ငံများဖြစ်သည်။

ဇုန် (C) တွင် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများဖြစ်ကြသည်။

ယခုကဲ့သို့ ပြည်ပစာပို့ခနှုန်းထားများကို တိုးမြှင့်သတ်မှတ်ရခြင်းမှာ အစိုးရအနေဖြင့် နိုင်ငံတကာစာပို့လုပ်ငန်းတွင် ငွေကျပ်ပေါင်းများစွာ ဆုံးရှုံးနေခြင်းကြောင့်ဖြစ်ပြီး၊ ထိုကဲ့သို့ ပြောင်းလဲလိုက်သော်လည်း ယခုနှုန်းထားမှာ အခြားသောနိုင်ငံများ၏ ဝန်ဆောင်ခနှုန်းထားများထက်ပင်နည်းပါးနေသေးကြောင်းသိရသည်။

ပြည်တွင်းစာပို့တိုက်လုပ်ငန်းအနေဖြင့် တစ်နှစ်လျှင်ပြည်ပသို့ မှတ်ပုံတင်ချောစာအရေအတွက် နှစ်သိန်းဝန်းကျင်နှင့် ပုံနှိပ်ထားသော စာစောင်၊မဂ္ဂဇင်းအရေအတွက် ခုနစ်သောင်းကျော်ကို ပုံမှန်ပေးပို့ပေးနေရသည်။

နိုင်ငံတကာမှ မှတ်ပုံတင်ချောစာများမှာမူ တစ်နှစ်လျှင် အရေအတွက် သုံးသောင်းဝန်းကျင်နှင့် ပုံနှိပ်စာစောင်၊ မဂ္ဂဇင်းအရေအတွက် ခြောက်သောင်းကျော်ကို လက်ခံရရှိနေသည်ဟု ယင်းလုပ်ငန်း၏ မန်နေဂျာဦးတိုးနိုင်ဌေးက ပြောသည်။

ပြည်တွင်းစာပို့တိုက်လုပ်ငန်းအနေဖြင့် ယခုကဲ့သို့ပြည်ပစာပို့ခနှုန်းထားများကို တိုးမြှင့်ပြောင်းလဲလိုက်ပြီး နောက်ပိုင်းတွင် ပြည်တွင်းစာပို့ခများကိုလည်း ထပ်မံပြင်ဆင်သတ်မှတ်သွားရန်ဆောင်ရွက်နေကြောင်းသိရသည်။

| ရိုးရိုးချောစာများ | အမေရိက၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ | ဥရောပနိုင်ငံများ | အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများ |
|---|---|---|---|
| ၂၀ ဂရမ်အထိ | ၅၀၀ | ၅၀၀ | ၅၀၀ |
| ၂၀ ဂရမ်အထက်မှ ၅၀ ဂရမ်အထိ | ၁,၂၀၀ | ၁,၀၀၀ | ၈၀၀ |
| ၅၀ ဂရမ်အထက်မှ ၁၀၀ ဂရမ်အထိ | ၁,၉၀၀ | ၁,၆၀၀ | ၁,၂၀၀ |
| ၁၀၀ ဂရမ်အထက်မှ ၂၅၀ ဂရမ်အထိ | ၄,၂၀၀ | ၃,၄၀၀ | ၂,၅၀၀ |
| ၂၅၀ ဂရမ်အထက်မှ ၅၀၀ ဂရမ်အထိ | ၈,၃၀၀ | ၆,၈၀၀ | ၅,၀၀၀ |
| ၅၀၀ ဂရမ်အထက်မှ ၁၀၀၀ ဂရမ်အထိ | ၁၃,၀၀၀ | ၁၀,၀၀၀ | ၆,၅၀၀ |
| ၁၀၀၀ ဂရမ်အထက်မှ ၂၀၀၀ ဂရမ်အထိ | ၂၁,၀၀၀ | ၁၅,၀၀၀ | ၈,၀၀၀ |
| **မှတ်ပုံတင် ချောစာများ** | | | |
| ၂၀ ဂရမ်အထိ | ၁,၂၀၀ | ၁,၂၀၀ | ၁,၂၀၀ |
| ၂၀ ဂရမ်အထက်မှ ၅၀ ဂရမ်အထိ | ၁,၉၀၀ | ၁,၇၀၀ | ၁,၅၀၀ |
| ၅၀ ဂရမ်အထက်မှ ၁၀၀ ဂရမ်အထိ | ၂,၆၀၀ | ၂,၃၀၀ | ၁,၉၀၀ |
| ၁၀၀ ဂရမ်အထက်မှ ၂၅၀ ဂရမ်အထိ | ၄,၉၀၀ | ၄,၁၀၀ | ၃,၂၀၀ |
| ၂၅၀ ဂရမ်အထက်မှ ၅၀၀ ဂရမ်အထိ | ၉,၀၀၀ | ၇,၅၀၀ | ၅,၇၀၀ |
| ၅၀၀ ဂရမ်အထက်မှ ၁၀၀၀ ဂရမ်အထိ | ၁၃,၇၀၀ | ၁၀,၇၀၀ | ၇,၂၀၀ |
| ၁၀၀၀ ဂရမ်အထက်မှ ၂၀၀၀ ဂရမ်အထိ | ၂၁,၇၀၀ | ၁၅,၇၀၀ | ၈,၇၀၀ |
| **ရိုးရိုးပုံနှိပ်စာရွက်စာတမ်းများ** | | | |
| ၁၀၀ ဂရမ်အထိ | ၁,၇၀၀ | ၁,၄၀၀ | ၁,၀၀၀ |
| ၁၀၀ ဂရမ်အထက်မှ ၂၅၀ ဂရမ်အထိ | ၃,၃၀၀ | ၂,၅၀၀ | ၁,၆၀၀ |
| ၂၅၀ ဂရမ်အထက်မှ ၅၀၀ ဂရမ်အထိ | ၆,၃၀၀ | ၄,၈၀၀ | ၃,၀၀၀ |
| ၅၀၀ ဂရမ်အထက်မှ ၁၀၀၀ ဂရမ်အထိ | ၁၁,၅၀၀ | ၉,၅၀၀ | ၅,၀၀၀ |
| ၁၀၀၀ ဂရမ်အထက်မှ ၂၀၀၀ ဂရမ်အထိ | ၂၂,၃၀၀ | ၁၆,၃၀၀ | ၉,၃၀၀ |
| **ချောစာထုပ်များ** | | | |
| ၁၀၀ ဂရမ်အထိ | ၃,၄၀၀ | ၃,၁၀၀ | ၂,၇၀၀ |
| ၁၀၀ ဂရမ်အထက်မှ ၂၅၀ ဂရမ်အထိ | ၅,၄၀၀ | ၄,၆၀၀ | ၃,၇၀၀ |
| ၂၅၀ ဂရမ်အထက်မှ ၅၀၀ ဂရမ်အထိ | ၉,၀၀၀ | ၇,၅၀၀ | ၅,၇၀၀ |
| ၅၀၀ ဂရမ်အထက်မှ ၁၀၀၀ ဂရမ်အထိ | ၁၇,၂၀၀ | ၁၄,၂၀၀ | ၁၀,၇၀၀ |
| ၁၀၀၀ ဂရမ်အထက်မှ ၂၀၀၀ ဂရမ်အထိ | ၃၃,၇၀၀ | ၂၇,၇၀၀ | ၂၀,၇၀၀ |


# နိုင်ငံခြားငွေလဲလှယ်ခွင့်ကြေညာလွှာ ပါသော်လည်း ငွေလဲကောင်တာတွင် ဝယ်ယူရန်ငြင်းပယ်ခံရမှုများရှိ

အောင်သူရ

**ရန်ကုန်၊ နိုဝင်ဘာ - ၂၄**

အစိုးရက တရားဝင်ဖွင့်လှစ်ပေးထားသော နိုင်ငံခြားငွေလဲကောင်တာများတွင် FED (Foreign Exchange Declaration) နိုင်ငံခြားငွေလဲလှယ်ခွင့်ကြေညာလွှာ ရှိသူများပင် ငွေလဲလှယ်၍မရကြောင်း သတင်းရရှိသည်။

“ကျွန်မ ယောက်ျားက သင်္ဘောသားပါ။ ပြန်လာတော့ ပါလာတဲ့ငွေကို FED ဖောင်ဖြည့်ခဲ့တယ်။ အဲဒီဖောင်နဲ့ ဒေါ်လာ ၁၀၀ သွားရောင်းတာ၊ ကိုယ်စားလှယ်လွှဲစာမပါလို့ မဝယ်ဘူးလို့ ပြောတယ်”ဟု ယခုရက်ပိုင်း ငွေလဲကောင်တာသို့သွားရောက်ရောင်းချခဲ့သူ အမျိုးသမီးတစ်ဦးကပြောသည်။



ထို့အပြင် စမ်းချောင်းမြို့နယ်အတွင်းနေထိုင်သောသင်္ဘောသားဇနီးတစ်ဦးကလည်း၎င်း၏အမျိုးသားပါလာသောဒေါ်လာနှစ်ထောင်အား FED ဖောင်ဖြင့် သွားရောက်ရောင်းချရာတွင် ကိုယ်စားလှယ်လွှဲစာမပါသဖြင့်မဝယ်ယူကြောင်း အဆိုပါအမျိုးသမီးကပြောသည်။

“FED ဖောင်ကိုပွားပြီး လာရောင်းတဲ့ပွဲစားတွေရှိတော့ စိစစ်ပြီးဝယ်ရတာတွေရှိတယ်”ဟု သိမ်ဖြူလမ်း ငွေလဲကောင်တာမှ တာဝန်ရှိသူတစ်ဦးက FED လက်မှတ်ပါသော်လည်း ငွေလဲလှယ်ရာတွင် မဝယ်ဘဲ စိစစ်နေရခြင်း၏ အကြောင်းရင်းကိုပြောသည်။

သို့သော် နိုင်ငံတော်က FED ဖောင်ရှိသူများနှင့်နိုင်ငံခြားငွေ ကိုင်ဆောင်ခွင့်လိုင်စင် ရှိသူများထံမှ နိုင်ငံခြားငွေသုံးမျိုးအား ဝယ်ယူကြောင်း အောက်တိုဘာလလယ်၌ တရားဝင်စာထုတ်ထားခဲ့သည်။

“လွှဲစာပါမှဝယ်မယ်ဆိုလည်း တရားဝင် စာထုတ်လေ။ အခုက ဘာမှမပြောဘဲ သွားရောင်းမှလွှဲစာမပါလို့မဝယ်ဘူးဆိုတာ သိပ်အဆင်မပြေဘူး”ဟု အထက်ပါအမျိုးသမီးကဆိုသည်။

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ငြိမ်း) အမှန်တကယ်အနားယူသွားပြီဟု သူရဦးရွှေမန်း ပြောကြား

သီဟာ

**နေပြည်တော်၊နိုဝင်ဘာ - ၂၅**

ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အမှန်တကယ်ပင် အနားယူသွားပြီးဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက ပြောသည်။

လက်ရှိ ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတွင်လည်း နာယကအနေဖြင့် တာဝန်ယူနေခြင်းမရှိတော့ကြောင်း သိရသည်။

“ဗိုလ်ချုပ်မှူးကြီးဟာ တကယ်ပဲ အနားယူသွားပါပြီ။ ပါတီမှာလည်း နာယကအဖြစ် မရှိပါဘူး။ ပါတီနဲ့သော်လည်းကောင်း၊ အစိုးရအဖွဲ့နဲ့သော်လည်းကောင်း၊ မိမိတို့လွှတ်တော်နဲ့ သော်လည်းကောင်း၊ တရားရေး အဖွဲ့အစည်းများနဲ့သော်လည်းကောင်း ဗိုလ်ချုပ်မှူးကြီးနဲ့ လုံးဝပတ်သက်မှု မရှိတော့ပါဘူး”ဟု သူရဦးရွှေမန်းက ပြောသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လက်ရှိအစိုးရတာဝန်ယူသည့်မတ်လ ၃၀ ရက်နေ့မှစ၍ယင်း၏ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကိုဖျက်သိမ်းကာ တာဝန်မှ အနားယူသွားသကဲ့သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရာထူးမှလည်း အနားယူသွားခဲ့ကြောင်း သိရသည်။

ထို့အပြင် ဗိုလ်ချုပ်မှူးကြီးအနားယူခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ဝေါစထရိဂျာနယ် (အရှေ့တောင်အာရှဌာနခွဲက) မေးမြန်းရာတွင်“သူ အိမ်မှာပဲ အမြဲတမ်းစာတွေဖတ်ပြီးတော့ ရှိနေပါတယ်”ဟု ဖြေကြားသွားသည်ကိုတွေ့ရသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)သည် နိုဝင်ဘာ ၂၃ ရက်က ဗုဒ္ဓမြတ်စွယ်တော်ကို ကျပ်သိန်း ၅၀ တန်ဖိုးရှိ အလှူငွေနှင့်လက်ဝတ်ရတနာများ လှူဒါန်းခဲ့သည်။

# မြောက်ဥက္ကလာပတွင် ရက်စက်စွာဓားနှင့်ခုတ်သတ်သော တရားခံအချို့အားစတင်ဖမ်းမိ

အိဖြူလွင်

**ရန်ကုန်၊ နိုဝင်ဘာ - ၂၈**

မြောက်ဥက္ကလာပမြို့နယ်(က)ရပ်ကွက်ရှိ နွယ်သာကီ ၉ လမ်းထိပ်တွင် လူ ၂၀ ကျော်ခန့်က ဓားနှင့်ခုတ်သွားသော လူသတ်မှုမှ တရားခံခုနစ်ဦးအား ဖမ်းဆီးထားမိပြီဖြစ်ကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ပြစ်မှုကျူးလွန်သူများအားလုံးကို ဖမ်းဆီးမိခြင်း မဟုတ်သေးဘဲ အချို့ကို ဖမ်းဆီးရန်ကျန်ရှိနေကြောင်း သိရသည်။

အဆိုပါ အသတ်ခံရသူသည် လူသတ်မှုသည် ည ၈ နာရီခန့်အချိန်တွင် လူများရှေ့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လမ်းထိပ်ရှိ အရက်ဆိုင်၌ အရက်ထိုင်သောက်နေစဉ် ကားများဖြင့်လူများ ရုတ်တရက်ရောက်လာပြီး ဓားနှင့်ဝိုင်းခုတ်ခဲ့ခြင်းဖြစ်သည်။

သေဆုံးသူမှာ နွယ်သာကီ ၈ လမ်းတွင် နေထိုင်သူ အသက် ၃၂ နှစ်ရှိ ကိုကျော်မင်းဆိုသူဖြစ်ပြီး ဓားများနှင့်အခုတ်ခံရပြီးတွင် သေဆုံးသွားခြင်းဖြစ်သည်။

သေဆုံးသူသည် မကြာခင်ရက်ပိုင်းက စကားများခဲ့ဖူးသူရှိပြီး ရန်ငြိုးဖြင့် သတ်ခိုင်းခြင်းဖြစ်နိုင်သည်ဟု တရားလိုဘက်မှ ပြောစကားများအရ သိရသည်။

မြောက်ဥက္ကလာရဲစခန်းက ပ-၅၂၂/၁၁ ပုဒ်မ ၃၀၂/၁၁၄ ဖြင့် အမှုဖွင့်၍ အရေးယူထားသည်။




## ၂၀၁၁ ခုနှစ် နိုဝင်ဘာ၃၀မှ ဒီဇင်ဘာ ၆ ရက်ထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေနေ**

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တွေမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာ သာယာပါ့မယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်-တနင်္သာရီ ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ ရံဖန်ရံခါ အရှေ့လေပြင်းများ ကျရောက်နိုင်ပြီး ခေတ္တခဏမျှ လှိုင်းအသင့်အတင့် ရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၂၀ မိုင်မှ ၂၅မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ ရာသီဥတုသာယာနိုင်ပြီး လှိုင်းအနည်းငယ်သာရှိနိုင်ပါတယ်။ ရေပြင်မြေပြင် လေဟာ တစ်နာရီ၁၀ မိုင်မှ ၁၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။

**မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ**

လက်ရှိရက်သတ္တတစ်ပတ်အတွင်း အနောက်ဖက်က အာရေဗျပင်လယ်မှာ ၀၅၀ မုန်တိုင်းငယ်ဖြစ်ပေါ်နေတဲ့အတွက် အာရှတိုက်တောင်ပိုင်းမှာ မုန်တိုင်းရာသီဟာ မကုန်သေးဘူးဆိုတာကို ပြသနေပါတယ်။ အရှေ့ဘက်မှာရှိတဲ့ တောင်တရုတ်ပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်ပြင်တွေမှာတော့ မုန်တိုင်းမဖြစ်ခဲ့တာကို တွေ့ရပါတယ်။ လေထုအတွင်းရှိ ရေငွေ့ပါဝင်မှုအခြေအနေ လေ့လာချက်များအရ အာရေဗျပင်လယ်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ တောင်တရုတ် ပင်လယ်ပြင်အတွင်းမှာ ရေငွေ့များထူထပ်စွာရှိနေဆဲဖြစ်ပါတယ်။ လာမယ့်ရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်တွေမှာ မုန်တိုင်းဖြစ်ဖို့ အလားအလာမရှိသေးပါ။

**ဆောင်းမုတ်သုံဝင်လာပြီ**

ပြီးခဲ့တဲ့ နိုဝင်ဘာလ အလယ်လောက်ကတည်းက အနောက်တောင်မုတ်သုံလေဦးဟာ ဘင်္ဂလားပင်လယ်အော်ထဲမှာတောင် မရှိတော့ပဲ အီကွေတာတောင်ဖက်အထိ ရွေ့သွားခဲ့တာကြောင့် ၂၀၁၁ ခုနှစ်ရဲ့ နွေမုတ်သုံရာသီကာလရဲ့နေရာကို ဆောင်းမုတ်သုံဟာ အစားထိုး ဝင်ရောက်လာပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အလယ်ပိုင်းဒေသများနဲ့ မြစ်ဝကျွန်းပေါ် ဒေသများအထိ အရှေ့မြောက် လေအေးများ တိုးဝင်လာခဲ့ပြီဖြစ်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ နိုဝင်ဘာလ(၂၁)ရက်မှ (၂၇)ရက်နေ့အထိ ကာလအတွင်း ကချင်ပြည်နယ် အရှေ့မြောက်ပိုင်းစွန်းဒေသ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသ၊ ရန်ကုန်တိုင်းတောင်ပိုင်းစွန်း၊ ဧရာဝတီတိုင်းတောင်ပိုင်းစွန်း၊ ကရင်ပြည်နယ်တောင်ပိုင်း၊ မွန်ပြည်နယ်မြောက်ပိုင်း၊ တနင်္သာရီတိုင်းတောင်ပိုင်းဒေသတွေမှာ မိုးရေချိန် ၀. ၂လက်မ မှ ၀. ၈ လက်မအထိ ရွာသွန်းခဲ့ပါတယ်။ ကျန်ဒေသများမှာတော့ သာယာခဲ့ပါတယ်။

**လာမယ့်ရက်သတ္တတစ်ပတ်အတွက်ခန့်မှန်းချက်**

လာမယ့် ခန့်မှန်းကာလ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံဖက်ဆီကို အရှေ့ဘက်က ရွေ့လလျား လာနိုင်တဲ့ မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များမရှိနိုင်သလို ဘင်္ဂလားပင်လယ်အော်ထဲမှာလည်း လက်ရှိအခြေအနေအရမုန်တိုင်းဖြစ်နိုင်ဖို့ အခြေအနေတွေမရှိတာကိုတွေ့ရပါတယ်။ လာမယ့်ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းဒေသများဖြစ်ကြတဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ် နဲ့ ကရင်ပြည်နယ် အရှေ့ပိုင်း ဒေသတွေမှာ အရှေ့မြောက် လေများ တိုးဝင်မှုကြောင့် ဆီးနှင်းမိုးများ (၅)ရက်ခန့် ကျရောက်နိုင်ပြီး၊ ကျန်ဒေသတွေမှာ အများအားဖြင့် သာယာနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များ အနေနဲ့ကတော့ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အထက်ပိုင်းဒေသများမှာ ဖြစ်မြဲရဲ့ အောက်လျော့နည်းနိုင်ပြီး အအေးပိုနိုင်ပါတယ်၊ အလယ်ပိုင်းဒေသများမှာတော့ဖြစ်မြဲခန့်နဲ့ အောက်ပိုင်း ဒေသများမှာ ဖြစ်မြဲထက် အနည်းငယ်ကျော်လွန်ပြီး အအေးပေါ့နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိမြစ်တို့တွင်လက်ရှိရေအမှတ်များဟာ ဆက်လက်မြင့်တက်မလာနိုင်ပဲ အများအားဖြင့် လက်ရှိရေအမှတ်များရဲ့အောက်ကို ကျဆင်းသွားဖွယ်ရာရှိတဲ့အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ကြီးများတို့တွင် စိုးရိမ်ရေအမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းနဲ့ တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းများ မြန်မာနိုင်ငံဘက်ဆီကို ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

**ဒေါက်တာထွန်းလွင်**

# နေပြည်တော်တွင်ဒေါ်လာသန်း၂၀ရင်းနှီးမြှုပ်နှံ၍စက်မှုလယ်ယာဖော်ဆောင်မည်

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ- ၁၈**

ပြည်တွင်းလုပ်ငန်းရှင်တစ်ဦးက အမေရိကန်ဒေါ်လာသန်း ၂၀ ရင်းနှီးမြှုပ်နှံ၍ နေပြည်တော်ရှိ ဆည်ရေသောက်လယ်မြေများကို စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်ကပြောသည်။



**ခေတ်မီလယ်ယာသုံးယန္တရားငယ်များအသုံးပြု၍ လုပ်ငန်းခွင်ဝင်နေသူများ** ဓာတ်ပုံ - အောင်သူရ

"ဒေါ်လာသန်း ၂၀ ရင်းပြီး နေပြည်တော်မှာ စက်မှုလယ်ယာထူထောင်ဖို့ဦးကြည်စိန်(ပြည်တွင်းလုပ်ငန်းရှင်)က သမ္မတကြီးကို ကတိကဝတ်ပြုထားပါတယ်။ ဆည်ရေသောက်တွေကို ဟက်တာကွက်လုပ်ပါမယ်။ မကြာခင်မှာပဲ စက်မှုလယ်ယာ ပုံပေါ်လာပါတော့မယ်"ဟု လယ်ယာထွက်ကုန်တိုးမြှင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းရှင်မှာ လောလောဆယ်တွင် ဒက္ခိဏသီရိမြို့နယ်ချိုင်းကျေးရွာအနီးတွင် သိပ္ပံနည်းကျစပါးစိုက်ပျိုးရေးလုပ်ငန်းကို ကေရာချီလုပ်ကိုင်လျက်ရှိသည်။ ထို့အပြင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ဝန်းကျင်မှ လယ်သမားများကိုလည်း ရိတ်သိမ်းခြင်းဝန်ဆောင်မှုလုပ်ကိုင် ပေးလျက်ရှိကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

"စက်အကြီးကြီးနဲ့ ရိတ်ပေးတာ။ တစ်ဧကကို ငါးသောင်းပဲပေးရတယ်။ တစ်ခါတည်း ခြွေပြီးသားပဲ။ လယ်သမားက စပါးကို မခြောက်သေးရင် နေလှန်းရုံပဲ" ဟု ယင်းစက်ယန္တရားကိုငှားရမ်းအသုံးပြုခဲ့သည့် လယ်သမားတစ်ဦးကပြောကြားသည်။ ထိုကဲ့သို့ ယန္တရားအသုံးပြုခြင်းဖြင့် အချိန်နှင့်ငွေကြေးကုန်ကျမှုလည်း သက်သာသွားကြောင်း ဒေသခံ လယ်သမားအချို့က ဆိုသည်။

မိရိုးဖလာစနစ်ဖြင့်လုပ်ကွက်ငယ်အဆင့်သာရှိသော အဆိုပါလယ်မြေများအား ဟက်တာကွက်ဖော်ထုတ်ရန်အတွက် အသေးစိတ်ပြောကြားခဲ့ခြင်း မရှိသော်လည်းစိုက်ပျိုးရေးဝန်ထမ်းဟောင်းတစ်ဦးကမူ "အဲဒီကိစ္စက နည်းနည်းတော့ ရှုပ်လိမ့်မယ်။ တစ်ဦးတည်းပိုင်ရင်ပြဿနာမရှိဘူး။ နှစ်ဦး၊သုံးဦးပေါင်းမှ ဟက်တာတစ်ကွက်ရမယ်ဆိုရင် သူတို့ကို နားလည်အောင် စည်းရုံးဖို့ခက်ခဲလိမ့်မယ်။ ဌာနက ဘယ်လိုလုပ်ပေးမယ်ဆိုတာတော့ မသိသေးဘူး" ဟုသုံးသပ်ပြောကြားသည်။

# ကားအရောင်းစင်တာ ဖွင့်လှစ်ခွင့် ကုမ္ပဏီ သုံးခုစတင်ရရှိ

## ယခုနောက်ဆုံး ကုမ္ပဏီလေးခုကိုပါ အရောင်းစင်တာ ထပ်မံဖွင့်လှစ်ခွင့်ပြုလိုက်သည်

**အောင်သူရ၊ ပြည့်သိမ်း**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၄**

ကားအရောင်းစင်တာ ဖွင့်လှစ်ခွင့်ကို ပုဂ္ဂလိကကုမ္ပဏီသုံးခုသို့ ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

"သတ်မှတ်ချက်နဲ့ညီတဲ့ ကုမ္ပဏီလေးခုမှာ နှစ်ခုက ပိုင်ရှင်တူနေတဲ့အတွက်သုံးခုကိုပဲပေးလိုက်တာပါ" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ စတင်ဖွင့်ခွင့်ရရှိသော ကုမ္ပဏီသုံးခုမှာ Sakura၊ Sandarar နှင့် Diamond Autoတို့ဖြစ်သည်။

ရန်ကုန်မြို့တွင် ဖွင့်လှစ်သော Diamond Auto အရောင်းပြခန်းမှ မှာယူထားသော ကားများမှာ ဒီဇင်ဘာလဆန်းတွင် ရောက်ရှိမည်ဖြစ်ပြီး အစီးရေ ၁၀၀ ရောင်းချခွင့်ရထားကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူကပြောသည်။

"ဝယ်ယူခွင့်စလစ်ရှိသူတိုင်းကို ရောင်းပေးမယ်။ ၉၈၊ ၉၉ မော်ဒယ်တိုယိုတာ မတ်ခ်တူးကားကို ဒေါ်လာ ၅၅၀၀နဲ့ ရောင်းပေးမယ်" ဟု အဆိုပါတာဝန်ရှိသူကဆိုသည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ဖွင့်လှစ်ရန် စီစဉ်ထားသော ဆာကူရာအရောင်းပြခန်းမှ မှာယူထားသော ကားများသည် ဒီဇင်ဘာတတိယပတ်တွင် ရောက်ရှိမည်ဖြစ်ပြီး ကားအစီးရေ ၃၀၀ တင်သွင်းရောင်းချခွင့်ရရှိထားကြောင်း အဆိုပါ ကုမ္ပဏီမှတာ ဝန်ရှိသူကပြောသည်။

ကုမ္ပဏီလေးခုကိုပါ ကားအရောင်းစင်တာဖွင့်လှစ်ရန် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက နိုဝင်ဘာ ၂၈ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

# တရားမဝင် စီအင်န်ဂျီပြောင်းလဲတပ်ဆင်ထားသော အငှားယာဉ်တစ်စီးအား အရေးယူ

**မေဝင်းမွန်**

**ရန်ကုန်၊ နိုဝင်ဘာ -၂၅**

တရားမဝင်စီအင်န်ဂျီပြောင်းလဲတပ်ဆင်ထားသောကိုရိုလာအမျိုးအစား တက္ကစီယာဉ် တစ်စီးကို ဓာတ်ငွေ့လာရောက်ဝယ်ယူစဉ်စစ်ဆေးတွေ့ရှိခဲ့သဖြင့် ပထမဆုံးအကြိမ်အဖြစ် သိမ်းဆည်း အရေးယူထားကြောင်း စီအင်န်ဂျီဌာနမှ သတင်းရရှိသည်။

အဆိုပါတက္ကစီယာဉ်သည် စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တရားမဝင်စီအင်န်ဂျီပြောင်းလဲတပ်ဆင်ထားပြီး ယခုလ ၂၂ ရက် နံနက်၁၀နာရီခန့်က မင်္ဂလာတောင်ညွန့် သဘာဝဓာတ်ငွေ့ အရောင်းဆိုင်၀၂၀ တွင် ဓာတ်ငွေ့လာရောက်ဖြည့်စဉ် ဆိုင်တာဝန်ခံက စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

"တရားမဝင်စီအင်န်ဂျီတပ်ဆင်ပြီးမောင်းနှင်နေတာတွေအများအပြားရှိနေတဲ့အတွက် ဒီလိုမျိုးမဖြစ်အောင်လို့ စံနမူနာအနေနဲ့ ကားကိုသိမ်းဆည်းထားလိုက်တာဖြစ်ပါတယ်။ အရင်တုန်းကတရားမဝင်အိုးတပ်တာတွေ့ရင် ဂက်စ်အိုးနဲ့စီအင်န်ဂျီကစ်ကိုပဲဖြုတ်သိမ်းလိုက်တာမျိုးပဲလုပ်ပါတယ်။ ကားကိုပါသိမ်းတာက အခုမှပထမဆုံးလုပ်တာပါ။ သုံးလပိတ်သိမ်းမှာပါ။ ဒီကားကို အများမြင်သာအောင် နမူနာအနေနဲ့ စီအင်န်ဂျီဌာနမှာပြသထားမှာပါ"ဟုစီအင်န်ဂျီဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဝမ်းနည်းကြေကွဲခြင်း**
ရန်ကုန်တိုင်းမ်ဂျာနယ်မှ အကြီးတန်းအယ်ဒီတာ
ကိုဇော်ကိုသက်(၃၂နှစ်) သည်
၂၈-၁၁-၂၀၁၁နေ့တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရပါ၍
မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။
7Day News

7 DAY NEWS JOURNAL
Hot Line
09 7322 4541

Life
7DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

**ဧရာဝတီနှင့်ချင်းတွင်းမြစ်ဆုံရာ အောင်ပန်းချောင်းရွာအနီးမှ သဲသောင်ခုံပေါ်မှ မြစ်နှစ်စင်းကို တွေ့ရစဉ်**
ဓာတ်ပုံ - ဘုန်းမိုးသွန်း(မုံရွာ)



# ချင်းတွင်းရောဆုံသောအခါဝယ်

လွင်ချန်ဖြိုး(နတ်မောက်)

**သလ္လာဝတီချင်းတွင်းနှင့်ဧရာဝတီမြစ်မင်းတို့ပေါင်းဆုံရာဒေသသို့သွားဖြစ်တာကပြီးခဲ့သည့်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် အမျိုးသားနေ့တွင်ဖြစ်သည်။ မြစ်ကြီးနှစ်မြစ်ဆုံရာ၊ မြစ်ရေစီးကြောင်းနှစ်ခု၏ အလယ်တည့်တည့် သဲသောင်လွှာနုနုအပေါ်သို့ ခြေချမိတော့ ညနေ ၄နာရီထိုးပြီးပြီ။ မြစ်ဆုံရှိ သောင်ခုံကြီးမှာ တစ်မျှော်တစ်ခေါ်ပင် မြင်တွေ့နေရသည်။**

"အခု ရေကျချိန်မို့ ဒီမှာလာဆုံတာ။ ရေကြီးခါဆို ဟိုးအထက် သုံးမိုင်လောက်ဝေးတဲ့ တောအုပ်ဆီမှာ ရေကြောင်းဆုံတာ"ဟုပခန်းငယ်ဇာတိစက်လှေသမားကိုမောင်နီက လက်ညှိုးညွှန်ရင်းရှင်းပြပါသည်။ ယခုမြစ်ဆုံနှင့်အနီးဆုံးရွာမှာ ရေစကြိုမြို့နယ်အတွင်းရှိအောင်ပန်းချောင်းကျေးရွာဖြစ်သည်။ မြစ်ဆုံ၏အလှကို အားဖြည့်ပေးသည်က မြစ်ဆုံနှင့် အနီးဆုံး၊ ချင်းတွင်းမြစ်ကြောင်းနိဂုံးချုပ်ရာသဲသောင်ကမ်းစပ်ပေါ်တွင်ရှိသည့် တဲကလေးခုနစ်လုံးဖြစ်သည်။ အောင်ပန်းချောင်းရွာမှနေ၍မြစ်ဆုံအနီးတစ်ဝိုက်တွင် ရေလုပ်ငန်းဖြင့် အသက်မွေးရန် တဲထိုး၍ လာရောက်နေထိုင်ကြခြင်းဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ တဲလေးခုနစ်လုံးသို့ရောက်သည့်အချိန်မှာ ရေလုပ်ငန်းသိမ်းစအချိန်ဖြစ်သည်။ စောစောသိမ်းနှင့်သူများက ညနေစာအတွက် ချက်ပြုတ်ပြင်ဆင်နေကြသည်။ မီးခိုးတလူလူ မီးဖိုများအပေါ်တွင် အသုံးပြုသည်က မြေအိုးမြေခွက်များပင်ဖြစ်သည်။ အနီးအနားကုန်းပေါ်ကရသည့် ဒေသထွက်အသီးအရွက်များနှင့် ရေသတ္တဝါများမှာ သူတို့အတွက် မရိုးနိုင်သော နေ့စဉ် ဟင်းအမယ်များဖြစ်သည်။

တဲက ခုနစ်လုံး၊ မိသားစု ခုနစ်စုဟုဆိုသော်လည်း ဆယ့်ငါးနှစ်အောက်ကလေးငယ်ပေါင်းမှာ ငါးဆယ်နီးပါးတွေ့ရသည်။ အရွယ်ရောက် ကလေးငယ်များက ရွာရှိ အလယ်တန်းကျောင်းတွင်ကျောင်းတက်ကြသည်။ ကျောင်းရှိရာ အောင်ပန်းချောင်းရွာသို့ရောက်အောင် တစ်မိုင်နီးပါး လမ်းလျှောက်ကြရသည်။ ရွာတွင် အလယ်တန်းကျောင်းရှိသည်ဟုဆိုသည်။ ထိုနေ့က ကျောင်းပိတ်ရက်လည်းဖြစ်၊ ညနေစောင်းလည်းဖြစ်၍ ကလေးငယ်အားလုံးစုံစုံလင်လင်တွေ့ခဲ့ရသည်။ သူတို့လေးတွေသည်လည်း အနာဂတ်မျိုးဆက်သစ်ကလေးများဖြစ်ပါသည်။ သူတို့ဘဝ၊ သူတို့ပတ်ဝန်းကျင်၊ သူတို့နေထိုင်ရပ်တည်မှုအရ သူတို့ကို အမိ မြန်မာပြည်၏ အောက်ဆုံးအလွှာလူတန်းစားဟု သတ်မှတ်သုံးနှုန်းခြင်း ခံကြရသည်။ ဤကလေးငယ်များထဲမှ အရေအတွက်မည်မျှ ထိုအဆင့်သတ်မှတ်ချက်ကိုကျော်လွှန်ရောက်ရှိအောင် ကြိုးစားနိုင်ပါမည်နည်းဟုစဉ်းစားမိရင်း အတွေးပေါင်းစုံက ခေါင်းထဲသို့ရောက်လာသည်။

လောလောဆယ် ဝမ်းရေးကိစ္စအတွက် အလုပ်ကိုင် အစုံလုပ်ကြရသည်ဟုဆိုသည်။ ကုန်းပေါ်တွင်တောင်သူနှင့်ကိုင်းကျွန်းသီးနှံ အနည်းအကျဉ်း တွဲလုပ်သူက လုပ်သည်။ ဧရာ၊ ချင်းတွင်းမြစ်ကြီးနှစ်စင်းလုံးတွင် လှေခြေရာချင်းထပ်အောင် ငါးဖမ်းကြသည်။ ရေကြီးချိန်တွင် ထင်းဆယ်ကြသည်။ ကိုင်းပင်များကိုရိတ်ဖြတ်၍ သက်ငယ်ပျစ်ကာပြန်ရောင်းကြသည်။ ကြုံရာကျပန်းလက်လုပ်လက်စား အငှားနေ့စားလိုက်ကြသည်။

သူတို့၏ ရင်သွေးငယ်များမှာ ရှစ်နှစ်ကျော်လျှင် လှေပေါ်လိုက်၍ မိဘ၏အလုပ်ကိုကူနိုင်ကြပြီဟုဆိုသည်။ ရေကြောင်းပညာ၊ ရေလုပ်ငန်းဘာသာကို မူလတန်းဖတ်စာအဖြစ် လက်တွေ့ဆည်းပူးကြရသည်။ ဖျာစုတ်၊ စောင်စုတ်၊ အဝတ်စုတ်၊ အိုးခွက်ပန်းကန်အဟောင်းတို့ဖြင့် ဘာမျှမက်စရာမရှိသော တဲစုတ်ကိုသည် အတိုင်းပစ်ထားခဲ့ကာ မိသားစုဝင်အားလုံးကို လှေပေါ်တင်၍ ငါးအရှာထွက်သည့်အခါထွက်ကြသည်။ သူတို့ ကျင်လည်ကျက်စားရှင်သန်ရာ၊ သူတို့ပိုင်ဆိုင်သောမြေ၊ သူတို့ ပိုင်ဆိုင်သောရေကား အဆီးအတားမရှိ ကျယ်ပြောလှပါဘိ။

သူတို့ဖမ်းသော ငါးအများစုမှာ ငါးတန်ဖြစ်သည်။ တစ်ကောင်လျှင် အနည်းဆုံး အလေးချိန် လေးပိဿာမှ ကိုးပိဿာအတွင်း ဖမ်းယူရရှိကြသည်ဟုဆိုသည်။

စာ(၁၁)သို့

ဈေးဝယ်ထွက်မယ်

## ပွဲတက်လက်ကိုင်အိတ် လှလှလေးတွေရှိတဲ့နေရာ

**အိဖြူလွင်**

ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ့် ကဏ္ဍကတော့ အမျိုးသမီး ပရိသတ်တွေအတွက် သီးသန့်ပါ။





ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပွဲကြီး၊ပွဲလတ်၊ပွဲငယ်အသွယ်သွယ် အမြဲသွားလာနေရတဲ့အမျိုးသမီးကြီးငယ် အရွယ်စုံအတွက် လိုအပ်နိုင်တဲ့ ပွဲတက်လက်ကိုင်အိတ်မျိုးစုံကို ရနိုင်တဲ့နေရာကို လမ်းညွှန်ပေးထားတာပါ။

ထိုင်းနိုင်ငံကတင်သွင်းပြီး လူငယ်တွေကနေ လူကြီးပိုင်း အရွယ်ထိ အားလုံးနဲ့လိုက်ဖက်တဲ့ အိတ်မျိုးစုံကို ဒီနေရာမှာရနိုင်တာဖြစ်ပြီး ပွဲလမ်း သဘင်အခမ်းအနားတွေသွားဖို့ သင့်တော်တဲ့ လက်ကိုင်အိတ်ငယ်လေးတွေကို ပါ ရနိုင်တယ်လို့ သိရပါတယ်။ အလှဆင်ကျောက်တွေ စီးကွင့်အကောင်းစားတွေနဲ့ ဆင်ယင်ထားပြီး ဖဲသား၊ ပိုးသား၊ သားရေသားစသဖြင့် အိတ်ကိုချုပ်ထားတဲ့ အသားနဲ့ အလှဆင်ထားတဲ့ ပစ္စည်းအပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားတာပါ။

ဈေးနှုန်းကွာခြားပုံနဲ့ အိတ်တွေရဲ့ ဒီဇိုင်းပေါ်မူတည်ပြီး လူငယ်ကြိုက် လူကြီးကြိုက်တွေကွဲပြားသွားတာလို့ ဆိုနိုင်ပါတယ်။


အနိမ့်ဆုံးဈေးနှုန်း ကျပ် ၁၄,၀၀၀ကနေ ကျပ် ၂၀,၀၀၀ ကျော်လောက်ထိရှိတာဖြစ်ပြီး အရည်အသွေးကောင်းပစ္စည်းတွေကိုပဲ ရနိုင်တာဖြစ်တယ်လို့သိရပါတယ်။ မွေးနေ့ပဲသွားသွား၊ မင်္ဂလာဆောင်၊ အလှူတွေပဲသွားသွား အခမ်းအနားတိုင်းကို ပွဲလယ်တင့်စွာသွားနိုင်ဖို့ အိတ်တွေဝယ်ချင်တယ်ဆိုရင်တော့ကမ္ဘာအေးဘုရားလမ်းပေါ်က ကမ္ဘာအေး ဂမုန်းပွင့်မှာ ရှိတဲ့ ဒုတိယထပ် အခန်း ၁၂က Bambini ဆိုင်မှာပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

### ငှက်ပျောဖူးချဉ်ကြော်



ငှက်ပျောဖူးချဉ်ကြော်က အရံဟင်းတစ်ပွဲဆိုပေမယ့် ဘယ်ဟင်းနဲ့မဆို တွဲဖက်သုံးဆောင်လို့လိုက်ဖက်တဲ့ အရသာရှိပါတယ်။ ဝိုက်ဖီက ငှက်ပျောဖူးချဉ်ကို ဝက်သားသုံးထပ်သားလေးနဲ့ ကြော်ထားတာပါ။

ငှက်ပျောဖူးကြော်ဖို့ ဝက်သားသုံးထပ်သား ငါးကျပ်သားနဲ့ အချဉ်တည်ထားတဲ့ ရခိုင်ငှက်ပျောဖူးလက်နှစ်ဆုပ်စာနဲ့ကြက်သွန်နီနှစ်လုံးပဲလိုပါတယ်။

ငှက်ပျောဖူးကြော်ဖို့ အရင်ဆုံး ရခိုင်ငှက်ပျောဖူးတစ်ဖူးကို သုံးရက်လောက် အချဉ်တည်ထားရပါတယ်။ ငှက်ပျောဖူးချဉ်အရောင်လေးလှအောင် အပေါ်ပလပ်တွေမဖယ်ဘဲ အလယ်ကနေထက်ခြမ်းခြမ်း၊ ပလပ်ကြားတွေထဲက အသီးကင်းလေးတွေ ဖယ်ပစ်ပါမယ်။ ပြီးရင်ပါးပါးလေးတွေလှီးပါ။ လှီးပြီးတာနဲ့ မန်ကျည်းသီးမှည့်နည်းနည်းကို ရေဖျော်ထားတာနဲ့ နယ်ပေးရပါမယ်။

စာ(၁၁)သို့


7DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011









# ကောင်မလေးလက်ကိုဆွဲတာ စိတ်မဆိုးပါ ကျွန်တော့်ခါးကိုတွန်းတာစိတ်ဆိုးသည်

သာခွေယိုင်

ထိုနေ့က ကျွန်တော်စီးသော ဘတ်စ်ကားပေါ်သို့ကောင်မလေး တစ်ယောက်တက်လာသည်။ ကျွန်တော့်အဖို့ ကိုယ့်အသက်အရွယ်ကိုမှ အားမနာ။ မှုန်သီသော ကိုယ့်ဇရာမျက်လုံးကိုမှ အားမနာ။ ဒီကောင်မလေး ဝတ်ပုံစားပုံဒီဇိုင်းကိုမကြည့်ဘဲမနေနိုင်အောင်ဖြစ်မိကာ ခြေဆုံးခေါင်းဆုံးကြည့်မိသည်။ မကြည့်ဘဲ နေနိုင်ရိုးလား။ ကောင်မလေးရဲ့ဒီဇိုင်းက 'မျောက်အဘိုးအိုမူးလဲ'ဒီဇိုင်းဖြစ်နေသည်။

'မျောက်မူးလဲ'ဆိုသော အခေါ်အဝေါ်သာရှိသည်မှန်သော်လည်း ဒီကောင်မလေးကို စေ့စေ့ကြည့်မိသောကိုယ့်အရွယ်နှင့်နှိုင်းဆ၍ မျောက်အဘိုးအိုမူးလဲဟုသုံးနှုန်းမိခြင်းဖြစ်ပါ၏။ ကောင်မလေးသည် ကျောပြင်မှ မွေးညင်းနုစိမ်းစိမ်းကလေးပင်မြင်ရအောင်ကျောပြင်သားဝင်းဝင်းကလေးဖော်လှစ်ထားသည်။ ပခုံးပေါ်တွင်မူ လိပ်ပြာရုပ် တောင်ပံယှက်နေသော ကြက်ခြေခတ်ခရမ်းရောင်ကြိုးပြားဖြင့် တစ်ဖက်တစ်ချက်စီသိုင်းထားသည်။ ပန်းသွေးရင့်ဂါဝန်တွန့်ကားကားလေးအောက်မှ အပြာနုနု အသားကပ်ဘောင်းဘီရှည်က ပေါင်တံနှင့်ခြေသလုံးကိုလုံးကြွတင်းရင်းနေစေသည်။ စီးထားသည့်ဦးဖျားဝိုင်းဖိနပ်ပေါ်မှာ အစီအရီတင်ထားသောခြေသည်းကလေးများကိုလည်း ဘာရောင်တွေခြယ်ထားမှန်းမသိ။ ဖိနပ်ကိုစီခြယ်ထားသော ကျောက်မှုန်ပွင့်ကလေးများနှင့်အပြိုင်လက်လက်ထလျက်။

လွယ်ထားသောမြစိမ်းရောင်ကျောပိုးအိတ်ပေါ်မှာ ဝက်ဝံရုပ်ကလေးက တစ်ကောင်၊ ငါးရုပ်ကလေးတစ်ရုပ်၊ ပစ်တိုင်းထောင်ရုပ်ကလေးပင် ပါချေသေးတယ်။ ဝက်ဝံရုပ်ကလေးကယိမ်းနွဲ့ကစားနေစဉ်ပစ်တိုင်းထောင်ရုပ်ကလေးကလည်း ချာလည်မွှေ့ယမ်းနေသည်။

ထူးခြားသောကောင်မလေး၏မျက်တောင်က ဘယ်လိုပြုပြင်ထားမှန်း မမှန်းဆနိုင်အောင် စိမ်းပြာဖန့်ဖန့်မျက်ခွံပေါ်၌နက်မှောင်ကာ ကော့ရွန်းနေသည်။

စာ(၁၁)သို့

## စာ-၁၀၊ ကောင်မလေးလက်ကိုဆွဲတာ စိတ်မဆိုးပါ ကျွန်တော့်ခါးကိုတွန်းတာ စိတ်ဆိုးသည် မှ

ငွေရောင်နားကွင်းဝိုင်းကြီးများက လည်း ပါးမို့မို့ကလေးပေါ်၌ တယမ်းယမ်း။

ပျားရည်ရောင် ဆံပင်အုံပေါ်၌ မလုံ့တလုံဆောင်းထားသော မရမ်းစေ့ရောင် ဦးထုပ်ဝိုင်းကလေးကို အနေအထားပြင်ရန် လက်ကိုမြှောက်လိုက်သောအခါ သူ့လက်ညှိုးဝဝကစ်ကစ်ကလေး တစ်ချောင်းတည်းမှာ လက်စွပ်သုံးကွင်းက စီဆင့်နေပြန်လေသည်။

ဤမျှ အခြယ်အလှိမ်းအလှ အပတို့ဖြင့် ဆင်ယင်ထားသော ကောင်မလေး ကားပေါ်ရောက်ခါစရှိသေး။ ယာဉ်မောင်းဖြစ်သူက ရှေ့မှ ချိုးကွေ့ဝင်လာသောကား တစ်စီးကိုမတိုက်မိအောင် ဘရိတ်ဆောင့်နင်းလိုက်သောအခါ ကောင်မလေးခမျာ ဟန်ချက်ပျက်သွားရှာသည်။ တော်ပါသေးရဲ့။ စပယ်ယာက ကောင်မလေး၏ လက်မောင်းကို ဖမ်းဆွဲထားလိုက်ပေလို့။ ထိုင်ခုံပေါ် ထိုင်နေသော ကျွန်တော်ပင်လျှင် ရှေ့မှ ကျောမှီတန်းကို မနည်းဖမ်းဆုပ်ထိန်းကိုင်လိုက်ရသည်။ စပယ်ယာသာ ကောင်မလေးလက်မောင်းကိုဖမ်းမဆွဲလိုက်လျှင် ရှုပ်ရှုပ်ထွေးထွေး ဒီဇိုင်းရှင် ကောင်မလေး စွေ့ခနဲလဲပြိုသွားနိုင်သည်။ သည်တော့ မောင်မင်းကြီးသား ကိုရွှေစပယ်ယာအား ကျွန်တော်က ကျေးဇူးပင်တင်မိသေးတော့။

သို့သော် ကိုရွှေစပယ်ယာကို စိတ်ထဲမှ ကျိတ်ကာချီးမွမ်း၍မှ မဆုံးသေး။ မောင်မင်းကြီးသားအပေါ် ကျွန်တော့်အမြင်ပြောင်းလဲသွားရပါလေပြီ။

ကျွန်တော်သည် ဇရာဒုဗ္ဗလ အိုကြီးအိုမအရွယ်ဖြစ်သည်။ ကိုယ်ပိုင်ကားမစီးနိုင်သော ဘတ်စ်ကားခရီးသည်ဖြစ်သည်။ ကျွန်တော် ဆင်းရမည့်မှတ်တိုင်ရောက်သည်နှင့် ကားပေါ်မှ ဆင်းမည်အပြု။

"လက်လွှတ်ဆင်း
လက်လွှတ်ဆင်း"

စပယ်ယာ၏ အသံက ကျွန်တော့်နားထဲသို့ စူးရှစွာဝင်လာသည်။ အမှန်မှာ ဇရာရွယ် ကျွန်တော်သည် ဒူးတွေက သိပ်မခိုင်ချင်။ ကားလက်ရန်းကိုကိုင်ဆင်းမှ အဆင်ပြေသည်။ ရိုးရိုးလမ်းလျှောက်ရင်းပင် ဒူးဆစ်က မကြာခဏ ညွှတ်ခနဲ ဖြစ်သွားလေ့ရှိသည်။ ဒါတွေကို စပယ်ယာလူငယ်ကလေး သဘောပေါက်မည်မထင်။ ခရီးသည်မှန်သမျှ သူတို့လိုသန်တုန်းမြန်တုန်း အရွယ်တွေချည်းမဟုတ်။ ပြီးတော့ သူက ခပ်ငေါက်ငေါက်အော်သေးသည်။

"လေးဘီးလုံးရပ်ထားတာ လက်လွှတ်ဆင်းပါဆိုမှ"

ခြေမခိုင်သူ သက်ကြီးရွယ်အိုမှန်သမျှ ကားပေါ်တက်လျှင် ဆင်းလျှင် လက်ရန်းကိုအားပြုခြင်းအားဖြင့် ကားသမားများကို ကူညီရာပင်ရောက်သေးသည်။ အဆင်းအတက်လဲကျတတ်သည်ကို သူတို့နားမလည်။ ထိုနေ့က ကျွန်တော် ကားပေါ်မှ အဆင်း၌ ခါးကိုပင် အတွန်းခံလိုက်ရသေးရာ ကျွန်တော့်မှာ ခွေလဲမသွားအောင် မနည်းပင် ဟန်ချက်ထိန်းလိုက်ရသည်။

ခရီးသည်ယာဉ်လိုင်းအသီးသီးမှ အုပ်ချုပ်သူ လူကြီးမင်းများခင်ဗျား၊ ကားဆရာများကို ဒီလိုပြောင်းပြန်အော်ဖို့သင်ပေးကြပါ။


**"သေသေချာချာ ကိုင်တက်ကြပါ၊ သေသေချာချာ ကိုင်ဆင်းကြပါ"**

ယာဉ်လိုင်းအုပ်ချုပ်သူများကို နောက်တစ်ခု အကြံပြုချင်ပါသေးသည်။ ဒရိုင်ဘာ၊ စပယ်ယာများကို ဩဝါဒပေးရုံသက်သက်ဖြင့်မလုံလောက်သေးဟူ၍ ယူဆပါလျှင် ကြည့်မြင်တိုင်အရိုးကုဆေးရုံ၊ ရန်ကုန်ဆေးရုံကြီး အကြောအဆစ် ရူပဗေဒဌာန၊ အရေးပေါ် ထိခိုက်ဒဏ်ရာကုဌာနမှ ဆရာဝန်များကိုပင့်ဖိတ်ပါ။ ကားဆရာများ ခန္ဓာဗေဒသဘောနားလည်အောင် ကျွမ်းကျင်သူဆရာဝန်ကြီးများ၏ဟောပြောပို့ချချက်ကိုနားထောင်နိုင်ပါစေ။

သို့တည်းမဟုတ် အသုတ်လိုက်ခွဲ၍ ထိုဆေးရုံဆေးခန်းများသို့ လေ့လာရေး မကြာခဏစေလွှတ်ပေးပါ။

ခုတော့ နေ့စဉ်လိုလိုပင် ခရီးသည်များကို အတင်းဆွဲတင်လိုတင်၊ အမှတ်တမဲ့ တွန်းချလိုချလုပ်နေကြဆဲ။

ထိုနေ့က အတွေ့အကြုံအရ ပြောလိုက်ပါရစေဦး။ ကောင်မလေးလက်ကိုဆွဲတာ ကျွန်တော် စိတ်မဆိုးပါ။ ကျွန်တော့် ခါးကို တွန်းတာကိုတော့ စိတ်ဆိုးသည်။ တကယ့်ကိုစိတ်ဆိုးပါသည်။



**ဓမ္မ**

**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

## အမုန်းတရားရလဒ်ကိုဆင်ခြင်ခြင်း . . .

မေတ္တာကိုပွားများပြီး ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ပုံနည်းလမ်းကတော့ ဒေါသအမုန်းတရားအပေါ် ဆင်ခြင်သုံးသပ်တတ်ဖို့ပဲဖြစ်တယ်။ အဒေါသစေတနာရဲ့ ကောင်းကျိုးပေးမှုသဘောတွေအပေါ် နားလည်ဖို့လိုတယ်။ မုချမှန်ကန်ခြင်းသဘောအရ၊ ကံ ကံ၏အကျိုးသဘောတရားအရ၊ ဒီလောကမှာ မုန်းစရာဘာမှမရှိပါလားဆိုတာကို ဆင်ခြင်နားလည်နိုင်စွမ်းရှိဖို့လည်းလိုတယ်။ ဒါဆိုရင် မုန်းတီးခြင်း၊ ဒေါသဖြစ်ခြင်းဆိုတာ ပိုပြီးမှောင်မိုက်ခြင်းကိုဖြစ်စေတတ်ပါလား၊ ရှုံးသွပ်မိုက်မဲခြင်းတစ်မျိုးပါလား၊ အဖြစ်မှန်ကို ပိတ်ပင်ဖျက်ဆီးတတ်တဲ့တရားပါလားဆိုတာကို ဆင်ခြင်သိမြင်နိုင်ဖို့လိုအပ်တယ်။ အမုန်းတရားက တားဆီးချုပ်ချယ်တယ်။ မေတ္တာက လွတ်မြောက်စေတယ်။ အမုန်းက ထကြွအောင် လှုံ့ဆော်တယ်။ မေတ္တာက ငြိမ်သက်အောင်ပြုပြင်တယ်။ အမုန်းတရားဟာပူလောင်တယ်။ မေတ္တာကအေးမြစေတယ်။ အမုန်းက ခွဲခြားတယ်။ မေတ္တာက ညီညွတ်အောင်ပေါင်းစည်းစေတယ်။ အဲဒီလိုနည်းတွေအားဖြင့် အမုန်းတရားရဲ့ရလဒ်ဟာ အပြစ်များပုံကို မှန်ကန်စွာ စဉ်းစားဆင်ခြင်ပြီး မေတ္တာရဲ့ အကျိုးကျေးဇူးများပုံကိုလည်း နှလုံးသွင်းနိုင်ရင် မေတ္တာကို ပွားများသင့်ကြောင်း နားလည်သဘောပေါက်နိုင်မှာဖြစ်တယ်။

မြတ်ဗုဒ္ဓက မေတ္တသုတ်မှာ စကြဝဠာတစ်ခုလုံးကို လွှမ်းခြုံရစ်ပတ်တဲ့ မေတ္တာဓာတ်ကို ဝဲယာ၊ ရှေ့နောက်၊ ထက်အောက်၊ အရပ်ဆယ်မျက်နှာသို့ ဖြန့်ကြက်ရာမှာ အမုန်းကင်းစွာ၊ ရန်လိုမှုကင်းစွာသာလျှင် ပျံ့နှံ့စေရမယ်လို့ ဟောကြားတော်မူတယ်။

ရည်ညွှန်း-'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက' ဆန်းလွင် (ရှင်အာဒိစ္စရံသီ) (၁၉၃၈-၂၀၀၂)



## အယ်ဒီတာထံ ပေးစာ

### အမျိုးသမီးများ မဖတ်ရ

အယ်ဒီတာခင်ဗျား . . .

ဂျာနယ်မဂ္ဂဇင်းများတွင် မကြာခဏတွေ့မြင်ဖတ်ရှုရသော "အရာရာတိုင်းကို ယဉ်ကျေးမှုနှင့် မကိုင်နိုင်၊ ယဉ်ကျေးမှုနှင့် မကိုင်သင့်ပါ" ဟု ရေးသားနေကြ၍ အံ့သြမိပါသည်။

ယဉ်ကျေးမှုဟူသည် နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောပင်ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိမည်သည့် နိုင်ငံမဆို၊ ကိုယ့်ယဉ်ကျေးမှုနှင့် ကိုယ်ရပ်တည်နေကြပြီး ယဉ်ကျေးမှုကို အလေးထားလွန်အားကြီး၍ အစွန်းရောက်သည်ဟုပင် သတ်မှတ်ခံနေကြရပါသည်။

ဘုရားရှင်ဟောကြားခဲ့သည့် "စိတ္တံ ဒန္တံ သုခါဝဟံ"ယဉ်ကျေးသော စိတ်နှင့်ယဉ်ကျေးမှုကသာ ချမ်းသာမှု အလုံးစုံကိုပေးနိုင်၏ဟု မိန့်ဆိုထားပြန်ပါသည်။

ရိုးရာယဉ်ကျေးမှုကို ကြည့်၍ လူမျိုးတို့၏ စိတ်နေစိတ်ထားကို သိနိုင်လာသလို လူမျိုး၏အဆင့်အတန်းကိုလည်း သတ်မှတ်နိုင်ပါသည်။

မြန်မာ့ယဉ်ကျေးမှုသည်ဗုဒ္ဓဘာသနာနှင့် ယှဉ်တွဲ၍ ပေါ်လာရသောယဉ်ကျေးမှုဖြစ်ပြီး ဟိုးရှေးခေတ် တကောင်း၊ သရေခေတ္တရာ၊ ပျူ-ပုဂံခေတ်၊ အချိန်အခါကတည်းကတိုးတက်ဖွံ့ဖြိုးလာခဲ့ပါသည်။ မြန်မာ့ယဉ်ကျေးမှုအား မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့ စရိုက်၊ မြန်မာ့ဘာသာတရားအဆုံးအမများအတိုင်း ကျင့်ကြံဝတ် စားဆင်ယင် နေထိုင်လာခဲ့ကြပါသည်။

ဗုဒ္ဓ၏ အဆုံးအမများမှာလည်း မြန်မာ့ယဉ်ကျေးမှု နယ်ပယ်ကို သိမ်မွေ့စေပါသည်။ ဗုဒ္ဓ၏အဆုံးအမဖြစ်သော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပဟူသော သူတော်ကောင်းတရား ခုနစ်ပါးနှင့်အညီ ကျင့်ကြံနေထိုင်လာကြသော လူမျိုးဖြစ်၍ ကမ္ဘာပေါ်တွင်မြန်မာဟူသော ဂုဏ်ပုဒ်၊ မြန်မာဟူသော ယဉ်ကျေးမှုပုံသဏ္ဍာန်၊ မြန်မာဟူသော နေထိုင်ပြောဆို၊ ဝတ်စားဆင်ယင်မှုမှအစ သန့်သန့်ကလေးနေထိုင်လာသည့် လူမျိုးဖြစ်ပါသည်။ ကမ္ဘာ့အလယ်တွင်လည်း မြန်မာဟူသော ဂုဏ်ပုဒ်မှာ ထင်ပေါ်ခဲ့ပါသည်။

ကျွန်တော်သည်ဟိုငယ်ငယ်လူမှန်းသိတတ်ခါစ အရွယ်တုန်းကမှစ၍ ဖဆပလခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ လမ်းစဉ်ပါတီတစ်ပါတီခေတ်၊ နောက်ဆုံးနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အုပ်ချုပ်သောခေတ်အထိ မြို့ကြီးပြကြီးတွင်သာ ကျင်လည်ခဲ့ပါသည်။ ဤအချိန်အထိ မြန်မာတို့ယဉ်ကျေးမှုမြန်မာတို့၏ ဓလေ့အစဉ်အလာ ဝတ်စားဆင်ယင်မှုများအား ထိတွေ့နေရပါသည်။

စာ(၁၀)သို့

## စာ-၉၊ ချင်းတွင်းရေ ဆုံသောအခါဝယ် မှ

မြင်းခြံဈေးမှ ငါးအဝယ်တော်က ညစဉ် လာရောက်၍ တစ်ပိဿာကျပ်နှစ်ထောင့်နှစ်ရာနှုန်းဖြင့် သိမ်းယူကြောင်း ပြောပြပါသည်။ တဲခုနစ်လုံးမှ နေ့စဉ်ငါးပိဿာချိန်ငါးဆယ်မှ ရှစ်ဆယ်အတွင်း ဖမ်းယူရရှိသည်ဟုဆိုပါသည်။

မြစ်ရေစီးကြောင်းနှစ်ခု ဆုံတွေ့ရာ သဲသောင်အဆွယ်အစွန်းလေးပေါ်မှာ ကျွန်တော်တို့တစ်တွေ ရပ်ရင်း မြစ်နှစ်မြစ်၏ ရေအရောင်မတူကြောင်း ပြောကြသည်။ ရောဝတီက ရေနည်းနည်းကြည်သည်ဟု ပြောလို့ရသော်လည်း ချင်းတွင်းရေမှာ ကြည်သည်ဟုပြောရန်ခက်နေပါသည်။ မြစ်ဆုံရေကြောင်းအစပ်ရှိသောင်ပြင်များမှာ ပေါ်ထွန်းခါစဖြစ်၍ လှချင်တိုင်းလှနေတော့သည်။ ကမာကောင်၊ ပူးကောင်၊ ပုရစ်ကောင်စသည့် သတ္တဝါငယ် ကလေးများ၏ ခြေရာများက အလှကို ပို၍ ရုပ်ကြွစေပါသည်။

မြစ်ကြီးနှစ်စင်းကဖြင့် ပကတိငြိမ်သက်စွာပင် စီးဆင်းနေပါ၏။ အကယ်၍ ပြန်ပြောခွင့်ရလျှင်တော့ လူသားတို့၏ ထိုးနှက်ဖျက်ဆီးနှောင့်ယှက်ဟန့်တားမှုဒဏ်ရာဒဏ်ချက်တွေ ဗရပွဖြင့် မလှုပ်နိုင်တော့သည့် အနေအထားသို့ ရောက်နေပြီဟု ဆိုလေမည်လားမသိ။ ရေစီးကြောင်းပြောင်းလဲမှုတွေ၊ သဲသောင်ပြင်ဖြစ်ထွန်းမှုတွေ၊ ရေထုညစ်ညမ်းမှုတွေ၊ ရေနေဇီဝမျိုးစုံပျက်သုဉ်းပျောက်ကွယ်မှုတွေသည် သဘာဝဘေးဒဏ်ကြောင့်ထက် လူသားတို့ကြောင့်ဖြစ်ရသည်က ပိုများမှာသေချာပါသည်။ မြစ်ကြီးနှစ်စင်း၏ အရေးပါအသုံးဝင်မှု၊ ကျေးဇူးကြီးမားမှုကို ကျွန်တော်တို့အားလုံးသိနိုင်ပါသည်။ ကျွန်တော်တို့၏ အနာဂတ်၊ မြစ်များ၏ အနာဂတ် မည်သို့ခရီးဆက်မည်ကို စိုးရိမ်စိတ်ကြီးစွာဖြင့် ယခုကတည်းက စီစဉ်ထိန်းသိမ်းသင့်ပါသည်။ ကျွန်တော်တို့အားလုံးတွင် တာဝန်ရှိပါသည်။

သက်တမ်းက ရှည်ကြာ၊ ကောင်ကျိုးပြုမှုက အဖြာဖြာနဲ့ ပေးဆပ်မှုသက်သက်ဖြစ်သော ရောဝတီနှင့် ချင်းတွင်းမြစ်ကြီးနှစ်စင်းမှာ သူတို့အတွက် လူသားတို့ထံမှ တုံ့ပြန်ရရှိလိုက်သည့် ဒဏ်ရာဒဏ်ချက်တွေ များပြားလွန်းတာမို့ မြစ်ကြီးနှစ်မြစ် ပေါင်းဆုံတွေ့သည့်အခါ ဘာတွေများ သူတို့အချင်းချင်း ပြောကြမည်ဆိုတာကို ကျွန်တော် သိလိုလှပါသည်။

## စာ-၉၊ ငှက်ပျောဖူးချဉ်ကြော် မှ

အချဉ်ဓာတ်ဝင်အောင် နယ်ပေးပြီးတာနဲ့ ပုလင်းဒါမှမဟုတ် ဘူးလွတ်တစ်ခုထဲထည့်ထားရုံပါပဲ။ သုံးရက်လောက်နေရင်တော့ ငှက်ပျောဖူးချဉ်ရပါပြီ။

ငှက်ပျောဖူးချဉ်နဲ့တွဲကြော်မယ့် ဝက်သားသုံးထပ်သားကို လက်တစ်ဆစ်စာပါးပါးအတုံးလေးတွေတုံးပေးပါ။ ပြီးရင် ပဲငံပြာရည်၊ ဆားနဲ့ သေချာနယ်ပြီးပြုတ်ပါ။ သုံးထပ်သားပြုတ်ပြီးပြီဆိုရင် အသင့်ဖြစ်နေပြီဖြစ်တဲ့ ငှက်ပျောချဉ်ဘူးထဲကနေ ငှက်ပျောချဉ်လက်နှစ်ဆုပ်စာလောက်ကို ယူပါမယ်။ အရင်ဆုံး အကွင်းလိုက်လှီးထားတဲ့ ကြက်သွန်နီတွေကို နနွင်းမှုန့်ခတ်ထားတဲ့ ဆီအိုးထဲကို ထည့်လိုက်ပါမယ်။ ကြက်သွန်နီဖတ်တွေ ပျော့သွားတဲ့အခါ သုံးထပ်သားပြုတ်တွေထည့်မွှေပါမယ်။ နောက်ဆုံးကျမှ ငှက်ပျောဖူးချဉ်ကို ထည့်မှာပါ။ ငှက်ပျောဖူးချဉ်ထည့်ပြီးသွားရင်တော့ အရသာဆားနဲ့ဟင်းခတ်မှုန့်ထည့်ပြီး မီးဖိုပေါ်ကချလို့ရပါပြီ။ သုံးထပ်သားရဲ့ အဆီကိုငှက်ပျောချဉ်က ထိန်းထားပေးသလို ငှက်ပျောဖူးချဉ်ရဲ့ အချဉ်ဓာတ်ကိုလည်း သုံးထပ်သားက ထိန်းထားပေးတဲ့အတွက် အရသာတကယ့်ကိုထူးခြားတဲ့ ငှက်ပျောဖူးချဉ်ကြော်ကို မြည်းစမ်းကြည့်စေချင်ပါတယ်။

7DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# ကုန်ဖိုးငွေကျပ်သိန်း၆၀ကျော်မပေးသော ပဲ၊နှမ်းကုန်သည်အားမန်းကုန်စည်ဒိုင်မှထုတ်ပယ်

ညီညီဇော်

မန္တလေး၊ နိုဝင်ဘာ – ၂၈

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)တွင် ကုန်သည်အချင်းချင်း အရောင်းအဝယ်ပြုလုပ်ရာ၌ ကုန်ဖိုးငွေများ မပေးချေနိုင်ခဲ့သော အသင်းသားတစ်ဦးအားအသင်းမှထုတ်ပယ်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

“ကုန်သည်အသင်းသားတစ်ဦးက နောက်တစ်ဦးကို ပေးချေရမယ့်ကုန်ဖိုးငွေကျပ်သိန်း ၆၀ ကျော်ကျန်တဲ့ကိစ္စကို ကျွန်တော်တို့အသင်းက တာဝန်ရှိသူတွေက အဆင့်ဆင့်ညှိနှိုင်းဖြေရှင်းပေးတာ ဘယ်လိုမှမရတော့လို့ အသင်းရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့လည်း မညီညွတ်တော့လို့ အသင်းကနေ ထုတ်ပယ်ဖို့ တာဝန်ရှိသူတွေက ဆုံးဖြတ်လိုက်တာပါ”ဟု ယင်းအသင်း၏ ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ဆက်လက်ပြီး ကုန်သည် ၁၄ ဦးကို ကုန်ဖိုးငွေကျပ်သိန်း ၉၀၀ ကျော် ပေးချေရန်ကျန်ရှိနေသောအသင်းသားတစ်ဦးနှင့် ကိုယ်စားလှယ်တစ်ဦးကိုလည်း အမြန်လာရောက်ဖြေရှင်းပေးရန်မန္တလေးထုတ်နိုင်ငံပိုင်သတင်းစာများတွင် ရက်ပိုင်းအတွင်းကြေညာအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း ပြန်ကြားရေးတာဝန်ခံများကပြောသည်။

“ကျွန်တော်တို့ရဲ့ အသင်းစည်းမျဉ်းစည်းကမ်းထဲမှာ သမာသမတ်မျှတစွာ ရောင်းဖို့တို့ ဘာတို့ဆိုတာတွေက ပါပြီးသားပါ။ ဒီလိုကိစ္စတွေက ကျွန်တော်တို့ဒိုင်မှာ ဖြစ်လည်းဖြစ်ခဲပါတယ်။ ဝယ်သူတွေကလည်း သမာသမတ်ကျစွာ ဝယ်စေချင်သလို ရောင်းသူတွေအနေနဲ့လည်းသတိလေးထားပြီးရောင်းစေချင်ပါတယ်”ဟု ယင်းအသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။

ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်းသည် မန္တလေးမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိကျောင်းတိုက်များတွင် သီတင်းသုံးတော်မူနေသောသံဃာတော်တို့အား နှစ်စဉ် နှစ်တိုင်း ကထိန်သင်္ကန်းနှင့်တကွ အရန်လှူဖွယ်ပစ္စည်းများကို ခင်းကျင်းလှူဒါန်းရန်နှင့် အသင်းသားအချင်းချင်း သမာသမတ်မျှတစွာ အရောင်းပြုလုပ်နိုင်စေရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။

## မျက်နှာဖုံး-ငွေသိန်းပေါင်းသောင်းချီလိမ်လည်သွားသော ပဲကုန်သည်အား ကုန်စည်ဒိုင်မှ အရေးယူရန်စီစဉ်နေ မှ

လိမ်လည်သွားသည့် ပမာဏကို ပဲကုန်သည်လောကတွင်း၌ ငွေကျပ်သိန်းငါးသောင်းမှ သိန်းရှစ်သောင်းထိရှိနိုင်ကြောင်း ခန့်မှန်းသတင်းများထွက်ပေါ်နေပြီး ကုန်စည်ဒိုင်နှင့် ပဲ၊နှမ်းအသင်းတို့တွင် စာရင်းအတိအကျမရရှိသေးကြောင်း သိရသည်။

၎င်းကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်အား မေးမြန်းရာတွင် “ဒါကကြိုရောင်း၊ကြိုဝယ်လုပ်တာတော့ မဟုတ်ဘူး။ ပစ္စည်းရောင်းတဲ့အချိန်တို အတွင်းမှာ ကားတွေ ဂိုဒေါင်တွေ အခက်အခဲကြောင့် ပစ္စည်း မရွှေ့နိုင်ဘဲ သူ့ဂိုဒေါင်ထဲထားရာကနေ ဒီလိုဖြစ်သွားတာ”ဟု ၎င်းက ပြောသည်။

“ဒါကကြိုရောင်း၊ကြိုဝယ်တဲ့ ပုံစံထက် ယုံကြည်မှုလွန်ကဲတာကြောင့် ဖြစ်သွားတဲ့ သဘောပဲ။ ရောင်းဝယ်ပြီး ငွေချေတာနဲ့ပစ္စည်းရှိရင် တစ်ခါတည်းသယ်ပြီး ရှင်းထားတာ အကောင်းဆုံးပဲ။ အခုအားလုံးက ထပ်အလိမ်ခံရမှာကို ကြောက်နေကြပြီ”ဟု ၎င်းဖြစ်ရပ်ကို အခြေခံ၍ ပဲကုန်သည်တစ်ဦးက သုံးသပ်ပြောသည်။

ထိုကြောင့် ပဲလောကအတွင်း ယင်းကဲ့သို့ ပြဿနာများနောက်ထပ်မဖြစ်ပေါ်စေရန် ပြောင်းလဲမှုများ ပြုလုပ်ရန်စီစဉ်နေကြောင်း ဦးထွန်းလွင်ကပြောသည်။

ယင်းဖြစ်ရပ်ကြောင့် ပဲလောကအတွင်း လတ်တလော အရောင်းအဝယ်များလည်း အေးနေကြောင်း ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပြုလုပ်သူကုန်သည်များက ပြောသည်။

ယခုတစ်ကြိမ် ပဲလောကတွင်း၌ ငွေကြေးများစွာ လိမ်လည်သွားသူမှာ ပဲကုန်သည် ဦးဇော်ငယ်(ခေါ်)ဦးဇော်သန်းထိုက်ဖြစ်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူက ပြောသည်။

ထို့အပြင် ယခုနှစ် အောက်တိုဘာလဆန်းပိုင်းကလည်း ငွေကျပ်ခြောက်ဘီလီယံကျော် ပေးဆပ်ခြင်းမရှိဘဲ တိမ်းရှောင်နေသူကို တရားစွဲဆိုပြီး တစ်ပတ်အတွင်း လာရောက်ပေးဆပ်ရန် နိုင်ငံပိုင် သတင်းစာများမှ တစ်ဆင့် တောင်းဆိုခဲ့သည်ကို တွေ့ရသည်။

၂၀၀၈ ခုနှစ်ကလည်း ပဲကုမ္ပဏီကြီးလေးခုနှင့် ကုန်သည်အချို့၏ လိမ်လည်မှုသတင်းကြောင့် ပဲလောကအတွင်း အကြီးအကျယ်ဂယက်ရိုက်ခဲ့သည်။ ၎င်းတို့ကို ကုန်စည်ဒိုင်က အသင်းဝင်အဖြစ်မှ ရာသက်ပန် ထုတ်ပယ်ခြင်းဖြင့် အရေးယူခဲ့သည်။

## မျက်နှာဖုံး-တရုတ်နိုင်ငံ၏ အကြီးဆုံးဘဏ်ရုံးခွဲ လာရောက်ဖွင့်လှစ် မှ

ကိုယ်စားလှယ်ရုံးခွဲကို ရန်ကုန်မြို့ ဆာကူရာတာဝါ၌ ဒီဇင်ဘာ ၂ရက်တွင် စတင် ဖွင့် လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါဘဏ်မှပြန်လည်သတင်းထုတ်ပြန်သည်။

ICBC ဘဏ်မှာ တရုတ်နိုင်ငံတစ်နိုင်ငံလုံးတွင် ဘဏ်ခွဲပေါင်း ၁၆,၀၀၀ကျော် ဖွင့်လှစ်ထားပြီး၊ ကမ္ဘာ့နိုင်ငံပေါင်း ၃၄ နိုင်ငံတွင် ဘဏ်ခွဲပေါင်း ၂၃၄ ဘဏ် ဖွင့်လှစ်ထားသည်။

အဆိုပါဘဏ်၏ပထမဆုံးရုံးခွဲကို မြန်မာနိုင်ငံတွင် လာရောက်ဖွင့်လှစ်ရာ၌ ရုံးခွဲဖြစ်သည့်အတွက် ဘဏ်လုပ်ငန်းများ ဆောင်ရွက်၍မရပေ။ သို့သော် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ၊ တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေသော ကုမ္ပဏီများ၏ လုပ်ငန်းအခြေအနေများကို လေ့လာသွားမည်ဖြစ်ကြောင်း အဆိုပါ ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ ဘဏ်များမှ ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်လိုပါကလည်း နောင်အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ဖွယ်ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

ဘဏ်ကိုယ်စားလှယ်ရုံးခွဲဖွင့်ပွဲကို လာမည့်ဒီဇင်ဘာလ ၂ရက် ညနေ ၅ နာရီခွဲတွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး၊ ICBC မှ တာဝန်ရှိသူ ၃၀ဦးခန့် လာရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး-အာရှဖွံ့ဖြိုးရေးဘဏ် မြန်မာသို့ အကူအညီ ပြန်ပေးရန် လေ့လာနေ မှ

ADB ဘဏ်သည် ဆင်းရဲသောနိုင်ငံများအား တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၉ သန်း ထောက်ပံ့ပေးလျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းသွားပါက အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီများ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် အဆိုပါဘဏ်ရုံးခွဲမှတာဝန်ရှိသူတစ်ဦးကပြီးခဲ့သည့်နိုဝင်ဘာလဆန်းပိုင်းတွင် ပြောကြားကြောင်း The Voice ဂျာနယ်တွင်ဖော်ပြထားသည်။

## မျက်နှာဖုံး-သတင်းသမားတစ်ဦး နေပြည်တော်သတင်းစာရှင်းလင်းပွဲတွင် ရုတ်တရက်ကွယ်လွန် မှ

သတင်းစာရှင်းလင်းပွဲတက်ရောက်နိုင်ရန် နိုဝင်ဘာ ၂၈ရက်နံနက် ၆နာရီတွင် ရန်ကုန်မှ နေပြည်တော်သို့ထွက်ခွာခဲ့ပြီး နေ့လယ် ၁နာရီကျော်တွင် ရှင်းလင်းပွဲမစတင်မီ မူးသည်ဟုဆိုကာ ရုတ်တရက် လဲကျသွားသဖြင့် ဆေးရုံသို့ပို့ဆောင်ခဲ့ရာမှ အသက်ဆုံးပါးသွားခဲ့ခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲသို့အတူ လိုက်ပါသတင်းယူသူ သတင်းထောက်များက ပြောသည်။

ကိုဇော်ကိုသက်သည် မိသားစုတွင် တစ်ဦးတည်းသောသားဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက်၃၂နှစ်ရှိပြီဖြစ်သည်။

“ကိုဇော်ကိုသက်အခုလိုဆုံးပါးသွားတာက ရန်ကုန်မီဒီယာတစ်ခုတည်းရဲ့ဆုံးရှုံးမှု တစ်ခုမဟုတ်ပါဘူး။ မြန်မာ့မီဒီယာလောကအတွက်လည်း ဆုံးရှုံးမှုတစ်ခုဖြစ်ပါတယ်။ အခုအချိန်မှာ သတင်းမီဒီယာလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတယ်။ ဒီအချိန်မှာ သတင်းစာဆရာကောင်းတွေ၊ သတင်းသမားကောင်းတွေ အများကြီးလိုအပ်တယ်။ ဒီအချိန်မှာမှ ကိုဇော်ကိုသက် အခုလိုဆုံးပါးသွားတာ အနာဂတ်မှာတောက်ပမယ့် သတင်းစာဆရာကြီးအလောင်းလျာတစ်ယောက်ဆုံးရှုံးသွားတာပါဘဲ။ ဆရာ့အတွက်ကတော့ အရမ်းချစ်တဲ့၊ အလုပ်ကြိုးစားတဲ့၊ အားကိုးရတဲ့ တပည့်တစ်ယောက် ဆုံးရှုံးရတဲ့အတွက် ပြောမပြတတ်အောင်ခံစားရပါတယ်” ဟု ရန်ကုန်မီဒီယာဂရုမှ စီအီးအိုဦးကိုကို(စက်မှုတက္ကသိုလ်)က ပြောကြားသည်။

“ဘယ်လိုမှကိုမယုံနိုင်ဘူး။ နေ့လယ်၁၁နာရီကမှ ဖုန်းနဲ့ သတင်းကိစ္စ ပြောခဲ့သေးတာ။ ၁နာရီကျော်လောက်မှာ ဆုံးတယ်လို့ သိရတော့ အရမ်းအံ့သြမိတယ်။ သူက အလုပ်အရမ်းကြိုးစားပြီး လူချစ်လူခင်ပေါတဲ့လူတစ်ယောက်ပါ”ဟု လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ရန်ကုန်တိုင်မ်းဂျာနယ်မှ အယ်ဒီတာ မအိဖြူအောင်ကပြောသည်။

ကိုဇော်ကိုသက်၏ရုပ်အလောင်းကိုနိုဝင်ဘာ ၂၈ရက်နေ့ညနေတွင် ရန်ကုန်မြို့သို့ ပြန်လည်သယ်ဆောင်လာပြီး နိုဝင်ဘာ၃၀ရက်နေ့တွင် သဂြိုဟ်မည်ဖြစ်သည်။






# Health

7DAY NEWS JOURNAL

Vol.10, No.37 · DECEMBER 1, 2011




# နေရောင်ခြည်နှင့်ကျန်းမာရေး

## လူတိုင်းတစ်ရက်လျှင်အနည်းဆုံးမိနစ် ၂၀ နေရောင်ခြည်နှင့်ထိတွေ့ရန်လို

ဝတ်ရည်

**လူသားတို့၏မျက်နှာသည် လူတစ်ဦးတစ်ယောက်ချင်းစီအတွက် အလေးအထားဆုံး ကိုယ်ဂါအစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ မျက်နှာပြင်ညီ ညာလှပနေစေရန် ကြည့်ကောင်းပြီး အပြစ်အနာကင်းစေရန် မိမိတတ်နိုင်သမျှ နည်းလမ်းအမျိုးမျိုးတို့ဖြင့် ပြင်ဆင်ခြယ်သကြလေ့ရှိပါသည်။**

သို့သော် မိမိမျက်နှာတွင် အမည်းအစက် အပြောက်များ လုံးဝကင်းစင်သူဟူ၍ကား အလွန်ပင်ရှားပါးမည်ဖြစ်သည်။ အနည်းနှင့်အများ လူတိုင်းတွင် ထိုပြဿနာအားရင်ဆိုင်ရလေ့ရှိကြသည်။

အရေပြားတွင် အစက်အပျောက်များ ဖြစ်ပေါ်ခြင်း၊ အသားအရေ ကြမ်းတမ်းခြင်း၊ အရေပြားတွင် အရောင်များဖြစ်လာခြင်းတို့သည် နေပူဒဏ်ကြောင့်ဖြစ်သော်လည်း လူ့ခန္ဓာကိုယ်အတွက်နေရောင်ခြည်သည် အတိုင်းအတာတစ်ခုအထိ လိုအပ်ကြောင်းသိရသည်။

နေရောင်ခြည်သည် လူ့ခန္ဓာကိုယ်ရှိအရိုးများ ကျန်းမာသန်စွမ်းစေပြီး လိုအပ်သည့်ဟော်မုန်းများ၊ ဓာတ်ပစ္စည်းများ ထုတ်လုပ်ရန်အတွက်လည်း လိုအပ်ကြောင်း Fame ဆေးဝါးထုတ်လုပ်ရေးမှ ဒေါက်တာခင်မောင်လွင်ကပြောကြားသည်။

"ရောဂါတွေ သက်သာဖို့အတွက်လည်း နေရောင်ခြည်ကိုအသုံးပြုကြတာတွေရှိတယ်။ ဒါပေမဲ့ ရောဂါတစ်စုံတစ်ရာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အနည်းဆုံးမိနစ် ၂၀တော့ (တစ်ရက်လျှင် မိနစ် ၂၀) နေရောင်ခြည်နဲ့ထိတွေ့သင့်တယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။ နေရောင်ခြည်ထဲတွင် UV (Ultraviolet-ခရမ်းလွန်ရောင်ခြည်)အေ၊ ဘီနှင့် စီတို့ပါဝင်ပြီး စီသည် အိုဇုန်းလွှာမှ လူသားတို့၏ အရေပြားနှင့် မထိတွေ့စေရန် ကာကွယ်ပေးထားပြီး ခန္ဓာကိုယ်အတွက် အကျိုးပြုသော နေရောင်ခြည်သည် နံနက်၉နာရီမထိုးခင်အချိန်နှင့် ညနေ ၅ နာရီ နောက်ပိုင်းတို့တွင် သင့်လျော်ကြောင်းသိရသည်။ နံနက်၉နာရီနောက်ပိုင်းနေရောင်ခြည်တွင်ခရမ်းလွန်ရောင်ခြည်ဘီများပါဝင်လာပြီး အဆိုပါ UV ဓာတ်ရောင်ခြည် အရေပြားကြမ်းတမ်းခြင်း၊ အမည်းစက်များ၊ တင်းတိပ်များဖြစ်ပေါ်ခြင်း၊ နေရောင်ဒဏ် အလွန်အမင်းခံရပါက အရေပြားကင်ဆာရောဂါများဖြစ်ပေါ်လာစေခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည့်အာနိသင်ရှိကြောင်း သိရသည်။

"မျက်နှာမှာ ဖြစ်လေ့ရှိတဲ့ တင်းတိပ်ဖြစ်ပွားမှုက အမျိုးသမီးတွေက အမျိုးသားတွေထက် ကိုးဆလောက်ပိုဖြစ်လေ့ရှိတယ်။ တချို့ဆိုရင် ကိုယ်ဝန်ဆောင်ချိန်မှာ တင်းတိပ်တွေထွက်လာပြီး ကလေးမွေးပြီးတဲ့အချိန်မှာတော့ အလိုလို ပြန်ပျောက်သွားကြတာတွေလည်းရှိတယ်"ဟု ဒေါက်တာခင်မောင်လွင်ကပြောကြားသည်။

စာ(၁၄)သို့



# မှိုပါသည့် မြေပဲကြိတ်ဆီများကြောင့် ဆီစစ်သော်လည်း ရောဂါရနိုင်

ဝတ်ရည်

ရန်ကုန်၊ နိုဝင်ဘာ-၂၂

မြေပဲဆီထုတ်လုပ်ရန် အသုံးပြုသော မြေပဲတွင် မှိုများပါဝင်နေပါက မှိုကြောင့်ဖြစ်သည့် ရောဂါများအား ခံစားရနိုင်ကြောင်း ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။

"မြေပဲက မှိုတက်ဖို့ အရမ်းကိုလွယ်ကူတယ်။ နုတ်လိုက်တဲ့ မြေပဲအစိုကို ခြောက်အောင်နေလှန်းလိုက်ရင် မှိုတက်တာမျိုးတွေ မရှိတော့ဘဲ ဆီကြိတ်ရင် ပြဿနာမရှိပေမယ့် ဒီမှာကတော့ မြေပဲ အစိုတွေကိုတောင်းတွေ၊ ဂိုဒေါင်တွေထဲ ဒီအတိုင်းပစ်ထားတာဖြစ်တဲ့အတွက် မှိုတွေပါ ပါလာပြီး ရောဂါတွေဖြစ်လာစေတယ်" ဟု အဆိုပါဆရာဝန်ကပြောသည်။

မပြည့်ဝသည့် ဆီအမျိုးအစားတွင်ပါဝင်သည့် မြေပဲဆီသည် ပြည့်ဝဆီအမျိုးအစားများထက် ကျန်းမာရေးရှုထောင့်အရ သင့်လျော်သော်လည်း မြေပဲတွင်မှိုများ ပါဝင်နေပါက မှိုကြောင့်ဖြစ်သည့် အသည်းကင်ဆာရောဂါများ ဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

မှိုအဆိပ်သည် အပူချိန် ၃၀၀ဒီဂရီအထိ ခံနိုင်ရည်ရှိသဖြင့် ဟင်းချက်လိုက်သော်လည်း မှိုအဆိပ်မသေနိုင်ဘဲ လူ့ခန္ဓာကိုယ်အတွင်း ရောက်ရှိသွားကာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်စေနိုင်ခြင်းဖြစ်သည်။

"ငရုတ်သီးတွေမှာ မှိုတွေပါ နေတယ်ဆိုတာက ငရုတ်သီးက စားတဲ့ပမာဏနည်းတယ်။ ဟင်းတိုင်းမှာလည်း မသုံးဘူး။ ဆီကတော့ ဟင်းတိုင်းမှာ မပါမဖြစ်ဆိုတော့ ပိုအန္တရာယ်ရှိတယ်။ ဒါကြောင့် နယ်တွေမှာဟောပြောပွဲတွေ လုပ်တိုင်း မြေပဲအပူပေးပြီး မှိုမတက်အောင်လုပ်ဖို့အမြဲထည့်ထည့်ပြောရတယ်" ဟု ဒေါက်တာခင်မောင်လွင်က ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်ခဲ့သည့်ကျန်းမာရေးဟောပြောပွဲ၌ ပြောကြားခဲ့သည်။

စားအုန်းဆီသည် အသည်းအဆီဖုံးရောဂါ၊ အဝလွန်ရောဂါနှင့် ဆီးချိုရောဂါများဖြစ်ပွားစေသည်အထိ အန္တရာယ်ကြီးမားသည်။ ပြည့်ဝဆီများအား စားသုံးခြင်းအား တားမြစ်ထား၍ နေကြာဆီ၊ နှမ်းဆီများ၏ ကုန်ကြမ်းသည် မှိုတက်ခြင်းမရှိနိုင်သောကြောင့် စားသုံးရန် သင့်လျော်ကြောင်း အဆိုပါဆရာဝန်က ဆက်လက်ပြောကြားသည်။

# ပုဂ္ဂလိကဆေးရုံ၊ဆေးခန်းများတွင်လူမှုရေးလုပ်ငန်းများပါဆောင်ရွက်ရန်စတင်နှိုးဆော်

ဝတ်ရည်

ရန်ကုန်၊ နိုဝင်ဘာ - ၂၄

ပုဂ္ဂလိကဆေးရုံ၊ဆေးခန်းများတွင် စီးပွားရေးလုပ်ငန်းများသာမက လူမှုရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဟောပြောပွဲတစ်ခုပြုလုပ်ခဲ့ကြောင်းသတင်းရရှိသည်။

နိုင်ငံတကာတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသည် လူမှုရေးလုပ်ငန်းများအား ပြန်လည်ဆောင်ရွက်ပေးရမည်ဟူသော ပြဋ္ဌာန်းချက်များရှိသော်လည်း မြန်မာနိုင်ငံတွင် ထိုအစီအစဉ်အား ချိတ်ဆက်ဆောင်ရွက်ဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းတွင် ပြုလုပ်ခဲ့သည့် Cooporate Social Responsibility တွင်ပြောကြားခဲ့သည်။

"ကျန်းမာရေးပံ့ပိုးမှုတွေကို အစိုးရတစ်ခုတည်းကပဲ တာဝန်မယူနိုင်ပါဘူး။ အဲဒီမှာ စီးပွားရေးလုပ်နေတဲ့သူတွေအနေနဲ့လည်း တတ်နိုင်သမျှကျန်းမာရေးဆိုင်ရာ ပံ့ပိုးမှုတွေလုပ်နိုင်အောင် စီစဉ်တာပါ။ ဆေးရုံ၊ဆေးခန်းတွေတင်မကဘဲ တခြားစီးပွားရေးလုပ်ငန်းတွေမှာလည်း ဒီ CSR ကိုအသုံးပြုသင့်ပါတယ်။ကုသိုလ်လည်းရတယ်။ အကျိုးအမြတ်တွေလည်းပြန်ရနိုင်တယ်"ဟု မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်ကပြောသည်။

စီးပွားရေးလုပ်ငန်းများအပြင် လူမှုရေးလုပ်ငန်းများပါ ပူးပေါင်းလုပ်ဆောင်သည့် လုပ်ငန်းအဖွဲ့အစည်းများအား ISO 26000 (Recongnized International Standard For CSR) ရရှိနိုင်မည်ဖြစ်ပြီး လူမှုရေးလုပ်ငန်းများအား မည်သည့်လုပ်ငန်းဟူ၍လည်း သတ်မှတ်ချက်မရှိကြောင်း သိရသည်။

လက်ရှိ အချို့ဆေးရုံ၊ ဆေးခန်းများတွင်လည်း ပြည်သူလူထုအား ကျန်းမာရေးဆိုင်ရာဟောပြောပွဲများပြုလုပ်ပေးခြင်း၊ အချို့ရောဂါများအတွက် ဆေးဝါးဆိုင်ရာထောက်ပံ့မှုပေးခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်နေသည်များလည်းရှိပြီး အများစုပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကြောင်းသိရသည်။




7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# မရှိမဖြစ်ဆေးဝါးများကို ပြည်တွင်း၌ထုတ်လုပ်နိုင်ပါက ဆေးကုသစရိတ် ၃၀ရာခိုင်နှုန်းခန့် သက်သာနိုင်



ဝတ်ရည်

ရန်ကုန်၊ နိုဝင်ဘာ - ၂၄

ဆေးကုသမှုများတွင် မရှိမဖြစ် အသုံးပြုရသည့်(Essential Drug) ဆေးဝါးများအား ပြည်တွင်းတွင် ထုတ်လုပ်နိုင်ပါက ဆေးကုသမှုကုန်ကျစရိတ်၏ ၃၀ ရာ ခိုင်နှုန်းခန့် သက်သာသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းတွင် ပြုလုပ်ခဲ့သည့် ဟောပြောပွဲ၌ ဒေါက်တာဒေါ်မြင့်မြင့်ခင်က ပြောကြားခဲ့သည်။

ဒေါက်တာဒေါ်မြင့်မြင့်ခင်က နိုဝင်ဘာ ၂၄ရက်တွင် ပြုလုပ်သော ဟောပြောပွဲ၌ Cooporate Social Responsibility ခေါင်းစဉ်ဖြင့် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"လုပ်ရင်တော့အရမ်းကောင်းမယ်ဆိုပြီး စီစဉ်ထားတာပါ။ ဒါပေမဲ့ဒါက ဆရာဝန်အသင်းအဖွဲ့ အနေနဲ့လည်း လုပ်လို့မရပါဘူး။ ဌာနဆိုင်ရာတွေက ခွင့်ပြုပြီး ပူးပေါင်းလုပ်ရမှာဖြစ်မှာပါ။ အဲဒါကို ဟိုးအရင်ကတည်းက Private လုပ်ဖို့လည်း ကြိုးစားနေတာကြာပြီ။ မရခဲ့ဘူး။ အခုမှ လမ်းပွင့်မယ်ပဲရှိပါသေးတယ်။ ဘာမှ မသေချာသေးဘူး"ဟု မြန်မာနိုင်ငံဆရာဝန်အသင်းဉက္ကဋ္ဌဒေါက်တာ ကျော်မြင့်နိုင်ကပြောကြားသည်။

ဆေးဝါးများအား ပြင်ပနိုင်ငံများမှ တင်သွင်းရသည့်အတွက် ငွေကြေးကုန်ကျမှုများပြားခြင်းကြောင့် ရောဂါဝေဒနာခံစားနေရသူများ အသုံးပြုသည့်အချိန်တွင် ဈေးပိုမိုပေးဝယ်ယူအသုံးပြုရာမှ ကျန်းမာရေးကုသမှုစရိတ် ပိုမိုများပြားလာခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများကပြောကြားသည်။

နိုင်ငံတွင်း ကျန်းမာရေး ကုသမှုစရိတ်ကြီးမြင့်ခြင်းကြောင့် ဆေးဝါးကုသမှုမတတ်နိုင်သူ များပြားနေခြင်းမှာလည်း ပြဿနာတစ်ရပ်ဖြစ်နေပြီး ဆေးရုံများတွင် ရန်ပုံငွေများ နည်းပါးခြင်း၊ ဆေးကုသသူများအနေဖြင့်လည်း ဆေးကုသခြင်းဆိုင်ရာ လိုအပ်မှု အားလုံးကို မိမိကိုယ်တိုင် ဝယ်ယူနေရခြင်းများရှိကြောင်း ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးမှအငြိမ်းစားဝန်ထမ်းတစ်ဦးက ပြောကြားသည်။

နိုင်ငံတော်မှ ကျန်းမာရေးဘတ်ဂျက်အား ယခုနှစ်တွင် တိုးမြှင့်လိုက်သော်လည်း လုံလောက်သောအနေအထားတွင် မရှိသေးကြောင်း ပညာရှင်များက သုံးသပ်ထားသည်။

# ကွန်ရက်ခုနစ်ခုက ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ ကျင်းပမည်

မြတ်စုမွန်

ရန်ကုန်၊ နိုဝင်ဘာ - ၂၆

အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် ကာကွယ်လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကွန်ရက်အဖွဲ့အစည်းခုနစ်ခုပူးပေါင်း၍ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့်ဈေးရောင်းပွဲတော်ကို လာမည့် ဒီဇင်ဘာ ၃ရက် ညနေ ၃နာရီတွင် ရန်ကုန်ပြည်လမ်းရှိ ယုဒသန်ရိပ်သာ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း Myanmar Positive Group (MGP)မှ အကြံပေးတာဝန်ခံ ကိုသီဟကြိုင်ကပြောသည်။

ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သည့် World AIDS Day အခမ်းအနားကို Myanmar Positive Group (MGP)၊ Myanmar Positive Women Network၊ National NGO Network (3N)၊ Myanmar MSM Network၊ Myanmar Drug User Network ၊ Myanmar Interfaith Network နှင့် Sex Worker in Myanmar စသည့်ကွန်ရက်များ ပူးပေါင်းကာ လုပ်ဆောင်သွားမည်ဖြစ်ပြီး အိတ်ချ်အိုင်ဗီပိုးဖြင့် အသက်ရှင်နေထိုင်သူများ ဖန်တီးထားသည့် လက်မှုအနုပညာပစ္စည်းများလည်း ရောင်းချသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ထံမှသိရသည်။

ယခုနှစ်တွင်ကျရောက်မည့်ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်မှာ 'Getting to Zero'ဖြစ်ကြောင်း သိရသည်။

## စာ - ၁၃၊ နေရောင်ခြည်နှင့်ကျန်းမာရေး မှ

အိုမင်းရင့်ရော်ခြင်းသည် အသက် ၂၀ အရွယ်တွင် စတင်လာခြင်းဖြစ်ပြီး နေရာင်ခြည်ကြောင့်အရေပြားကြမ်းတမ်းခြင်း၊ တင်းတိပ်များ၊ အမည်းစက်များ မဖြစ်စေရေးအတွက် လူငယ်အများစုအတွက် နေရောင်ခြည်ဒဏ်အား ကာကွယ်ပေးနိုင်သည့် SPF (Sun Protection Factor) ပါ အလှကုန်များမှာလည်း ဈေးကွက်အတွင်း နေရာယူလာကြသည်။

အရေပြားတွင် ထိုကဲ့သို့သောအရာများမဖြစ်စေရန် ကြိုတင်ပြီးနေရောင်ခြည်ဒဏ်ခံလိမ်းဆေးများကြိုတင်လိမ်းနိုင်တဲ့အပြင် အရောင်ဖျော့ဆေးများလိမ်းခြင်း၊ ဗီတာမင်များစားသုံးခြင်း၊ လေဆာဖြင့်ကုသခြင်းနည်းလမ်းအမျိုးမျိုးလည်း အသုံးပြုနိုင်ကြကြောင်း သိရသည်။

ခန္ဓာကိုယ်အတွက် နေရောင်ခြည်သည် ဝင်သင့်သလောက်ဝင်ရမည်ဖြစ်သည့်အတွက် SPF (Sun Protection Factor) ကိုလည်း အလွန်အကျွံမသုံးသင့်ဘဲ နေရောင်ထဲတွင် မိမိရှိနေနိုင်မည့် အချိန်တိုင်းသာ သုံးသင့်ကြောင်း သိရသည်။

ပုံမှန်အားဖြင့် အသားဖြူသည့်သူများသည် နေရောင်ခြည်အောက်တွင် ခြောက်မိနစ်ခန့် အကာအကွယ်မပါဘဲ နေထိုင်နိုင်ပြီး အသားနည်းနည်းညိုလျှင် ၁၂ မိနစ်ခန့်နှင့် အသားညိုလေလေ နေရောင်ခြည်ဒဏ်ကိုခံနိုင်လေလေလည်းဖြစ်သည်။

"SPF (Sun Protection Factor) က များတိုင်းလည်း မကောင်းဘူး။ ကိုယ့်အရေပြားအရောင်နဲ့ အနေတော်ဖြစ်မှအဆင်ပြေမှာ။ ကိုယ့်အသားအရေက ဖြူတဲ့သူတွေထဲမှာပါရင် နေရောင်ထဲမှာကြာမယ့်အချိန်ကိုတွက်ပြီး နေရောင်ထဲမှာ နေနိုင်တဲ့အချိန် ခြောက်မိနစ်ကိုသုံးမယ့် SPF (Sun Protection Factor) နဲ့ တွက်ချက်သုံးနိုင်တယ်။ နေရောင်ထဲ အချိန်နည်းနည်းလေးနေမှာကို SPF (Sun Protection Factor) ၃၀၊ ၄၀ တွေအထိ သုံးနေစရာမလိုပါဘူး"ဟု ဒေါက်တာခင်မောင်လွင်ကပြောကြားသည်။


နေရောင်ဒဏ်အား ကာကွယ်စေသည့် နည်းလမ်းများမှာလည်း အမျိုးမျိုးရှိသည်။ နေရောင်ခြည်တိုက်ရိုက်ထိတွေ့မှု နည်းပါးစေရန် အရေပြားလိမ်းဆေးများ၊ ထီး၊ ဦးထုပ်ဆောင်းခြင်းတို့ဖြင့်လည်း ကာကွယ်နိုင်သကဲ့သို့ နေရောင်ခြည်ဒဏ်ကို ကာကွယ်နိုင်သည့် အသီးအနှံများ စားသုံးခြင်းမှာလည်း အသုံးဝင်သော နည်းလမ်းတစ်ခုဖြစ်ကြောင်း ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။


ဗီတာမင်အေ၊ အီး၊စီ၊ ဖောလစ်အက်ဆစ်နှင့် ဗီတာမင် B5 သည်အရေပြားအတွက်အကောင်းဆုံး ဗီတာမင်ဓာတ်များဖြစ်ကြပြီး လိမ်းဆေးများတွင်လည်း အဆိုပါဓာတ်များအား မပါမဖြစ် ထည့်သွင်းအသုံးပြုကြလေ့ရှိသည်။

"သဘာဝအသီးအနှံတွေမှာ ပါဝင်တဲ့ဗီတာမင်အီးက အရေပြားအတွက်ကောင်းတယ်။ ထောပတ်သီးတို့၊ ငှက်ပျောသီးတို့၊ သင်္ဘောသီးတို့မှာ ပါဝင်ကြတယ်။ အဲဒါတွေကို စားတာလည်း ကောင်းတယ်။ ထောပတ်သီးဆိုလည်း မျက်နှာပေါင်းတင်ဖို့ အတွက် အသုံးပြုကြတာတွေလည်းရှိတယ်။ ဓာတုပစ္စည်းဖြစ်တဲ့ ကျောက်မီးသွေးကနေ ရတဲ့ ဗီတာမင်အီးကတော့ ဓာတုဗေဒဖြစ်တဲ့အတွက် အန္တရာယ်တောင်ဖြစ်စေနိုင်တယ်"ဟု အဆိုပါဆရာဝန်ကပြောကြားသည်။

နေရောင်ခြည်သည် လူ့ခန္ဓာကိုယ်အတွက်အသုံးဝင်ပြီး ကောင်းကျိုးများဖြစ်ပေါ်စေသည့်အတွက် အန္တရာယ်မဖြစ်စေနိုင်သည့် အချိန်များတွင် ထိတွေ့မှုရှိစေသင့်ပြီး နေ့လယ်ဘက် နေရောင်ခြည်အား အလွန်အမင်း ထိတွေ့ခြင်းကို ဆင်ခြင်သင့်ပြီး မဖြစ်မနေထိတွေ့ရပါက အကာအကွယ်ပစ္စည်းများ အသုံးပြုသင့်ကြောင်းသိရသည်။

သဘာဝအသီးအနှံ များသည်လည်း နေရောင်ခြည်ဒဏ်မှ ကာကွယ်ပေးနိုင်သည့် အာနိသင်ရှိသည့်အတွက် အသီးအနှံများ စားသုံးခြင်း၊ သနပ်ခါးလိမ်းခြင်း၊ နည်းလမ်းများဖြင့်လည်း နေရောင်ဒဏ်ကြောင့် အလှအပများ မဆုံးရှုံးစေရန်ကာကွယ်နိုင်ကြောင်း သိရသည်။





# Regional

7 DAY NEWS JOURNAL

Vol.10, No.37 • DECEMBER 1, 2011


## ရင်းနှီးမြှုပ်နှံနိုင်မည့်အလားအလာများကိုဒေသအလိုက်လေ့လာဖော်ထုတ်ထားသင့်

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ-၂၁**

လက်ရှိနိုင်ငံရေးအခြေအနေအရ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အင်တိုက်အားတိုက်ဝင်ရောက်ရန်တာစူနေသည့် အချိန်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအနေဖြင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများကို လေ့လာဖော်ထုတ်ထားသင့်ကြောင်းအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြောကြားသည်။

"ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေအလိုက် ရင်းနှီးမြှုပ်နှံနိုင်မည့်ပိုတန်ရှယ်(အလားအလာ)ကိုလေ့လာဖော်ထုတ်ပြီး လုပ်ပါ" ဟူ၍ အမှတ် ၂ စက်မှုဝန်ကြီးဌာနတွင် နိုဝင်ဘာ ၂၁ ရက်က ကျင်းပလုပ်ခဲ့သော ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု၊စက်မှုကဏ္ဍစွမ်းအင်သုံးစွဲမှုနှင့်စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေး၌ ပြည်နယ်၊တိုင်းဒေသကြီးများမှ စက်မှုလက်မှုဆိုင်ရာဝန်ကြီးများအားတိုက်တွန်းပြောကြားခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ငါးနှစ်အတွင်း ဂရာခိုင်နှုန်းတိုးတက်ရန် ဆောင်ရွက်ရမည့် အခြေအနေတွင် ရင်းနှီးမြှုပ်နှံမှုများလိုအပ်သည်။ မိမိတို့ဒေသအလိုက် ရင်းနှီးမြှုပ်နှံသူများကိုဖိတ်ခေါ်ပြီး လုပ်ကိုင်ရာတွင်လည်း ဒေသခံများအား လူမှုရေး၊ ပတ်ဝန်းကျင်ရေးရာသက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားစေလိုကြောင်း ဒေသ၏စီးပွားရေးအတွက် အကျိုးဖြစ်ထွန်းမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ထွန်းစေရန် လိုအပ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထပ်မံပြောကြားသည်။

"ဒေသခံတွေရဲ့ လုပ်ကိုင်နေမှုနဲ့ ကင်းလွတ်ရဲ့လား။မြေစာရင်း၊ မြေပုံနဲ့တော့ မကိုက်နိုင်တော့ဘူး။ ပြဿနာအများဆုံးဖြစ်တာက ကျူးကျော်နဲ့ဖြစ်တာ၊ နောက်ဗဟိုက စာလာရင် ငါတို့ကန့်ကွက်လို့မကောင်းဘူးဆိုပြီးတော့လည်း မလုပ်ပါနဲ့"ဟူ၍ ဒေသဆိုင်ရာဝန်ကြီးများအား ရည်ညွှန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် ကမ်းလှမ်းသော နိုင်ငံများနေသော ယခုကဲ့သို့အချိန်တွင် မိမိတို့ထံ၌ အချက်အလက် ခိုင်ခိုင်မာမာ မရှိသေးကြောင်း ဧက ၅၀၀၀ အတွက် ဗီယက်နမ်နိုင်ငံက ကမ်းလှမ်းမှုမှာလည်း ကြန့်ကြာနေကြောင်း၊ ထို့ကြောင့် အခြားဝန်ကြီးဌာနများဆီမှ မေတ္တာရပ်ခံပြီး အချက်အလက်များ တောင်းလာကြောင်း လည်း ဦးတင်နိုင်သိန်းက ပြောကြားခဲ့သည်။

## ခရီးသည်တစ်ဦးက ဖုန်းဖြင့် အချိန်မီသတင်းပို့နိုင်၍ လူ ၃၇၅ ဦးအသက်ဘေးမှလွတ်မြောက်

**စောမိုးကျော်၊ ခိုင်စစ်တွေ**


**ကျောက်ဖြူ၊ နိုဝင်ဘာ- ၂၄**

စစ်တွေမှ တောင်ကုတ်သို့ ထွက်ခွာလာသည့်အောင်တံခွန်(၂)၊နှစ်ထပ် သင်္ဘောသည် မြေပုံမြို့နယ်၊ နောင်တော်မြစ်အတွင်း အစိုင်းကြီးကျွန်းအနီးရှိမုဆိုးမကျောက်တန်းအားနိုဝင်ဘာ ၂၂ ရက် နံနက်အစောပိုင်းတွင် ဝင်ရောက်တိုက်မိပြီး သင်္ဘောဝမ်းဗိုက် ပေါက်ခဲ့သော်လည်း သင်္ဘောပေါ်မှ ခရီးသည်တစ်ဦးကကမ်းရိုးတန်းဖုန်းဖြင့် အချိန်မီ သတင်းပို့သဖြင့် သင်္ဘောပေါ်ပါရှိသူအားလုံးကိုသက်ဆိုင်ရာက ကယ်တင်နိုင်ခဲ့သည်။



ဝမ်းဗိုက်ပေါက်သည့် သင်္ဘောပေါ်မှ ခရီးသည်များကို ကယ်ဆယ်လာစဉ်

ဓာတ်ပုံ-စောမိုးကျော်



အောင်တံခွန်-၂ သင်္ဘောကို အဝေးမှ တွေ့ရစဉ်

ထိုနေ့ နံနက် ၄ နာရီကျော်တွင် သင်္ဘောဝမ်းဗိုက်ပေါက်ခဲ့ပြီး ၄ နာရီ ၂၀ မိနစ်၌ ခရီးသည်တစ်ဦးက သူ၏ ကမ်းရိုးတန်းဖုန်းဖြင့် ကျောက်ဖြူမြို့နယ်၊ ရဲတပ်ဖွဲ့သို့ဆက်သွယ်ပြီးအမြန်လာရောက်ကယ်တင်ပေးပါရန် ပြောကြားခဲ့သည်။ ကျောက်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ဒုရဲမှူးဝင်းမြင့်က သက်ဆိုင်ရာသို့ အဆင့်ဆင့် ထပ်မံသတင်းပို့ပေးပြီး ၎င်းက ရဲတပ်ဖွဲ့ဝင်၇ဦးကိုခေါ်ဆောင်ကာ c/လပေ့ဆိပ်ကမ်း၌ တွေ့ရသောစက်လှေငါးစီးဖြင့် အခင်းဖြစ်ရာသို့ သွားရောက်ခဲ့သည်။

စက်လှေငါးစီးမှာ နံနက်၅နာရီ ၄၅ မိနစ်တွင် ထွက်ခွာပြီး အောင်တံခွန် ၂အနီးသို့ နံနက် ၇ နာရီခွဲတွင်ရောက်လာသည်။ သို့သော်သင်္ဘောထိခိုက်သည့်နေရာမှာ ကျောက်ဆောင်ပေါ်များပြီး ဒီရေလှိုင်းကြီးသဖြင့် စက်လှေများကပ်ရန် အခက်အခဲရှိသောကြောင့် အနီးရှိ ဟွန်ဒါစက်လှေငယ် ၁၀ စီးကို အကူအညီတောင်းခံကာ ခရီးသည်များအား ကယ်တင်ခဲ့သည်။

သင်္ဘောပေါ်တွင် ခရီးသည် ၃၃၅ ဦး ၊ သင်္ဘောဝန်ထမ်း ၂၀ စုစုပေါင်း၃၇၅ဦးပါရှိပြီး၎င်းတို့အားလုံးကို ကယ်တင်မှုမှာ နံနက် ၉ နာရီတွင်ပြီးစီးခဲ့သည်။ အခင်းဖြစ်ရာနေရာသို့ ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ခင်၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများက နံနက် ၈ နာရီတွင်ရောက်ရှိလာပြီးအနီးကပ်ကြီးကြပ်ခဲ့သည်။ ၎င်းတို့နှင့်အတူ တပ်မတော်ရေသင်္ဘောနှင့် တပ်မတော်သားများရောက်ရှိလာပြီး ခရီးသည်များကယ်တင်မှုကိုပါဝင်ရောက်ဆောင်ရွက်ခဲ့သည်။ ***စာ(၁၈) သို့***

## ိုးသားသော ဈေးသန့်ရှင်းရေးလုပ်သား ကျပ်ခြောက်သိန်းကျော် တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ ပိုင်ရှင်ထံအပ်နှံ

**ရဲလင်းထက်**

**သာစည်၊ နိုဝင်ဘာ- ၂၃**

သာစည်မြို့မဈေးမှ ဈေးသန့်ရှင်းရေးလုပ်သားဦးသိန်းဦး (၄၀ နှစ်) သည်ယခုလ ၁၁ ရက် နေ့လယ် ၂ နာရီအချိန်က ဈေးကြီးအတွင်း၌ သန့်ရှင်းရေးများပြုလုပ်နေစဉ် ဆိုင်နှစ်ခုကြားရှိ မြေသားလမ်းမပေါ်မှ ကောက်ရခဲ့သည့်ပတ္တာအိတ်နှစ်လုံးဖြင့် ထည့်ထားသည့် ရွှေချိန် ၁၂ ပဲ ၃ ရွေးအလေးချိန်ရှိသည့် ဘတ်သံပွဆွဲကြိုးတစ်ကုံး၊ တန်ဖိုးငွေကျပ် ၅၆၀,၀၀၀ ကျပ်နှင့် ဖြူနီခြယ်ကျောက်နားကပ်တစ်ရန်အလေးချိန် ၂ ပဲ ၅ ရွေးတစ်ခြမ်း၊ ငွေကျပ် ၁၁၀,၀၀၀ တန်ဖိုးရှိ ရွှေထည်ပစ္စည်းများကို ပိုင်ရှင်ထံပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

ဦးသိန်းဦးသည် ရွှေထည်ပစ္စည်းများတွေ့ရှိပြီးဈေးတာဝန်ခံထံသို့ချက်ချင်းသတင်းပို့အပ်နှံခဲ့ရာ ဈေးတာဝန်ခံဦးသန်းဆင့်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးနှင့်ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးညို(ရှင်းထံသို့ဆက်လက်သတင်းပို့ပြီး ပိုင်ရှင်အစစ်အမှန်တွေ့ရှိရေးအတွက်စုံစမ်းကြရာ ယင်းနေ့ ညနေ ၄ နာရီတွင် ရွှေထည်ပစ္စည်းများပိုင်ရှင် ဇီးပင်တွင်းကျေးရွာနေ ဦးအုန်းရွှေနှင့် ဒေါ်သန်း ညွန့်တို့ကို ရှာဖွေဆက်သွယ်တွေ့ရှိခဲ့သည်။

ပစ္စည်းပိုင်ရှင်များက ကျပျောက်ခဲ့သည့်ရွှေထည်ပစ္စည်းများ၏ အမျိုးအမည်၊ အလေးချိန်များနှင့် တန်ဖိုးငွေများကို မှန်ကန်စွာပြောဆိုနိုင်သဖြင့် ညနေ ၅ နာရီအချိန်တွင် ဈေးတာဝန်ခံရုံးပေါ်၌ ရွှေထည်ပစ္စည်းများ ကောက်ရသူဈေးသန့်ရှင်းရေး လုပ်သားဦးသိန်းဦးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးအောင်လေး၊ ဈေးတာဝန်ခံဦးသန်းဆင့်၊ ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးညိုဝင်းတို့ရှေ့မှောက်၌ ရွှေထည်ပစ္စည်းများပိုင်ရှင် ဦးအုန်းရွှေထံသို့ ပြန်လည်ပေးအပ်ခဲ့သည်။ ဦးအုန်းရွှေကလည်း ရိုးသားသူ ဈေးသန့်ရှင်းရေးလုပ်သား ဦးသိန်းဦး၏ ရိုးသားမှုကို ချီးမြှင့်သောအားဖြင့် ဂုဏ်ပြုဆုငွေ ကျပ် ၅၀,၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။




7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# မိုးကြက်သွန်နီပြန်စိုက်သောတောင်သူများ ဆုံးရှုံးမှုများ

မျိုးမင်းဦး

မုံရွာ၊ နိုဝင်ဘာ- ၂၃

မုံရွာမြို့နယ်တွင် မိုးကြက်သွန်စိုက်ခင်းအများစုသည်စိုက်ပျိုးချိန်ကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထပ်မံစိုက်ပျိုးခဲ့ရသည့်အတွက် ယခုနှစ် မိုးကြက်သွန်စိုက်ပျိုးစရိတ်ဆုံးရှုံးမှုအများဆုံးဖြစ်ခဲ့ကြောင်း မုံရွာဒေသခံကြက်သွန်စိုက်တောင်သူများကပြောသည်။

"မိုးကြက်သွန်စစိုက်ချိန်တော်သလင်းလက မိုးသည်းသည်းရွာတော့ကြက်သွန်ပျိုးခင်းတွေရေများပြီးပျက်လို့ပြန်စိုက်ကြတယ်။ အခုနောက်ဆုံးမိုးဖြစ်တဲ့အောက်တိုဘာလ ၂၀ ရက်အထိ မိုးကြက်သွန်တွေပျက်တာစီးတာတွေဖြစ်တော့ ဒီနှစ် မိုးကြက်သွန်ကသုံးကြိမ်လောက် ပြန်စိုက်သူတွေရှိတယ်။အချို့တောင်သူတွေဆိုမိုးကြက်သွန်နှစ်ပြန်သုံးပြန်စိုက်တော့ သိန်း ၂၀ ကျော်အထိစိုက်ပျိုးစရိတ်ဆုံးရှုံးသူတွေလည်းရှိတယ်"ဟုမုံရွာမြို့နယ် အက်တောစိုက်ကွင်းအတွင်း မိုးကြက်သွန်စိုက် တောင်သူတစ်ဦးက ပြောသည်။



မုံရွာမြို့နယ်တွင် ရေမြုပ်သွားသော ကြက်သွန်နီများကိုပြန်ဖော်၍ နေလှမ်းနေသော တောင်သူတစ်ဦးကို ယခုနှစ် မိုးတွင်းကာလ၌ တွေ့ရစဉ်

ဓာတ်ပုံ-ကိုသက်

"မိုးကြက်သွန်းကဒီနှစ်စိုက်စရိတ်ရှုံးတယ်။ တချို့စိုက်ခင်းတွေဆိုနှစ်ပြန်စိုက်၊ သုံးပြန်စိုက်ဆိုတော့စိုက်ချိန်နောက်ကျပြီး ဈေးကွက် မရောင်းနိုင်သေးသူတွေလည်းရှိတယ်။ မိုးလည်းကုန်ရောဆောင်းကြက်သွန်စိုက်ဖို့ ပျိုးချိန်ရောက်ပြီဆိုတော့မြေနဲကွင်းမှာမိုးကြက်သွန်ထက် ဆောင်းကြက်သွန်ကို ဦးစားပေးစိုက်တယ်။ ဆောင်းကြက်သွန်စိုက်ချိန်မှာ ရွှေဖလားမျိုးကြက်သွန်မျိုးစေ့တွေ တစ်ပြည်ကျပ်တစ်သောင်းကနေ ကျပ်နှစ်သောင်းဝန်းကျင်အထိဈေးပေးဝယ်ခဲ့ရတယ်။မိုးကြက်သွန်မှာ စိုက်စရိတ်အကုန်များပြီးဆောင်းကြက်သွန်စိုက်ချိန်မှာလည်းမျိုးစေ့က ပုံမှန်ဈေးထက်နှစ်ဆသုံးဆလောက်အထိ တက်သွားတော့ တောင်သူတွေ တက်ဈေးမျှော်ပြီး ကြက်သွန် ပြန်စိုက်ကြတာဖြစ်တယ်"ဟု မုံရွာမြို့နယ်၊ မြေနဲကျေးရွာ ဒေသခံကြက်သွန်စိုက်တောင်သူတစ်ဦးကပြောသည်။

ဆောင်းကြက်သွန် စိုက်ပျိုးချိန်တွင် ကြက်သွန်နီမျိုးစေ့ တစ်ပြည်လျှင်ကျပ်၁၀,၀၀၀မှ ၂၀,၀၀၀ အထိဈေးမြင့်တက်သွားပြီးလယ်ယာလုပ်သားငှားရမ်းခမှာယခင်နေ့စားမှယခုစိုက်ကွင်းအပြတ်စိုက်စနစ်ဖြင့်ပြောင်းလဲစိုက်ပျိုးခဲ့ရသဖြင့် ယခင်နှစ်များထက် စိုက်ပျိုးစရိတ် နှစ်ဆခန့် မြင့်တက်သွားကြောင်း မုံရွာမြို့နယ် ကြက်သွန်စိုက်တောင်သူများ ပြောပြချက်အရ သိရသည်။

# လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ မူဆယ်တွင်ကျင်းပမည်

ညီညီဇော်

မန္တလေး၊ နိုဝင်ဘာ - ၂၆

သတ္တမအကြိမ်မြောက်လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကိုမူဆယ်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။


ဆွေးနွေးပွဲသို့ မြန်မာတစ်နိုင်ငံလုံးရှိကုန်စည်ဒိုင်များမှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၄ ရက်တွင် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းရုံး၌ပြုလုပ်မည်ဖြစ်သည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အတွင်းရှိ ကုန်စည်ဒိုင်များအားလုံးနှင့် ကုန်သွယ်ရေးစခန်း၊ ပို့ကုန် သွင်းကုန်ယာဉ်စစ်ဆေးရေးကွင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကျယ်ဂေါင်၊ ရွှေလီမြို့များသို့ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်သည်။ မူဆယ်မြို့ရှိ ရွှေသမင်ဂေါက်ကလပ်တွင် ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ကျွန်တော်နဲ့အတူ အသင်းက တာဝန်ရှိသူတစ်ယောက်နဲ့ သွားတက်မှာပါ။ ဆွေးနွေးမယ့်အကြောင်းအရာတွေကိုတော့ ဒီကုန်စည်ဒိုင်မှာပဲ အစည်းအဝေးခေါ်ပြီး ဘာတွေ ဆွေးနွေးသင့်တယ်ဆိုတာ တိုင်ပင်ကြဦးမှာပါ။ အဓိကကတော့ လတ်တလော အဆင်မပြေတာတွေ ဥပမာဆို အလေးချိန် ချင်တွယ်တဲ့ကိစ္စတွေ ဆွေးနွေးမယ်လို့တော့ စဉ်းစားထားတယ်"ဟု အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်မည့် မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော် အသင်းမှ ဥက္ကဋ္ဌဦးသိန်းထွန်းကပြောသည်။

လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ ပုသိမ်၊ မကွေးမြို့များတွင်ခြောက်ကြိမ်တိုင်ကျင်းပခဲ့ပြီးဖြစ်သည်။ ယခု သတ္တမအကြိမ်ကို မူဆယ်မြို့တွင် ကျင်းပခြင်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

# ရောဝတီမြစ်ကမ်းပါးပြို၍နေအိမ်များရွှေ့ပြောင်းခဲ့ရသူများကို ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**အိဖြူမွန်၊ ကျော်သီဟ**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၄**

ရောဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် သဘာဝ ဘေးဒဏ်ခံစားခဲ့ရသော တိုက်ကြီးမြို့နယ်၊ ရေပေါ်သောင်ကျေးရွာအုပ်စုမှ အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးအပ်ခဲ့ကြောင်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရောဝတီမြစ်ကမ်းပါး ပြိုကျမှုကြောင့် သေဆုံးမှု မရှိသော်လည်း ၂၀၁၁ ခုနှစ် မိုးကာလ ဇွန်လမှ အောက်တိုဘာလအတွင်း တဖြည်းဖြည်း ကမ်းပါးပြိုမှုကြောင့် သဘာဝဘေးဒဏ်ခံစားရသူအိမ်ထောင်စု ၅၂၆စုရှိကြောင်း၊ ယင်းတို့အတွက် ငွေကျပ် ၆၂ သိန်းကျော်တန်ဖိုးရှိထောက်ပံ့ရေးပစ္စည်းများသွားရောက် ပေးအပ်ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ရေပေါ်သောင်ကျေးရွာအုပ်စုသည် ရောဝတီမြစ်လယ်ကျွန်းတွင် တည်ရှိပြီး ကျေးရွာပေါင်း ၁၀ ရွာရှိသည်။ အဆိုပါ သဘာဝဘေးဒဏ် ခံစားခဲ့ရသော ကျေးရွာများအား စောင်၊ ပုဆိုး၊ လုံချည်၊ မျက်နှာသုတ်ပဝါ၊ ဒန်အိုးနှင့် ဇလုံများလှူဒါန်းခဲ့သည်။

ယင်းအိမ်ထောင်စုများသည် ကမ်းပါးပြိုပြီး နေအိမ်များပါလုနီးပါးဖြစ်ကာ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ရွှေ့ပေးခဲ့သော အိမ်ထောင်စုများဖြစ်သည်။

## ချင်းတွင်းအသင်းက စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးအတွက် ငွေလှူ

**ရန်ကုန်၊ နိုဝင်ဘာ- ၂၅**

ချင်းတွင်းအသင်း(ရန်ကုန်)က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရသော ဒေသများအတွက် ငွေကျပ် ၁၀ သိန်းနှင့်တီရှပ် အင်္ကျီ ၂၂ ထည်တို့ကို လှူဒါန်းခဲ့ကြောင်း အသင်းမှ သိရှိရသည်။

ချင်းတွင်းအသင်းအနေနှင့် လူမှုရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန် အသင်းရန်ပုံငွေတိုးတက်ရရှိရေးအတွက် မုံရွာမြို့ရှိ အဝေးရောက် အကျိုးဆောင်များအနေနှင့် ဆောင်ရွက်ရန်အစည်းအဝေးတစ်ရပ်ကိုလည်း အောက်တိုဘာလကုန်က ပြုလုပ်ခဲ့သည်။

# ရခိုင်ဘုရင်သုံးပါး ကြေးရုပ်သွန်းလုပ်ရန် စီစဉ်

**မာန်ယုကျော်**

**စစ်တွေ၊ နိုဝင်ဘာ- ၂၃**

ရခိုင်သမိုင်း၌ ခေတ် ၄ ခေတ်ရှိသည့်အနက် ဓညဝတီခေတ်ကို တည်ထောင်ခဲ့ကြသော ထင်ရှားကျော်ကြားသည့် ရခိုင်ဘုရင်သုံးပါးအား ကြေးရုပ်သွန်းလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြေးရုပ်သွန်းလုပ်မည့်ရခိုင်ဘုရင်သုံးပါးမှာ ဘီစီ (၃၃၂၅) တွင် ပထမဆုံး ဓညဝတီခေတ်ကို တည်ထောင်ခဲ့သူ မာရယုမင်း၊ ဘီစီ(၁၅၀၇)တွင် ဒုတိယဓညဝတီခေတ်ကို တည်ထောင်ခဲ့သူ ကံရာဇာကြီးမင်းနှင့် ဘီစီ (၅၀၈)တွင် တတိယ ဓညဝတီခေတ်ကို တည်ထောင်ခဲ့သူ စန္ဒသူရိယမင်းတို့ဖြစ်ကြပြီး ရုပ်တုအမြင့်မှာ ရုပ်တုတစ်ခုစီအား ၆ ပေ ၃ လက်မအမြင့်ထား၍ သွန်းလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဘုရင်သုံးပါးအား ကြေးရုပ်သွန်းလုပ်ရန်အတွက် ကျောက်တော်မြို့ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ဦးဆောင်၍ စီစဉ်ကြခြင်းဖြစ်ပြီး ရခိုင်တို့၏ ၄ ခေတ်ဖြစ်သည့် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ်တို့အနက် ပထမဆုံးခေတ်ဦးဖြစ်သော ဓညဝတီခေတ်ကိုတည်ထောင်ခဲ့ကြသည့် ၎င်းဘုရင်များ၏ အမျိုး၊ ဘာသာ၊ သာသနာပေါ်စွမ်းဆောင်ကြိုးပမ်းချက်တို့ကို အစဉ်ထာဝရ အောက်မေ့ပြီး နောင်လာနောက်သားတို့ဂုဏ်ယူလေးစားအားကျတတ်စေရန်ရည်ရွယ်၍ စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရသည်။

"ခုတော့ ကြေးရုပ်သွန်းလုပ်ဖို့ စီစဉ်နေကြတုန်းပါပဲ။ ဒေသခံပြည်သူတွေရဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ပါတီရဲ့ ဗဟိုကော်မတီကိုလည်း တင်ပြထားပါတယ်။ သွန်းလုပ်ပြီးတဲ့အခါ ရုပ်တုတွေကို ဘယ်မှာထားမယ်ဆိုတာကိုတော့ နေရာအတိအကျ မသတ်မှတ်ရသေးပါဘူး။ မြောက်ဦးနဲ့ကျောက်တော်နှစ်ခုအနက် တစ်ခုမှာတော့ ထားဖြစ်မှာပါ"ဟု ကျောက်တော်မြို့ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကျောက်တော်မြို့မှမြို့မိမြို့ဖတစ်ဦးကလည်း"ဒီလိုမျိုး စီစဉ်ကြတာဟာ အင်မတန် ကောင်းမွန်လှတဲ့ အစီအစဉ်ပါ။ စီစဉ်သူတွေကိုအားပေးပါတယ်။ ဆက်လုပ်ပါ။ ဘာလို့ဆို ကျွန် တော်တို့ရခိုင်မှာ ခုလိုမျိုးထင်ရှားခဲ့တဲ့ဘုရင်တွေကို အမှတ်ရစေမယ့် ကြေးရုပ်ထုလုပ်သင့်တာကြာပါပြီ" ဟုဆိုသည်။

# ဗောဓိတစ်ထောင်ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူခြင်း ငါးနှစ်ပြည့်ကုသိုလ်တော်ပွဲကျင်းပမည်



ဗောဓိတစ်ထောင်စေတီတော်ကို အဝေးမှဖူးတွေ့ရစဉ်

ဓာတ်ပုံ - မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၂၃**

မုံရွာမြို့နယ်၊ ခတ္တာကျွန်ကျေးရွာ၊ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်တည်ထောင်တော်မူသော ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာရဒ၏ ဘဝနတ်ထံစံမြန်းတော်မူခြင်းငါးနှစ်ပြည့်အထိမ်းအမှတ်ကုသိုလ်တော်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၈ ရက်တွင် မဟာဗောဓိတစ်ထောင်ကျောင်းတိုက်၊ မိုးကုတ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသိရှိရသည်။

"အကြိုဓမ္မသဘင်ကို နိုဝင်ဘာလ(၂၇)ရက်ည(၇)နာရီအချိန်မှာ မုံရွာမြို့၊သဒ္ဓမ္မဇောတကသုဗောဓာရုံကျောင်းတိုက် ဒွါဒသမတိပိဋကဓရတိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရဘဒ္ဒန္တအဘိဇာတာဘိဝံသဆရာတော်က တရားချီးမြှင့်မှာဖြစ်ပါတယ်။ နိုဝင်ဘာလ(၂၈)ရက်နံနက်ပိုင်းမှာပင့်သံဃာ(၇၇)ပါး၊ သီလရှင်(၇၇)ပါးနဲ့မဟာဗောဓိတစ်ထောင် ကျောင်းတိုက်အတွင်း သီတင်းသုံးနေထိုင်တော်မူတဲ့ သံဃာတော်အပါး (၁၃၀)ကျော်တို့အား ဆွမ်း၊သင်္ကန်း၊ထီး၊ဖိနပ်စတဲ့လှူဖွယ်ပစ္စည်းတွေဆက်ကပ်လှူဒါန်းသွားမှာဖြစ်ပါတယ်"ဟုမဟာဗောဓိတစ်ထောင်ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တက္ကန္ဒောဘာသမှ မိန့်ကြားသည်။

မဟာဗောဓိတစ်ထောင်ကျောင်းတိုက်ပဓာနနာယကဆရာတော်ကြီး အရှင်နာရဒတည်ထောင်တော်မူခဲ့သောမဟာဗောဓိတစ်ထောင်ကျောင်းတိုက်ကြီးနှင့် အတူသာသနိကအဆောက်အအုံများတည်ဆောက်ခြင်း၊ မွမ်းမံခြင်း ထိန်းသိမ်းခြင်းစသည့်လုပ်ငန်းများအပြင်တရားဘာဝနာများကျင့်ကြံအားထုတ်နိုင်ရန် အချိန်ပိုင်းတရားစခန်းများဖွင့်လှစ်ဆောင်ရွက်လျက်ရှိသဖြင့် အနယ်နယ်အရပ်ရပ်မှဘုရားဖူးများ နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

# ရေဘေးသင့်ကျောင်းများအတွက် အကူအညီများ လိုအပ်နေဆဲ

**စိုင်းသာအောင်**

**ပခုက္ကူ၊ နိုဝင်ဘာ-၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရှာဒူးကျေးရွာ တွဲဘက်အလယ်တန်းကျောင်းစာသင်ကျောင်းဆောင်ကြီးတစ်ဆောင်နှင့်စာသင်ခုံများ၊ ကျောင်းသုံးပရိဘောဂများ အောက်တိုဘာ တတိယပတ်အတွင်းက ယောချောင်းရေဘေးသင့်ဒဏ်ကြောင့် မျောပါသွားခဲ့သဖြင့် ကျောင်းသူ ကျောင်းသားများ ပညာသင်ရေး၌ အခက်အခဲတွေ့လျက်ရှိသည်။

အဆိုပါ ရှာဒူးကျေးရွာတွင် ၁၉၇၄ ခုနှစ်က မူလတန်းကျောင်းစတင်ဖွင့်လှစ်ခဲ့ပြီး အလယ်တန်းကျောင်းခွဲအဖြစ် ၂၀၀၄ ခုနှစ်၌ဖွင့်လှစ်ခဲ့ကြောင်း၊ ယောချောင်းရေဘေးဒဏ်သင့်သဖြင့် မျောပါသွားသော ကျောင်းမှာအလျားပေ ၁၅၀၊ အနံပေ ၃၀ရှိသော ပင်မကျောင်းဆောင်ကြီးဖြစ်ကြောင်း၊ စာသင်ခုံ ၁၀၀ ခန့် ရေထဲမျောပါသွားပြီး ပေ ၃၀၊ ပေ ၂၀ရှိ ဝန်ထမ်းအဆောင်နှစ်ဆောင်လည်း ရေထဲမျောပါသွားကြောင်းကျောင်းတွင်ကျောင်းသား ၃၀၀ခန့်ရှိပြီး ယခုအခါကျောင်းဆောင်၊စာသင်ခုံမပြည့်စုံသဖြင့် အလယ်တန်းကျောင်းသားများကို နံနက်ပိုင်း၊ မူလတန်းကျောင်းသားများကိုနေ့ပိုင်းနှစ်ပိုင်းခွဲသင်ကြားနေရကြောင်း သိရသည်။ ဘုန်းကြီးကျောင်း အတွင်းရှိ ဇရပ်တစ်ဆောင်တွင်လည်း စာသင်ဆောင်ဖွင့်ထားရပြီးကျေးရွာမှ ကလေးငယ်များ ပညာရေးအတွက်ကျောင်းဆောင်သစ် အလှူရှင်များလိုအပ်လျက်ရှိကြောင်း၊ ကျောင်းအုပ်ဆရာမကြီးဒေါ်မို့မို့နွယ်ကပြောသည်။



ရေဘေးသင့်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများနှင့် ကူညီသူများကို တွေ့ရစဉ်

# မြေပုံမြို့နယ် စိတ္တရကျေးရွာတွင် အိမ်ခြေ ၁၄၀ ကျော် မီးလောင်

**မောင်ကံ** **မြေပုံ၊ နိုဝင်ဘာ- ၂၃**

နိုဝင်ဘာ၁၉ ရက်က မြေပုံမြို့နယ်၊ ကမ်းထောင့်ကြီးတိုက်နယ်၊ စိတ္တရကျေးရွာတွင်မီးလောင်မှုဖြစ်ပွားခဲ့ရာလူနေအိမ် ၁၄၅ ဆောင်မီးလောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စု ၁၈၂ စုအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သတင်းရရှိသည်။

"စပြီးလောင်တဲ့အချိန်က နံနက် ၉း၄၅ နာရီလောက်က ဖြစ်ပါတယ်။နေ့လယ် ၁၂ နာရီလောက်မှာ မီးညွန့်ကျိုးပြီးတော့ ညနေ ၄ နာရီလောက်မှ မီးငြိမ်းသွားခဲ့ပါတယ်။ ဆုံးရှုံးမှုကာလတန်ဖိုး ၁၅၅ ဒသမ ၆ သိန်းဖိုးရှိပါတယ်" ဟု ကမ်းထောင့်ကြီး တိုက်နယ်မှနာရေးကူညီမှုအသင်းဥက္ကဋ္ဌ ကိုရန်နိုင်ဖြိုးကပြောသည်။မီးလောင်မှုတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု၊ဗီဒီယိုရုံလေးရုံ၊ တစ်ပိုင်တစ်နိုင်စပါးထိုးစက်လေးလုံးနှင့်ပုဂ္ဂလိကမီးပေးစက်တစ်လုံးပါဝင်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။ မီးလောင်ခံခဲ့ရသည့် အိမ်ထောင်စု ၂၀၀ ခန့်အတွက် ရခိုင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို နိုဝင်ဘာ ၂၁ ရက်တွင် အရောက်ပေးပို့နေကြောင်း ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှဦးစီးမှူး (ပထမတန်း)ဦးညွန့်ရွှေကပြောကြားသည်။

7DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# ကျပ်သိန်း ၄၈၀ တန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းမိ

**စိုင်းလူမင်း**

**ပင်လည်ဘူး၊ နိုဝင်ဘာ-၂၃**

ဘိန်းစိမ်း (၉)ပိဿာ (၈၀) ကျပ်သား၊(၁၆)ကီလိုဂရမ် ကာလတန်ဖိုး ကျပ် (၄၈၀) သိန်းအား မူးယစ်ဆေးဝါး သယ်ယူရောင်းချသည့် သတင်းအရ ဖမ်းဆီးမိခဲ့သည့်ဖြစ်စဉ် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပင်လည်ဘူးမြို့နယ်အတွင်းသို့ မူးယစ်ဆေးဝါး သယ်ယူရောင်းချနေကြောင်း သတင်းများအရ ပင်လည်ဘူးရဲတပ်ဖွဲ့စခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်ဝေမှ အနီးကပ်ကြီးကြပ်၍ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်သန်းဝေဦး၊ ဒုရဲအုပ် မျိုးနိုင်၊ ဒုတပ်ကြပ်ညွန့်ဝေ၊တပ်သားပြည့်ဖြိုးပိုင်၊ တပ်သားဝင်းသူအောင်၊တပ်သားသိန်းမြင့်အောင်၊ ကသာခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ကျော်ထွေး၊ ဗန်းမောက်ရဲစခန်းမှ ဒုတပ်ကြပ်စိုင်းနောင်နောင်တို့ ပူးပေါင်းပါဝင်သည့်အဖွဲ့သည် ယခုလ ၁၃ရက် ညနေ ၄ နာရီအချိန်တွင် ပင်လည်ဘူးမြို့နယ်၊ သာစည်ကျေးရွာလမ်းဆုံ၌ စောင့်ဆိုင်းနေကြစဉ် KENBO 125 ဆိုင်ကယ်တစ်စီးနှင့် NEW YALANDA 125 ဆိုင်ကယ်တစ်စီးတို့ မောင်းနှင်လာသည်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။

ဆိုင်ကယ်ပေါ်တွင်ပါလာသူ ဖိုးကာဆိုသူသည် ပင်လည်ဘူးမြို့နယ်၊ ကွမ်းရွာ၊ စံလင်း၊ ဖဲခုံမြို့နယ်၊ ကာလရွာ၊ လှမိုး၊ ဖဲခုံမြို့နယ်၊ ကာလရွာမှ ဖြစ်သည်ဟု သိရှိရပြီး ဆိုင်ကယ်ကြားထဲ၌ကြိမ်ခြင်းဖြင့်ထည့်၍ ဘိန်းစိမ်းဟုထင်ရသော အထုပ် (၁၃)ထုပ်၊ ဘိန်းစိမ်း (၉)ပိဿာ (၈၀)ကျပ်သား၊ (၁၆) ကီလိုဂရမ်၊ ကာလတန်ဖိုးကျပ်(၄၈၀)သိန်းနှင့်ဓားမြှောင်နှစ်ချောင်း၊ မူးယစ်ဆေးဝါးရောင်းချရသည့်ငွေဟုထင်မြင်ယူဆရသော ကျပ်ငွေ(၁၈၇,၀၀၀)တို့အားတွေ့ရှိ၍ သက်သေများနှင့်အတူ သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖိုးကာ အသက် (၄၁ နှစ်) ပင်လည်ဘူးမြို့နယ်၊ပင်းမောင်အုပ်စု၊ကွမ်းရွာ၊ စံလင်း၊ အသက် (၂၉ နှစ်)၊ ဖဲခုံမြို့နယ်၊ ကာလရွာ၊ လှမိုး၊ အသက် (၁၉)နှစ်၊ ဖဲခုံမြို့နယ်၊ ကာလရွာနေသူတို့အား ပင်လည်ဘူးရဲစခန်းမှ မယ(ပ)၂၂/ ၂၀၁၁ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဥပဒေပုဒ်မ၁၅/ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူ၍ ကသာခရိုင် တရားရုံးသို့ တရားစွဲဆို တင်ပို့နိုင်ရန် ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

## PHOTO NEWS



ချင်းတွင်းမြစ်အတွင်းမှ ဖမ်းယူရရှိထားသောငါးငယ်လေးများအား နေလှန်း၍အခြောက်ခံနေသော တံငါသည်တစ်ဦးကို ဆင်ဖြူရှင်တံတား(ချင်းတွင်းမြစ်)ပေါ်မှ နိုဝင်ဘာ ၂၀ ရက်က တွေ့ရစဉ်

ဓာတ်ပုံ - ဘုန်းမိုးသွန်း(မုံရွာ)

## ဒေသခံလက်လုပ်လက်စားများ ရွှေတူးဖော်ရေး လုပ်ငန်းလုပ်ကိုင်နိုင်တော့မည်

**စိုင်းသာအောင်**

**မန္တလေး၊ နိုဝင်ဘာ- ၂၅**

မန္တလေးတိုင်းဒေသကြီးစဉ့်ကူးမြို့နယ်အတွင်း၌ဒေသခံပြည်သူများ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းတွင် လက်လုပ်လက်စားများ လုပ်ပိုင်ခွင့်ရရှိတော့မည်ဖြစ်ကြောင်းသိရသည်။

စဉ့်ကူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဗိုလ်ချုပ်က စဉ့်ကူးမြို့နယ် ဒေသခံပြည်သူများ စားဝတ်နေရေးပြေလည်စေရန် ရွှေသတ္တု တူးဖော်ရေးလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ၊ မရှိနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ဦးသန်းစိုးမြင့်က "စဉ့်ကူးမြို့နယ်တွင် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းအား ယခင်အစိုးရလက်ထက်က အသေးစားလုပ်ကွက်များသာ ချထားပြီး လက်လုပ်လက်စားလုပ်ကွက်များအဖြစ် ချထားခွင့် မပြုခဲ့ကြောင်း ယခုအစိုးရသစ်လက်ထက်တွင် စဉ့်ကူးမြို့နယ်ဒေသခံပြည်သူများ စားဝတ်နေရေး ပြေလည်စေရန်နှင့် အလုပ်အကိုင်များရရှိစေရေးအတွက်စေတနာထားရှိကာလက်လုပ်လက်စား လုပ်ပိုင်ခွင့်များ ခွင့်ပြုတော့မည်ဖြစ်ကြောင်း လက်လုပ်လက်စားလုပ်ကွက်လျှောက်ထားလုပ်ကိုင်သူများအနေဖြင့် (၁)မိမိတို့ လျှောက်ထားလုပ်ကိုင်သည့် လုပ်ကွက်သည် အသေးစားလုပ်ကွက်နှင့် ကင်းလွတ်ရန်ဖြစ်ပြီး(၂)စဉ့်ကူးမြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် ခွင့်ပြုထောက်ခံချက်လိုအပ်မည်ဖြစ်ကာယင်းအချက်များပြည့်စုံလျှင် သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စဉ့်ကူးမြို့နယ်တွင် ရွှေသတ္တုလက်လုပ်လက်စားလုပ်ကွက်များလုပ်ကိုင်ခွင့်ပြုတော့မည် ဖြစ်ကြောင်းဖြေကြားခဲ့သည်။

အလားတူမန္တလေးတိုင်းဒေသကြီးအတွင်း ရွှေထွက်ရှိသောရမည်းသင်း၊ သပိတ်ကျင်းမြို့နယ်များတွင်လည်း လက်လုပ်လက်စား လုပ်ကွက်များကို ဒေသခံပြည်သူများအတွက် ချထားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

## ကန့်ဘလူတွင် ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ- ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏အာစရိပူဇော်ပွဲကို ဒီဇင်ဘာလ ၂၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင်အ. ထ. က (၁) ခန်းမ၌ ဒုတိယအကြိမ်မြောက် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များထံမှ သိရှိရသည်။

ကန့်ဘလူမြို့ပေါ်ရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများတွင်တာဝန်ထမ်းဆောင်ပြီး သက်ပြည့်အငြိမ်းစားယူသွားခဲ့ကြသည့် ဆရာ၊ဆရာမကြီးများအားလုံးကို ကျောင်းသူကျောင်းသားအားလုံးက ပူဇော်ကန်တော့ကြမည်ဖြစ်ရာ လှူဒါန်းလိုသူများအနေဖြင့် ရန်ကုန်မြို့တွင်ဦးစိုးမြင့် (ရာသက်ပန်) ဖုန်း-၀၉-၈၆၂၄၃၅၂၊ ၀၉-၅၀၂၀၁၈၉၊ ဒေါ်သန်းသန်းဝင်းဖုန်း- ၀၉-၅၀၅၁၉၉၁၊ ၀၁-၂၁၆၄၄၃၊ ဦးတိုးလှိုင်မြင့် ဖုန်း-၀၉-၇၃၀၇၁၆၄၃၊ဦးဇော်ဝင်းနိုင် ဖုန်း-၀၉-၅၀ ၂၅၄၆၈၊ နေပြည်တော်တွင် ဦးလှမြင့် (ကိုချူး)ဖုန်း-၀၉-၂၀၃၈၅၅၀၊ ၀၉-၆၄၆၆၄၇၂၊ ၀၉-၉၁၀၅၅၃၈၀၊ မန္တလေးမြို့တွင်ဦးမောင်မောင်ဦး ဖုန်း-၀၉- ၂၀၄၄၂၆၃၊၀၂-၇၀၀၄၄၊ဦးစိုးထက်ဦး ဖုန်း-၀၉-၂၀၁၀၁၆၂၊ မုံရွာမြို့တွင်ဦးမောင်မောင်စိုး ဖုန်း-၀၉-၂၀၀၁၂၆၂၊ဦးမျိုးမင်းထိုက် ဖုန်း-၀၉-၅၀၈၆၂၆၂၊ တောင်ငူတွင် ဦးဇော်နိုင်အေးဖုန်း-၀၉-၅၀၉၆၂၈၅၊ ဦးဝင်းညွန့် ဖုန်း-၀၉- ၇၃၀၁၂၈၇၆၊ စစ်ကိုင်းတွင် ဦးအောင်ကျော်နိုင် (ဖိုးငယ်) ဖုန်း-၀၉-၂၀၁၀၆၀၁၊ ရွှေဘိုတွင်ဦးတင်ထွန်းဦး(KT) ဖုန်း-၀၉-၂၀၁၀၁၃၇၊ ၀၇၅-၂၁၅၃၉ နှင့် ကန့်ဘလူမြို့တွင်ဦးလှိုင်မြင့်ဟန် ဖုန်း-၀၉-၆၄၆၆၄၉၆၊ ဦးအောင်ဆန်းဦး ဖုန်း-၀၇၅-၂၇၃၁၇၊ ဦးဉာဏ်မင်းထွန်း ဖုန်း-၀၉-၆၄၆၆၁၀၆၊ဦးဇော်လင်းထွန်း ဖုန်း-၀၉-၆၄၆၆၂၃၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး စီစဉ်သူများထံမှ သိရသည်။


## စာ(၁၅) ခရီးသည်တစ်ဦးက ဖုန်းဖြင့် အချိန်မီသတင်းပို့နိုင်၍ လူ ၃၇၅ ဦး အသက်ဘေးမှလွတ်မြောက် မှ


သင်္ဘောပေါ်ပါ ခရီးသည်များအား ကျောက်ဖြူမြို့သို့ခေါ်ယူခဲ့ပြီး ကျောက်ဖြူ အမှတ်(၃) အလကကျောင်းနှင့် သံဖြူကျောင်းတို့တွင် ထားရှိ၍ ကူညီစောင့်ရှောက်ထားကြောင်း သိရသည်။

အခင်းဖြစ်ပွားစဉ်က အောင်တံခွန် ၂ သင်္ဘောမှာ ဂျီပီအက်စ်လမ်းကြောင်း ပျောက်သွား၍ ပြန်ရှာစဉ် ယခုကဲ့သို့ ဖြစ်ပွားရခြင်းဖြစ်သည်ဟုလည်း သိရသည်။

"အဘတို့ရခိုင်ပြည်နယ်ဟာ ရေလမ်းကြောင်းကို အဓိကထားအားကိုးနေရပါတယ်။ ဒါပေမဲ့ ချောင်းမြောင်းတွေထဲမှာ ခက်ခက်ခဲခဲသွားလာရတဲ့အတွက် သင်္ဘောတွေ ညဘက်သွားလာမှုကို တားဆီးပေးဖို့ သက်ဆိုင်ရာကို အကြံပြုလိုပါတယ်" ဟု ဝမ်းဗိုက်ပေါက်ခဲ့သည့်သင်္ဘောပေါ်တွင် ပါဝင်ခဲ့သော မြေပုံမြို့မှ အသက် ၇၅ နှစ်အရွယ် ဦးကျော်ဖြူအောင်က ပြောသည်။ အခင်းဖြစ်ပွားချိန်တွင် သင်္ဘောပေါ်ပါ ခရီးသည်များအားလုံး အလွန်ကြောက်ရွံ့နေပြီးကုန်းပတ်ပေါ်မှ ခရီးသည် အချို့က ပထမထပ်သို့ တက်ပြေးသည့်အတွက် သင်္ဘောမှာ အနည်းငယ်စောင်းသွားခဲ့သေးသည်ဟုဂင်းက ပြောသည်။ သင်္ဘောပေါ်တွင်လိုက်ပါလာသော ခရီးသည်များမှာ သတ်မှတ်ခရီးသည်အရေအတွက်ထက်ပိုများနေကြောင်းလည်း ခရီးသည်အချို့က ပြောသည်။

ထိုသင်္ဘောကို ယခုအခါပြန်လည်ဖာထေးခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။








7DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011



# လူငယ်ဖွံ့ဖြိုးရေးဆောင်ရွက်ရန် ဝန်ကြီးတိုက်တွန်း

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ-၂၁**



**နယ်မြို့တစ်မြို့မှ လုပ်ငန်းခွင်သွားရောက်နေသော လူငယ်များ** ဓာတ်ပုံ-မျိုးမင်းဦး

တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင်အင်အားအမြောက်အများရှိနေသော လူငယ်များ၏ဖွံ့ဖြိုးရေးအတွက် အစီအစဉ်ဆွဲပြီးသုံးသပ်ကြည့်စေချင်ကြောင်းမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ် ၁နှင့် အမှတ် ၂စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကဒေသဆိုင်ရာစက်မှုလက်မှုဝန်ကြီးများသို့ တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ လူငယ်များအားအသုံးချရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်သည်နိုင်ငံတော်၏ တာဝန်ဖြစ်ကြောင်းကို "လူဦးရေက တိုးတိုးလာတယ်၊ ဒီလူတွေကို အသုံးချဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးဖို့က နိုင်ငံတော်ရဲ့ တာဝန်ပဲ" ဟူ၍ ရှင်းရှင်းလင်းလင်းပင် ပြောကြားခဲ့သည်။ ပြည်သူလူထုအတွက်စီးပွားရေးအခွင့်အလမ်းများကိုလည်း စက်မှုဖြစ်ထွန်းမှုကသာလျှင် ဖော်ဆောင်ပေးနိုင်ကြောင်း ယင်းက ဆက်လက်ပြောကြားသည်။

ဒေသအသီးသီးရှိတက္ကသိုလ်များ၊ ကျောင်းများတွင် အနာဂတ်အတွက် လုပ်သားအင်အားများရှိကြောင်း၊ ယင်းကလေးများအတွက် အခွင့်အလမ်းများကြိုတင်ဖန်တီးထားရန်လိုကြောင်း၊ ၎င်းတို့၏ဖွံ့ဖြိုးရေးအတွက်လည်းဆောင်ရွက်ပေးသင့်ကြောင်း၊ ၎င်းအပြင်တက္ကသိုလ်ဝင်တန်းကို မကျော်ဖြတ်နိုင်သည့် လူငယ်အင်အားစုအတွက်လည်း "ခြောက်ဦးဖြေရင်လေးဦးလောက်ကျတဲ့ ဒီအင်အားက အများကြီးပဲ။ သူတို့ကို Skill Labour Skill Workerဖြစ်အောင်ပြုစုပေးဖို့လိုတယ်။ အင်ဂျင်နီယာမဖြစ်လည်း ဖိုမင်ဖြစ်အောင်တော့လုပ်ပေးပါ" ဟူ၍ ဒေသဆိုင်ရာဝန်ကြီးများအား တိုက်တွန်းပြောကြားခဲ့သည်။

ပြီးခဲ့သည့်အပတ်ကကျင်းပပြုလုပ်ခဲ့သော လယ်ယာထွက်ကုန်ဖွံ့ဖြိုးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က "အဆင့်မြင့်ဆန်စက်တွေ၊ လယ်ယာသုံးစက်တွေမှာ ကျွမ်းကျွမ်းကျင်ကျင်ကိုင်တွယ်နိုင်တဲ့သူ ခက်ခဲနေတယ်။ အရင်တုန်းကကိုင်တွယ်တဲ့သူတွေမရှိတော့ဘူး။ တခြားရောက်သွားလို့ မျိုးဆက်ပြတ်နေတယ်။ အခုအဲဒါကြောင့်သင်တန်းတွေပေးနေတယ်"ဟူ၍ လူငယ်များအား အလုပ်အကိုင်ဖန်တီးပေးရေးနှင့်ပတ်သက်ပြီး ပြောကြားခဲ့သည်။

## တရုတ်ဈေးကွက်ဝင် လက်ဖက်မွှေးပင်များ စိုက်ပျိုးမှုများလာ

**စိုင်းလူမင်း**

**မိုးညှင်း၊ နိုဝင်ဘာ-၁၄**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့တွင် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လက်ဖက်မွှေးလုပ်ငန်းမှာ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်ထွန်းအောင်မြင်နေသည့်အပြင် ရောင်းတမ်းဝင်ဈေးကွက်အဖြစ် ကချင်ပြည်နယ်၌ တွင်ကျယ်နေသည့်အတွက် ကျေးလက်ဒေသများတွင် မကမြို့ပေါ်ရပ်ကွက်များတွင်ပါ လက်ဖက်မွှေးခြံကြီးများဖြင့် လုပ်ကိုင်ကြသည်မှာ ဧကပေါင်း ၂၀၀ ကျော်သည်ဟု လက်ဖက်မွှေးစိုက်ပျိုးသူများထံမှ သိရသည်။

"လက်ဖက်မွှေးဝယ်ယူတင်သွင်းမှုက တရုတ်နိုင်ငံက အများဆုံးပါ။ ဒါကြောင့် တရုတ်နိုင်ငံ နယ်စပ်ဒေသဖြစ်တဲ့ လိုင်ဇာဘက်မှ ဝယ်ယူတင်သွင်းမှု အများဆုံးဖြစ်ရတာက တရုတ်လူမျိုးတွေက လက်ဖက်မွှေးရွက်ကို စားသောက်ဖွယ်ရာဟင်းလျာနဲ့ ထမင်းဖြူ၊ ခေါက်ဆွဲတို့ထဲမှာ ရောနှောချက်ပြုတ်စားသောက်ကြလို့ပါပဲ။ မနှစ်ကလက်ဖက်မွှေးတစ်ပိဿာကိုကျပ်-၁၀,၀၀၀/-ဈေးအထိကျဆင်းခဲ့တယ်။ ယခုနှစ်ထဲမှာတော့တစ်ပိဿာကိုကျပ်-၅၀,၀၀၀ကနေကျပ်-၆၀,၀၀၀မြင့်တက်လာတဲ့အထိ ပေးဝယ်နေကြရတယ်" ဟု တရုတ်နယ်စပ်တွင် အရောင်းအဝယ်ပြုလုပ်နေသော ကုန်သည်တစ်ဦးက ပြောသည်။ "လက်ဖက်မွှေးအပင်က အမြင့်တစ်တောင်ကျော်လောက်ပဲရှိတာပါ။ မြေပေါင်တွေကိုပုံဖော်ပြီး အရိပ်တွေရအောင်လို့ခြံတွေပေါ်မှာ အမိုးအကာတွေနဲ့ စိုက်ပျိုးရသလို ကိုင်းကိုချိုးဖွဲ့ပြီးမှ မျိုးအဖြစ် စိုက်ပျိုးယူရပါတယ်။ အဲဒီနောက် စိုက်ပြီးသုံးလအချိန်ရောက်ရင် အရွက်များကို ရောင်းချနိုင်ဖို့ဆွတ်ခူးရပါတယ်။ အရွက်ဟောင်းတွေဆွတ်ခူးပြီး ၁၅ ရက်ခန့်ကြာရင်နောက်ထပ်ထွက်တဲ့အရွက်သစ်တွေကိုဆွတ်ခူးရပြန်တယ်။ အလျား၅၀ပေ၊အနံ၃ပေရှိတဲ့မြေပေါင်ပေါ်မှာအပင်ပေါင်း၁၅၀မှ၁၈၀လောက်ထိစိုက်ပျိုးပြီး အပင်ပေါက်တစ်ပင်ကို ၁၀၀ကျပ်ပေးဝယ်ရတယ်"ဟုလက်ဖက်မွှေးစိုက်ပျိုးသူတစ်ဦးက ရှင်းပြသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**သန့်ရှင်းရေးဝန်ထမ်းအလိုရှိသည်**
အမျိုးသမီး - ၂ဦး
အသက်(၃၀)အထက်
ပညာအရည်အချင်း (၄)တန်းအောင်၊ ကျန်းမာရေး ကောင်းရမည်။ သပ်ရပ်သန့်ရှင်းရမည်။
လုပ်ရည်ကိုင်ရည်ပေါ် မူတည်၍လခညှိပေးမည်။
လျှောက်ထားရန်
**လပြည့်ဝန်းပလာဇာ(၁၀)ထပ်။**

---

**ယာဉ်မောင်းဝန်ထမ်းအလိုရှိသည်**
ကျား - ၂ဦး
အသက်(၃၀)အထက်
ကျန်းမာရေးနှင့် အကျင့်စာရိတ္တကောင်းရမည်။
ယာဉ်မောင်း ကျွမ်းကျင်မှုပေါ်မူတည်၍လခညှိပေးမည်။
လျှောက်ထားရန်-
**လပြည့်ဝန်းပလာဇာ(၁၀)ထပ်။**

---

**ဝန်ထမ်းအလိုရှိသည်**
အင်တာနက်ဆိုင်နှင့် ကွန်ပျူတာသင်တန်းတွင် လုပ်ကိုင်ရန် Basic, DTP, Graphic Design -ကျား/မ(၈)ဦး၊ LCCI Level I,II,III, MYOB -ကျား/မ(၃)ဦး၊ Reception-မ(၃)ဦး၊ အင်တာနက်ကျွမ်းကျင်-ကျား/မ(၆)ဦး၊
**ဖုန်း-၂၉၅၆၇၉၊ ၃၇၇၂၃၆**

---

**ဝန်ထမ်းအလိုရှိသည်**
ကလေးများကို စာပြဝန်ထမ်း အမျိုးသမီး တစ်ဦး၊ ၁၀ တန်းအထက်။
**ဖုန်း-၀၉-၇၃၀၄၉၅၄၃**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Marketing Manager -ကျား(၁) ဦး၊-အသက် ၃၀ မှ ၄၅ နှစ်ကြား၊ - Marketing နှင့်သက်ဆိုင်သော Diploma (or) Certificate ကိုင်ဆောင်ထားသူဖြစ်ရမည်။
- Media လုပ်ငန်းအတွေ့အကြုံရှိသူ။
၂။ Driver ကျား(၁)ဦး
- အသက် ၃၅ မှ ၄၅ နှစ်ကြား
- ရိုးသားကြိုးစားသူ၊ ရန်ကုန်မြို့တွင်းကျွမ်းကျင်
- လစာငွေ (၆၀,၀၀၀) ကျပ်
**ဖုန်း-၃၉၆၁၁၆၊၃၉၆၂၃၅**

---

**ဝန်ထမ်းအလိုရှိသည်**
ရက်ကန်းစက် ကျွမ်းကျင်ပြီး အထည် အလိပ်လုပ်ငန်း အတွေ့အကြုံရှိသူ Manager -ကျား/မ(၁)ဦး၊ Machinery Marketing Manager -ကျား/မ(၁)ဦး၊ Machinery Marketing ပိုင်းကျွမ်းကျင်သော ကျား/မ(၂၀)ဦး၊ Office Staff -မ(၁)ဦး။
**ဖုန်း-၅၂၃၀၇၂၊ ၅၃၇၄၆၆**

---

**ဝန်ထမ်းအလိုရှိသည်**
စားသောက်ဆိုင် စားပွဲထိုးနှင့် အကင်ဆရာ အလိုရှိသည်။
**ဖုန်း-၀၉-၅၁၅၈၁၇၈၊ ၀၉-၇၃၀၇၇၂၂၉**

---

**ဝန်ထမ်းအလိုရှိသည်**
စက်ချုပ်ကျွမ်းကျင် -မ(၂)ဦး၊ အထည်ညှပ်ကျွမ်းကျင် -မ(၁)ဦး။
**ဖုန်း-၀၉-၅၁၂၃၃၃၇၊ ၀၉-၇၃၀၁၇၅၀၇**

---

**ဝန်ထမ်းအလိုရှိသည်**
စာရင်းကိုင် (၁)ဦး၊ Video Editor (၁)ဦး၊ Graphic Designer (၁)ဦး၊ ယာဉ်မောင်းနှင့် အရောင်းမန်နေဂျာ(၁)ဦး၊ နယ်ရုံးမန်နေဂျာ(၅)ဦး၊ အလုပ်သင်(၁၀)ဦး၊ အမှတ်-၁၃၂၊ မြေညီ၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**
Site Engineer-Male\Female, Site Supervisor -Male\ Female, Store Keeper-Female, Purchaser -Male\Female, AutoCAD -Male\Female, Cashier-Female, လက်သမားဆရာ-M(5)။
**ဖုန်း-၃၈၁၉၈၄၊ ၃၈၁၉၈၅**

---

**ဝန်ထမ်းအလိုရှိသည်**
Kyaw Enterprise Co.,Ltd. AGTI (Civil)(၂)ဦး၊ ယာဉ်မောင်းကျွမ်းကျင်(၂)ဦး။
**ဖုန်း-၄၀၁၃၄၄၊ ၇၀၅၅၁၉**

---

**ဝန်ထမ်းအလိုရှိသည်**
On Job Training (Web Designer) -ကျား/မ(၁)ဦး။
**ဖုန်း-၂၄၅၈၈၇၊၃၉၈၀၈၁**

---

**ဝန်ထမ်းအလိုရှိသည်**
TUG BOAT, SUPPLY BOAT, AHT, AHTS, BULK, OFF SHORE စသည့်အတွေ့အကြုံရှိ အရာရှိ၊ အရာရှိအင်ဂျင်နီယာများ အခြားအဆင့် သင်္ဘောသားများအား အလိုရှိသည်။
**ဖုန်း-၂၀၁၆၅၂**

---

**ဝန်ထမ်းအလိုရှိသည်**
4Unit ပုံနှိပ်စက်ကိုင်(၃)ဦး၊ ပုံနှိပ်စက်အကူ(၅)ဦး၊ Marketing (ပုံနှိပ်ပိုင်းဆိုင်ရာ) ကျား/မ(၅)ဦး၊
**ဖုန်း-၂၀၀၅၇၅၊ ၉၀၀၀၄၂၁**

---

**ဝန်ထမ်းအလိုရှိသည်**
Marketing Supervisor - မ(၁)ဦး။
**ဖုန်း-၃၇၄၂၈၃**

---

**ဝန်ထမ်းအလိုရှိသည်**
Myanmar Blue Ocean Agency Co., Ltd. အတွက် ယာဉ်မောင်း(၃)ဦး။
**ဖုန်း-၃၇၀၈၄၇၊ ၃၉၃၄၇၁**

---

**ဝန်ထမ်းအလိုရှိသည်**
နာရီဆိုင်တွင် တာဝန်ထမ်းဆောင်ရန်-မ(၂)ဦး၊ အမှတ်-၂၇၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။
**ဖုန်း-၆၆၇၄၉၈၊ ၀၉-၅၀၂၈၇၈**

---

**ဝန်ထမ်းအလိုရှိသည်**
Marketing Manager -ကျား/မ(၁)ဦး၊ Marketing Assistant -ကျား/မ(၃)ဦး၊ အမှတ်-၄၀၈၊ ၄ လွှာ၊ လပြည့်ဝန်းပလာဇာ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။
**ဖုန်း-၃၇၇၂၆၅၊ ၀၉-၇၃၂၁၈၄၇၀**

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း - မ ၅ ဦး
**Smooth-E** အလှကုန်
**ဖုန်း-၅၄၆၃၀၆၊ ၅၅၀၄၇၆**

---

**ဝန်ထမ်းအလိုရှိသည်**
Admin Assistant -
ကျား/မ ၂ဦး
ကျောက်စိမ်းနွယ်ကုမ္ပဏီ
**ဖုန်း-၅၄၆၃၀၆၊ ၅၅၀၄၇၆**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ မန်နေဂျာ - ကျား ၁ ဦး၊
၂။ ဒု-မန်နေဂျာ - ကျား ၁ ဦး၊
၃။ စာရင်းကိုင် - ကျား ၁ ဦး၊
၄။ တံတားတာဝန်ခံ - ကျား ၈ဦး
(၁)(၂)ရာထူးအတွက် တက္ကသိုလ်မှ ဘွဲ့ ၁ ခုရရှိပြီး ဆိပ်ကမ်းလုပ်ငန်း အတွေ့အကြုံရှိသူ။
(၃)ရာထူးအတွက် စာရင်းကိုင်ဘွဲ့ရရှိသူဖြစ်ရမည်။
(၄)ရာထူးအတွက်၁၀တန်းအောင်ပြီး အသက် ၃၀ ဝန်းကျင်။
**အမှတ်(၆၇)၊ လမ်း ၃၀၊ မြေညီထပ်၊ ပန်းဘဲတန်းမြို့နယ်။**

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



홀리카 홀리카
Holika Holika
Skincare & Cosmetics (Korea Products)
CAPITAL Hyper Market
Champion of Dance
Holika Holika Show Room :
Win San

# Education

7DAY NEWS JOURNAL

Vol.10, No.37 • DECEMBER 1, 2011




## ပညာရေးလုပ်ငန်းပိုမိုကျယ်ပြန့်လာရန် လူအား၊ငွေအား ပံ့ပိုးကြရန် ဒေါ်အောင်ဆန်းစုကြည် မေတ္တာရပ်ခံ

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၁**

ပညာရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာရန်အတွက် လူအား၊ ငွေအား ပံ့ပိုးပေးကြရန် မေတ္တာရပ်ခံကြောင်း အမေ့အိမ်ပညာရေးကွန်ရက်၏ ပထမဆုံးအကြိမ် ရန်ပုံငွေဈေးရောင်းပွဲတော်တွင်ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

အခမဲ့ ပညာဒါနကျောင်းများ စုစည်းထားသည့် အမေ့အိမ်ပညာရေးကွန်ရက်မှ ကျင်းပသော ဈေးရောင်းပွဲ တော်အား ပြည်လမ်းရှိ ယုဒသန်ရိပ်သာတွင် ပြုလုပ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ဖွင့်လှစ်၍ မိန့်ခွန်းပြောကြားခဲ့သည်။

"ပညာရေးမှာ ကျွန်မတို့ ပိုပြီး ပိုပြီး လုပ်ဖို့လိုပါတယ်။ ကျွန်မတို့ဟာ နံပါတ်တစ်ကတော့ လူအားလိုပါတယ်။ နံပါတ်နှစ်ကတော့ ငွေအားလိုပါတယ်။ အဲ့တော့ လုပ်အားမပေးနိုင်လို့ရှိရင် ငွေနဲ့ပံ့ပိုးကြပါလို့ ကျွန်မမေတ္တာရပ်ခံလိုပါတယ်။ ရန်ပုံငွေရှာတဲ့အခါမှာ ပြည်သူလူထုဆီကရှာရတာပါ။ ဒါကြောင့်မို့လို့ ကျွန်မတို့လုပ်တဲ့ လုပ်ငန်းမှန်သမျှဟာပြည်သူရဲ့ထောက်ခံမှုမရှိဘဲနဲ့မအောင်မြင်နိုင်ဘူးဆိုတာ ကောင်းကောင်းကြီးနားလည်ပါတယ်"ဟုဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

ပြည်သူလူထုအနေဖြင့် ပညာရေးကို စိတ်ဝင်စားထောက်ခံအားပေးရန် လိုအပ်ပြီး လူငယ်များအနေဖြင့် ကမ္ဘာ့အဆင့်မီ ပညာရေးကိုလေ့လာသင်ယူရစေလိုကြောင်းလည်းၡင်းကပြောကြား သည်။

"ကျွန်မတို့ နိုင်ငံသားအားလုံးက ပညာရေးကိုစိတ်ဝင်စားပြီးတော့ ထောက်ခံအားပေးမှ နိုင်ငံတိုးတက်မှာပါ။ ကျွန်မတို့အချင်းချင်း သဘောမတူညီတာတွေ ရှိနေပေမယ့် ပညာရေးနဲ့ ပတ်သက်လို့ကတော့ အားလုံး တစ်သဘောတည်း ရှိမယ်လို့ ထင်ပါတယ်။ ကျွန်မတို့ နိုင်ငံမှာ ပညာဖွံ့ဖြိုးစေချင်တယ်။ ကျွန်မတို့လူငယ်တွေဟာ ကမ္ဘာ့အဆင့်အတန်းနဲ့မီအောင်လို့ ပညာတွေရစေချင်တယ်"ဟုဒေါ်အောင်ဆန်းစုကြည်ကဆိုသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့်ဖွဲ့စည်းထားသော အမေ့အိမ်ပညာရေး ကွန်ရက်ဝင် ပညာဒါနကျောင်းများမှ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ ရောင်းချခဲ့ကြပြီး အလှူငွေ ကျပ်သိန်းသုံးဆယ်ကျော် ရရှိခဲ့ကြောင်း သိရသည်။

:::::::::::::::::::::: ပညာရေးသတင်းတိုများ ::::::::::::::::::::::

### တကသိုလ်၊ ဒီဂရီ၊ ကောလိပ်များ၏ ပထမနှစ်သင်တန်း ဒီဇင်ဘာလဆန်းတွင်ဖွင့်မည်

**ရန်ကုန်၊ နိုဝင်ဘာ - ၂၅**

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ပထမနှစ် သင်တန်းများကို ဒီဇင်ဘာလ ၇ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။ ဒုတိယနှစ်နှင့်အထက် သင်တန်းများအား ဒီဇင်ဘာလ ၁ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီး၌ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

### ပညာရပ်ဆိုင်ရာဟောပြောပွဲကျင်းပမည်

**ရန်ကုန်၊ နိုဝင်ဘာ - ၂၃**

"Tunnelling and Underground Space Utilization" အမည်ဖြင့် ပညာရပ်ဆိုင်ရာဟောပြောပွဲကို လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ဒီဇင်ဘာ ၃ရက်၊ နံနက် ၈ နာရီခွဲတွင် ဟောပြောပွဲစတင်ပြုလုပ်မည်ဖြစ်ပြီး စိတ်ဝင်စားသူများတက်ရောက်လေ့လာနိုင်သည်။

### မလေးရှားပညာရေးနှင့်ခရီးသွားဆိုင်ရာ ပြပွဲငယ် ကျင်းပမည်

**ရန်ကုန်၊ နိုဝင်ဘာ - ၂၅**

မလေးရှားခရီးသွားလုပ်ငန်းမှ ဆောင်ရွက်သည့် Mini Malaysia Showcase ပြပွဲကို ဒီဇင်ဘာလ ၁ ရက်တွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ မလေးရှားနိုင်ငံသို့ အလည်အပတ်သွားရောက်ခြင်း၊ ပညာသင်ယူရန်သွားရောက်ခြင်း စသည်တို့အတွက် အစီအစဉ်များပါဝင်မည့် ၎င်းပြပွဲအား နေ့လယ် ၂ နာရီမှ၅ နာရီထိ စိတ်ဝင်စားသူများ ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။



## ပြေတီဦး ပညာရေးဖောင်ဒေးရှင်း ၂၀၁၂ ပညာသင်နှစ်အတွက် ကျောင်းသား၁၀ဦး ရွေးချယ်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ-၁၉**

ပြေတီဦးပညာရေးဖောင်ဒေးရှင်းမှ ၂၀၁၂ ခုနှစ် ပညာသင်နှစ် အတွက် လျှောက်ထားလာသော ဆေးကျောင်းတက်ရောက်ရန် အဆင့်မီသည့် ကျောင်းသားကျောင်းသူများထဲမှ ၁၀ ဦးကို ရွေးချယ်ခဲ့ကြောင်း အဆိုပါဖောင်ဒေးရှင်းအဖွဲ့ဝင်တစ်ဦးက ပြောသည်။

"ပြေတီဦးဖောင်ဒေးရှင်းက ဒီနှစ်အတွက် ကျောင်းသားကျောင်းသူ ၁၀ ယောက်ကို ရွေးခဲ့ပါတယ်။ တော်တော်လေးခက်ခက်ခဲခဲရွေးချယ်ခဲ့ရတာပါ။ နောက်ဒင်းနစ်ကုမ္ပဏီက ထောက်ပံ့မယ့် သုံးဦး၊ စုစုပေါင်း ၁၃ ဦးကို ရွေးချယ်ထားပြီ။ ဖောင်ဒေးရှင်းဆိုတာ ရန်ပုံငွေ တောင့်တင်းဖို့လိုအပ်တဲ့အတွက်တစ်ဖက်ကလည်း ရန်ပုံငွေပွဲကပြမယ်။ ဒင်းနစ်ကလည်း သိန်းတစ်ထောင်လှူဒါန်းပါတယ်" ဟု ၎င်းက ပြောသည်။

ပြေတီဦးဖောင်ဒေးရှင်းက တစ်နှစ်လျှင် ဆယ်ဦးစီ ထောက်ပံ့သွားပြီး ဖောင်ဒေးရှင်းစတင်တည်ထောင်စဉ်က ယခုနှစ်အထိ စုစုပေါင်း ၂၈ ဦး ထောက်ပံ့ခဲ့ကြောင်း သိရသည်။ ယင်းအပြင် ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ဓာတ်ပုံပါပြက္ခဒိန်နှင့်လေ့ကျင့်ခန်း စာအုပ် ထုတ်လုပ်ရန် အလှူရှင်တစ်ဦးက ကျပ်သိန်း ၃၀ ထောက်ပံ့ခဲ့သည်။

"နောက်နှစ်တွေမှာ ဆယ်ဦးစီ ဆက်လက် ထောက်ပံ့သွားရင် ဆေးကျောင်း ပညာသင်နှစ် ခြောက်နှစ်ကျော်လောက်ထောက်ပံ့မှာဖြစ်တာကြောင့် ကျောင်းသားကျောင်းသူ ခြောက်ဆယ်ကျော်ခုနစ်ဆယ်အထိ ဖြစ်သွားမယ်။ အဲဒါပြီးသွားရင် ဇီးရိုးကနေ ပြန်စပြီး ပြန်ရွေးချယ်ကူညီမယ်။ ဘာကြောင့်လဲဆို နှစ်စဉ်နှစ်တိုင်း ဆရာဝန်တွေက လိုအပ်နေလို့ဖြစ်ပါတယ်" ဟု ပြေတီဦးဖောင်ဒေးရှင်း ရန်ပုံငွေဖျော်ဖြေပွဲ အတွက် စာနယ်ဇင်းရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့သည်။

ပြေတီဦးမွေးနေ့ ဖျော်ဖြေပွဲကို ၂၀၀၉ ခုနှစ်က မျှော်စင်ကျွန်းတွင် ပြုလုပ်ခဲ့ပြီးနောက် ရရှိခဲ့သည့်အကျိုးအမြတ်များကို မည်သို့ပြန်လည်အသုံးချရမည်လဲတိုင်ပင်ကြရာမှ ဆေးကျောင်းတက်ရန် ငွေကြေးအခက်အခဲရှိသည့် ကျောင်းသားများအား ထောက်ပံ့ပေးမည့်အစီအစဉ်ဖြင့် ပြေတီဦး ပညာရေးဖောင်ဒေးရှင်းကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

## ဗြိတိန်အင်ဂျင်နီယာ ဒီပလိုမာသင်တန်းအတွက် သင်တန်းသား ၂၀ဦးအား ပညာသင်ဆုပေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

ဗြိတိန်အင်ဂျင်နီယာ ဒီပလိုမာသင်တန်းများအတွက် ပညာသင်ဆုအစီအစဉ်ဖြင့် သင်တန်းသား ၂၀ဦးအား ရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်း Glory သင်တန်းကျောင်းမှသိရသည်။

နှစ်စဉ်ပေးအပ်လျက်ရှိသော စီးတီးအန်ဂစ်(ယူကေ) အင်ဂျင်နီယာသင်တန်း ပညာသင်ဆုများအတွက် ဒီဇင်ဘာလ ၁၂ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်သည်။ သင်တန်းအမျိုးအစားပေါ်မူတည်၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများနှင့် အင်ဂျင်နီယာဒီပလိုမာလက်မှတ်ရရှိထားသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

အင်ဂျင်နီယာသင်တန်းများသည် ၆လမှ ၁နှစ်ထိ ကြာမြင့်မည်ဖြစ်၍ ပုံမှန်သင်တန်းကြေးမှာ ကျပ်တစ်သိန်းရှစ်သောင်းမှ ကျပ်လေးသိန်းခွဲထိ ကုန်ကျမည်ဖြစ်ပြီး ပညာသင်ဆုလျှောက်ထားသူများကို စာမေးပွဲစနစ်ဖြင့် စိစစ် ရွေးချယ်မည်ဖြစ်သည်။

အင်ဂျင်နီယာဘာသာရပ်ကို စိတ်ဝင်စားသော်လည်း ငွေကြေးမတတ်နိုင်သော လူငယ်များအတွက် အဆိုပါပညာသင်ဆု ဆောင်ရွက်ခြင်းဖြစ်ပြီး ငါးနှစ်တာကာလအတွင်း လူငယ် ၉၂ဦးအား ပညာသင်ဆုပေးအပ်ခဲ့ကြောင်းအဆိုပါသင်တန်းကျောင်းမှ သိရသည်။

ဗြိတိန်အသိအမှတ်ပြု အင်ဂျင်နီယာ သင်တန်းပညာသင် ဆုအတွက် သင်တန်း ၁၀မျိုးအား ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ပြီး www.glory-education.com တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# ဗြိတိသျှကောင်စီ အင်္ဂလိပ်စာသင်တန်း ဝင်ခွင့်စာမေးပွဲ ဇန်နဝါရီလဆန်း ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

ဗြိတိသျှကောင်စီက အင်္ဂလိပ်စာသင်တန်းသစ်များကို လာမည့်နှစ် ဇန်နဝါရီလ ၉ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သင်တန်းဝင်ခွင့်စာမေးပွဲအား ၂၀၁၂၊ဇန်နဝါရီလ ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖြေဆိုသူတစ်ဦးလျှင် ကျပ်တစ်သောင်းပေးသွင်းဖြေဆိုရမည်ဖြစ်သည်။

အဆိုပါ အင်္ဂလိပ်စာသင်တန်းများကို အသက်အရွယ်အလိုက် ငါးမျိုးပိုင်းခြားထားပြီး အင်္ဂလိပ်စာစွမ်းရည်လေးမျိုး ပိုမိုတိုးတက်လာစေရန် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

“သင်တန်းဝင်ခွင့် စာမေးပွဲကြေးက စျေးကြီးနေတယ်။ သင်တန်းတက်ဖို့မဟုတ်ဘဲ ကိုယ့်အရည်အချင်းကိုယ်သိအောင်ဝင်ဖြေချင်တာပါ။ သင်တန်းကြေးလည်း မတတ်နိုင်ပါဘူး”ဟု ကုမ္ပဏီဝန်ထမ်းလူငယ်တစ်ဦးက ဆိုသည်။


ဗြိတိသျှကောင်စီတွင် အင်္ဂလိပ်စာ သင်တန်းများအား ယခုသင်တန်းမှစ၍ မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံမည်ဖြစ်ပြီး သင်တန်းတစ်ခုအတွက် ကျပ်နှစ်သိန်းကိုးသောင်းပေးသွင်းရန် သတ်မှတ်ထားသည်။

သင်တန်းများအတွက် အသက် ၇ နှစ်နှင့်အထက် ကျောင်းသားများ တက်ရောက်လေ့လာနိုင်ပြီး ဝင်ခွင့်စာမေးပွဲအချိန်စာရင်းများအား www.myanmar-network.net တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်သည်။

# အိုင်ဘီသင်တန်းတက်ရောက်ခွင့် ပညာသင်ဆုပေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၆**



ဟောင်ကောင်နှင့် ဗြိတိန်တို့တွင် တက္ကသိုလ်ဝင်ခွင့်သင်တန်းတစ်ခုဖြစ်သော International Baccalaureate (IB) သင်တန်းတက်ရောက်နိုင်ရန် မြန်မာကျောင်းသားများအား ပညာသင်ဆုပေးအပ်မည်ဖြစ်ကြောင်းသိရသည်။

ဟောင်ကောင်တွင် တည်ရှိသော Lin Po Chun World College တွင် ၂၀၁၂ခုနှစ်၊ဩဂုတ်လ၌ သင်ကြားမည့် IB သင်တန်းအတွက် မြန်မာကျောင်းသားနှစ်ဦးအား ပညာသင်ဆု ချီးမြှင့်မည်ဖြစ်ပြီး http://www.lpcuwc.edu.hk တွင် ဝင်ရောက်ကြည့်ရှုလေ့လာထားနိုင်သည်။

ဗြိတိန်တွင် တည်ရှိသော Atlantic United World College တွင် ၂၀၁၂ခုနှစ်၊ဩဂုတ်လ၌ သင်ကြားမည့် IB သင်တန်းအတွက် မြန်မာကျောင်းသားတစ်ဦးအား ပညာသင်ဆုချီးမြှင့်မည်ဖြစ်ပြီး http://www.atlanticcollege.org/ တွင်ဝင်ရောက်ကြည့်ရှုလေ့လာထားနိုင်သည်။

ပညာသင်ဆုအတွက် စိတ်ဝင်စားသော ကျောင်းသားများအနေဖြင့် uwcmyanmarc@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ နိုင်ငံတကာရှိ အဆင့်မြင့်တက္ကသိုလ်များတွင် ကျောင်းဝင်ခွင့်ရရှိရန်အတွက် ၂ နှစ်ကြာ သင်ကြားရသည့် IB သင်တန်းများကို ကျောင်းသားများ တက်ရောက်လေ့လာသင်ယူလျက်ရှိကြသည်။

# ကိုရီးယားပညာရေးဆိုင်ရာ ရုပ်သံအစီအစဉ်များ ပြည်တွင်း ထုတ်လွှင့်ပြသမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၁**

MRTV-4 ရုပ်သံလိုင်းထုတ်လွှင့်ပြသနေသော Forever Group သည် ကိုရီးယားပညာရေးရုပ်သံထုတ်လွှင့်မှုစနစ် (EPS)နှင့် ပူးပေါင်း၍ ကိုရီးယားပညာရေးဆိုင်ရာရုပ်သံ အစီအစဉ်များကို ပြည်တွင်း၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Forever Group နှင့် Education Broadcasting System (Korea)တို့၏ အပြန်အလှန်နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲအား ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။

“MRTV-4 မှာရော၊ အခပေးလိုင်းတွေမှာပါ ပြသသွားမှာပါ။ ဘယ်တော့ပြမလဲတော့ မသိဘူး။ အခုမှ သဘောတူလက်မှတ်ထိုးပြီး စီစဉ်နေကြတာပါ”ဟု အဆိုပါကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

အဆိုပါ ကိုရီးယားရုပ်သံလိုင်းသည် ကျောင်းသားများ၏ ပညာရေးကို အထောက်အကူဖြစ်စေသော အစီအစဉ်များအား အဓိကထား ထုတ်လွှင့်လျက်ရှိပြီး အင်္ဂလိပ်ပိုင်းဆိုင်ရာပညာရေးအစီအစဉ်များ၊ ကိုရီးယားလူမျိုးတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ပညာရေးနှင့် ကလေးအစီအစဉ်များကို ထုတ်လွှင့်ပြသလျက်ရှိသည်။



# Technology

7DAY NEWS JOURNAL


Vol.10, No.37 • DECEMBER 1, 2011


# အင်တာနက် မြန်နှုန်းဆက်လက်နှေးကွေးပါက အိုင်တီနှင့်ဆက်စပ်လုပ်ငန်းများ အခက်တွေ့နိုင်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

မြန်မာနိုင်ငံ၏ အဓိကအချက်အချာမြို့များဖြစ်သည့် ရန်ကုန်နှင့် မန္တလေးမြို့တွင် အသုံးပြုနေကြသည့်အင်တာနက်လိုင်းများ၏ မြန်နှုန်းနှေးကွေးမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက ယင်းကို မှီခိုနေရသည့် စီးပွားရေးလုပ်ငန်းများ၏ ရေရှည်ရပ်တည်နေနိုင်မှုကို သိသိသာသာရိုက်ခတ်မှုများဖြစ်လာတော့မည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းရှင်များနှင့် သုံးစွဲသူများက တညီတညွတ်တည်းအသိပေးပြောဆိုကြသည်။



အဓိကမြို့ကြီးများ၏ အင်တာနက် ဆက်သွယ်မှုလိုင်းများ နှေးကွေးမှုများဖြစ်ပေါ်နေခြင်းမှာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအများစုနှင့် အခြေခံသုံးစွဲသူများအကြားတွင်သာ အများဆုံးဖြစ်ပေါ်နေခြင်းဖြစ်သည်။

မြန်နှုန်းအမြင့်ဆုံးဟုဆိုထားသည့် ဖိုက်ဘာအင်တာနက်လိုင်းများနှင့် ယင်းစနစ်ကိုအသုံးပြုနေသည့် မန္တလေးမြို့တွင်ပင် သုံးစွဲမှုများအဆင်မပြေဖြစ်နေရကြောင်းမြို့ခံလုပ်ငန်းရှင်အချို့ကဆိုကြသည်။

"ဖိုက်ဘာလိုင်းကို ကုမ္ပဏီတစ်ခုကနေ တူးမက်အထိ အမြင့်ဆုံးကိုယူထားတာတောင်မှ အင်တာနက်ကိုဖုန်းလိုင်းမက်ခ်ဲ့ဝဲနဲ့သုံးမှရတယ်။ ကျန်တဲ့အင်တာနက်စနစ်တွေ အကုန်လုံးသုံးခဲ့ပေမယ့်ခုအမြင့်ဆုံးအကောင်းဆုံးလို့ဆိုတဲ့ဖိုက်ဘာလိုင်းအထိပဲဝယ်ခါစပဲ အဆင်ပြေတယ်။ နောက်ပိုင်းဆို သွားတော့တာပဲ" ဟု မန္တလေးမြို့မှ ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးဖြစ်သော ဦးရဲမြတ်သူကဆိုသည်။

ထို့အပြင် မန္တလေးမြို့တွင် FttH အင်တာနက်လိုင်းကိုဝယ်ယူရာတွင် ဝယ်ယူသူများက ၎င်းတို့ဝယ်ယူသည့် အင်တာနက်လိုင်းသည် မည်မျှပင်ပြတ်တောက်နှေးကွေးလေးလံခြင်း၊ သုံးစွဲမရခြင်းများဖြစ်ပေါ်လာစေကာမူကုမ္ပဏီနှင့် လုံးဝမသက်ဆိုင်ပါကြောင်း သဘောတူစာချုပ်တွင်လက်မှတ်ရေးထိုးပြီးမှ ဝယ်ယူနိုင်ကြောင်း သိရသည်။

"ဒီအတိုင်းသာ ကြာလာရင်တော့ အင်တာနက်ဆိုင်တွေမလွယ်တော့ဘူး။ ပြီးတော့ နိုင်ငံတကာမှာက ဆက်သွယ်ရေးဝန်ကြီးဌာနဆိုတာမျိုးက Rules and Regulations တွေ၊ Standard တွေနဲ့ စနစ်တွေကိုတန်းဝင်၊မဝင်၊ဥပဒေနဲ့ညီလား၊မညီလားကိုတိတိကျကျလုပ်ပေးဖို့အတွက်ဖြစ်တယ်။ ဒီမှာကတော့ ဒိုင်နဲ့ ထိုးသားက တစ်ယောက်တည်းလိုသူတို့ကပဲစီးပွားရေးထဲဝင်လုပ်နေတာကြောင့် ရေရှည်ဆိုဒီထက်ဆိုးလာနိုင်တယ်" ဟုမန္တလေးမြို့နှင့် ရန်ကုန်မြို့တွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ရောင်းဝယ်ခြင်းများလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထို့အပြင် လက်ရှိကျင်းပနေသည့် လွှတ်တော်အတွင်းသို့ နည်းပညာဆိုင်ရာများကို နားလည်တတ်ကျွမ်းသူ ပညာရှင်များ၊ လုပ်ငန်းရှင်များဝင်ရောက်သင့်ပြီး ယခုအချိန်ထိ ပြည်တွင်းနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်သွင်းအဆိုပြုခြင်းများကို သိသာထင်ရှားစွာ မတွေ့မြင်ရသေးကြောင်း ပြည်တွင်းအင်တာနက်သုံးစွဲသူများ၊ကွန်ပျူတာပညာရှင်များ၊လုပ်ငန်းရှင်များကဆိုကြသည်။

နေရာအနှံ့အပြားတွင် ဖွင့်လှစ်ထားကြသည့် အများပြည်သူသုံးအင်တာနက်ဆိုင်များအနေဖြင့်လည်း အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးအချို့က ရောင်းချပေးနေသည့်ထွက်ရှိသမျှအင်တာနက်လိုင်းများကို ဝယ်ယူသုံးစွဲနေကြသော်လည်း အဆင်မပြေခြင်းများဆက်တိုက်ကြုံတွေ့နေကြရသည်ဟုယင်းလုပ်ငန်းလုပ်ကိုင်သူများက ဆက်လက်ဆိုကြသည်။

"တကယ်တော့ အင်တာနက်ဆိုတာက တိုင်းပြည်တစ်ခုရဲ့ ကုန်ထုတ်စွမ်းအားစုနဲ့သက်ဆိုင်တယ်။ ကမ္ဘာကြီးကို အချိန်နဲ့တစ်ပြေးညီအချိတ်အဆက်ရှိနိုင်မှ ခေတ်မီတဲ့ ထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေ ထွက်လာမှာ။ နိုင်ငံတကာရောက်နေတဲ့ မြန်မာမိသားစုနဲ့ ဒီမှာကျန်ခဲ့တဲ့သူတွေ ပုံမှန်ဆုံစည်းနိုင်ဖို့က ဒီအင်တာနက်တစ်နည်းပဲရှိတယ်"ဟုအထက်ပါမန္တလေးမြို့မှ ကွန်ပျူတာလုပ်ငန်းရှင်ကဆက်လက်ပြောသည်။

ယခုကဲ့သို့အင်တာနက်လိုင်းများ နှေးကွေးပြတ်တောက်မှုများမှာ မရပ်မနားဆက်တိုက်ဖြစ်ပေါ်နေသည့်အချိန်တွင် ယခုနှစ်ဆန်းပိုင်းက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်မှတစ်ဆင့် နိုင်ငံတကာသို့ တယ်လီဖုန်းဆက်သွယ်ပြောဆိုနိုင်သည့် Pfingo, VZO အစရှိသည့်ဆက်သွယ်မှုလိုင်းများကို နိုင်ငံတော်၏နိုင်ငံခြားဝင်ငွေရရှိမှုအပေါ် ထိခိုက်စေသည့် အတွက် အသုံးမပြုရန်တားမြစ်မှုများပြုလုပ်ခဲ့သည်။

သို့သော် ယင်းဆက်သွယ်မှုစနစ်များသည် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရပ်ခြားတယ်လီဖုန်းဆက်သွယ်မှုစနစ်အတွက် ဈေးနှုန်းအသက်သာဆုံးနှင့် အမြန်ဆန်ဆုံးစနစ်တစ်ခုဖြစ်နေသဖြင့် မဖြစ်မနေဆက်လက်အသုံးပြုနေကြရသည်ဟု သုံးစွဲသူများထံမှသိရသည်။

လက်ရှိပြည်တွင်း အင်တာနက်လိုင်းအမျိုးအစားစုံကို လူသိများသည့်စီးပွားရေးလုပ်ငန်းစုကြီးများဖြစ်သော ထူးကုမ္ပဏီပိုင် Elite Tech ၊ Fortune International ၊ IGE ၊ RedLink Communications၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တို့ကနေရာဒေသ အပိုင်းလိုက် တာဝန်ယူရောင်းချပေးလျက်ရှိသည်။

## ကောလင်းမြို့နယ် ဂျီအက်စ်အမ်ဖုန်းလိုင်းအတွက် BTS စခန်းများနှင့် တာဝါတိုင်စိုက်ထူခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**စိုင်းလှုမင်း**

**ကောလင်း၊ နိုဝင်ဘာ- ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွက် ဂျီအက်စ်အမ်တန်ဖိုးနည်းဖုန်းများကို Fortune ကုမ္ပဏီနှင့် မြန်မာပိတောက်ကုမ္ပဏီတို့က ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ လိုအပ်သည့် BTS စခန်း ခြောက်ခုအား လျှပ်စစ်မီးရရှိရေးနှင့် အဆောက်အအုံများကို အပိုင်းများခွဲ၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ကောလင်းမြို့နယ်တွင် နိုဝင်ဘာပထမပတ်၌ ပထမအဆင့် အနေဖြင့်BTSစခန်းတည်ဆောက်ခြင်း၊ တာဝါတိုင်များစိုက်ထူခြင်းလုပ်ငန်းအား အော်တိုအိတ်ချိန်းရုံးနှင့် ကျော်ဇေယျာရပ်ကွက် (ကြေးနန်းရုံး)တို့တွင် အဆောက်အအုံများစတင်ဆောက်လုပ်နေကြောင်း၊ ဒုတိယအဆင့်အနေဖြင့် BTS စခန်း ၂ ခုဖြစ်သော စက်ရုံလယ်ပြင်ရပ်ကွက်၊ ကျောက်တန်းကျေးရွာတွင်လည်းကောင်း၊ တတိယအဆင့်အနေဖြင့် မြေနီကျေးရွာနှင့် ဥက္ကံ၊ မိုးနှံကျေးရွာတို့ဖြစ်ကြောင်း ကောလင်းမြို့နယ်ဆက်သွယ်ရေးတာဝန်ခံအင်ဂျင်နီယာထံမှသိရသည်။

အဆိုပါ BTS စခန်းတစ်ခုတွင် တာဝါတိုင်စိုက်ထူ၍ တစ်တိုင်လျှင် GSM အလုံး ၃,၀၀၀ နှုန်းဖြင့် ဒေသခံပြည်သူများ ဈေးသက်သာစွာ ဝယ်ယူနိုင်ရန်စီစဉ်ထားမည်ဖြစ်ပြီး သက်ဆိုင်ရာကုမ္ပဏီများက မိုဘိုင်းဖုန်းချထားပေးရေး နိုင်ငံတော်၏ စီမံချက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသောစံများအတိုင်း BTS စခန်းများအဆောက်အအုံတည်ဆောက်ခြင်း တာဝါတိုင်များစိုက်ထူခြင်းများ၊ တိုင်အသစ်ဆွဲခြင်းများကို ဒေသအနှံ့ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

## မုံရွာမြို့တွင် ပဉ္စမအကြိမ်မြောက် ကွန်ပျူတာဈေးရောင်းပွဲတော် ကျင်းပမည်

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ- ၂၅**

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(စစ်ကိုင်းတိုင်းဒေသကြီး)တို့မှ ဦးစီးကျင်းပမည့်ပဉ္စမအကြိမ်မြောက် အိုင်စီတီနည်းပညာနှင့်ကွန်ပျူတာဈေးရောင်းပွဲတော်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်မှ ၂၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၆ နာရီအထိသုံးရက်ကြာကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ရန်ကုန်၊မန္တလေးမြို့ကြီးနှစ်မြို့မှ ကုမ္ပဏီပေါင်း ၂၀ ကျော်တို့မှ ကွန်ပျူတာဆက်စပ်ပစ္စည်းအရောင်းဆိုင်နှင့်ကုမ္ပဏီများ လာရောက်ရောင်းချမည်ဖြစ်သည်။







# အိုင်တီနှင့် မိုဘိုင်းဖုန်းပြပွဲကျင်းပမည်

ယုဇနကိုကို

**ရန်ကုန်၊ နိုဝင်ဘာ- ၂၅**


အိုင်စီတီနှင့် မိုဘိုင်းဖုန်းဆိုင်ရာ ဆက်စပ်ထုတ်ကုန်ပစ္စည်းများကို တစ်စုတစ်စည်းတည်းပြသရောင်းချမည့် New Year IT & Mobile Fair 2012 ကို လာမည့် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပမည့် အဆိုပါနှစ်သစ်ကူးအိုင်စီတီနှင့် မိုဘိုင်းဖုန်းပြပွဲတွင် သတင်းအချက်အလက်နှင့် နည်းပညာကုမ္ပဏီများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းရောင်းချသည့် ကုမ္ပဏီများ၊ မိုဘိုင်းဖုန်းနည်းပညာလုပ်ငန်းများက ၎င်းတို့ရောင်းချသည့် ထုတ်ကုန်ပစ္စည်းများကို အထူးလျှော့ဈေးများဖြင့် ရောင်းချကြမည်ဖြစ်သည်။

အဆိုပါ အိုင်စီတီနှင့်မိုဘိုင်း နည်းပညာပြပွဲတွင် ပါဝင်ပြသလိုသည့်ပြည်တွင်းကုမ္ပဏီများအနေဖြင့် မဲစနစ်ဖြင့်ငှားရမ်းနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်ကုမ္ပဏီများကို ဦးစားပေးစနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်သည်။

ထို့အပြင် ကုမ္ပဏီတစ်ခုလျှင် ပြခန်းအရေအတွက် ၁၀ ခန်းအထိ အများဆုံးငှားရမ်းခွင့်ရှိမည်ဖြစ်ကြောင်းသိရသည်။ ပြခန်းများငှားရမ်းမှုအတွက် လာမည့် ဒီဇင်ဘာ ၇ ရက်တွင် မဲစနစ်ဖြင့်ရွေးချယ်မည်ဖြစ်သည်။

၂၀၁၂ ဇန်နဝါရီနှစ်ဆန်းပိုင်းတွင်ကျင်းပမည့် အဆိုပါ New Year IT & Mobile Fair (2012) ကို ၂၀၁၂ ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းမပေါ်ရှိ တပ်မတော်ခန်းမတွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကျင်းပသွားမည်ဖြစ်သည်။






7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011



# မင်္ဂလာကန့်လန့်ကာအဖွင့် အောင်စည်ဖြင့်ရှမ်းစေသောဝ်

■ (ကိုသိုး-သဲကုန်း) ■

ဟို တစ်လောက ဂျာနယ် တစ်စောင်ထဲမှာကာတွန်းတစ်ခု ဖတ်လိုက်ရသည်။ကာတွန်းဆရာကိုမူ မမှတ်မိတော့။ ကာတွန်းကိုတော့ ကြိုက်လွန်းသဖြင့်မှတ်မိနေ၏။လှေပေါ်မှ ငနဲကလက်ထိုးလွှကိုကိုင်ထားသည်။ လှေနံမှာလည်း အထစ်တစ်ထစ်ထစ်ထားသည်။ ပါးစပ်က "ဓားနဲ့ထစ်တာမဟုတ်ဘူး" ဟု ပြောသည်။

ထိုကာတွန်းကို ဖတ်ပြီး ပြုံးလိုက်မိသည့် ကျွန်တော်က အကြောင်းအရာ တိုက်ဆိုင်တိုင်း ထိုကာတွန်းလေးကို သတိရသည်။

လှေနံဓားထစ် မဟုတ်ဘူးဆိုကြသော်လည်း လှေနံမှာတော့ အထစ်တစ်ထစ် မြင်နေရသည့် အဖြစ်မျိုးတွေကို ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ခုတစ်လောမြင်နေကြားနေရသည်။ ကျွန်တော်ကဖြင့် ဘာနဲ့ပဲထစ်ထစ်လှေနံမှာ အထစ်လုပ်ပြီးမှတ်သားသည့် အမှတ်သညာစွဲမျိုးကို ခံတွင်းမတွေ့ချင်။

လှေသည်လည်းကောင်း ရေသည်လည်းကောင်း အစဉ်မမြဲ၊ ပြောင်းလဲနေသည်ဟုယုံသည်။မည်သည့်တရားနှင့်ပင် ကြည့်ကြည့်မြဲနေချင်၍မရ၊တည်နေချင်၍မရ။ ပင်ကို သန္တေ၌ပင် ပြောင်းလဲခြင်း၏အညှောက်ပေါက်ငယ်တစ်ခုပါရှိလာခဲ့သည်ဟုယုံကြည်သည်။ အဖြစ်ရှိလျှင် အပျက်ရှိသည်မုချ။

ထို့ကြောင့် ကျွန်တော်က လှေနံကိုဓားထစ်၍ မမှတ်ချင်။ အရာရာကို မိမိ၏ရှိရင်းစွဲ ပေတံ တစ်ချောင်းတည်းအားကိုးဖြင့် မတိုင်းတာချင်။ အကြောင်းမှာမိမိ၏ရှိရင်းစွဲပေတံသည်ပင်မမြဲသောကြောင့်ဖြစ်၏။

ထို့ကြောင့် လှေနံကိုဓားထစ်ခြင်းသည်လည်းကောင်း၊ ရှိရင်းစွဲပေတံဖြင့် ကောက်ကောက်တိုင်းခြင်းသည်လည်းကောင်း မျက်မှန်စိမ်းတပ်၍ကြည့်ခြင်းသည်လည်းကောင်းပကတိ အမှန်တရားနှင့်ဝေးသည်ဟုထင်သည်။

ဘယ်အရာကိုမဆို အဂတိမပါတမ်းပကတိအရှိအတိုင်းရှုမြင်ခြင်းသည်သာ အဖြေမှန်ထုတ်နိုင်ဖို့နီးစပ်သည်ဟု ယုံသည်။

ဤသို့ရှည်ရှည်ဝေးဝေးနိဒါန်းချီနေမိသည်မှာ ယခုတစ်လောကျွန်တော်တို့ပတ်ဝန်းကျင်တွင် ကြား ကြားနေရသည့် "မယုံဘူး" ဆိုသည့်စကားသံများကြောင့်ဖြစ်၏။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ပါတီကို မှတ်ပုံတင်တော့မည်ပေါ်ပေါက်လာမည့်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်တော့မည်ဆိုသည့်အခါ "ဘောင်းဘီချွတ်သည်မှာပင် ပူပူနွေးနွေးသာရှိသေးသည့်အရပ်သားအစိုးရဆိုတာကြီးကို ယုံလို့ ပုံတော့မှာလား" အသံတွေကြားလာရသည်။ ထိုအသံတွေသည် စေတနာမြစ်ဖျားမှ စီးဆင်းလာကြခြင်း ဖြစ်ကြောင်းကိုမူ အငြင်းပွားစရာရှိမည်မထင်။

သို့သော် ထိုမယုံဘူး အတွေးနှင့်အတူ ကျောချင်းကပ်လျက်သားပါလာသည့်လိမ်ဦးမှာပါ၊အချိန်ဆွဲဦးမှာပါ၊ သူတို့ကိုယုံပြီးလွှတ်တော်ထဲဝင်တာဟာကျော့ကွင်းကိုနင်းတာပဲဆိုသည့် ကြိုတင်ဟောကိန်းတွေကမူမွဲပြာပုဆိုးဆန်လွန်းသည်ထင်၏။

ကြိုတင်ဟောကိန်းတွေ အထင်တွေနှင့် မပြောကြစတမ်းပါကွယ့်ဟုဆိုချင်သည်။ ပကတိအရှိတရားသက်သက်ကိုကြည့်စေချင်သည်။အကောင်းမြင်နှင့်အဆိုးမြင်အတ္တနောမတိများကို စင်အောင်ဖယ်မှပကတိကိုမြင်နိုင်သည်။ပကတိကိုမြင်မှ လှမ်းရမည့်ကိုယ့်ခြေလှမ်းကို ကိုယ်ချိန်ဆနိုင်မည်။ ထို့ကြောင့် အရှိတရားကိုမြင်အောင်ကြည့်ဖို့ဆော်သြချင်သည်။

ကျွန်တော်ကတော့ ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေကို အရှိအတိုင်း စိတ်စွဲမပါဘဲကြည့်ကြည့်သည်။ ထိုသို့ကြည့်သောအခါသိမ်မွေ့လွန်းစွာရွေ့နေသည်ဟုမြင်သည်။

သိမ်မွေ့လွန်းစွာ ရွေ့သည်ဆိုရာ၌ဖြည်းဖြည်းချင်း ရွေ့သည်၊ ကလေးပေါက်စနလေးတစ်ယောက်လမ်းလျှောက်သလို စမ်းစမ်း စမ်းစမ်းဖြင့် ရွေ့နေသည်ဟု ဆိုချင်သည်။

ထပ်မံ၍ တိကျအောင် အသေးစိတ်ရပါက မွေးရာပါပိုလီယိုရောဂါသည် ကလေးငယ် တစ်ယောက် လမ်းလျှောက်နေသည့် အရွေ့မျိုးဟု ပွင့်လင်းစွာပဲ မြင်ချင်သည်။

ဘယ်လိုပဲရွေ့ရွေ့ ကျွန်တော်ကမူ အရွေ့ကို အရွေ့ဟုသာ မြင်သည်။ နေးရကောင်းလားဟု အပြစ်မမြင်ချင်။ နေးလျှင်လည်း နေးရသည့် အကြောင်းရှိသည်။ မြန်လျှင်လည်း မြန်ရသည့်အကြောင်းရှိသည်။

ဖြစ်စဉ်တိုင်းတွင် အကြောင်းနှင့်အကျိုးရှိ၏။ အကြောင်းမရှိဘဲ အကျိုးမရှိနိုင်။ အတိတ်မရှိဘဲ ပစ္စုပ္ပန်မရှိနိုင်။

ဖြတ်သန်းခဲ့ကြပြီးသောထိုအတိတ်၏အကြောင်းတရားများဆီသို့အဂတိကင်းသော ပကတိမျက်လုံးများကို ကျွန်တော်တို့ အားလုံးကိုယ်စီသူရောကိုယ်ပါတပ်ဆင်ကြလျက် ခေတ္တမျှ တစ်ကျော့ပြန်၍ အတူကြည့်ချင်သည်။

(၁)၁၉၈၈၊ဩဂုတ်လ၈ ရက်တွင် စတင်၍ နိုင်ငံတစ်ဝန်းလုံးလှည်းနေလှေအောင်းမြင်းစောင်းမကျန်အုံကြွပါဝင်သော တစ်ပါတီအာဏာရှင်စနစ်ကိုဆန့်ကျင်သည့်ပြည်သူ့အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။

(၂) တစ်ပါတီ အာဏာရှင်စနစ်ပြုတ်ကျရေးအုံကြွပေါက်ကွဲနေသော ပြည်သူများကို ဖြိုခွဲကာ ၁၈. ၉. ၈၈တွင်တပ်မတော်မှအာဏာရယူလျက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးတာဝန်ကိုယူသည်။

(၃)ပြည်သူ့အရေးတော်ပုံကြီး၏ အသီးအပွင့်အဖြစ် ၁၉၉၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအားနိုင်ငံတော်တာဝန်ကို ရယူထားသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်အစိုးရ)က တာဝန်ယူကျင်းပပေးခဲ့ရသည်။

(၄)ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အရှိန်အဟုန်ဖြင့် ဆန္ဒပြင်းပြနေကြသောပြည်သူလူထုကြီး၏ အကြွင်းမဲ့ထောက်ခံမှု ဆန္ဒမဲဖြင့် အပြတ်အသတ်အနိုင်ရရှိသည်။

(၅) ထိုရွေးကောက်ပွဲသည် လွပ်လပ်ပြီးတရားမျှတမှုအပြည့်အဝရှိသောရွေးကောက်ပွဲဖြစ်ကြောင်း ကိုရွေးကောက်ပွဲကျင်းပပေးသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတကာက တညီတညွှတ်တည်း အသိအမှတ်ပြုသည်။

(၆)သို့သော်ထိုရွေးကောက်ပွဲရလဒ်ကိုအကောင်အထည်ဖော်ရန်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ငြင်းပယ်သည်။

(၇) ၁၉၉၃ တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဦးစီးသော အမျိုးသားညီလာခံကိုခေါ်ယူကျင်းပသည်။

(၈)ထိုအမျိုးသားညီလာခံ၌ရေး ဆွဲလာသောနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြည်သူ့ဆန္ဒခံယူပွဲဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ ခုတွင် ဦးဆောင် အတည်ပြုသည်။

(၉) အတည်ပြုပြီးသော ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဦးစီးကာပါတီစုံ ရွေးကောက်ပွဲတစ်ခုကို ၂၀၁၀ တွင် ထပ်မံကျင်းပရန် စီစဉ်သည်။

(၁၀) နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေကိုလက်မခံနိုင်သဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကပါတီကို မှတ်ပုံမတင်ဘဲ ရွေးကောက်ပွဲကို ကျော်ခိုင်းသည်။

(၁၁)၂၀၁၁နိုဝင်ဘာလတွင် အများစုအနိုင်ရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီလွှတ်တော်ကိုယ်စားလှယ်များပါဝင်သော လွှတ်တော်အရပ်ရပ်ကိုနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပပေးလျက်သမ္မတဦးသိန်းစိန်၏ အရပ်သားအစိုးရတစ်ရပ်ပေါ်ပေါက်လာသည်။

(၁၂) တစ်ချိန်တည်းမှာပင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ် အကျယ်ချုပ်မှ လွှတ်ပေးသည်။

(၁၃) ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရသစ်၏ ကိုယ်စားလှယ် ဦးအောင်ကြည်တို့ဆွေးနွေးသည်။

(၁၄) နိုင်ငံတော် သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးသည်။

(၁၅)နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကိုအစိုးရသစ်၏လွှတ်တော်က ပြင်ဆင်ပေးသည်။

(၁၆) ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူအချို့ကို ပြန်လွှတ်ပေးသည်။

(၁၇) လွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရက ကျင်းပပေးခဲ့သော ပါတီစုံအထွေထွေရွေးကောက်ပွဲ၏ရလဒ်ကို အသိအမှတ်ပြုကြောင်း ဂျာနယ်တစ်စောင်နှင့် မေးဖြေခန်းတွင် ကိန်းဂဏန်းများဖြင့်အတိအကျ လူသိရှင်ကြား ဖွင့်ဟပြောဆိုသည်။

(၁၈) ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီကိုမှတ်ပုံတင်ရန်နှင့်ကျင်းပမည့်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန်ဆုံးဖြတ်သည်။

အထက်ဖော်ပြပါ အချက်များ အားလုံးကို စေ့စပ်စွာစဉ်းစားလေ့လာသုံးသပ်မည်ဆိုလျှင်တစ်ခုနှင့်တစ်ခုကြောင်းကျိုးဆက်နွယ်မှုများဖြင့်သဘာဝကျစွာ ချိတ်ဆက်နေသည်ကိုမြင်သာလိမ့်မည်ထင်သည်။

ကျွန်တော်တို့ အားလုံးသည် တစ်ဦးကိုတစ်ဦး စိုးရိမ်စိတ်တွင် အခြေခံသော သံသယမျက်လုံးများဖြင့်အပြန်အလှန်ရှုမြင်ကြရင်း ၂၃ နှစ်ကြာအောင် မည်သည့် အရွေ့တစ်ခုခုကိုမျှ ရွေ့အောင်မရွေ့နိုင်ခဲ့ကြ။သို့နှင့်ပင် တစ်မျိုးသားလုံး၏ ပညာရေး၊ စီးပွားရေး၊လူမှုရေး၊ စာရိတ္တရေး ကဏ္ဍအားလုံးသည်ရစရာမရှိ လောက်အောင်ထိ ပျက်စီးဆုံးရှုံး နစ်နာသွားခဲ့ရပြီ ဖြစ်ကြောင်းဆန္ဒစွဲမပါသည့် ပကတိမျက်လုံးဖြင့်ကြည့်သူတိုင်း သူမြင်ကိုယ်မြင် အားလုံးမြင်ကြမည်မှာသေချာသည်။

ထို့ကြောင့်ပင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အစိုးရသစ်ကနိုင်ငံတော်အတွင်းဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် အကျင့်ပျက်ခြစားမှုပပျောက်ရေးတို့ကို ပထမဦးစွာ ဆောင်ရွက်ရန်ရှိသည့် အရေးတကြီးလုပ်ငန်းစဉ်ကြီး နှစ်ရပ်အဖြစ် ဆောလျင်စွာဆောင်ရွက်လာရသည်။

ကျွန်တော်တို့နိုင်ငံသည် လူဦးရေ သန်းပေါင်းတစ်ထောင်ကျော်ရှိရုံမျှမက ကမ္ဘာ့စီးပွားရေးကဏ္ဍတွင်တံခွန်တလူလူဖြင့် အားကောင်းမောင်းသန် ခရီးနှင်နေကြသော နိုင်ငံကြီးနှစ်နိုင်ငံအကြား၌ တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုအင်အားကြီးနိုင်ငံ နှစ်နိုင်ငံ၏ကြားမှ ကျွန်တော်တို့သည် ကြွယ်ဝဖူးခဲ့သည့်လက်ကျန်သယံဇာတအပုံလေးပေါ် ငုတ်တုတ်လေးထိုင်ကာ ဒေသတွင်း အဆင်းရဲဆုံးနိုင်ငံအဖြစ်မျက်နှာငယ်စွာဖြင့် ရပ်တည်နေရသည့်အဖြစ်မှာတွေးလေတိုင်းအလွန်ကျောစိမ့်ရင်လေးစရာကောင်းသည့် အနေအထားဟု ကျွန်တော်ထင်သည်။

ထိုအဖြစ်ကို ဆန္ဒနှင့် အတ္တမပါသူတိုင်းက မြင်ကြသည်။ ထို့ကြောင့် အရွေ့တစ်ခုသည် မလွဲမသွေလိုအပ်လာရသည်။စတင်ရွေ့လျားရန်ပြင်ဆင်လာရသည်။တစ်ဖက်နှင့်တစ်ဖက် ရှိခဲ့ကြဖူးသော စိုးရိမ်စိတ်တွင်အခြေခံသည့်သံသယဝတ်ရုံများကို ဖယ်ခွာကြဖို့ ပြင်ဆင်လာရသည်။အမျိုးသားအကျိုးစီးပွားဆီသို့ ပြိုင်တူဦးတည်လာရသည်။ သွေးနီးလာရသည်။

ဆိုရလျှင်သူ့ပါတီကိုယ့်ပါတီ၊ သူ့အဖွဲ့ ကိုယ့်အဖွဲ့ အာဏာရရေးလမ်းကြောင်းမဟုတ်တော့ဟုကျွန်တော်ထင်သည်။ ချောက်ကမ်းပါးမှ အမျိုးသားနိုင်ငံတော်ကို ဆွဲတင်ကယ်မနိုင်ရန် အမျိုးသားရေး တာဝန်ကို ပြိုင်တူထမ်းဆောင်ဖို့ ခြေလှမ်းစလာကြခြင်းဖြစ်သည်ဟု ကျွန်တော်မြင်သည်။

ထိုသို့ အတူတကွ လက်တွဲထမ်းရွက်ကြတော့မည်ဆိုလျှင် အမှန်တကယ်အနှစ်ပေါက်သော အပြန်အလှန် ယုံကြည်မှုကို တည်ဆောက်ရန် အထူးလိုအပ်လာလေသည်။

"တူတာတွေကို စတင်၍ အတူလက်တွဲ ဆောင်ရွက်မည် " ဆိုသည့်ဒေါ်အောင်ဆန်းစုကြည်၏ စေတနာသဘောထားသည် အပြန်အလှန်ယုံကြည်မှု မုခ်ဦးဆီသို့ စတင်ခြေလှမ်းခဲ့သည့်ပွင့်လင်းဖြူစင်သော ရှိရင်းစွဲစေတနာဖြစ်ကြောင်း မြင်သာသည်။

ယခုအခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်ပါတီကိုတရားဝင်မှတ်ပုံတင်မည်။ ကျင်းပမည့်ရွေးကောက်ပွဲများတွင်လည်းပါဝင်ယှဉ်ပြိုင်အရွေးခံမည်။ ယခု လောလောဆယ်ကြားဖြတ်ရွေးကောက်ပွဲပေါ်ပေါက်လာသည့် အခါ၌ပင်လျှင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ပါဝင်၍ယှဉ်ပြိုင်အရွေးခံမည်ဆိုသည့်အခါ ပိုမိုကျယ်ဝန်းပြည့်စုံပွင့်လင်းသော တွေ့ဆုံဆွေးနွေးပွဲကြီးတစ်ခုကိုဆင်ယင်ကျင်းပနိုင်ဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခြေလှမ်းစလိုက်ခြင်းသာဖြစ်သည်ဟုယုံကြည်သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နေရာပြည့်အောင်ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဆိုစေကာမူ

စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# စာအုပ်သစ်၊ မျှော်လင့်ချက်သစ်၊ လမ်းသစ်

ကျော်ဝင်း



အိုဘားမားက မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပထမဆုံးမိန့်ခွန်းပြောကြားစဉ်



နိုဝင်ဘာ၁၈ရက်အစည်းအဝေးမှဒေါ်အောင်ဆန်းစုကြည်

**စာအုပ်သစ်**

ယခုရက်ပိုင်းအတွင်း သိသိသာသာ စာရေးကျဲသွားသည်။ မရေးဖြစ်သလောက်ပင် ရှိသည်။ စာအုပ်သစ်တစ်အုပ်ကို ကြိုးစားပမ်းစား 'ဖြို'နေရသောကြောင့် ဖြစ်ပါသည်။ စာအုပ်ကြီးမှာ နည်းနည်းနောနောမဟုတ်၊ စာမျက်နှာ ၅၀၀ ကျော် ဆိုဒ်ကြီး။ အကြောင်းအရာမှာလည်း ကျယ်သလား၊ နက်သလား မမေးနှင့်။ "လူသားအကြိုကာလမှ ပြင်သစ်တော်လှန်ရေးသို့" (From Pre-human Times to the French Revolution)ဟူ၍ပင် ဒုတိယခေါင်းစဉ်တတ်ထားသည်။ ဤမျှရှည်လျားထွေပြားလှသော၊သမိုင်းဖြစ်စဉ်ကြီးအတွင်း နိုင်ငံရေးဖွံ့ဖြိုးမှု၏ မဏ္ဍိုင်များ (တစ်နည်းနိုင်ငံရေးအစီအစဉ်) အဆင့်ဆင့်ဖွံ့ဖြိုးပုံကို ဆန်းစစ်လေ့လာထားသော ကျမ်းကြီးဖြစ်သည်။ နာမည်ကျော်ဖရန်စစ်ဖူကူယားမား၏ ယခုနှစ် ၂၀၁၁ ထုတ် စာအုပ်သစ် "The Origins of Political Order" ဖြစ်ပါသည်။

ကျမ်းရှင်ဖူကူယားမားက ဆိုခဲ့ပါ ခရီးရှည်ကြီးကို အဆင့်နှစ်ဆင့် ခွဲပြသည်။ 'သဘာဝ၏ပေးစာကမ်းစာကိုသာ ရှာဖွေစားသောက်ကြရသော အမဲလိုက်အစုလေးများ (Small groups of hunter-gatherers)မှ ဆွေမျိုးသားချင်းကို အခြေခံသော 'မျိုးတူစုများ'(Tribes)အဖြစ်သို့ စုစည်းလာသည်က ပထမအဆင့်၊ ဒုတိယအဆင့်မှာ အဆိုပါမျိုးတူစုများမှာ'ခေတ်သစ်နိုင်ငံတော်'(Modern State)အဖြစ်၊ အဆင့်ဆင့်ဖြစ်တွန်းလာပုံဖြစ်သည်။ ကျမ်းရှင်က ပထမအဆင့်ကို'နောက်ခံကားအဖြစ်သာ ခင်းပြပြီး ဒုတိယအဆင့်ကို အနုစိတ်ဖွင့်ဆိုသည်။ အထူးသဖြင့် နိုင်ငံရေးမျက်နှာစာ၏ မဏ္ဍိုင်သုံးရပ်(နိုင်ငံတည်ဆောက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ)တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုးလာပုံနှင့် အဆိုပါ မဏ္ဍိုင်များ၊ စီးပွားရေးမျက်နှာစာအပါအဝင် ကျန်မျက်နှာစာများနှင့် အပြန်အလှန်ချိတ်ဆက်ကျေးဇူးပြုကြပုံများကို မတူသော နိုင်ငံများ၏ အတွေ့အကြုံများဖြင့် ဆက်စပ်ခြေရာခံပြသည်။

ပထမမဏ္ဍိုင် 'နိုင်ငံတည်ဆောက်ရေး' (State Building)၏ ကျေးဇူးပြုမှုမှာ 'ဆွေမျိုးသားချင်းသစ္စာခံမှုထက် ကျော်လွန်သော နိုင်ငံတော်အပေါ် သစ္စာခံမှု'ကို ဖန်တီးတည်ဆောက်ပေးနိုင်ခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် 'ညီနောင်သားချင်းများ၏ နိုင်လိုမင်းထက်အုပ်စိုးမှု' (tyranny of cousins)ကို ထိန်းချုပ်ပေးသည်။ 'သန့်စွမ်းသော အစိုးရ'(Strong government) ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ ကျမ်းရှင်က ဤသမိုင်းအဆင့်အတွက် တရုတ်ပြည် ချင်မင်းဆက်ကို မှတ်တမ်းတင်သည်။ သို့တိုင်အောင် နိုင်ငံတော်အာဏာစက်လွန်ကဲလာရာမှ 'အုပ်စိုးသူများ၏ နိုင်လိုမင်းထက်ကြီးစိုးမှု' (tyranny of rulers)ပေါ်လာပြန်ရာ ဒုတိယမဏ္ဍိုင် 'တရားဥပဒေစိုးမိုးမှု'(rule of the Law)ဖြင့် ထိန်းရပြန်သည်။ ဤသမိုင်းအဆင့်အတွက်မူ ကျမ်းရှင်က အိန္ဒိယတိုက်ငယ်နှင့် အရှေ့အလယ်ပိုင်းကို အမှတ်ပေးသည်။

သို့နှင့်တိုင် ဆိုခဲ့ပါမဏ္ဍိုင်နှစ်ရပ် ရှိရုံမျှနှင့် 'ပတိရူပ'မဖြစ်နိုင်သေးဟု ကျမ်းရှင်က မှတ်ချက်ပြုပါသည်။ လူထု၏ဆန္ဒကိုထင်ဟပ်၍ လူထုအကျိုးစီးပွားကို ကိုယ်စားပြုနိုင်သော 'တာဝန်ခံမှုရှိသည့် အစိုးရ'(accountable government)ရှိဖို့လိုသည်ဟုဆိုသည်။ အဆိုပါ တတိယမဏ္ဍိုင် ဖွံ့ဖြိုးရေးကိုမူ သမိုင်းတွင်တာထွက်စောခဲ့သော တရုတ်၊ အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းတို့တာဝန်မယူနိုင်ခဲ့။ ပြင်သစ်တော်လှန်ရေးနှင့် စက်မှုတော်လှန်ရေးတို့၏ မွေးရပ်မြေဖြစ်ခဲ့သော ဥရောပနိုင်ငံများကသာ သဘာဝကျစွာ ပုံဖော်နိုင်ခဲ့သည်။ ဆိုခဲ့ပြီးသော မဏ္ဍိုင်သုံးရပ်သည်ပင် ခေတ်သစ်ဒီမိုကရက်တစ်နိုင်ငံတော်တည်ဆောက်ရေးအတွက်မဖြစ်မနေထူထောင်ရမည့်'ကျင့်ထုံး'သုံးရပ် (သို့မဟုတ်) အင်စတီကျူးရှင်းသုံးရပ်ဟု ကျမ်းရှင်ဖူကူယားမားက ကောက်ချက်ဆွဲပါသည်။

ဆိုခဲ့ပါ ကျင့်ထုံးသုံးရပ်(သို့မဟုတ်) အင်စတီကျူးရှင်သုံးရပ်ကိုတည်ဆောက်ရာတွင် မိမိသက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ ပကတိအရှိမှ အစပြုရမည်ဟုဆိုထားပြန်ရာ စာရေးသူမှာ ဖတ်ရမှတ်ရသမျှကို လက်လှမ်းမီသမျှ နိုင်ငံသမိုင်းအပေါ် တင်ကြည့်ရပြန်သည်။ နှစ်ပေါင်း ၈၀၀ ကျော်မျှကြာသော မြန်မာ့ပဒေသရာဇ်သမိုင်းတွင် ခေတ်သစ်နိုင်ငံတော်၏ ပထမမဏ္ဍိုင်ဖြစ်သော သန့်စွမ်းသည့်အစိုးရကို ထူထောင်နိုင်ခဲ့သည်မှာ သုံးကြိမ်မျှသာ ရှိခဲ့သည်။(အနော်ရထာ၊ဘုရင့်နောင်နှင့် အလောင်းဘုရား လက်ထက်)ကျန်အချိန်များတွင်မူ ထီးပြိုင်နန်းပြိုင် မင်းငယ်များအဖြစ်သာရှိခဲ့ရသည်။ ကံမကောင်းအကြောင်းမလှစွာ ခေတ်သစ်နှင့်ထိတွေ့ခွင့်ရခဲ့သည်မှာလည်း ကိုလိုနီဘဝရောက်တော့မှ ဖြစ်သည်။ သည်တော့လည်း ပထမမဏ္ဍိုင်နှစ်ရပ်(သန့်စွမ်းသော အစိုးရနှင့်တရားဥပဒေစိုးမိုးရေး) ကိုသာ အထိုက်အသင့်ရခဲ့သော်လည်း တတိယမဏ္ဍိုင်(တာဝန်ခံမှုရှိသော အစိုးရ)ကိုမူ ပီပီသသ မရခဲ့ပါချေ။ လွတ်လပ်ရေးရအပြီးတွင် မဏ္ဍိုင် သုံးရပ်ဖွံ့ဖြိုးရေးအတွက် လမ်းပွင့်လာခဲ့သော်လည်း ပြည်တွင်းစစ်နှင့်တိုးခဲ့ရပြန်၍ ထင်တိုင်းမပေါက်ဖြစ်ရပြန်သည်။ ၁၉၆၂ နောက်ပိုင်းတွင်ကား နိုင်ငံရေးလမ်းကြောင်းပြောင်းသွားရာမှ ဖွံ့ဖြိုးရေးနှင့် ဝေးသထက်ဝေးရတော့သည်။ သည်လိုနှင့် မဏ္ဍိုင်သုံးရပ်ဖွံ့ဖြိုးရေးကို သုညမှ စရမလို ရှိတော့သည်။ "ဟူး. . မောစရာကြီးပါလား"

**မျှော်လင့်ချက်သစ်**

ဤစာအုပ်ကြီး ဖတ်ပြီးခါစ တစ်နေ့(၁၈-၁၁-၂၀၁၁) ချိန်ခါသင့်စွာပင် မင်္ဂလာသတင်းသုံးခုကို တစ်ပြိုင်နက်တည်းကြားလိုက်ရရာ အမောတွေ ပြေရုံမျှမက မျှော်လင့်ချက်အသစ်တွေပြန်ဝေလာသည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သောအင်န်အယ်လ်ဒီပါတီ မှတ်ပုံတင်မည်။ ရွေးကောက်ပွဲတွေဝင်တော့မည်ဆိုသော သတင်း။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်မြန်မာပြည်လာမည်ဆိုသော သတင်း၊ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌဖြစ်ဖို့ သေချာသလောက်အလားအလာကောင်းနေပြီဆိုသော သတင်းများ ဖြစ်ပါသည်။ ပြောရလျှင် နှစ်ပေါင်း နှစ်ဆယ်ကျော်အတွင်းမင်္ဂလာသတင်းတွေကို ပထမဆုံးအကြိမ် အစုလိုက်၊ အပြုံလိုက်ကြားလိုက်ရခြင်း ဖြစ်သည်။

ပွင့်ပွင့်လင်းလင်းဆိုရလျှင် အဆိုပါ မင်္ဂလာသတင်းအားလုံး၏ မြစ်ဖျားခံရာမှာ ၂၀၁၀ ရွေးကောက်ပွဲဟုဆိုချင်ပါသည်။ ဤရွေးကောက်ပွဲကို ၁၉၇၄ မှ စတင်ခဲ့သော ဒီမိုကရက်တိုင်ဇေးရှင်းတတိယလှိုင်း၏ နှောင်းပိုင်းကာလတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ဖလောရင့်တက္ကသိုလ်မှပါမောက္ခဖိလစ်ပီရှမစ်ထာက 'သတ်မှတ်ပြဋ္ဌာန်းပြီးအပြောင်းအလဲ' (imposed transition)ဟု သတ်မှတ်သည်။ တည်ဆဲအီလစ်များကိုယ်တိုင်က အခြေအနေတစ်ခုသတ်မှတ်ပြီး အပြောင်းအလဲကိုပုံဖော်သွားလိမ့်မည်ဟု ဖွင့်ပြသည်။ မြန်မာပြည်တွင် ဤအပြောင်းအလဲကိုတပ်မတော်က ဦးဆောင်ပါသည်။ ဤပုံစံအပြောင်းအလဲတွင် ၁။ ဖြေလျှော့ရေးအဆင့် (Liberalization)၊ ၂။ ကူးပြောင်းရေးအဆင့် (Transition) နှင့် ၃။ ခိုင်မာစေရေးအဆင့် (Consolidation)ဟူ၍ ယေဘုယျအဆင့် သုံးဆင့်ရှိလိမ့်မည်ဟုလည်း ပါမောက္ခရှမစ်တာက အကဲဖြတ်သည်။ ပထမအဆင့်တွင် ကြမ်းရှသော အော်တိုကရေစီ (Rigid Autocracy)မှခွာ၍ ပျော့ပျောင်းသော အော်တိုကရေစီ (Liberalized Autocracy)သို့ရွေ့လာလိမ့်မည်။ ဒုတိယအဆင့်တွင် ခေတ်သစ်ဒီမိုကရက်တစ်နိုင်ငံတော်သို့ ဦးတည်သော ကျင့်ထုံးများ(အင်စတီကျူးရှင်းများ)တည်ဆောက်ပြီး တတိယအဆင့်တွင် ခိုင်မာအောင်တည်ဆောက်ကြဖို့ဖြစ်လိမ့်မည်ဟု သရုပ်ခွဲပြသည်။ အခွာ၊ အကူး၊ အခိုင် ဟု အကြမ်းအားဖြင့် ဆိုနိုင်ပါလိမ့်မည်။

စာရေးသူက အဆိုပါ အခွာ၊ အကူး၊ အခိုင်တွင် ဒီမိုကရက်တစ်အင်အားစုများအတွက် လှုပ်ရှားခွင့်(Space)ရနိုင်စရာရှိသည်ဟု မြင်သည်။ ဤအမြင်ဖြင့်ပင် ရွေးကောက်ပွဲကို စဉ်းစားသင့်ကြောင်း ပြောခဲ့၊ ရေးခဲ့သည်။ သို့နှင့်တိုင် အင်န်အယ်လ်ဒီက အကြောင်းသုံးခုဖြင့် ရွေးကောက်ပွဲကိုငြင်းပယ်လိုက်ပါသည်။ ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ၂၀၁၀ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဥပဒေတို့ဖြစ်သည်။ နိုင်ငံရေးပါတီတစ်ခု၏ လွတ်လပ်စွာရွေးချယ်ဆုံးဖြတ်ခွင့်ကို လေးစားရမည်ဖြစ်သည့်တိုင် အင်န်အယ်လ်ဒီပါတီ၊ ဥပဒေဘောင်အတွင်း၊ တရားဝင်ရှင်သန်ရပ်တည်ရေးအတွက်မူ အမှန်ပင် စိုးရိမ်မကင်းဖြစ်မိသည်။ စာရေးသူက အင်န်အယ်လ်ဒီကို ရှစ်လေးလုံးအရေးတော်ပုံကြီးမှ မွေးထုတ်လိုက်သော နိုင်ငံရေးအင်အားစုအဖြစ် မြင်သည်။ ဤလိုပါတီမျိုးကို တရားဝင်လှုပ်ရှားခွင့်အတွင်း ရှိစေချင်သည်။

ရွေးကောက်ပွဲအပြီး အပြောင်းအလဲများသည်ကား စာရေးသူမျှော်လင့်ထားသည်ထက်ပင် မြန်ဆန်သွက်လက်နေတော့သည်။ သမ္မတသစ်နှင့်ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံခြင်း။ ဆင်းရဲမှု တိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲများ၊ မြစ်ဆုံ ဆုံးဖြတ်ချက်ဆိုလျှင် စာရေးသူတစ်သက် ပထမဆုံးကြုံဖူးသော လူထုလိုလားချက်ကို အစိုးရဘက်မှ လိုက်လျောလိုက်ခြင်းပင်။ တစ်ပြိုင်နက်တည်းမှာပင် လွှတ်တော်အဆင့်ဆင့်မှာလည်း အင်ပြည့်အားပြည့်လှုပ်ရှားလာရာ နှစ်ပေါင်း ၅၀ နီးပါး ပျောက်ဆုံးသလို ရှိနေသော ဒီမိုကရေစီ ဝိညာဉ်ကို ပြန်တွေ့လိုက်ရသလိုရှိသည်။ နောက်ဆုံး ၂၀၁၀ ရွေးကောက်ပွဲ အကြိုကာလ၊ ထောက်ကွက်တစ်ခုလိုဖြစ်နေသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဥပဒေကိုပင် ပြင်ဆင်ပေးလိုက်သည်။ ဤသို့ပြောင်းလဲလာသော အခြေအနေသစ်များအပေါ် မှန်မှန်ကန်ကန် အကဲဖြတ်ပြီး ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အင်န်အယ်လ်ဒီ၏ ဆုံးဖြတ်ချက်အသစ်ထွက်လာဟန်ရှိပါသည်။ ဤအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်န်အယ်လ်ဒီ၏ အသေ မကျသော ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်း(Flexibilily) ကိုလေးစား အသိအမှတ်ပြုကြရမည်ဖြစ်သလို သမ္မတကြီးဦးဆောင်သော အစိုးရသစ်၏ သဘောထားကြီးမှု (Tolerance) နှင့် အမြော်အမြင်ကိုလည်း ကျေးဇူးတင် တန်ဖိုးထားကြရမည်ဖြစ်ပါသည်။

ဤသို့သော ပျော့ပျောင်းမှုနှင့်ဤသို့သော အမြော်အမြင်မျိုးဖြင့်သာ ဆက်လက်ကြိုးပမ်းကြမည်ဆိုလျှင်လွတ်လပ်ရေးနှင့်အတူသက်ဆိုးရှည်ကြာလှပြီဖြစ်သော ပြည်တွင်းစစ်မီးကိုလည်း မကြာမတင် ငြိမ်းသတ်နိုင်လိမ့်မည် ထင်ပါသည်။ ပြောရလျှင် နောက်ဆက်တွဲ သတင်းနှစ်ပုဒ် (ဟီလာရီကလင်တန်သတင်းနှင့် အာဆီယံဥက္ကဋ္ဌသတင်း)တို့မှာ ပထမသတင်း(အင်န်အယ်လ်ဒီဆုံးဖြတ်ချက်)နှင့် ရွေးကောက်ပွဲလွန်အခင်းအကျင်းသစ်များ၏ အကျိုးဆက်ပင်ဖြစ်တန်ရာသည်။ စာရေးသူတို့နိုင်ငံအတွက်နှစ်ပေါင်း ၂၀ မျှ လက်လွတ်ဆုံးရှုံးရသလို ဖြစ်နေခဲ့သော နိုင်ငံတကာသိမှတ်လက်ခံမှု တစ်နည်း 'တရားနည်းလမ်းကျမှု' (Legitimacy)ပြန်လည်လာတော့မည့် နိမိတ်ဟု သဘောရပါသည်။ ဤအတိုင်းသာဆိုလျှင် မြန်မာ့ခေတ်သစ်သမိုင်းတွင် တစ်ကြိမ်တစ်ခါသာ ရရှိခဲ့ဖူးသော ဖက်ဆစ်တော်လှန်ရေးကာလ ညီညွတ်မှုမျိုး ဒုတိယအကြိမ် ရှင်သန်လာနိုင်လိမ့်မည် ထင်သည်။ မင်္ဂလာရှိပေစွ။

**လမ်းသစ်**

၂၀၁၀ စာရင်းဇယားများအရ ကမ္ဘာပေါ်တွင် ရွေးကောက်ပွဲများကျင်းပနိုင်သည့် နိုင်ငံများ၏ အချိုးအဆမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးပေါင်း၏ ၆၀ ရာခိုင်နှုန်းဝန်းကျင်ရှိသည်ဟု သိရပါသည်။ ဤနိုင်ငံများကို တန်းတင်ဖို့တက္ကသိုလ်မှပါမောက္ခလာရီဒိုင်းမွန်းက ရွေးကောက်ပွဲဒီမိုကရေစီ (Electoral democracy) နယ်ပယ်ထဲ ချဉ်းနင်းဝင်ရောက်လာပြီဟု သတ်မှတ်သည်။ ဤအထဲတွင် စာရေးသူတို့နိုင်ငံလည်းပါသည်။ သို့တစေ တည်ငြိမ်ရင့်ကျက်သော ဒီမိုကရေစီ တစ်နည်းခေတ်မီဒီမိုကရက်တစ်နိုင်ငံတော်အဖြစ် ပီပီပြင်ပြင် တည်ဆောက်ပြီးသည့် နိုင်ငံအရေအတွက်မှာဤမျှလောက်မရှိသေးပါ။ ဆိုခဲ့ပြီးသော ၂၀၁၀ စာရင်းအရ ၄၀ ရာခိုင်နှုန်းနီးပါးမျှသာ ရှိသေးသည်။ သို့အတွက် ရွေးကောက်ပွဲဒီမိုကရေစီရရှိပြီး နိုင်ငံများအနေနှင့် တည်ငြိမ်ရင့်ကျက်သော ခေတ်မီဒီမိုကရက်တစ်နိုင်ငံတော်ဖြစ်လာစေရန် ဆက်လက်လုံးပန်းဖို့လိုလိမ့်မည်ဟု လာရီဒိုင်းမွန်းက သတိပေးပါသည်။

*စာ(၃၁) သို့*

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.37 • DECEMBER 1, 2011

## NLD လွှတ်တော်ထဲရောက်လာလျှင် ဝမ်းမြောက်ဝမ်းသာကြိုဆိုမည်ဟုဆို

သီဟ

**နေပြည်တော်၊နိုဝင်ဘာ-၂၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အနေဖြင့် လွှတ်တော်ထဲသို့ ရောက်ရှိလာမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့ပြောကြားသည်။

ဆက်လက်၍လည်း အဆိုပါပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံမည်ဆိုပါက ပြည်သူ့လွှတ်တော်နှင့်တကွလွှတ်တော်ဥက္ကဋ္ဌကပါ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမည်ဟု သူရဦးရွှေမန်းက ပြောကြားသည်။



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း**

ဓာတ်ပုံ=သီဟ

“NLDလွှတ်တော်ထဲရောက်လာမယ်ဆိုရင်လွှတ်တော်အနေနဲ့ ဝမ်းမြောက်ဝမ်းသာကြိုဆိုမယ်၊ နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်လာမလားဆိုတာတော့ ဒီနေ့သွားနေတဲ့ နိုင်ငံရေးလမ်းကြောင်းနဲ့ ပတ်သက်လို့တော့အပြောင်းအလဲရှိစရာမရှိဘူး။ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် ပိုတောင်ပီပြင်လာမယ့်သဘောရှိပါတယ်”ဟု သူရဦးရွှေမန်းက ယနေ့သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားသွားသည်။

ကျင်းပရန်ရှိသည့်ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍မူ မည်သူက၊ မည်သည့်အချိန်တွင် ကျင်းပရမည်ဆိုသည့်ဥပဒေအတိအကျပြဋ္ဌာန်းထားခြင်းမရှိသေးကြောင်း သိရသည်။

“ကြားဖြတ်ရွေးချယ်တင်မြောက်ပွဲနဲ့ပတ်သက်လို့ ဘယ်သူကဘယ်အချိန်မှာကျင်းပရမယ်ဆိုတဲ့လောလောဆယ်တော့ ဥပဒေမှာ အတိအကျပြဋ္ဌာန်းထားတာမရှိတဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ တိတိကျကျဖြစ်အောင်နဲ့ ဖြစ်မြောက်ရေးအတွက်လည်း မိမိတို့လိုလားပါတယ်”ဟု သူရဦးရွှေမန်းကပြောသည်။

ဆက်လက်၍ ၎င်းက“ကြားဖြတ်ရွေးချယ်တင်မြောက်ပွဲလုပ်မယ်ဆိုရင်တော့ ရွေးချယ်တင်မြောက်ပွဲမလုပ်ခင် အချက်အလက်နည်းနည်းမှားရင်မှားနိုင်ပါတယ်။ သုံးလကြိုတင်ကြေညာရပါတယ်၊ စကြေညာပြီဆိုရင်တော့ နောက်သုံးလအတွင်းမှာ ရွေးကောက်ပွဲလုပ်ဖြစ်မှာဖြစ်ပါတယ်။ လောလောဆယ်တော့ နောက်သုံးလအတွင်းမှာတော့ လုပ်စရာအကြောင်း မရှိသေးပါဘူး” ဟု ပြောကြားသွားသည်။

## ဟီလာရီခရီးစဉ်က အာရှတွင် အမေရိကန်ခေါင်းဆောင်မှု ပြန်လည်အသက်ဝင်ရေး အရေးပါသောခြေလှမ်းတစ်ရပ်ဟုဆို

**ဝါရှင်တန်၊ နိုဝင်ဘာ-၂၃**

ဟီလာရီကလင်တန်၏ မြန်မာနိုင်ငံခရီးစဉ်သည် အာရှတွင် အမေရိကန်၏ ခေါင်းဆောင်မှု ပြန်လည်အသက်ဝင်ရေးတည်ဆောက်ရာ၌ အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း အမေရိကန် အထက်လွှတ်တော် အမတ်မစ္စတာ ဂျင်မ်ဝက်ဘ်က ပြောကြားသည်။



မစ္စတာ ဂျင်မ်ဝက်ဘ်သည် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌဖြစ်ပြီး ၁၀ နှစ်ကျော်အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်သည့် အမေရိကန်လွှတ်တော်အဖွဲ့ဝင်တစ်ဦး၏ ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ၂၀၀၉ခုနှစ်က လာရောက်ခဲ့သည်။ ထို့အပြင် ၎င်းသည် ထိုအချိန်က မြန်မာနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲဖြစ်သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံခွင့်ရခဲ့ကာ ယနေ့အထိ ဗိုလ်ချုပ်မှူးကြီးနှင့် တွေ့ဆုံခွင့်ရခဲ့သည့် တစ်ဦးတည်းသော အမေရိကန်အစိုးရအရာရှိဖြစ်သည်။

“အရှေ့တောင်အာရှဒေသတွင် တည်ငြိမ်မှုရဖို့ မြန်မာနိုင်ငံကို နိုင်ငံတကာ အသိုက်အမြုံထဲ ပြန်ရောက်ရှိဖို့က ကျွန်တော်တို့ရဲ့ အမျိုးသား အကျိုးစီးပွားပါပဲ”ဟု ၎င်းကပြောကြားသည်။

ဟီလာရီကလင်တန်ခရီးစဉ်သည် မြန်မာနိုင်ငံသို့ နိုဝင်ဘာ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက်၊ ၂ ရက်တွင် ရောက်ရှိလိမ့်မည်ဟု သတင်းများ ထွက်ပေါ်နေသည်။ သူမခရီးစဉ်ကို ပြည်တွင်းပြည်ပ မြန်မာ့နိုင်ငံရေးလေ့လာသူများက စောင့်ကြည့်လျက်ရှိသည်။

အမေရိကန်က မြန်မာနိုင်ငံအပေါ် ထားရှိနေဆဲဖြစ်သော အရေးယူပိတ်ဆို့မှုကိုရုပ်သိမ်းရေး ဆွေးနွေးရန်မှု ဟီလာရီကလင်တန်ခရီးစဉ်တွင် အစီအစဉ်မရှိကြောင်းအမေရိကန်အစိုးရအရာရှိကိုကိုးကား၍ အေအက်ဖ်ပီသတင်းတစ်ပုဒ်တွင်ရေးသားထားသည်။

## မြန်မာ-အမေရိကန်ဆက်ဆံရေးကောင်းလာခြင်းကြောင့် တ ုတ်နှင့်ဆက်ဆံရေးမထိခိုက်နိုင်

သီဟ

**နေပြည်တော်၊နိုဝင်ဘာ-၂၅**

မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ဆက်ဆံရေးကောင်းမွန်လာချိန်တွင် တရုတ်နှင့်ဆက်ဆံရေးမှာဆိုးရွားသွားစရာမရှိကြောင်း သိရသည်။

“တရုတ်နဲ့လည်း နယ်နိမိတ်ချင်းထိဆက်ထားပြီးတော့ အမေရိကန်နဲ့ဆက်ဆံရေးကျဲတဲ့အချိန်မှာလည်း တရုတ်နဲ့ဆက်ဆံရေးကောင်းလျက်ရှိတဲ့အတွက် အမေရိကန်နဲ့ဆက်ဆံရေးကောင်းတဲ့အခါမှာ တရုတ်နဲ့ကျဲသွားမယ်ဆိုရင် မိမိတို့အနေနဲ့ မမှန်ကန်တဲ့ စိတ်ထားတွေဖြစ်မှာ ဖြစ်ပါတယ် ဒါကြောင့် ကျဲစရာအကြောင်းမရှိပါဘူး”ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက ယနေ့သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသွားခြင်းဖြစ်သည်။

လာမည့် နိုဝင်ဘာ ၃၀ နှင့် ဒီဇင်ဘာ ၁ နှင့် ၂ ရက်တို့တွင် မြန်မာနိုင်ငံသို့ လာရောက်မည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ခရီးစဉ်နှင့် ပတ်သက်၍ အမေရိကန်နှင့်မြန်မာဆက်ဆံရေးအလားအလာများနှင့်တရုတ်နှင့် မြန်မာတို့၏ဆက်ဆံရေးအလားအလာများအား သတင်းထောက်များကမေးမြန်းစဉ် သူရဦးရွှေမန်းက ပြန်လည်ဖြေကြားသွားခြင်းဖြစ်သည်။

ယခုလာရောက်မည့် ဟီလာရီကလင်တန်၏ ခရီးစဉ်တွင် စီးပွားရေးပိတ်ဆို့မှုများနှင့်ပတ်သက်၍ ဟီလာရီ၏ ကမ်းလှမ်းချက်၌ မပါဝင်သော်လည်း အထက်ပါကိစ္စနှင့်ပတ်သက်၍ ပြောလာမည်ဆိုပါကမြန်မာဘက်မှလည်း ပြောရန်အဆင်သင့်ရှိကြောင်း သိရသည်။

“အမေရိကန်နိုင်ငံက တကယ့်အရေးပါအရာရောက်တဲ့ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်လာမှာအတွက် ကြိုဆိုဝမ်းသာပါတယ်။မျှော်လင့်ချက်အနေနဲ့ အမေရိကန်နဲ့ မြန်မာနိုင်ငံဆက်ဆံရေးဟာပုံမှန်ဆက်ဆံရေး မရှိဘူး။ အခုလိုလာခြင်းသည် ပုံမှန်ဆက်ဆံရေးရရှိဖို့လာတယ်ဆိုတဲ့အတွက် အင်မတန်ကောင်းတဲ့ကိစ္စပါ”ဟု သူရဦးရွှေမန်းက ပြောသည်။

## ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေကြမ်းတွင် နိုင်ငံတော်အလံကိုင်ခွင့်ထည့်သွင်း

သီဟ

**နေပြည်တော်၊နိုဝင်ဘာ-၂၂**

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းတွင် နိုင်ငံတော်အလံ ကိုင်ဆောင်ခွင့်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲချက်များအား ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့၌မဲခွဲဆုံးဖြတ်ခဲ့ရာ နိုင်ငံတော်အလံ ကိုင်ဆောင်ခွင့်ရှိသည့်ဘက်မှ အနိုင်ရရှိသွားခဲ့သည်။

မူလဥပဒေကြမ်း အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)တွင် အလံဆိုရာ၌ နိုင်ငံတော်အလံ၊ တရားဝင်ပါတီနှင့် တ ရားဝင်အသင်းအဖွဲ့များ အလံတို့ပါဝင်သည်ဆိုသည့်အချက်အားပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သော်လည်း အမျိုးသားလွှတ်တော်ကမူ အလံဆိုရာတွင် တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံဟူ၍ နိုင်ငံတော်အလံကိုဖြုတ်ပယ်၍ ဥပဒေအားပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ထိုပြင်ဆင်ချက်အဆိုကို မဲခွဲဆုံးဖြတ်ရာတွင် မဲဆန္ဒပေးခွင့်ရှိသူ ၅၈၅ဦး ရှိရာ ၁၃၉ဦးက ထောက်ခံ၍ ၄၁၆ မဲက ကန့်ကွက်ပြီး ၂၂ဦးက ကြားနေမဲပေးခဲ့သည်။

ထိုသဘောကွဲလွဲချက်များအား ယနေ့ကျင်းပသည့်ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များက အထောက်အထားများနှင့်တကွ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်တွင် နိုင်ငံတော်အလံကိုင်ဆောင်ခွင့်အား အဆိုတင်သွင်းခဲ့ကြသည်။

“ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေကြမ်းဟာ ဒီမိုကရေစီရေး၊လူ့အခွင့်အရေးကို ပြည်တွင်း၊ ပြည်ပမှာဂုဏ်တက်စေတဲ့ ဥပဒေဖြစ်ပါတယ်၊အဲဒီဥပဒေမှာမှ တကယ်အရေးကြီးတဲ့ နိုင်ငံရေးအရရှု မြင်ရမယ့်၊ ထည့်သုံးရမယ့် နိုင်ငံတော်အလံကို ဖယ်ထုတ်လိုက်မယ်ဆိုရင် နိုင်ငံရေးအရ အမြော်အမြင် နည်းရာကျသွားပါလိမ့်မယ်”ဟု သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က အဆိုတင်သွင်းသွားခဲ့သည်။

အလားတူ အဆိုပါအခွင့်အရေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးမောင်ကလည်း“နိုင်ငံသားတစ်ဦးဟာ မိမိအလေးအမြတ်ပြုတဲ့၊ မိမိတို့ပိုင်တဲ့နိုင်ငံတော်ကို ကိုယ်စားပြုတဲ့ နိုင်ငံတော်အလံကို ကိုင်ဆောင်ခွင့် အခွင့်အရေးမရှိတော့ဘူးလား၊ နိုင်ငံတော်အလံဆိုတာ သီးသန့်အထူးပြုအဖွဲ့အစည်းတွေအတွက် သီးခြားဆန်တဲ့ အထူးပြုပုဂ္ဂိုလ်တွေအတွက်သာ သုံးစွဲခွင့်ပြုထားတယ်လို့ နိုင်ငံတော်အလံဥပဒေမှာပါသလား၊ အဲဒီလိုပါရင် နိုင်ငံသားတစ်ဦးရဲ့ မူလအခွင့်အရေးအတွက် နိုင်ငံတော်အလံဥပဒေကို ပြန်လည်ပြုပြင်ပြဋ္ဌာန်းပေးကြရန် လိုအပ်ပါလိမ့်မယ်”ဟု အဆိုတင်သွင်းသွားသည်။

အထက်ပါကိစ္စနှင့်ပက် သက် ၍ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှဒေါက်တာအေးမောင်၊ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်းနှင့် ကျိုင်းတုံမဲဆန္ဒနယ်မှဦးစတီဖန်တို့က သမိုင်းကြောင်း အထောက်အထားများဖြင့် ကိုးကား၍ အဆိုတင်သွင်းခဲ့ကြသည်။

7 DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

**“အမှောင်မိုက်ဆုံးနှစ်တွေ အလွန်မှာတော့ ကျွန်တော်တို့ဟာ တိုးတက်မှုရဲ့ မှိတ်တုတ်၊ မှိတ်တုတ် အလင်းရောင်အချို့ကို ဟောဒီရက်သတ္တပတ်အနည်းငယ်အတွင်းမှာမြင်တွေ့ရပါပြီ” အမေရိကန်သမ္မတအိုဘားမား၏ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့်ပတ်သက်၍ နိုဝင်ဘာ ၁၈ တွင် တင်စား၍ ပြောကြားခဲ့သော စကားတစ်ခွန်းဖြစ်သည်။**

# မြန်မာပြည်ပြောင်းလဲခြင်း

အားမာန်



ဒီမိုကရေစီဦးဆောင်နိုင်ငံ၏ ပထမဆုံးအာဖရိကန်နွယ်ဖွား(လူမည်း)သမ္မတက ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းနေသည်ဆိုသော မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်လအနည်းငယ်အတွင်း ပေါ်ပေါက်ခဲ့သောအချက်လေးချက်ကိုအသိအမှတ်ပြုခဲ့သည်။ အစိုးရနှင့်ဒေါ်အောင်ဆန်းစုကြည်တို့အကြားတွေ့ဆုံဆွေးနွေးမှုများစတင်မှု၊ နိုင်ငံရေးအကျဉ်းသားအချို့လွှတ်ပေးမှု၊ မီဒီယာနှင့်ပတ်သက်သောစည်းမျဉ်းစည်းကမ်းများဖြေလျှော့မှုနှင့်ဥပဒေပြုကဏ္ဍကနိုင်ငံရေးပတ်ဝန်းကျင် ပွင့်လင်းလာစေရန်ဆောင်ရွက်ပေးမှု(မှတ်ချက်-နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သောဥပဒေကြမ်းကိုအတည်ပြုခြင်း)တို့ဖြစ်၏။


သမ္မတဦးသိန်းစိန်အစိုးရလက်ထက်လွန်ခဲ့သောလအနည်းငယ်အတွင်း နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကိုအသိအမှတ်ပြုပြောကြားသူများတွင်အမေရိကန်သမ္မတက ပထမဆုံးတော့မဟုတ်၊ ယခုလပိုင်းအတွင်းမြန်မာနိုင်ငံသို့ဆက်တိုက်နီးပါး လာရောက်ခဲ့သော နော်ဝေဝန်ကြီး၊ အင်ဒိုနီးရှားဝန်ကြီး၊ ဗြိတိန်ဝန်ကြီးစသော အဆင့်မြင့်အရာရှိအားလုံးကလည်း မြန်မာနိုင်ငံ၏ ပြောင်းလဲမှုများကို အသိအမှတ်ပြုကြသည်။

သို့သော် စီးပွားရေးပိတ်ဆို့မှုများကိုလည်း ဆက်လက်ထားရှိပြီး တိုက်ရိုက်ထိတွေ့ဆက်ဆံရေးမူဝါဒကျင့်သုံးသော အမေရိကန်အစိုးရကမြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တစ်ဦးထား၍ မြန်မာ့နိုင်ငံရေးကို အနီးကပ်လေ့လာခဲ့သည်။ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် မိနစ် ၂၀ ခန့် ဖုန်းပြောပြီးမှ သမ္မတအိုဘားမားက မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သောပြောင်းလဲမှုများကို “အရေးကြီးဆုံးခြေလှမ်းများ”ဟု အသိအမှတ်ပြုပြောကြားခဲ့သည်။ ရှေ့ဆက် ဆောင်ရွက်ရမည့်ကိစ္စများအတွက်လည်း အိုဘားမားက တိုက်တွန်းခဲ့သည်။

ကမ္ဘာကျော် သတင်းစာများဖြစ်သော နယူးယောက်တိုင်းမ်၊ ဝေါလ်စထရိဂျာနယ်၊ ဝါရှင်တန်ပို့စ်နှင့် သတင်းဌာနအများစုကလည်း ယခုလပိုင်းအတွင်း ယခင်ကနှင့်မတူ အပြုသဘောဆောင်သောသတင်းနှင့် သတင်းဆောင်းပါးများ ပိုမိုဖော်ပြလာသည်။ လက်ရှိ ဖြစ်ပေါ်နေသောနိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုကိုအသိအမှတ်ပြုပြီး၊ ရှေ့ဆက်ဘာဖြစ်မည်ကိုလည်း စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။

“ယနေ့ မြန်မာနိုင်ငံတွင် ကျွန်တော်တို့တစ်တွေမြင်တွေ့နေရသော ပြောင်းလဲမှုများမှာ နောင်အနာဂတ်အတွက် နှစ်ပေါင်း ၅၀ အတွင်း ပေါ်ထွန်းလာသည့် အကောင်းဆုံးသော အခွင့်အလမ်းများဖြစ်ပါသည်”ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး တာဝန်ကို အာရှတိုက်မှ ပထမဦးဆုံး ထမ်းဆောင်ခဲ့သော ဦးသန့်၏မြေး သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦးကဆိုသည်။ အောက်တိုဘာ၄ရက်ထုတ်နယူးယောက်တိုင်းမ်သတင်းစာတွင် သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦး ရေးသားခဲ့သောဆောင်းပါး၌ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများမှာ တော်လှန်ရေးကောင်စီစတင်တာဝန်ယူကာ၊ စစ်အုပ်ချုပ်ရေးအောက် ရောက်ခဲ့သည့် ၁၉၆၂ ခုနှစ်မှ စတင်ရေတွက်လျှင် နှစ်ငါးဆယ်အတွင်း အကောင်းဆုံးအချိန်အခါဟုဆိုနိုင်ကြောင်း ၎င်းကဆိုလိုခြင်းဖြစ်သည်။

ကမ္ဘာ့ခေါင်းဆောင်အချို့၊ နိုင်ငံတကာမှ အဆင့်မြင့်အရာရှိများ၊ သံတမန်များ၊ ပညာရှင်များ






7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

ပြောသကဲ့သို့ "မြန်မာနိုင်ငံ အမှန်တကယ် ပြောင်းလဲနေပါပြီလား" ထိုမေးခွန်းကို ပြည်တွင်းရှိ နိုင်ငံရေးသမားအချို့၊ နိုင်ငံရေးအထူးစိတ်ပါဝင်စားသူအချို့နှင့် သာမန်ပြည်သူများသို့ မေးမြန်းခဲ့ရာ အားလုံးနီးပါးက ပြောင်းလဲမှုများစတင်နေပြီဟု တညီတညွတ်တည်း ဖြေကြသည်။

သမ္မတဦးသိန်းစိန် ပြောကြားခဲ့သောမိန့်ခွန်းများမှာ လွန်ခဲ့သည့် နှစ် ၂၀ အတွင်း မကြုံဖူးအောင် ထူးခြား၍ ပြည်သူများတွင် မျှော်လင့်ချက်များ စတင်ရှင်သန်ခဲ့သည်။ အထက်ပါပုဂ္ဂိုလ်အားလုံးက အသိအမှတ်ပြုသော အပြောင်းအလဲများမှာ လွန်ခဲ့သည့် သုံးလကျော်က နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ပထမဆုံး တွေ့ဆုံဆွေးနွေးသော ဩဂုတ်၁၉ရက် နောက်ပိုင်းတွင် ဆက်တိုက်ပေါ်ထွက်လာခဲ့သည်။

ပြည်သူအများစုက မလိုလားသော ဧရာဝတီမြစ်ဆုံစီမံကိန်းကို ဦးသိန်းစိန်က ရပ်ဆိုင်းခဲ့ခြင်း၊ တစ်နိုင်ငံလုံးရှိ ယာဉ်အိုယာဉ်ဟောင်းလေးသောင်းကျော်ကို အစားထိုးလဲလှယ်ပေးရန်နှင့် ကုမ္ပဏီများ၊ နိုင်ငံခြားငွေရရှိသူများကို ကားသွင်းခွင့်ပြုခြင်း၊ ယုံကြည်ချက်အကျဉ်းသား ၂၀၀ ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုခဲ့ခြင်း စသည်တို့ဖြစ်သည်။ ထိုဖြစ်ရပ်များမတိုင်မီ ဆောင်ရွက်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ လွတ်ပေးမှု၊ ပင်စင်လစာများကိုတိုးမြှင့်ပေးမှု၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရကြား တိုက်ရိုက်ထိတွေ့ဆက်ဆံလာမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးစီမံကိန်း စတင်အကောင်အထည်ဖော်မှု၊ အကျဉ်းသားများအား ပထမအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပေးမှု၊ ပြည်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ပြန်လာခွင့်ပြုခြင်း၊ မီဒီယာများ၏ လုပ်ထုံးလုပ်နည်းများကိုဖြေလျှော့ပေးမှုအပါအဝင်စီးပွားရေးနှင့် ပတ်သက်သောပြုပြင်ပြောင်းလဲမှုများကိုလည်း နိုင်ငံရေးလေ့လာသူများ အားလုံးက အမှတ်ပေးခဲ့ကြသည်။

အစိုးရ၏ ဆောင်ရွက်မှုများကို အကဲဖြတ်ရာတွင် လုပ်ဆောင်မှုတစ်ခုချင်းအလိုက်ကို ကြည့်ရှုသုံးသပ်ရန်လိုကြောင်းလည်း ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က အကြံပြုသည်။

**သမိုင်းဝင် နိုဝင်ဘာ ၁၈**

ပြောင်းလဲမှုများ၊ ထူးခြားမှုများမှာ ထိုတွင် ရပ်မသွားသေးဘဲ နိုဝင်ဘာ ၁၈ ရက်တွင် မြန်မာ့နိုင်ငံရေးစောင့်ကြည့်သူများအားလုံး စိတ်လှုပ်ရှားစေသောဖြစ်ရပ်များက ဆက်တိုက်ထွက်ပေါ်လာပြန်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ပြီး လာမည့်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခြင်း၊ တစ်ချိန်တည်းလိုလိုမှာပင် အိုဘားမားက မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပထမဆုံးနှင့် သမိုင်းဝင်မိန့်ခွန်းတစ်ခု ပြောကြားပြီး ဟီလာရီကလင်တန်ကို မြန်မာနိုင်ငံသို့ စေလွှတ်ရန် အတည်ပြုခြင်း၊ ၂၀၁၄ အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးကိုမြန်မာနိုင်ငံရရှိကြောင်း အာဆီယံ ထိပ်သီးအစည်းအဝေးမှ အတည်ပြုခြင်း စသည်ဖြစ်ရပ်တို့မှာ နိုဝင်ဘာ ၁၈ ရက်တစ်ရက်တည်းမှာပင် ဖြစ်ထွန်းခဲ့သည်။

"၆၂ ခုနှစ် နောက်ပိုင်းမှာ ဒီအချိန်ဟာ တကယ့်ကို ပြောင်းလဲဖို့ အချိန်ရောက်ပြီပေါ့။ နံပါတ်တစ်က အရင်ဆုံးပြောရမယ်ဆိုရင် အပြောင်းအလဲက စဖြစ်နေပြီ"ဟု အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ခေါင်းဆောင် ဦးခင်မောင်ဆွေကပြောသည်။ ဦးခင်မောင်ဆွေမှာ ယခင် အင်န်အယ်လ်ဒီပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး မြန်မာ့နိုင်ငံရေးတွင် ထူးခြားသော ရွှေဂုံတိုင်ကြေညာစာတမ်း ရေးသားခဲ့သူများထဲမှ တစ်ဦးဖြစ်သည်။

၎င်းက မြန်မာနိုင်ငံပြောင်းလဲနေသည်ကို နေရာသုံးနေရာ၌ တွေ့မြင်နေရသည်ဟုဆို၏။ လွှတ်တော်အတွင်း၊ အစိုးရအတွင်းနှင့် ပြည်သူလူထုအတွင်းတို့၌ဖြစ်ကြောင်း ဦးခင်မောင်ဆွေကဆက်ပြောသည်။

နိုင်ငံရေးနှင့်ပတ်သက်၍ မြင်တွေ့နေရသောပြောင်းလဲမှုများကြောင့် မျှော်လင့်ချက်များ ပိုမိုရှင်သန်လာသည်ဟု ရန်ကုန်မြို့တွင် အငှားယာဉ်မောင်းသည်မှာ ၁၅ နှစ်ကျော်ပြီဖြစ်သော ဦးနန်းဆွေက ပြောသည်။ အသက်၄၀ကျော်ပြီဖြစ်သော ၎င်းအတွက် ယခုကဲ့သို့ အပြောင်းအလဲများ ယခင် မမြင်တွေ့ခဲ့ရဖူးကြောင်း ဖွင့်ဟသည်။

တပ်မတော်အစိုးရက ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းသည့်ဖြစ်စဉ် ဒီမိုကရက်တိုင်ဇေးရှင်းတွင် ပညာရပ်သဘောအရ အဆင့်သုံးဆင့် ရှိကြောင်း စာရေးဆရာ ဦးကျော်ဝင်းနှင့် ဟားဗတ်တက္ကသိုလ်မှ လူထုရေးရာမူဝါဒမဟာဘွဲ့ရထားပြီး နိုင်ငံအသွင်ကူးပြောင်းရေးနှင့်ပတ်သက်သော ဆောင်းပါးများ ရေးသားနေသူ ဒေါက်တာတင်မောင်သန်းက ပြောသည်။


ကမ္ဘာကျော် နိုင်ငံရေးပညာရှင်ဖြစ်သော ပါမောက္ခ ဖိလစ်ပီရှမစ်စတာအဆိုကို ကိုးကား၍ ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းမှုတွင် Liberalization (ဖြေလျှော့ရေးအဆင့်)၊ Transition (ကူးပြောင်းရေးအဆင့်)နှင့် Consolidation (ခိုင်မာစေရေးအဆင့်) တို့ဖြစ်သည်။

"Liberalization (ဖြေလျှော့ရေးအဆင့်)လို့ပြောတဲ့အထဲမှာ အဓိကအချက်ကြီးသုံးချက်ပါတယ်။ ပထမတစ်ချက်ကတော့ လူ့အခွင့်အရေးနဲ့ဆိုင်တဲ့ကိစ္စပါ။ ဒုတိယအချက်ကတော့ ပါတီအဖွဲ့အစည်းတွေနဲ့ဆိုင်တဲ့ကိစ္စပါ။ တတိယအချက်ကတော့ မီဒီယာအဖွဲ့အစည်းတွေနဲ့ဆိုင်တဲ့ကိစ္စပါ။ ပထမဆုံးအချက်ဖြစ်တဲ့ လူ့အခွင့်အရေးနဲ့ဆိုင်တဲ့ကိစ္စမှာ ပွင့်လင်းလွတ်လပ်လာပြီဆိုရင် လူ့အခွင့်အရေးကိစ္စတွေကို အသိအမှတ်ပြုလက်ခံပါတယ်။ လက်ခံတယ်ဆိုတာအတိတ်တုန်းက ချိုးဖောက်လာတဲ့ လူ့အခွင့်အရေးကို လက်ခံအသိအမှတ်ပြုတဲ့အဆင့်ထိဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ လူ့အခွင့်အရေးကို လေးစားတာတင်မကဘူးပေါ့နော်။ အတိတ်တုန်းက အခြေအနေအထိ ပြောတာဖြစ်ပါတယ်။ နောက်တစ်ခါ ယုံကြည်ချက် အကျဉ်းသားတွေမရှိတော့ဘူးပေါ့။ ဒီအချက်နှစ်ချက်ကို အဓိကထားပြီး ကြည့်ကြပါတယ်" ဟု ဦးတင်မောင်သန်းက အကျယ်တဝင့် ရှင်းပြသည်။

ပါတီအဖွဲ့အစည်းများနှင့် ပတ်သက်၍လည်း အတိုက်အခံပါတီတစ်ပါတီထက်မကရှိလာပြီး အစိုးရကိုယ်တိုင်က ၎င်းနှင့် သဘောထားကွဲလွဲမှုများကို ပိုမိုသည်းခံလာနိုင်သည့်အခြေအနေဖြစ်သည်။ "မီဒီယာအနေနဲ့ဆိုရင်လည်း မီဒီယာလွတ်လပ်ခွင့်အပြည့်အဝရှိရဲ့လားဆိုတာနဲ့ တိုင်းတာပါတယ်။

အချပ်ပို(B)သို့



7DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# ကုလသမဂ္ဂကထုတ်ပြန်ထားသော ဒေသခံ တိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းမှ အခြေခံအချက်များ အသိပညာပေးရန်လိုအပ်

မေဝင်းမွန်

ရန်ကုန်၊ နိုဝင်ဘာ - ၂၂

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီးများဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများ နစ်နာမှုမရှိစေရေးအတွက်လူတိုင်းဆောင်ရွက်နိုင်သည့်ကုလသမဂ္ဂမှ ထုတ်ပြန်ထားသော ဒေသခံတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း(UNDRIP)မှ အခြေခံအချက်များကို လက်တွေ့အသုံးချနိုင်ရေးအတွက် အသိပညာဖြန့်ဝေသင့်ကြောင်း သဘာဝပတ်ဝန်းကျင် အကျိုးပြုဆောင်ရွက်သည့်အင်န်ဂျီအိုတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"မြန်မာနိုင်ငံကလည်း UNDRIPကိုလက်ခံတဲ့နိုင်ငံ ၁၅၀ ကျော်ထဲမှာပါတယ်ဆိုတော့လက်တွေ့ လုပ်ဆောင်ဖို့အခက်အခဲမရှိပါဘူး။ အဆင့် ၇ဆင့်ကိုပဲလုပ်ဖို့ဆိုတော့ ခက်လည်းမခက်ခဲပါဘူး။ ရိုးရာဓလေ့ကို အခြေခံပြီးစဉ်းစားဆုံးဖြတ်တာဖြစ်လို့ နိုင်ငံနဲ့နေရာအလိုက်မတူညီပါဘူး။ နေရာဒေသ မရွေးလုပ်နိုင်တယ်။ ဖြစ်နိုင်မယ်ဆိုရင်စီမံကိန်း မစတင်ခင်မှာ လုပ်ဆောင်နိုင်တော့ အကောင်းဆုံးပါပဲ။ မြန်မာနိုင်ငံအနေနဲ့ ပိုပြီးလုပ်သင့်ပါတယ်။ ဒီလိုအဆင့်တွေ ဆောင်ရွက်နိုင်ဖို့ ဘယ်သူရဲ့ခွင့်ပြုချက်မှတင်စရာလည်း မလိုအပ်ပါဘူး။ စီမံကိန်းကြီးလုပ်မယ်ဆိုရင် အစိုးရကော၊ လုပ်ငန်းလုပ်မယ့်သူတွေကော ဒေသခံတွေကောကျင့်သုံးနိုင်ပါတယ်။ ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ လက်ရှိကျင့်သုံးနေတယ်။ အတင်းအကျပ်လုပ်တာ၊ ဖိအားပေးတာမျိုးမပါဘူး။ ကောင်းကျိုးဆိုးကျိုးခံစားရမှာကိုကြိုပြီးအသိပေးတာညှိနှိုင်းတဲ့ပုံစံမျိုးပါ" ဟု အဆိုပါတာဝန်ရှိသူကဆိုသည်။

ဖွံ့ဖြိုးမှုစီမံကိန်းအကြီးစားအများစုမှာ ကချင်၊ ရှမ်း၊ ရခိုင်၊ ကရင်ပြည်နယ်စသည့်တိုင်းရင်းသားဒေသများတွင်တည်ဆောက်မှုများပြားသည့်အတွက် ဒေသခံတိုင်းရင်းသားများ၏အခွင့်အရေး လျစ်လျူရှုခံရမှုကို ကာကွယ်နိုင်ရေးအတွက်ကျင့်သုံးသင့်သည့်အလေ့အထတစ်ခုဖြစ်သည်ဟုဖွံ့ဖြိုးရေးစီမံကိန်းကြီးများနှင့်ပတ်သက်၍လေ့လာသူများကပြောကြားသည်။

ဒေသခံတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း(UNDRIP) မှ ဆောင်ရွက်သင့်သည်များမှာ အဆင့် ၁- စီမံကိန်းကို မည်သူအကောင်အထည်ဖော်နေသည်ကို စုံစမ်းခြင်း။ အဆင့် -၂ စီမံကိန်းအကောင်အထည်ဖော်သူများထံမှ အချက်အလက်များတောင်းခံခြင်း၊ အဆင့်-၃ ရပ်ရွာအတွင်းစည်းဝေးပွဲများပြုလုပ်ခြင်း၊ အဆင့်- ၄ ရပ်ရွာလူထုနှင့်စီမံကိန်းအကောင်အထည်ဖော်သူများနှင့် ညှိနှိုင်းခြင်း၊ အဆင့်- ၅ အနှောင့်အဖွဲ့ကင်းသည့် အကြံပေးကိုရှာခြင်း၊ အဆင့်-၆ ရပ်ရွာသဘောတူသည့်ဆုံးဖြတ်ချက်ချခြင်း၊ အဆင့်- ၇ စီမံကိန်းအကောင်အထည်ဖော်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးခြင်းတို့ဖြစ်ကြောင်း သိရသည်။





## စီးပွားရေးနှင့်ပတ်သက်သော ပြောင်းလဲမှုများ လိုအပ်နေဆဲ

သီဟ

နေပြည်တော်၊နိုဝင်ဘာ - ၂၅

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ် လျက်ရှိသည့် နိုင်ငံရေးပြောင်းလဲမှုများသည် ထင်ထားသည်ထက် ပိုမိုမြန်ဆန်နေသည်မှာ အမှန်ပင်ဖြစ်သော်လည်း ကျန်ရှိနေသည့်အပိုင်းများလည်း ရှိနေသေးကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းကပြောသည်။

အဆိုပါကျန်ရှိနေသည့်အပိုင်းမှာ စီးပွားရေးပိုင်းဆိုင်ရာအ ပြောင်းအလဲပင်ဖြစ်ကြောင်းသိရသည်။ နိုင်ငံတစ်နိုင်ငံတွင် အခြေခံအဆောက်အအုံနှင့် အပေါ် ယံအဆောက်အအုံဟူ၍ ရှိပြီးအပေါ် ယံအဆောက်အအုံတွင် နိုင်ငံရေးနှင့် လူမှုရေးကိစ္စများရှိပြီး အခြေခံအ ဆောက်အအုံတွင် စီးပွားရေးကိစ္စရပ်များပါဝင်ပြီး အဆိုပါအခြေခံအဆောက်အအုံသည် ပို၍အရေးကြီးသည်ဟု သူရဦးရွှေမန်းက ပြောသည်။

"ပြုပြင်ပြောင်းလဲတယ်ဆိုတဲ့နေရာမှာ နိုင်ငံရေးပုံစံ၊ အုပ်ချုပ်ရေးပုံစံပြောင်းလဲရုံနဲ့ပြည့်စုံတဲ့အနှစ်သာရ မရှိဘူး။စီးပွားရေးပုံစံပြောင်းလဲမှုရှိမှ ပြည့်စုံတဲ့အနေအထားရှိတယ်။ အဲဒီအတွက်လည်း ပြည်သူတွေလိုလားလိမ့်မယ်လို့ ယူဆတယ်"ဟု သူရဦးရွှေမန်းကပြောသည်။

## စာ - ၁၁၊ အယ်ဒီတာ့ထံပေးစာ မှ

လမ်းစဉ်ပါတီခေတ်တုန်းကလည်း သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ ရှိခဲ့သည်။

ဆံပင်ရှည်ထားသူ၊ လမ်းသရဲဟုခေါ်သူ၊ ဘဲလ်(ခေါ်) ခေါင်းလောင်းဘောင်းဘီဝတ်၊ ဖလဲ(ခေါ်)ဘောင်းဘီပွဝတ်သူအချို့ပင် သတိပေးအရေးယူခြင်း ခံခဲ့ရပါသည်။

တစ်ဖန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးတည်ဆောက်မှု တည်ဆောက်ရေးအဖွဲ့ခေတ်ကြတော့လည်း သရုပ်ပျက်စကပ်တိုတိုနှင့် ရင်သားဟစိဟစိဝတ်သောရုပ်ရှင်မင်းသမီးတစ်ယောက်သည်စတိတ်စင်မြင့်ပေါ် လူမြင်ကွင်းတွင်သီချင်းတက်ဆို၍ ပြင်းပြင်းထန်ထန် အရေးယူခံခဲ့ရသည့် အဖြစ်အပျက်များလည်း ရှိခဲ့ပါသည်။

ထို့နောက်တော့ ကျွန်တော်တောထဲ၊ တောင်ထဲမှာသာ တာဝန်ထမ်းဆောင်နေရ၍ မြို့ကြီး ပြကြီးနှင့် ဝေးခဲ့ရပါသည်။

မိုးလင်းလာသည်နှင့် ကျွန်တော့်ရဲဘော်များ၊ အလုပ်သမားများ၊ အလုပ်သမများနှင့်သာ နှစ် ၂၀ နီးပါးထိတွေ့နေခဲ့ရပါသည်။

ကျွန်တော် အနားယူပြီး ကျွန်တော့်အိမ် ကျွန်တော်ရပ်သို့ ပြန်ရောက်ပြီး တစ်နေ့မြို့ထဲ ထွက်လာခဲ့ပါသည်။ ဗိုလ်ဆွန်ပက် (မောင်ထော်လေးလမ်းထဲ)ရောက်ပြီး ကျွန်တော့်မျက်လုံးအား ကျွန်တော်ပွတ်မိသည်။ ကြည့်မိသည်။ ဟုတ်သည် မြန်မာပြည်အစစ်၊ ရန်ကုန်၊ တစ်ခုတော့ရှိသည် Rangoon ကို Yangon လို့ပြောင်းထား၍လားမသိ၊ ဘောင်းဘီတိုနှင့် ဟန်းဖုန်းနှင့် စပို့ရှပ်နှင့် တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက် အများကြီးပဲ။

မိန်းကလေးတွေကျတော့ ဖင်ကျပ်ဘောင်းဘီနှင့် အပေါ်အင်္ကျီက အပွကတစ်မျိုး၊ ဟောင်းလောင်းကတစ်မျိုး၊ တချို့ကျတော့ အင်္ကျီလက်ပြတ်၊ ချိုင်းပေါ်နေသည်။ ဘောင်းဘီက တင်ပါးချိတ်ထားသည်။ ခါးဆန့်လိုက်လျှင် အတွင်းခံဘောင်းဘီပင် ပေါ်ထွက်လာသည်။ ဘုရား ဘုရား။

ဘုရားရှင် ကျွန်တော်မျိုး၏ နိုင်ငံမှဟုတ်ပါလေစ၊ ကျွန်တော်မျိုးလိုင်းကားမှားစီး၍ အိမ်နီးချင်းနိုင်ငံတစ်ခုခုများ ရောက်နေလေရော့လား။

မဟုတ်ပါ။ ဗိုလ်ဆွန်ပက်လမ်းခေါ် မောင်ထော်လေး လမ်းအစစ်၊ ဒါရွှေဘုံသာလမ်းခေါ် မဂိုလမ်းအစစ်၊ ဒါတရုတ်တန်းခေါ် လသာလမ်း၊ လမ်းမတော်အစစ် အားလုံးဟုတ်ပါသည်။ နိုင်ငံမမှားပါ။ ဒါဆိုဘာတွေဖြစ်ကုန်ကြပြီလဲ။

အယ်ဒီတာချုပ်ဗျာ၊ တစ်နေ့ ကျွန်တော်ရန်ကင်းဘက်သို့ ကိစ္စတစ်ခုနှင့်ထွက်လာပါသည်။ ယခုအခါ အင်းစိန်မှ ရန်ကင်းသို့လာရန် အမှတ် ၁၀၅ ဒိုင်နာ ကင်တာများစီးလျှင် လွယ်လင့်တကူ ရောက်နိုင်ပါသည်။ ကျွန်တော်ဟိုးရှေ့ထိပ်ဆုံးထောင့်တွင် နေရာယူလိုက်ပါသည်။ လူလည်း အတိုးမခံရ၊ အနင်းမခံရပါ။ အဆင်ပြေပါသည်။ အဲ ကြို့ကုန်းရောက်တော့ ကျွန်တော့်ရှေ့တည့်တည့်သို့ အရပ်ရှည်ရှည် အသားဖြူဖြူ ဂါဝန်တိုခေါ် မလား၊ စကပ်တိုခေါ် မလား၊ ပေါင်တန်အလယ်လောက် ရောက်နေသည့် ဂါဝန်ကားကားလေးနှင့် မိန်းကလေးတစ်ယောက်လာရပ်ပြီး ခေါင်းပေါ်က တန်းကိုပင် ကိုင်ထားလိုက်ပါသေးသည်။ ခေါင်းနှင့် လက်က မလွှတ်ချင် ကျွန်တော့်မျက်စေ့ရှေ့တည့်တည့် သူ့ပေါင်နှစ်လုံးကတော့ အထင်းသား ရှိနေပါသည်။ ခက်ပြီ။

"အို ဘုရားရှင်၊ ကျွန်တော်မျိုးမျက်စိနှစ်လုံးအား ဘုရားရှင်မပိတ်မီ ကျွန်တော်မျိုးဘာသာ ကျွန်တော်မျိုး ပိတ်ထားလိုက်ပါသည်။

ကြာကြာပိတ်မထားတတ်သော မျက်စိအကျင့်ကြောင့် ကုလားကျောင်းမှတ်တိုင် ရောက်သော် "သမီးလေး ဒီလာထိုင် ဘဘကြီးညောင်းလို့ မတ်တပ်ရပ်လိုက်ဦးမယ်နော်"ဟူ၍ တောင်းပန်ပန် ထိုင်ခိုင်းလိုက်ရပါသည်။ မျက်နှာပေါက်ကလေးကတော့ ဖြူဖြူသန့်သန့် ကျွန်တော်များ မြန်မာမိန်းကလေးအစစ်၊ မျက်နှာမှတစ်ဆင့်အောက်ဆက်ငုံ့ကြည့်မိတော့ ဘုရား ဘုရား ဘုရား တရင်း မျက်နှာအား ရှေ့တည့်တည့်လှည့်လိုက်ရသည်။

တော်ပါသေးသည် မျက်နှာနှင့် လေဝင်ပေါက်က တည့်တည့်ရှေ့မှ မြင်ကွင်းများကိုသာ မျက်နှာကို "သတိ"ဆွဲထားရသော အနေအထားဖြင့် "ရှေ့ကြည့်"နေရင်း ရန်ကင်းရောက်ခဲ့ရပါသည်။

ဘာလို့ "ဘုရား တရတာလဲ ဦးလေး ဦးမောင်ကြီး" မပြောပါရစေနဲ့ အယ်ဒီတာကြီး ဘဘရှက်လို့။

အယ်ဒီတာခင်ဗျာ၊ ဟိုးတစ်ချိန်လွတ်လပ်ရေး မရခင်ကလိုဘဲ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတို့၊ ကုမ္မာရီအသင်းတို့ ပြန်လည်ဖွဲ့စည်းပြင်ဆင်ပြီး အမျိုးသားစိတ်ဓာတ်၊ ဝံသာနုရက္ခိတ စိတ်ဓာတ်တွေပြန်လည်နိုးကြားလာအောင် ပြုလုပ်ရမည်လားမပြောတတ်ပါ။

ဟိုတုန်းက အနောက်တိုင်းယဉ်ကျေးမှုတစ်ခုသာ ကျွန်တော်တို့ကို တိုက်ခိုက်သည်။ အခုတော့ အရှေ့တိုင်းယဉ်ကျေးမှုကပါပုံပျက်ပန်းပျက်နှင့် ရောလာပြီ။ ဤကား ကျွန်တော်တို့ ယဉ်ကျေးမှု၏ ရန်သူများပင်။ ဂလိုဘယ်လိုက်ဇေးရှင်းဟုခေါ်သောကမ္ဘာပြုမှုဖြစ်စဉ်ကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းယဉ်ကျေးမှုများ ပွတ်တိုက်ခြင်း၏ သက်ရောက်မှုကို နားလည်ပါသည်။ ကျန်သည့်အပိုင်းတွင် ဂလိုဘယ်လိုက်ဇေးရှင်း၏ ကောင်းကျိုးများ မရဘဲ လူများများကြည့်ရန် Sexy ဖြစ်လွန်းအောင် ဝတ်စားနေထိုင်မှုကိုမူ အံ့သြစိတ်ပျက်မိသည်။ ထိုသို့ဖြစ်လာရခြင်းတွင် ယနေ့ခေတ်လူငယ်အားလုံး၏ အပြစ်တော့မဟုတ်။ မီဒီယာများ မျိုးစုံမှယဉ်ကျေးမှုနှင့်ပတ်သက်၍ အထိန်းအကွပ်လျော့ရဲသော အရာများမှာမြန်မာလူငယ်တို့၏ အိမ်တွင်းထိရောက်လာခြင်းမှာလည်း ပါဝင်သည်ဟုထင်သည်။

သို့သော်ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်ဟုလူကြီးသူမများ သတိပေးထားသည်။

ယနေ့လူငယ်များသည် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရန် တာဝန်မှာအသင်တို့ ပခုံးပေါ်သို့ အလိုလို ရောက်ပြီးသား သင်တို့မှာ တာဝန်ရှိသည်ကို ကြပ်ကြပ်သတိထားကြစေချင်သည်။

ကျောက်မြောင်း
ကျောင်းသားဟောင်းကြီး

Vol.10, No.37 · DECEMBER 1, 2011




CHICKEN SOUP

# ၁၁ း ၁၁ ဆုတောင်း

အိန်ဂျယ်လင်း

ကျွန်မက ကောင်ကလေးတွေနဲ့ပတ်သက်ရင် အမြဲတမ်းလိုလိုကံမကောင်းတတ်ဘူး။ ကျွန်မနဲ့ပတ်သက်ခဲ့တဲ့ကောင်ကလေးတွေအားလုံးက လူဆိုးကလေးတွေဖြစ်ရင်ဖြစ်၊ မျက်နှာများတတ်တဲ့လူဖြစ်ရင်ဖြစ်၊ မဟုတ်ရင် ချစ်သူကိုလုံးလုံးဂရုမစိုက်တတ်တဲ့ လူစားမျိုးတွေဖြစ်နေတတ်ကြတယ်လေ။ အဲဒီကောင်ကလေးတွေအားလုံးကလည်းနောက်ဆုံးမှာ ကျွန်မအသည်းကိုခွဲပြီးထားခဲ့ကြတာပဲလေ။ ဒီလိုနဲ့ ကျွန်မလည်း ခဏခဏအထီးကျန်ဖြစ်ရလွန်းလို့ ကျွန်မအမြဲလိုလိုပဲ ရင်နာနေရတတ်တယ်။ သူတို့နဲ့ပတ်သက်ရင် ကျွန်မပေးရတာက ပြန်ရတာထက်အမြဲပဲများလွန်းနေတယ်လို့လည်း ထင်နေမိတယ်။ အကျိုးဆက်ကတော့ ကျွန်မကိုယ်တိုင်လည်းအထီးကျန်ခြင်းရဲ့ ဝေဒနာကိုမခံနိုင်လို့ အနီးအနားကကြုံရာ တစ်ယောက်ယောက်ကို အမြန်ဆုံးကောက်တွဲလေ့ရှိတတ်တယ်။ ဒီတော့ ကျွန်မနဲ့တွဲနေတဲ့လူဟာ ဘယ်လိုလူစားလည်းဆိုတာကိုတောင် ကောင်းကောင်းမလေ့လာနိုင်တော့လောက်အောင်ကို သံသရာလည်နေတော့တာပါပဲ။

အခုလည်းနောက်ထပ်ကောင်ကလေးတစ်ယောက်ကို ကျွန်မတွေ့ထားပြန်ပြီလေ။ သူကချစ်စရာလေး၊ ကျွန်မထက်တစ်နှစ်ငယ်တယ်။ ပြီးတော့ ကျွန်မတို့နဲ့ တစ်လမ်းထဲမှာနေတာလေ။ ကျွန်မကတော့ တကယ်လို့ တစ်ယောက်ယောက်နဲ့သာ စိတ်တိုင်းကျတွဲခွင့်ရမယ်ဆိုရင်တော့ သူနဲ့တွဲချင်တာပေါ့။ ဒါပေမဲ့ သူနဲ့ကျွန်မက အကောင်းဆုံးသူငယ်ချင်းတွေပဲဖြစ်နေခဲ့ကြတယ်လေ။

ကျွန်မတို့မှာ ဘုံသူငယ်ချင်းကောင်မလေးတစ်ယောက်ရှိတယ်။ သူကသိပ်သွက်တာလေ။ တစ်နေ့ သူကျွန်မအိမ်ကိုလာလည်ရင်းကနေ ကျွန်မတို့နှစ်ယောက်ရဲ့ အခြေအနေကိုမေးတယ်။ နင်သူ့ကိုချစ်နေပြီလားလို့လည်း မေးတယ်။ ကျွန်မကလည်း အမှန်ကိုဝန်မခံချင်တာနဲ့ ငါတို့က သူငယ်ချင်းတွေပါလို့ ဘူးခံတာပေါ့။ ဒါပေမဲ့ သူက ကျွန်မရဲ့ အတွင်းစိတ်ကို ကောင်းကောင်းဖတ်မိပုံရတယ်။ သူကကျွန်မအခန်းထဲအထိလိုက်လာပြီး ‘နင်သေချာရဲ့လား’လို့မေးတယ်လေ။ ‘အေး၊ သူကငါနဲ့တအားခင်တာလေ။ သူ့ဘက်ကလည်းနင့်ကို ဘယ်လိုသဘောထားသလဲဆိုတာ ငါမေးကြည့်လိုက်ဦးမယ်’ ဆိုပြီး သူ့မိုဘိုင်းဖုန်းကိုထုတ်ပြီး မက်ဆေ့ချ်တွေလှမ်းပို့နေတာတွေ့တယ်။ ကျွန်မကလည်း ပျာပျာသလဲနဲ့ ‘မပို့ပါနဲ့ဟယ်။ သူ့ဘက်က ငါနဲ့ပတ်သက်ပြီးဘာခံစားမှုမှရှိတာမဟုတ်ဘူး။ နင်အလကားအချိန်ကုန်အလုပ်ရှုပ်တာပဲရှိမယ်’ လို့ ပြောပေမယ့် သူကတော့ခေါင်းမာမာနဲ့ မက်ဆေ့ချ်တွေကို ဆက်ပို့နေလေရဲ့။ ကဲပို့တော့ရောဘာထူးမှာလည်းကွာ။ ကျွန်မတို့နှစ်ယောက်လည်း သူ့ဆီက မက်ဆေ့ချ်ပြန်မလာခင် အချိန်ဖြုန်းတဲ့အနေနဲ့ ရေနွေးငွေ့ရေချိုးခန်းကိုနှစ်ယောက်သားသွားပြီးအချိန်ဖြုန်းနေလိုက်ကြတယ်။ အပြန်ကျတော့မိုးအတော်ချုပ်နေပြီလေ။ နွေဦးညကောင်းကင်မှာ ကြယ်ကလေးတွေအများကြီးလင်းလက်နေတာ ချစ်စရာကောင်းလှတယ်။ သူငယ်ချင်းကတော့ ထုံးစံအတိုင်းသူနောက်ဆုံးကြားခဲ့ရတဲ့ ကျောင်းကအတင်းအဖျင်းသတင်းပေါင်းစုံကို ကျွန်မကိုပြောပြတယ်နေလေရဲ့။ ကျွန်မ စိတ်တွေကတော့သူ့စကားထဲမှာမရှိဘဲ စောစောကပို့လိုက်တဲ့ မက်ဆေ့ချ်ကို သူဘယ်လို ပြန်မလဲဆိုတာကိုပဲ စိတ်စောနေမိတယ်။ သူ့ဆီကမက်ဆေ့ချ်ကလည်းတော်တော်နဲ့ ပြန်ရောက်မလာဘူးလေ။ သူပြန်ရောပြန်ပါတော့မလားလို့တောင်တွေးပြီး စိတ်မကောင်းဖြစ်နေမိတယ်။

ကျွန်မတို့နှစ်ယောက်အိမ်ပြန်ရောက်တော့ ကျွန်မအခန်းထဲက ခုတင်မှာ နှစ်ယောက်သားသွားလှဲနေကြတယ်။ ကျွန်မကမျက်စိမှိတ်ပြီးအာရုံကိုစုစည်းထားတယ်။ ဒါပေမဲ့ ရင်ခုန်သံတွေကတော့ မြန်နေတာကို ဘယ်လိုမှရပ်လို့မရဘူး။ သူငယ်ချင်းကတော့ သူ့ဖုန်းကိုလက်ထဲမှာကိုင်ထားတယ်။

ရုတ်တရက် ဖုန်းဆီကနေ မက်ဆေ့ချ်ဝင်တဲ့ အသံမြည်လာတယ်။ ‘နင့်ကောင်လေးဆီကဟဲ့’ လို့ သူကပြောပြီး မက်ဆေ့ချ်ကိုဖွင့်တယ်။ ကျွန်မကတော့ စိတ်ကိုဒုံးဒုံးချထားလိုက်ပါပြီ။ ဒီလိုပဲနေမှာပေါ့။ ငါသူ့ကိုစိတ်မဝင်စားပါဘူး။ ရိုးရိုးပဲခင်တာပါဆိုတဲ့ စာမျိုးပဲဖြစ်မှာပေါ့။

စာကိုဖတ်နေတဲ့ သူငယ်ချင်းက ဟေးခနဲအော်ပြီး ကျွန်မကို အတင်းခုန်အုပ်လိုက်တယ်။ ဟဲ့၊ ဒီမှာသူကလည်း နင့်ကိုစိတ်ဝင်စားနေတယ်တဲ့။ ဒီမှာကြည့် ဆိုပြီး ကျွန်မကို ပြတယ်။ သူရေးထားတဲ့ YES ဆိုတဲ့ စကားသုံးလုံးကြောင့် ကျွန်မ နှလုံးသားဟာ မူရင်းနေရာကနေ ကျွတ်ထွက်ပြီး လည်ပင်းမှာ တက်ကပ်နေတယ်လို့ထင်ရလောက်အောင်ဝမ်းသာလုံးဆို့သွားခဲ့ရတယ်။ ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်းက ကျွန်မကို ချစ်နေပြီတဲ့။

အဲဒီနောက်ပိုင်းမှာ ကျွန်မလည်းသူ ကိုယ့်ကိုစိတ်ဝင်စားနေတာကို မသိချင်ယောင်ဆောင်ပြီး အရင်လိုမျိုးပဲ ရိုးရိုးသူငယ်ချင်းတွေလိုဆက်နေနေခဲ့တယ်။ ကျွန်မစိတ်ထဲမှာ ဒွိဟလည်း အကြီးအကျယ်ဖြစ်နေတယ်။ သူနဲ့ဒီအတိုင်းကလေးပဲ မှေးပြီးနေသွားရမလား။ ဒါမှမဟုတ် ချစ်သူအဖြစ်ပြောင်းသွားအောင် ကြိုးစားလိုက်ရမလား။ တကယ်လို့ သူပို့တဲ့ မက်ဆေ့ချ်က နောက်ပြောင်ပြီးပို့တာဆိုရင် သူငယ်ချင်းကောင်းတစ်ယောက်ဆုံးရှုံးသွားတာပဲ အဖတ်တင်မှာကိုလည်း ကျွန်မတွေးပြီးပူနေမိတယ်။

ဒါပေမဲ့ ကျွန်မတို့နှစ်ယောက်ရဲ့ နီးစပ်မှုကလည်းအလျင်အမြန်ဖွံ့ဖြိုးလာခဲ့တယ်။ ကျွန်မကတော့ ဆက်ပြီး ဘာမှမသိချင်ယောင်ဆောင်နေသေးတယ်။ ဒီအခြေအနေကနေ ဘယ်လိုဆက်ဖြစ်လာမလဲဆိုတာကိုလည်း ကျွန်မသိချင်စိတ်တွေ အရမ်းစိတ်စောနေခဲ့တယ်။

ဒီလိုနဲ့ သိပ်မကြာခင်တစ်ညနေခင်းမှာ ကျွန်မတို့နှစ်ယောက်သားကျွန်မတို့အိမ်ရှေ့ကတောင်ကုန်းကလေးတစ်ခုမှာအတူတူထိုင်နေခဲ့ကြတယ်။ နွေးထွေးတဲ့လေညင်းကလေးကတိုက်ခတ်နေပြီး ကြယ်တွေကတအားလင်းနေတော့ ညဟာ မှောင်သင့်သလောက်မမှောင်ဘဲချစ်စရာကောင်းနေတယ်။ ကျွန်မတို့နှစ်ယောက်ဟာ ထုံးစံအတိုင်း ထွေရာလေးပါးတွေရှောက်ပြောနေရာကနေ ရုတ်တရက်စကားစ ပြတ်သွားပြီး ရပ်သွားခဲ့တယ်။ အခုလို စကားစပြတ်သွားတဲ့အချိန်ကြာလေ နေရတာ မရိုးမရွဖြစ်လေပဲ။ သူက သက်ပြင်းတစ်ချက်ခိုးချလိုက်ပြီး ကျွန်မကိုလှမ်းအကဲခတ်တယ်။ သူတစ်ခုခုပြောတော့မယ်ဆိုတာကို ကျွန်မသိနေပေမယ့် ဘာမှသတိမထားမိသလိုမျိုး ဟန်ဆောင်နေခဲ့တယ်။ ‘ငါနင့်ကိုပြောစရာတစ်ခုရှိတယ်’ လို့ သူကတိုးညင်း ညင်သာတဲ့ အသံနဲ့ပြောတယ်။ ပြီးတော့ စကားခဏရပ်သွားသေးတယ်။ ‘ငါနင့်ကိုချစ်နေပြီ။ ငါ့မှာ ဒီလိုခံစားမှုမျိုးပေါ်တာ အတော်ကြာနေပြီ’ လို့ သူကျွန်မကိုမဝံ့မရဲကြည့်ပြီး ပြောလာတယ်။ ပြီးတော့ မျက်နှာကြီးနီရဲပြီး သူ့ခေါင်းကို ငုံ့ထားလိုက်တယ်။

ညအမှောင်ထဲမှာတောင်မှသူ့မျက်နှာသွေးရောင်လွှမ်းနေတာကို ကျွန်မမြင်နေရတယ်။ ကျွန်မကသူ့ကို ပြုံးကြည့်ပြီး ‘ငါသိပါတယ်ဟာ’ လို့တိုးတိုးကလေးပြောလိုက်တယ်။ ကျွန်မအသံဟာ ရင်ခုန်တာနဲ့ ရှက်တာရောနေတယ်ဆိုတာ သူကောင်းကောင်းသိနိုင်တယ်။ သူကကျွန်မကိုပြုံးကြည့်ပြီး လက်ကမ်းပေးတယ်။ ကျွန်မကသူ့လက်ကိုဆွဲကိုင်ပြီး ထထိုင်လိုက်တယ်။ အဲဒီညမှာသူကျွန်မကိုထုံးစံအတိုင်းအိမ်တံခါးဝအထိလိုက်ပို့ပေးတယ်။ အိမ်တံခါးဝရောက်တော့ ချစ်စိတ်လွှမ်းတဲ့အကြည့်နဲ့ကျွန်မကိုကြည့်ပြီး ကျွန်မလက်မောင်းကိုတင်းတင်းဆုပ်ကိုင်လာတယ်။ သူနှုတ်ဆက်ပြီးတော့ ချက်ချင်းထွက်မသွားသေးဘဲကျွန်မကို ကြည့်နေတယ်။ ကျွန်မကလည်းအိမ်ထဲကိုပြန်မဝင်နိုင်သေးဘဲသူ့ကိုကြည့်နေတယ်။ သူကဘာမပြောညာမပြောနဲ့ ရှေ့တိုးလာပြီး ကျွန်မနဖူးကို လျှပ်တစ်ပြက်နမ်းကာသူ့အိမ်ဆီကို အပြေးတစ်ပိုင်း ပြန်ထွက်သွားတယ်။

ကျွန်မလည်း အိမ်ထဲကိုပြေးဝင်သွားတယ်။ ကျွန်မမျက်နှာအနှံ့အပြုံးတွေက နေရာယူထားမှာ အသေအချာပဲလေ။ ပြီးတော့ ပျော်ရွှင်မှုက ကျွန်မသွေးကြောတွေအားလုံးထဲမှာ အရှိန်ပြင်းပြင်းနဲ့လှည့်ပတ်စီးဆင်းနေတယ်။


အဲဒီနောက်တော့ သူနဲ့ ကျွန်မဟာ ဘယ်လိုမှခွဲမရတော့မယ့်ပုံမျိုးနဲ့ တွဲခဲ့ကြတယ်။ တစ်နေ့လုံးအတူတကွရှိနေကြသလို ညဆိုလည်းသန်းခေါင်ကျော်တဲ့အထိ နှစ်ယောက်သားကြယ်တွေကို ထိုင်ထိုင်ကြည့်နေတတ်ကြတယ်။ အဲဒီနောက်နှစ်ပတ်သုံးပတ်လောက်ကြာတော့ သူက ‘ငါတို့နှစ်ယောက်ချစ်သူတွေလိုနေသွားကြရအောင်’ လို့ပြောလာတော့ ကျွန်မက ကြည်နူးစွာနဲ့ ခေါင်းကို အသာအယာညိတ်ပြလိုက်ပါတယ်။

သူနဲ့ကျွန်မကြားမှာ သူငယ်ချင်းဘဝထဲက အတူတူလုပ်လေ့ရှိတဲ့အလေ့အကျင့်တစ်ခုရှိတယ်။ ည ၁၁ နာရီ ၁၁ မိနစ်ရောက်တိုင်း ကိုယ်လိုချင်တာတစ်ခုကို ဆန္ဒပြုကြတဲ့ အစဉ်အလာပဲ။ ချစ်သူတွေ မဖြစ်ခင်တုန်းကဆိုရင် ကျွန်မတို့ နှစ်ယောက်စလုံးဟာ ကျွန်မတို့နှစ်ယောက် ချစ်သူဖြစ်ခွင့်ရပါစေဆိုပြီး ကိုယ့်ဘာသာလျှို့ဝှက်ကြိတ်ပြီးဆုတောင်းခဲ့ကြတဲ့ ရက်တွေအများကြီးရှိခဲ့ကြတယ်ဆိုတာကို နောက်ပိုင်းမှာကြည်နူးစရာပြန်သိခဲ့ကြရတယ်။ ကျွန်မတို့ကံကြမ္မာကိုပဲ ကျေးဇူးတင်ရမလား၊ ကျွန်မတို့ ၁၁း ၁၁ နာရီရောက်တိုင်း တိုင်ပင်မထားဘဲ အတူဆုတောင်းမိခဲ့ကြတဲ့ သံနိဋ္ဌာန်တွေခိုင်မာခဲ့ကြလို့ပဲလားတော့ မသိဘူး၊ ကျွန်မတို့လိုလားနေကြတဲ့ ပျော်ရွှင်ဖွယ်ချစ်သူဘဝကို နှစ်ယောက်သားပိုင်ဆိုင်ခွင့်ရခဲ့ကြတယ်။ အချစ်ဆုံးသူငယ်ချင်းကို ချစ်သူလုပ်ရတဲ့အတွက် ဝမ်းနည်းစရာ၊ နောင်တရစရာဘာတစ်ခုမှ မရှိဘူးဆိုတာကိုတော့ ကျွန်မအသေအချာပြောနိုင်ပါတယ်။

*Ref: 'Make a Wish' by Jess Bunbury*

သူငယ်ချင်းသံယောဇဉ်မပါဘဲ
အချစ်ကိုတည်ဆောက်ရတာဟာ
သဲမြေပေါ်မှာ
ရဲတိုက်ကြီးဆောက်ရသလို
အခြေမခိုင်ဘဲရှိတတ်ကြတယ်။

*အဲလ်လာဝှီးလာ ဝဲလ်ကော့စ်*



## စာ - ၂၆၊ စာအုပ်သစ်၊ မျှော်လင့်ချက်သစ်၊ လမ်းသစ် မှ

ပြောရလျှင် ရှေ့ဆက်ရမည့် ဤခရီးမှာလည်း ကမ်းမမြင်၊ လမ်းမမြင် မဟုတ်တော့ပါ။ ဆိုခဲ့ပြီးသောကျမ်း(The Origins of Political Power) မှာပင်ကျမ်းရှင်ဖူကူယားမားက ရွေးကောက်ပွဲဒီမိုကရေစီမှ ရင့်ကျက်သော ဒီမိုကရေစီသို့မတင်ပေးနိုင်မည့် လီဗာ ၅ ခု (သို့မဟုတ်) ကုတ် ၅ ချောင်းကို ယခုလို အညွှန်းပေးပြီးဖြစ်သည်။

စီးပွားရေးတိုးတက်မှု (Economic growth)၊ နိုင်ငံတည်ဆောက်ရေး(State building)၊ တရားဥပဒေစိုးမိုးရေး(Rule of Law)၊ ဒီမိုကရေစီ (Democracy)၊ လူမှုနိုးကြားလှုပ်ရှားမှု (Social Mobilization)တို့ဖြစ်သည်။ တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာဖြင့် အဆိုပါ ကုတ် ၅ ချောင်းကို သာပြိုင်တူမကြလျှင် ခေတ်မီဒီမိုကရက်တစ်နိုင်ငံတော်သစ်ဆီသို့ အသေအချာဦးတည်မည့် လမ်းကြောင်းသစ်တစ်ခု အမှန်ပင်ဖော်နိုင်လိမ့်မည်ဟု အာမခံထားသည်။


ဖူကူယားမားညွှန်သော အဆိုပါလမ်းသစ်၏ ဦးတည်ရာကိုစာရေးသူက စိတ်ကူးဖြင့်ပုံဖော်ကြည့်နေမိသည်။ ဤနေရာ၊ ဤဒေသတွင် တိုင်းရင်းသားအားလုံး ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့်ဥမကွဲသိုက်မပျက်ရှိနေကြမည်။ စီးပွားရေးဖွံ့ဖြိုးမှု၏ အသီးအပွင့်အဖြစ် အဆင့်မြင့်ပညာရေးနှင့် အကောင်းဆုံးဘဝအရည်အသွေးကို လူတိုင်းကိုယ်စီခံစားနိုင်ကြမည်။

တရားဥပဒေ၏ ရှေ့မှောက်တွင် လူတိုင်းလူတိုင်း တန်းတူညီမျှစွာရှိနေရမည်။ လူထုဆန္ဒနှင့် လူထုအကျိုးစီးပွားကို ကိုယ်စားပြုသော ကောင်းမွန်သည့် အုပ်ချုပ်ရေး၏အမြိုက်အရသာကို နိုင်ငံသားတိုင်း တင်းပြည့်ကျပ်ပြည့် ခံစားခွင့်ရမည်။ တူညီသော အကျိုးစီးပွားအတွက် နိုင်ငံသားများ ကိုယ်တိုင်စည်းရုံးလှုပ်ရှားကြသော အရပ်ဘက်အဖွဲ့အစည်းများ လွတ်လွတ်လပ်လပ် ရှင်သန်နေမည်။ ပြီး. . ‘ငြိမ်းချမ်းရေးသည် ပျားရည်ကဲ့သို့ အစဉ်’ဆိုသော ဆရာငြိမ်း(မြို့မငြိမ်း)၏ မင်္ဂလာတေးသံကို သူတို့အားလုံး သံပြိုင်သီဆိုနေကြပါလိမ့်မည်။

အချုပ်ဆိုရလျှင် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော မင်္ဂလာတရားတော်မှ ‘ပတိရူပလူ့အဖွဲ့အစည်း’(ပညာဖြင့်ထုံမွမ်းသော လူ့ဘောင်) ဖြစ်ပါလိမ့်မယ်။

ယခုအခါ အသက်ခြောက်ဆယ်နီးပြီဖြစ်သော စာရေးသူ တစ်ယောက် အိုဇာတာကောင်းတော့မည် ထင်ပါသည်။ ။

7 DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011



# မကောင်းတာတွေ ဆက်မလုပ်ကြေး

ဘဘမောင်ကြီး

သို့သော ဆောင်းပါးကို မရေးချင်ပါ။ရေးရန်လည်း မရည်ရွယ်ပါ။ သို့သော် မရေးချင်ဘဲရေးရသော ဆောင်းပါးဖြစ်ပါသည်။

အဘယ်ကြောင့် ဆိုသော် ခေတ်စနစ်ပြောင်းလဲသော်လည်း အကျင့်ဆိုး၊ ညဉ်ဆိုးမပြောင်းလဲသော ဝန်ထမ်း၊ ခြောက်စား၊ ဟောက်စား ဝန်ထမ်းများအကြောင်း ပင်ဖြစ်ပါသည်။

အကျင့်ဆိုး၊ ညဉ်ဆိုးကို ဖျောက်ဖျက်ရန်မှာ လွန်စွာခက်ခဲလှသည်ဟုထင်ပါသည်။

တစ်ချိန်က ကျွန်တော့်ကိုယ်တွေ့လေးအနည်းငယ်အားတင်ပြလိုပါသည်။

တပ်မတော်မှ အနားယူပြီး စုဆောင်းထားသောငွေလေးနှင့် တပ်မှူးကြီး ချီးမြှင့်လိုက်သောငွေစလေးများအား တူသားမောင်တို့နှင့်ပေါင်းစပ်ကာ ဆိုင်ငယ်လေးတစ်ဆိုင်ဖွင့်ခဲ့ပါသည်။

'ကားပစ္စည်းဆိုင်'. . အမဲဆီ၊ ဘရိတ်ဆီ၊ အင်ဂျင်ဝိုင်၊ ဂီယာဝိုင်၊ ဝါရှာ၊ ကော်ပတ်၊ လွှ၊ တံမြက်စည်းနှင့် မူလီမျိုးစုံရောင်းသောဆိုင်ကလေးဖြစ်ပါသည်။

ဆိုင်ခန်းငှားခမှာ တစ်လကျပ်သုံးသောင်း။ တစ်နေ့ ကျပ်တစ်ထောင်ပေါ့။

လျှပ်စစ်မီး မသုံး၍ ငွေမကုန်ပါ။ ရေ၊ ဆိုင်ရှေ့ ဘုန်းတော်ကြီးကျောင်းမှ စွန့်ကြဲထား၍မကုန်ပြန်ပါ။ ဆိုင်ဖွင့်ပြီး တစ်ရက်၊ နှစ် ရက်၊ သုံးရက်မြောက်တော့ လာပါပြီ။ ဆိုင်လိုင်စင်လုပ်ရမည်တဲ့။ လိုင်စင်က တစ်သောင်းငါးထောင်၊ ဝန်ဆောင်ခကကျပ်တစ်သောင်းတဲ့၊ လိုင်စင်ပြုလုပ်ခဟုပြောပါသည်။ သူတို့ရောဝန်ထမ်းတွေမဟုတ်လား။ ဒီကျပ်တစ်သောင်းရော ဘဏ္ဍာထဲရောက်ရဲ့လား မပြောတတ်ပါ။

ရှင်းပြသည်မှာ ဆိုင်ကိုဓာတ်ပုံရိုက်ခ နှစ်ထောင့်ငါးရာ၊ မီးသတ်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဆိုင်အနီးပတ်ဝန်းကျင်တွင် အိမ်ထောင်စုဆယ်စု၏ ထောက်ခံချက်၊ လိုင်စင်အတွက် ရုံးချုပ်သွားလာစရိတ်၊ လိုင်စင်စာရွက်စာတမ်းဖိုးပြောပါသည်။ တော်ပါသေးသည်။ လမ်းခရီး ရေဖိုးမပါ၍။

ခက်ပြီ၊ ဘာလုပ်ရမည်နည်း။ အနီးနား ပတ်ဝန်းကျင်စုံစမ်းတော့လည်း "ဟုတ်တယ်၊ ဘကြီးပေးသာပေးလိုက်။ ကိုယ့်ဘာသာကိုယ်သွားလုပ်ရင်တော့ ရတာပေါ့။ ဌာနတစ်ခုရောက်သွားရင် သုံးခါလောက် ချိန်းပြန်တယ်။ နောက်ဆုံးကျတော့ ပိုက်ဆံပေးရတာပဲ မထူးဘူး"

ဟော၊ နောက်တစ်ယောက်လာပြန်ပြီ။ ဆိုင်းဘုတ်ခွန်တဲ့။

"ဘကြီးဆိုင်းဘုတ်ခွန်ဆောင်ရမယ်။ ဘကြီးဆိုင်းဘုတ်ဆိုရင် ခြောက်ထောင်လောက်ကျမယ်" "သမီးသက်သာအောင် လုပ်ပေးမယ်။ လေးထောင်ပဲပေး""အို. . ကောင်းလေစွ၊ ကျေးဇူးရှင် ဘုန်းကြီးပါစေ။ သက်ရှည်ပါစေ၊ အန္တရာယ်မျိုး ၉၆ ပါး ကင်းဝေးပါစေ" ပါးစပ်မှလည်း ဆုများပင်ပေးပြီးသား။

ဘောက်ချာဖြတ်သည်။မင်ခံစက္ကူခံထားသည်။ ကောင်းသည်။ မှန်ကန်စွာလုပ်သည်။ ဘောက်ချာပေးသည်။ ပိုက်ဆံပေးလိုက်သည်။ "ဘကြီးသွားပြီ" "ကောင်းပါပြီ၊ ကောင်းပါပြီကွယ်" "ဘောက်ချာသေသေချာချာကြည့်လိုက်တော့ နှစ်ထောင့် ငါးရာတဲ့ ။ သေစမ်းနန္ဒိယ"

ဟောနောက်ရက် လာပြန်ပြီ တစ်စု။ မီးသတ်ဘူးဆောင်ရမည်တဲ့။ ဆေးဘူးရောဆေးရောပေါင်း ခုနစ်ထောင်ကျမည်တဲ့ ။ ဒါမှမကျေနပ်လျှင် ကိုယ့်ဘာသာကိုယ်မြို့နယ်မီးသတ်မှာ သွားဝယ်တဲ့"

ဒါတော့ လွန်လွန်းပြီ။ ကျွန်တော် သည်းမခံနိုင်တော့ပါ။

ဒီမယ်ကိုယ့်လူ. . မှတ်ထား။ ငါ ယူနီဖောင်းချွတ်တာ လပိုင်းပဲရှိသေးတယ်။ မီးသတ်ဘူးကို မင်းလိုချင်ရင် ငါ သုံးထောင့်ငါးရာနဲ့ ရောင်းမယ်။စက်မှုဇုန်မှာလေ။ ဆေးရောဘူးရော သုံးထောင်ပဲရှိတယ်ကွ။ ငါ့လမ်းထဲ (ရပ်ကွက်)မှာ အလုံး ၂၀ ကျော်ဆောင်ထားတယ်။ ဒါမှမင်းမယုံရင် အင်းစိန်မီးသတ်ကို အခုဖုန်းဆက်မေးလိုက်။ တစ်မြို့နယ်လုံးမှာ မီးသတ်ဘူး စဆောင်တာ ငါ့လမ်းတစ်လမ်းတည်းရှိတယ်"

တစ်တော ရှင်းသွားပြီ။ မပြောသင့်သော စကားများပြောလိုက်ရသည်။ မတတ်နိုင်။

ကျန်းမာရေးလိုင်စင်လာပြန်ပြီတစ်ဦး "ဦးကြီး ကျွန်မတို့ ကျန်းမာရေးဌာနကပါ။ ကျန်းမာရေးလိုင်စင်လုပ်ရမယ်"။ "ဟ. . ငါ့ဆိုင်မှာ တီဘီရောဂါသည်လည်း မရှိဘူး။ အေအိုင်ဒီအက်စ်လည်း မရှိဘူး။ ငါကိုယ်တိုင် သန်သန်မာမာကြီးရှိသေးတယ်။ ငါ့တူသားတွေလည်း ဆေးလိပ်၊ ကွမ်း. . ဝေး။ ကျန်းမာကြတာမှ ထန်. . ထန်နဲ့ကို မြည်နေတာပဲ"

"မဆိုင်ဘူး၊ ဦးကြီးရဲ့။ လိုင်စင်ဟာ လိုင်စင်ပဲတဲ့" ခက်ပြီ။

ထွက်ပြီ၊ နှစ်ထောင်။ ကတ်ပြားပေါ်မှာရေးတော့တစ်ထောင်။ စက္ကူဖိုးနဲ့ ကွန်ပျူတာရိုက်ခ တစ်ထောင်ကျပ်တဲ့။ လုပ်ချလိုက်ပြန်ပြီ။

ပြီးတော့ ပြောလိုက်သေးသည်။ အမှိုက်ပုံးထားရမည်။ ကောင်းပါပြီ၊ ထားပါသည်။ ကိုယ့်အမှိုက်ကိုယ်သတ်မှတ်နေရာတွင် သွားပုံရမည်။ ကောင်းပါပြီ လုပ်ပါသည်။

အမှိုက်ခွန်ခ တစ်လ ခုနစ်ရာကျပ်တဲ့။ စာဖတ်သူများ စဉ်းစားကြည့်ပါ။ သူတို့ရော ဘာလုပ်ကြပါသနည်း။

ဟောလာပြန်ပြီ။ယူနီဖောင်းဝတ်။ လွန်စွာယဉ်ကျေးသော ချိုသာသောစကားနဲ့ "ဘဘရေနေကောင်းတယ်နော်။ သားတို့တပ်ဖွဲ့ရဲ့ရန်ပုံငွေအတွက်ပါ အားပေးပါဦး" ပြက္ခဒိန်လေးများ ထိုးပြသည်။ ထိုအချိန်တွင် လမ်းဘေးတွင် တစ်စောင်နှစ်ရာ့ငါးဆယ်ကျပ်။ သူတို့ရန်ပုံငွေအတွက်"ခုနစ်ရာတည်းပါတဲ့" ယူနီဖောင်းအားနာ၍ ပေးလိုက်သည်။

မကြာမီ ဟောတစ်စု၊ ယူနီဖောင်းအရောင်က ဖျော့တော့တော့။ အရောင်ပင်မရှိ။ စုတ်နေသည့်နေရာတောင် မချုပ်နိုင်။ တစ်ယောက်က ထော့နဲ့ထော့နဲ့။ တစ်ယောက်က ကွတတ၊ တစ်ယောက်က စာအုပ်မျိုးစုံကိုင်လို့။

ဒုက္ခိတများဖြစ်သည်က အမှန်ပင်ကိုယ်ချင်းစာမိသည်။ကိုယ်လည်းကံကောင်းလို့ဒီဘဝမရောက်ခဲ့ရ။ စာအုပ်ကလေးနှစ်အုပ်ဝယ်လိုက်သည်။ ဟောင်းနေပြီဖြစ်သောစာအုပ်သစ်များ၏အတွင်းမှ တန်ဖိုးထက် နှစ်ဆပေးရသည်။

"သြော်. . ဈေးရောင်းစားရတာလည်း မလွယ်ပါလား"

ငါ့တပည့်ရဲဘော်တွေ ဘယ်လိုနေကြပါလိမ့်။ လာပြန်ပြီ။ အစုအဖွဲ့နည်းမျိုးစုံ၊ ပုံစံမျိုးစုံ၊ လေသံမျိုးစုံနဲ့ ကျွန်ုပ်ဘာလုပ်ရမည်နည်း။ ဘယ်သူ့တိုင်ရမည်နည်း။ ဘယ်သူ့ပြောရမည်နည်း။ မတတ်သာတော့ပါ။

ဟော. . အကြံရပြီ။ ဟိုး. . ငယ်ငယ်က သူငယ်ချင်းနှင့်တွဲ၍ ရိုက်ထားသော ဝတ်စုံအပြည့် Equipment အပြည့်နဲ့ဓာတ်ပုံကို မိတ္တူကူး ပုံကြီးချဲ့၍ ဆိုင်မှာကပ်ထားလိုက်ရပါသည်။

ဤပုံမှာ စာခြောက်ရုပ်အလား။ တန်ဖိုးရှိလှသည်။

တော်တော် ရှဲသွားသည်။ အလာကျဲသွားသည်။ မလုပ်ချင်ပါ။ မလုပ်သင့်ပါ။ မလုပ်သင့်သည်ကိုတော့သိပါသည်။ ခဏ. . ခဏဆိုတော့လည်း စာခြောက်ရုပ်ကလိုပြီပေါ့။

နိုင်ငံတော်သည် စနစ်တစ်ခုသို့ဦးတည်နေသည်။ နိုင်ငံဦးဆောင်သူများနှင့် ပြည်သူများ လက်တွဲချိတ်ဆက်မိနေပြီ။ သင်တို့၏ အကျင့်ဆိုး၊ ညဉ်ဆိုးများ ဖျောက်ဖျက်ကြပါ။ ဟောက်စား၊ ချောက်စား၊ မြှောက်စားများ ပယ်ပျောက်သင့်ကြပါပြီ။ ။

## JOKE

### တစ်ဘီလီယံ

စီမံကိန်းတစ်ခုတွင် ဒေါ်လာတစ်ဘီလီယံသုံးစွဲမည်ဟု နိုင်ငံရေးသမားတစ်ယောက်ပြောပါက အလွန်နားလည်ရခက်သည်။ ထို့အတွက် ကြော်ငြာတစ်ခုက တွက်ချက်ပြလိုက်ပုံမှာ အလွန်ကောင်းသည်။

လွန်ခဲ့သော ဘီလီယံစက္ကန့်ကဟုပြောလျှင် ၁၉၅၉ ခုနှစ်ကဖြစ်သည်။

လွန်ခဲ့သော ဘီလီယံမိနစ်ကဟုဆိုလျှင် ယေရှုသခင် အသက်ရှင်နေသေးသည်။

လွန်ခဲ့သော ဘီလီယံနာရီကဟုဆိုပါက ကျွန်တော်တို့၏ ဘိုးဘေးဘီဘင်များ ကျောက်ခေတ်မှာပင်ရှိသေးသည်။

ဒေါ်လာတစ်ဘီလီယံဟု ဆိုလိုက်လျှင် အမေရိကန်အစိုးရက ၈ နာရီနှင့် ၂၀ မိနစ်အတွင်း ကုန်အောင်သုံးပြလိမ့်မည်။

### မိန်းမနှင့် ယောက်ျား

အင်္ဂလိပ်စာလုံး မိန်းမနှင့် ယောက်ျားကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ (Lady First-မိန်းကလေးကို ဦးစားပေးထားပါသည်။)

W-Worries
I-Invited
F-For
E-Ever

အဓိပ္ပာယ်မှာ-ထာဝရဖိတ်ခေါ်ထားသောပူပန်မှု။

H-Headaches
U-Unlimited
S-Since
B-Beginning
A-And
N-Never
D-Diminishes

အဓိပ္ပာယ်မှာ-အစကတည်းက အကန့်အသတ်မဲ့ ခေါင်းကိုက်မှုပေးပြီး ဘယ်တော့မှလျော့ပါးမသွားမှု။


# အပြောမခံချင်လွန်းလို့

■ ကိုထိန်(တာချီလိတ်)

ကျွန် တော်နေတာက နယ်စပ်မြို့လေးမှာ။ သည်နယ်စပ်မြို့လေးက တစ်ခုတော့ကောင်းတယ်။ ဟိုဘက်က ထိုင်းနိုင်ငံနဲ့ ကပ်လျက်သားတည်ရှိနေတာ၊ သွားရေးလာရေးလည်းလွယ်တယ်။ မှတ်ပုံတင်ပြ၊ ကွန်ပျူတာနဲ့မှတ်တမ်းတင်၊ ပြီးတော့ ကျသင့်ငွေပေးချေလိုက်ပြီးတာနဲ့ ယာယီသွားလာခွင့်ကတ်ပြားလေးရပြီပဲ။ ဒါဆိုပြီးပြီ။ တစ်ဖက်နိုင်ငံရဲ့ နယ်စပ်မြို့ထဲကြိုက်သလိုသွားတော့။ ညနေ ၆ နာရီမထိုးခင် ကိုယ့်နိုင်ငံထဲပြန်ဝင်လာရင်ပြီးတာပဲ။

အဲ၊ နောက်ကောင်းကွက်တစ်ခုကတော့ အလုပ်ပေါတာပဲ။ အလုပ်တွေကလည်း များမှများလို့ပဲဆိုပါစို့။ သည့်ပြင် လုပ်ခတွေကလည်း မဆိုးလှလေတော့. . ။ အဲဒီ့မဆိုးဘူးကနေ စပါတယ်။ မြေပြန့်က အစ်ကို၊ အစ်မများ အုံနဲ့ကျင်းနဲ့ရောက်ရောက်လာပါလေရောပေါ့ဗျာ။ သည့်အခါ ဘာဖြစ်လဲ။ ရိုးရိုးသားသား သမ္မာအာဇီဝလုပ်အားနဲ့ရင်းပြီး အလုပ်လုပ်တာပဲ။ ဘာဖြစ်လို့လဲ။

ဟုတ်ပါတယ်။ ဒီကိစ္စကိုတော့မပြောလိုပါဘူး။ ဘာမှမဖြစ်ပါဘူး။ အလုပ်ကိစ္စကို ဘာမှမပြောလိုပါဘူး။ *စာ(၄၀) သို့*



**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရိုန်းရိုန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေး။ **လိုဂိုဒီဇိုင်း-** ကျော်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၆၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : editor@7daynewsjournal.com

Business
7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# ဆန်စပါးအသင်းက ဦးဆောင်၍ ပြည်ပသို့ ဆန်တင်ပို့တော့မည်

**ပြည်သိမ်း**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၅**

ပြည်ပသို့ ဆန်တင်ပို့မှုကို ဒီဇင်ဘာလမှစ၍ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းကဦးဆောင်၍တင်ပို့မည်ဖြစ်ကြောင်း အသင်း ဥက္ကဌ ဦးချစ်ခိုင်က ပြောကြားသည်။

ယခင်ကပြည်ပသို့ဆန်တင်ပို့ရာတွင် ဆန်ပို့သောကုမ္ပဏီများက အသင်းကို လုပ်ငန်းလိုင်စင်လျှောက်ပြီး မိမိအစီအစဉ်ဖြင့်တင်ပို့ကြသည်။ ထိုသို့တင်ပို့ရာတွင် သင်္ဘောတစ်စီးစာ တန်ချိန်ရရန် ကုမ္ပဏီများစုပေါင်းတင်ပို့ကြသည်။ ဝယ်ယူမည့်သူများကဆန်ကိုလိုက်လံစုဆောင်းနေရခြင်း၊ ကုမ္ပဏီတစ်ခုချင်း သီးသန့်ဖြစ်နေသည့်အတွက် ဈေးနှုန်းအမျိုးမျိုးဖြစ်နေခြင်း၊ပြည်ပဈေးကွက်ခိုင်မာမှု၊ ရေရှည်ဈေးကွက်ရမှုတို့ အခက်အခဲရှိနေခြင်းတို့ကြောင့်အသင်းမှ ဦးဆောင်တင်ပို့ရန် စီစဉ်ခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှတာဝန်ရှိသူများကဆိုသည်။

"အသင်းက လုပ်တော့ ပိုပြီးအားစိုက်လို့ရတယ်။ ဈေးကွက်မှာလည်း မြန်မာ့ဆန်က စိတ်ချယုံကြည်မှုပိုရမယ်"ဟု မြန်မာနိုင်ငံဆန် စပါးလုပ်ငန်းအသင်း ဥက္ကဌ ဦးချစ်ခိုင်ကပြောကြားသည်။

အသင်းမှ ဦးဆောင်ပြီး တင်ပို့မှုကိုဒီဇင်ဘာလအတွင်းတန်ချိန်ငါးသောင်းကိုတင်ပို့ရန် စီစဉ်ထားသည်။ ထိုသို့တင်ပို့ခြင်းကြောင့် ယခင် ပြည်ပသို့ တင်ပို့နေသည့် ကုမ္ပဏီသေးများလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ရန်ရည်ရွယ်ထားကြောင်းအသင်းမှအထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင်ကလည်း ပြောကြားသည်။

လက်ရှိ တင်ပို့မည့်စနစ်မှာ ဆန်ဝယ်ယူစုဆောင်းမှုကို မိမိအစီအစဉ်ဖြင့် ဝယ်ယူပြီး အသင်းမှစုပေါင်းရောင်းချပေးသည့်စနစ်ဖြစ်သည်။

ပြည်ပသို့ဆန်တင်ပို့မှုသည် စက်တင်ဘာနှင့် အောက်တိုဘာလများတွင် တင်ပို့နိုင်ခြင်းမရှိခဲ့ပေ။ လစဉ်တင်ပို့ရန် တန်ချိန်လေးသောင်းကျော် အသင်းမှ ထောက်ခံပေးနေသော်လည်းဈေးကွက်မှာဝယ်လိုအားမရှိသဖြင့် တင်ပို့နိုင်မှုမရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ဖြစ်ရခြင်းမှာ အိန္ဒိယမှ အရန်ဆန်တန်ချိန်သန်းနှင့်ချီ၍ တင်ပို့ခဲ့ခြင်းကြောင့် မြန်မာ့ဆန်ဈေးကွက်ပျောက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ပသို့ဆန်တင်ပို့နေသည့်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။ အိန္ဒိယသည် အာဖရိကမှ ဈေးကွက်သို့ ၂၅ မှတ် တစ်တန်လျှင် ကန်ဒေါ်လာ ၃၅၀ ထက် နည်းသောဈေးဖြင့် တင်ပို့နေသည်။ မြန်မာ့ဆန်မှာ ကန်ဒေါ်လာ ၃၅၀ ဝန်းကျင်သာ ဈေးရှိသော်လည်း အခြားသောကုန်ကျစရိတ်သက်သာမှုမှာ မြန်မာထက် ပိုနည်းခြင်း၊ လိုအပ်သည့်ပမာဏကို အလွယ်တကူရရှိခြင်းတို့ကြောင့် မြန်မာ့ဈေးကွက်ပျောက်ဆုံးခဲ့ရခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

ယင်းကြောင့်ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးမှာလည်း တဖြည်းဖြည်း ပြန်လည်ကျဆင်းလာပြီး ၂၅ မှတ်မှာ ဈေးကွက်တွင် ကျပ် ၁၁,၀၀၀ ဝန်းကျင်ပင် ဝယ်သူမရှိဖြစ်နေကြောင်း မော်တင်ဆန်ဈေးကွက်မှ ကုန်သည်တစ်ဦးကပြောသည်။ စပါးဈေးမှာလည်း အသစ်ပေါ်ချိန်တွင် တင်းတစ်ရာလျှင် ကျပ် ၃၀၀,၀၀၀ မှ ကျပ် ၃၂၀,၀၀၀ ကြားတွင်သာရှိသည်။ ယခင်နှစ် စပါးအသစ်ပေါ်ချိန်တွင် စပါးဈေးမှာ တင်းတစ်ရာလျှင် ကျပ် ၃၅၀,၀၀၀ ဈေးဖြင့် စတင်ဖွင့်ခဲ့ကြောင်း ကုန်သည်များကပြောသည်။

ပြည်ပဈေးကွက်သို့ ဆန်တင်ပို့မှုသည် အောက်တိုဘာလကုန်အထိ ယခုဘဏ္ဍာရေးနှစ်တွင် တန်ချိန်လေးသိန်းကျော်သာရှိကြောင်း သိရသည်။

# စစ်ကျန်ဘတ်စ်ကားပိုင်ရှင်များ ကားအသစ်ဝယ်ရန် ချေးငွေရမည်

**မေဝင်းမွန်၊ ဇာဇာနီ**

**ရန်ကုန်၊**

**နိုဝင်ဘာ - ၂၄**



နှစ် ၅၀ သက်တမ်းရှိသည့် အပ်နှံရမည့်ယာဉ်စာရင်းတွင် ပါဝင်သည့် စ၊ ဆ၊ ဇ ယာဉ်ပိုင်ရှင်များကို ချေးငွေဖြင့် ယာဉ်သစ်ဝယ်ယူနိုင်ရန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဌ ဦးတင်ထွဋ်က ပြောကြားသည်။

ဘဏ်ချေးငွေဖြင့် ၂၀၀၀-၂၀၀၂ မော်ဒယ် ခရီးသည် ၂၅ ယောက်စီးဒေဝူးအာဂျေဆိုဒ်မှုရင်းစီအင်န်ဂျီယာဉ်ကို ယာဉ်တန်ဖိုး+သင်္ဘောတင်ခနှင့် ကညန+စက်မှု+MOGE ဆောင်ရွက်ခ၊ ကုမ္ပဏီဝန်ဆောင်ခ၊ ကညနအခွန်၊ အကောက်ခွန် အပါအဝင် အပြီးအစီး ကျပ်သိန်း ၁၉၀၊ ၂၀၀၄-၂၀၀၅ မော်ဒယ်၊ ခရီးသည်၄၅ယောက်စီးဟွန်ဒိုင်းမူရင်းစီအင်န်ဂျီယာဉ်ကို အထက်ပါကုန်ကျစရိတ်များအပါအဝင် အပြီးအစီးကျပ်သိန်း ၂၉၀ ဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်ဟုသိရသည်။

ဝယ်ယူလိုသည့်ယာဉ်ပိုင်ရှင်များသည် ယာဉ်အပ်နှံပြီးကြောင်း စလစ်မူရင်း၊ စီအင်န်ဂျီအပ်နှံပြီးကြောင်း လက်ခံပြေစာမူရင်း၊ အမည်ပေါက်ယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် အတူ စိတ်ဝင်စားကြေး ၁၀ ရာခိုင်နှုန်းကို ကျပ်သိန်း ၁၉၀ ယာဉ်အတွက် ကျပ် ၁၉ သိန်း၊ ကျပ်သိန်း ၂၉၀ တန်ယာဉ်အတွက် ကျပ် ၂၉ သိန်းတို့ကို သက်ဆိုင်ရာငွေစာရင်းတွင် ပေးသွင်းကာလျှောက်ထားနိုင်မည်ဖြစ်သည်ဟုဆိုသည်။

ဘဏ်ချေးငွေဖြင့် ဝယ်ယူမည့် ယာဉ်ပိုင်ရှင်များသည် ၁ နှစ်မှ ၃ နှစ်သက်တမ်းအတွင်းချေးငွေဆပ်ရမည်ဖြစ်ပြီး မော်တော်ယာဉ်များသည် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သဖြင့်အတိုးနှုန်းသတ်မှတ်ချက်ကို ၁၄ ရာခိုင်နှုန်း (သို့မဟုတ်) ၁၅ ရာ ခိုင်နှုန်းဆပ်ရမည်ဖြစ်သည်။ ပထမ ဆုံးအရစ်အဖြစ် ယာဉ်ပိုင်ရှင်က ၃၅ ရာခိုင်နှုန်းကိုလက်ငင်းပေးချေရမည်ဖြစ်ကာ ကျန် ၆၅ ရာခိုင်နှုန်းကို ပေးဆပ်မည့်သက်တမ်းအလိုက် လစဉ်အရင်း အတိုးဆပ်ရမည်ဖြစ်သည်။

"ချေးငွေနဲ့ဝယ်သူတွေအနေနဲ့အပ်လိုက်တဲ့ ကားရဲ့အနေအထားကိုကြည့်ပြီး ကညနအခွန် ၃၀ ရာခိုင်နှုန်းကျသင့်ငွေမှ ကောင်းသင့်၊ ညှိသတ်မှတ်ချက်အရ ၃၀ ရာခိုင် နှုန်းကနေ ၁၅ ရာခိုင်နှုန်းအထိ လျှော့ပေးသွားမှာပါ။ ဘဏ်ချေးငွေနဲ့ ယာဉ်သစ်ဝယ်တဲ့ကားပိုင်ရှင်တွေအနေနဲ့ တစ်နှစ်ချေးတာဖြစ်စေ၊ သုံးနှစ်ချေးတာဖြစ်စေ မထသမှာ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့အနေနဲ့ ဝန်ခံကတိသုံးနှစ်စာချုပ်နဲ့ လုပ်ရမှာဖြစ်ပါတယ်။ အဲဒီကာလ ကျော်သွားရင်တော့ မိမိသဘောအတိုင်း လိုင်းထွက်တာ၊ ရွှေ့တာလုပ်လို့ရမှာဖြစ်ပါတယ်။ စိတ်ဝင်စားကြေးဆိုတာကိုလည်းပြန်ထုတ်ပေးသွားမှာပါ။ အရင်ဆုံးယာဉ် ၁၀ စီး တင်သွင်းမှာဖြစ်ပါတယ်" ဟု ဦးတင်ထွဋ်ကပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးမထသစီမံမှုအောက်ရှိ စ၊ ဆ၊ ဇယာဉ်များမှာ စစ်ကျန်ဘတ်စ် ၃၄၄ စီး၊ ဘီအမ် ၂၈ စီး၊ ရိန်းဂျား ၃ စီး၊ ကားလတ် ၇ စီး စုစုပေါင်း ၃၈၂ စီးရှိသည်။

အနှစ် ၄၀ ကျော်သက်တမ်းရှိသည့် စီအင်န်ဂျီ ၃၈၂ စီးအနက် အင်းစိန် သံမဏိစက်ရုံသို့ ၃၃ စီး၊ မင်္ဂလာဒုံယာဉ်သိုလှောင်ရေးတပ်သို့၇၀စီး၊ကညနတွင်စစ်ဆေးခံပြီး လိုင်းပြန်ဆွဲသည့် ယာဉ် ၁၄၁ စီး နှင့် ကညနစစ်ဆေးခံယူခြင်းမရှိသေးသည့်ယာဉ်၁၃၈စီးရှိကြောင်း သိရသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၇၉၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၉၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၁၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၁၇ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၄၀ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၃၆ | ကျပ် |

၂၀၁၁ နိုဝင်ဘာ ၂၆ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် နိုဝင်ဘာ ၂၅ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း


| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၇၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၅၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၇. ၇၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၈၀၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၂. ၁၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၁၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၆၂. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၉၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၃၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၅၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၉၃ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၁. ၀၂၉၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၃၄၅၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၄၇၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၅၂၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၆၈၈. ၅၀၀ |
| ရေနံစိမ်း | စည် | ၁၀၆. ၄၀၀ |
| ငွေ | ၁ အောင်စ | ၃၁. ၀၉၂ |
| ကြေးနီ | ပေါင် | ၃၂၈. ၄၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၄၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ နိုဝင်ဘာ ၂၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ရွှေအပိုင်းဝယ်လိုအား လျော့ကျ



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၄**

ပြည်တွင်းရွှေဈေးနှုန်းများ အကျဘက်သို့ရောက်ရှိလာချိန်တွင် လက်ကားဈေးကွက်ဖြစ်သော အပိုင်းဈေးကွက်၌ ရွှေဝယ်ယူမှု သိသာစွာကျဆင်းနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ဈေးက ကမ္ဘာ့ရွှေဈေးကြောင့် ပြန်ကျနေတော့ ပုံမှန်ဆိုဒီဈေးက ဝယ်ပျော်တဲ့ဈေးဖြစ်ပေမယ့်အပိုင်းဘက်က အဝယ်တော်တော်နည်းသွားတယ်"ဟု ရွှေဆိုင်တာဝန်ခံတစ်ဦးက ပြောသည်။

**စာ(၃၄)သို့**

7DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

# တရုတ်မှဝယ်သော သင်္ဘောများတွင် တရုတ်ကျွမ်းကျင်သူများလိုက်ပါခွင့် ကန့်သတ်ပြီးနောက် ငါးဖမ်းထွက်သော သင်္ဘောလျော့နည်း

**သန်းဌေး**

**ရန်ကုန်၊ နိုဝင်ဘာ-၂၄**

တရုတ်ကျွမ်းကျင်သူများအား ငါးဖမ်းသင်္ဘောပေါ်တွင် လိုက်ပါခွင့်မပြုတော့သည့် အောက်တိုဘာ ၁ ရက်မှ ယနေ့အထိ ကုမ္ပဏီသုံးခုမှ သင်္ဘောကိုးစီးသာ မြန်မာများနှင့် ငါးဖမ်းထွက်သေးကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

"အခုအထိ သင်္ဘောတွေ မထွက်ကြသေးပေမယ့် နောက်ပိုင်းတော့ ထွက်လာကြမယ်ထင်တယ်"ဟုကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမောင်မောင်စိုးက 7Day News သို့ပြောသည်။

အဆိုပါငါးဖမ်းသင်္ဘောများအား ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းရင်းသားပိုင်လှေများအဖြစ် အသိအမှတ်ပြုပြီးသောအခါ နိုင်ငံခြားသားပညာရှင်များအား လိုက်ပါခွင့်မပြုတော့ကြောင်း ၎င်းကပြောသည်။

၁၉၉၈ ခုနှစ်မှ စတင်၍ ပြည်တွင်းရှိ ကုမ္ပဏီ ၁၁ ခုအား တရုတ်နိုင်ငံလုပ် ငါးဖမ်းသင်္ဘော ၈၇ စီးဝယ် ခွင့်ပြုခဲ့သည်။ ထို့ပြင် ခေတ်မီစက်ကိရိယာများအားကိုင်တွယ်တတ်သော တရုတ်ကျွမ်းကျင်ပညာရှင်သုံးဦးကို သင်္ဘောတိုင်းတွင် လိုက်ပါခွင့်ပြုခဲ့သည်။

"အခု ဆယ့်သုံးနှစ်ကြာပြီဖြစ်လို့နည်းပညာလွှဲပြောင်းပေးတာ ရပ်သင့်ပြီမို့တရုတ်ကျွမ်းကျင်သူ မထားတော့ဘဲ တိုင်းရင်းသားငါးဖမ်းသမားပဲထားမယ်" ဟု ပင်လယ်ပြင် ငါးဖမ်းလုပ်သက် ၁၃ နှစ်ခန့်ရှိသော ရေလုပ်ငန်းရှင် ဒေါက်တာတိုးနန္ဒာတင်ကပြောသည်။

အဆိုပါ တရုတ်နိုင်ငံလုပ် ငါးဖမ်းသင်္ဘောများဖြင့် မြန်မာနိုင်ငံတွင် ငါးဖမ်းသောကြောင့် ရရှိလာသော ငါးများရောင်းဝယ်မှုအပေါ်တွင် အခွန်ကင်းလွတ်ခွင့်ရကြောင်း သတင်းရရှိသည်။ ထို့ကြောင့်အဆိုပါငါးဖမ်းသင်္ဘောများမှာလည်း တရုတ်နိုင်ငံသားလုပ်ငန်းရှင်ပိုင်ဆိုင်ခြင်းပင် ဖြစ်နိုင်ကြောင်း ဦးမောင်မောင်စိုးကပြောသည်။

အထက်ပါတရုတ်နိုင်ငံလုပ်ငါးဖမ်းသင်္ဘောများပေါ်တွင် လိုက်ပါအလုပ်လုပ်နေသော ရေလုပ်သားပေါင်း ၈၀၀ ကျော်နှင့် မှီခိုသူ မိသားစုဝင်ဦးရေ၅,၅၀၀ ကျော်ရှိကြောင်း သတင်းရရှိသည်။

ယခုအချိန်သည် ပင်လယ်ပြင်တွင်ငါးအထိအမိကောင်းနေသောကာလဖြစ်ပြီးငါးဖမ်းသင်္ဘောများအတွက် အသုံးပြုရသော ဒီဇယ်ဈေးနှုန်းမှာမူ တစ်ပီပါ (ဂါလန် ၅၀)လျှင် ကျပ် ၁၀,၀၀၀ ဈေးတက်သွားသောကြောင့် ဒီဇယ်တစ်ပီပါလျှင်၁၇၀,၀၀၀ကျပ် ဖြစ်သွားကြောင်း သတင်းရရှိသည်။



# လေကြောင်းလိုင်းဖြင့် ပြည်ပသို့ ကဏန်းတင်ပို့မှု ပိုမိုများပြားလာ



**သန်းဌေး**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၈**

ကဏန်းအရှင်များအား ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့တင်ပို့ရာတွင် လေကြောင်းလိုင်းမှတင်ပို့မှုက နယ်စပ်ဂိတ်များမှ တင်ပို့မှုထက် ပိုမိုများပြားလာကြောင်း မြန်မာနိုင်ငံကဏန်း လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနှင်းဦးက ပြောသည်။

"လေကြောင်းလိုင်းက အသေအပျောက်နည်းတာရယ် လတ်လတ်ဆတ်ဆတ်နဲ့အချိန်တိုအတွင်းရောက်တာရယ်ကြောင့်ပါ။ ကုန်ကျစရိတ်တော့များတယ်" ဟု ၎င်းက 7Day News သို့ပြောသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ကဏန်းတင်ပို့မှုကို အမေရိကန်ဒေါ်လာ ၃၅ သန်းရရှိရန် လျာထားရာတွင် နိုဝင်ဘာ ၆ ရက်အထိ ၂၆ ဒသမ ၆၉၄ သန်း ရရှိထားသည်။

ဝင်ငွေရရှိမှုထဲတွင် လေကြောင်းလိုင်းမှ အမေရိကန် ဒေါ်လာ ၁၁ သန်းကျော်နှင့် ကဏန်းပျော့တင်ပို့မှုမှ ငါးသန်းခွဲနီးပါးရရှိထားသည်။ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ကဏန်းတင်ပို့ခြင်းမှ ဝင်ငွေကိုးသန်းကျော်သာ ရရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများအရသိရသည်။

ကဏန်းအရှင်များအား ရန်ကုန်မြို့၊ မင်္ဂလာဒုံလေဆိပ်မှ ကွမ်ကျိုးသို့ တရုတ်လေကြောင်းလိုင်းဖြင့် နေ့စဉ် တိုက်ရိုက်တင်ပို့နေသကဲ့သို့ ဘန်ကောက်မှတစ်ဆင့် အခြားနိုင်ငံများသို့လည်း ထပ်မံတင်ပို့နေကြောင်း သတင်းရရှိသည်။

ယခုကဲ့သို့ရေထွက်ကုန်များအား ပြည်ပသို့ လေကြောင်းလိုင်းမှ တင်ပို့ရာတွင် ကားဖြင့် တင်ပို့ခြင်းထက် စစ်ဆေးခံရမှုလည်း သက်သာသည်။ မူဆယ်သို့ တင်ပို့ပါက မန္တလေးနှင့်မူဆယ်တို့တွင် တစ်ကြိမ်စီစစ်ဆေးခံကြရကြောင်း ဦးနှင်းဦးက ဆက်လက်ပြောသည်။

## စာ(၃၃) - ရွှေအပိုင်းဝယ်လိုအား လျော့ကျ မှ

သို့သော် လက်ဝတ်ရတနာများရောင်းချသော အထည်ဈေးကွက်တွင် ပွဲတော်ကာလများဖြစ်၍ဝယ်လိုအားကောင်းနေကြောင်း ရွှေဆိုင်များမှ သိရသည်။

ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁၆၉၀ ဒေါ်လာထိ ပြန်လည်ကျဆင်းလာခဲ့သည်။ ပြီးခဲ့သည့် တစ်ပတ်တွင်း၌ တစ်အောင်စလျှင် ၁၇၇၀ ဒေါ်လာကျော်သည်အထိ မြင့်တက်ခဲ့သည်။

ယင်းကဲ့သို့ကမ္ဘာ့ရွှေဈေးကျဆင်းခြင်းကြောင့် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၇၃၀,၀၀၀ကျော်တွင်ရှိနေခဲ့ရာမှ နိုဝင်ဘာ ၂၄ တွင် ၇,၂၄၀,၀၀၀ ကျပ်သို့ကျဆင်းလာခဲ့သည်။


"ဈေးကျတယ်ဆိုပေမယ့် လုပ်ငန်းရှင်တွေ၊ လက်ကြီးသမားတွေက ဒီဘက်ကို အာရုံသိပ်မစိုက်ဘူး။ကားတွေသွင်းလာတာကြောင့်လားတော့မသိဘူး"ဟုရွှေလုပ်ငန်းရှင်တစ်ဦးက လတ်တလောဈေးကွက်အနေအထားကို သုံးသပ်ပြောကြားသည်။

အထည်ဈေးကွက်တွင် အများဆုံးအရောင်းအဝယ်ဖြစ်သော ၁၅ပဲရည်ဈေးနှုန်းမှာ ၆၈၂,၀၀၀ ကျပ်ဝန်းကျင်ရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# 7DAY BOOK REVIEW

စာအုပ်အဖြစ် တစ်ကြိမ်တစ်ခါမှ ပုံနှိပ်ထုတ်ဝေခြင်း မရှိသေးသော သတင်းစာဆရာ၊ စာရေးဆရာ၊ နိုင်ငံရေးသမား (ဦး) သိန်းဖေမြင့် မကွယ်လွန်မီပြောကြားချက်များ အားတိတ်ခွေများဖြင့် အသံသွင်းထားမှုကို ယခုအခါမှ ပထမဆုံးအကြိမ် တစ်ပေါင်းတစ်စည်းတည်း ရိုက်နှိပ်ထုတ်ဝေလိုက်သည့်စာအုပ်ဖြစ်သည်။




စာအုပ်တွင်(ဦး)သိန်းဖေမြင့်၏ပြောကြားချက်များအား ခေါင်းစဉ်ငယ်များခွဲကာ အခန်း(၆၄)ခန်း၊ ဆောင်းပါးပုဒ်ရေ(၆၄)ပုဒ် စုစည်းထားပါသည်။ (ဦး) သိန်းဖေမြင့်သည် ၎င်းငယ်စဉ် ကျောင်းသားဘဝ၌ နိုင်ငံရေးနှင့်ထိတွေ့ခြင်း၊ မွေးဖွားရာ ဘုတလင်မြို့လေးတွင် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ ဆိုသောအသုံးအနှုန်းများ မကြားဖူးစဉ်ကပင် ဝံသာနုဘုန်းကြီးများ ရောက်ရှိလာပုံ၊ ဝံသာနုဘုန်းကြီး

## မြန်မာ့နိုင်ငံရေးကန့်လန့်ဖြတ်မြင်ကွင်း ■ (ဦး)သိန်းဖေမြင့်

များ၏ ဟောပြောချက်များ နားထောင်ခဲ့ပုံမှအစ ဒိုင်အာခီအုပ်ချုပ်ရေး၊ ဂျီစီဘီအေ နှစ်ခြမ်းကွဲခြင်း၊ ထိုမှ ရန်ကုန်တက္ကသိုလ်သို့တက်ရောက်ပြီး ကျောင်းသားသမဂ္ဂနှင့် ပတ်သက်ပုံ၊ သခင်ပေါက်စဖြစ်လာပုံနှင့် ဒို့ဗမာ အစည်းအရုံး၏ အခန်းကဏ္ဍကို ပြေပြစ်သော စကားအသုံးအနှုန်းဖြင့် ဝေဝေဆာဆာ ပြောသွားရာ စာဖတ်သူအနေဖြင့် ခေါင်းခေါင်းပြေး ဖတ်ရှုရမည်ဖြစ်ပါသည်။ ယင်းမှဆက်၍ ကျောင်းသားသပိတ်ကြီးပေါ်ပေါက်လာပုံနှင့်(ဦး)သိန်းဖေမြင့် အိန္ဒိယသို့သွားရောက်ခြင်း၊ ၁၃၀၀ ပြည့်အရေးတော်ပုံ၊ နဂါးနီ စာအုပ်အသင်း၊ မြန်မာပြည် ကွန်မြူနစ်ပါတီပေါ်ပေါက်လာပုံ၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသောအခါ 'အင်္ဂလိပ်အခက်၊ မြန်မာအချက်'ဟူ၍ ဆုပ်ကိုင်ပြီး သခင်လူငယ်များ၏ လွတ်လပ်ရေးကြိုးပမ်းမှု ထိုမှ ဆက်၍ ကမ္ဘာစစ်အခြေအနေကို အခွင့်ကောင်းယူခဲ့သော မြန်မာမျိုးချစ်လူငယ်တို့ ဂျပန်နှင့်ပူးပေါင်းကာ တပ်မတော်ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ထိုတပ်မတော်ကပင် ဖက်ဆစ်ဂျပန်တို့အား တန်ပြန်တော်လှန်ခြင်း၊ စစ်ပြီးခေတ် အင်္ဂလိပ်တို့တစ်ဖန်ပြန်လည်ရောက်ရှိလာပြီး ဗြိုတိသျှကရေစီအုပ်ချုပ်ရေးကို ပြန်လည်အသက်သွင်းရန်ကြိုးစားခြင်း၊ စီးပွားရေးလက်ဝါးကြီးအုပ်မှုခြေလှမ်း(ဝါ)စက္ကူဖြူစီမံကိန်းကို မြန်မာခေါင်းဆောင်များဦးဆောင်၍ ခါးခါးသီးသီးပယ်ချခြင်း၊ ဖဆပလအဖွဲ့ကြီးနှင့်အတူ လူထုယုံကြည်မှုရလာသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ၎င်း၏ ရဲဘော်ရဲဘက်များဖြစ်သော သခင်စိုး၊ သခင်သန်းထွန်းတို့ကြား အက်ကြောင်းထင်လာမှု၊ သခင်စိုး၏ ဂိုဏ်းဂဏဝါဒစိတ်ကြောင့်ဗမာပြည်ကွန်မြူနစ်ပါတီမှ အလံနီခွဲထွက်ခြင်း၊ ဖြစ်ပေါ်နေသောနိုင်ငံရေးအပေါ် သခင်သန်းထွန်း၏ အခြေအနေမှန်မရှုမြင်နိုင်မှုနှင့် ယုံကြည်မှုလွန်ကဲမှုကြောင့် နောက်ဆုံး ဖဆပလအဖွဲ့ကြီးအပေါ် ဝေဖန်ပုတ်ခတ်မှုများရှိလာ၍ မြန်မာပြည်ကွန်မြူနစ်ပါတီအား ဖဆပလမှ ထုတ်ပယ်ခဲ့ခြင်း၊ အထူးသဖြင့် အရေးကြီးသော မြန်မာ့သမိုင်းအချိုးကွေ့များတွင် သခင်မြ၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်အောင်ဆန်း(ဝါ)ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊(ဦး) ကျော်ငြိမ်းတို့၏ ရပ်တည်ချက် သဘောထားများအပေါ် (ဦး) သိန်းဖေမြင့်၏အမြင်ကို ရှင်းလင်းပြတ်သားစွာသိရှိနိုင်မည်ဖြစ်ပါသည်။ တကောင်းစာအုပ်တိုက်မှ တန်ဖိုး ၇,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာ့ဈေးအကြီးဆုံး မင်္ဂလာဝတ်စုံတွေ

မင်္ဂလာအခမ်းအနားများပြုလုပ်ကြသည့်အခါတိုင်း ဆန်းသည်ထက်ဆန်း၊ လှသည်ထက်လှသောမင်္ဂလာဝတ်စုံများကို ရွေးချယ်ဝတ်ဆင်လာကြရာ ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးဟုသတ်မှတ်ထားသည့်မင်္ဂလာဝတ်စုံအချို့ကို ဖော်ပြလိုက်ပါသည်။

၁။ ဒေါ်လာ ၁၂ သန်းတန် The Diamond Wedding Gown ကို ၁၅၀ ကာရက်ရှိစိန်များစီခြယ်ကာတီထွင်ချုပ်လုပ်ထားသည်။

၂။ ဒေါ်လာ ၈ ဒသမ ၅ သန်းတန် White Gold Diamond Dress ကိုပုလဲလုံးရေ ၁၀၀၀ ကျော်နှင့် ၅ ကာရက်ရှိ ရှားပါးရွှေဖြူရောင်စိန်များဖြင့် ချုပ်လုပ်ထားသည်။

၃။ ဒေါ်လာ ၁ ဒသမ ၅ သန်းတန် Peacock Wedding Dress ကိုဒေါင်းမွေး ၂၀၀၉ ခုဖြင့်ချုပ်လုပ်ထားသည်။

၄။ ဒေါ်လာ ၁ ဒသမ ၅ သန်း Danasha Luxury Gown ကို ၇၅ ကာရက်ရှိအရည်အသွေးမြင့်စိန်များ၊ ရွှေများဖြင့် ချုပ်လုပ်ထားသည်။

၅။ တော်ဝင်မင်းသမီးကိတ်မစ်ဒယ်တန်၏မင်္ဂလာဝတ်စုံမှာ ဒေါ်လာ ၄၁၆၇၀၀ တန်ဖိုးရှိသည်။

၆။ Platinum Wedding Dress မှာ ပလက်တီနမ်ကို အသုံးပြုချုပ်လုပ်ထားပြီး ဒေါ်လာ ၂၅၀၀၀၀ တန်ဖိုးရှိသည်။

၇။ Mauro Adami Wedding Dress သည် ပိုးသားနှင့်ပလက်တီနမ်ကိုအသုံးပြုထားပြီး ဒေါ်လာ ၂၅၀၀၀၀ တန်ဖိုးရှိသည်။

၈။ ကျောက်မျက်ရတနာ ၉၉၉၉ ကာရက်ဖြင့်ချုပ်လုပ်ထားသည့် ဟောင်ကောင်မင်္ဂလာဝတ်စုံသည် ဒေါ်လာ ၁၅၄၀၀၀ တန်ဖိုးရှိသည်။

၉။ Bach ngoc xiem y' Wedding Gown သည်စိန် ၂၂၂ လုံး၊ ပတ္တမြားအလုံး ၁၀၀ ကိုအသုံးပြုချုပ်လုပ်ထားကာဒေါ်လာ ၁၁၇,၀၀၀ တန်ဖိုးရှိသည်။

၁၀။ Imperial Pearl Syndicate Gown သည် မွေးပုလဲအလုံးရေတစ်သိန်းဖြင့် ချုပ်လုပ်ထားကာ ဒေါ်လာ ၁၀၀,၀၀၀ တန်ဖိုးရှိသည်။

—*Source:bornrich.com*

# တစ်ပတ်တာကံကြမ္မာ

နိုဝင်ဘာ ၃၀ ရက် မှ ဒီဇင်ဘာ ၆ ရက် အထိ

## ARIES — မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)

အခက်အခဲမှန်သမျှ ကျော်လွှား၍ တိုးတက်အောင်မြင်ခြင်းများကို အခိုင်အမာဆောင်ရွက်နိုင်မည်။ လုပ်ငန်းမရှိသူလုပ်ငန်းရမည်။ အခွင့်အရေးများ ဆက်တိုက်မည်။တွေဝေဒွိဟဖြစ်ခြင်းကြောင့် အခွင့်ကောင်းအချို့ လက်တစ်လုံးခြားဆုံးရှုံးမည်။ အရေးကြီးသော ကိစ္စများဆုံးဖြတ်သည့်အခါ တနင်္ဂနွေနေ့၊ သောကြာနေ့မွေးသောသူများနှင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးသင့်သည်။ ပညာသင်တန်းလေ့လာသူများ အရာရာအဆင်ပြေမည်။

## TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)

စီးပွားရေးလုပ်ငန်းသစ်များ စတင်နိုင်မည်။ မေတ္တာရေးကံကောင်းမည်။ စိတ်အေးချမ်းသာစရာများ၊ အဆင်ပြေခြင်းများ ကြုံမည်။ ပျိုရွယ်သူများ စစ်မှန်သောမေတ္တာရှင်နှင့်တွေ့မည်။ မိမိကူညီဆောင်ရွက်ပေးမှုကြောင့် တစ်ပါးသူတွင် အဆင်ပြေအောင်မြင်ခြင်းများ ရှိမည်။ အညံ့အဆိုးမှကင်းလွတ်မည်။ မူလတစ်ကြိမ်တစ်ခါမှ ဆောင်ရွက်ဖူးခြင်းမရှိသော အလုပ်စီးပွားများ ဆောင်ရွက်နိုင်မည်။ အမျိုးသမီးမိတ်ဆွေအကူအညီရမည်။

## GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

သူတစ်ပါးကြောင့် မိမိအကြံအစည်ရည်ရွယ်ချက်များ ပျက်စီးတတ်သည်။ သူတစ်ပါးကြောင့် အမှုအခင်းများ ကြုံတတ်သည်။ ဥပဒေနှင့် မကင်းသော ကိစ္စများရှောင်ပါ။ ပြတ်တောက်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်မိမည်။ ကျန်းမာရေးအတွက် ဆေးစား၊ ဆေးကုပြုအပ်သည်။ ဦးခေါင်းနှင့် မျက်စိတွင် ဝေဒနာဖြစ်လွယ်သည်။ ခါးနာ၊ ခါးကိုက်ဖြစ်တတ်သည်။ ညာခြေတွင် ထိခိုက်တတ်သည်။

## CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အလုပ်လျှောက်ထားသူများ အနာဂတ်အကျိုးများသောလုပ်ငန်းများလုပ်ကိုင်ရမည်။ အတတ်ပညာ အခြေတည်၍ ဆောင်ရွက်သူများပြည်ပပညာရပ်များသင်ကြားရမည်။ စာရွက်စာတမ်း၊ ငွေကြေးကိစ္စမှန်သမျှသတိနှင့်ယှဉ်ပြီး ဆောင်ရွက်ပါ။ ပြဿနာဖြစ်တတ်သည်။ ဥပဒေနှင့် မကင်းသော အလုပ်များရှောင်ပါ။ အကြီးအကဲများထံမှ အထောက်အကူရမည်။ ရုတ်တရက်လာသော အကြံဉာဏ်များကို အသုံးချ၍ အကျိုးရှိမည်။

## LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)

ရွှေ၊ လက်ဝတ်ရတနာ၊ ခြံ၊ကား၊ အခန်းအစရှိသည်များလာရောက်ပေါင်နှံပါက လက်မခံရ။ အနီးကပ်အတွင်းလူဒုက္ခပေးတတ်သည်။ နေရာအပြောင်းအလဲကိစ္စများ ထူးထူးခြားခြားအဆင်ပြေမည်။ ယှဉ်ပြိုင်လာသူများအပေါ် အနိုင်ရမည်။ ရာထူးတိုး၊ ပြည်ပခရီးသွား၊ စာမေးပွဲဖြေဆိုပါက မလွဲသေချာပေါက်အောင်ကိန်းဆိုက်မည်။ ကျန်းမာရေးအညံ့ကြုံသူများအဖို့သမားပြသ၊ ခွဲစိတ်ခြင်းမှအစ ကုသမှုအောင်မြင်ခြင်းရှိမည်။

## VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)

ဆန့်ကျင်ဘက်ပြုသူများနှင့် တွေ့တတ်သည်။ ကြီးကဲသူများနှင့် ပဋိပက္ခဖြစ်တတ်သည်။ ယှဉ်ပြိုင်ရန် ခက်ခဲသူများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ မည်သည့်ကိစ္စကိုဆောင်ရွက်စေ လူသိရှင်ကြားဖြစ်မည်။ ဥပဒေနှင့်မကင်းသောလုပ်ငန်းများ၊ စွန့်စားပြီးလုပ်ရသော အလုပ်များ အကုသိုလ်နှင့် မကင်းသောလုပ်ငန်းများရှောင်ကြဉ်ရပေမည်။ ငွေကြေးအပေးအယူကိစ္စများတွင်လည်း အငြင်းပွားဖွယ်ရာများရှိမည်။

## LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)

ကိုယ်ပိုင်လုပ်ငန်းစီးပွားလုပ်သူများအဖို့ မည်သည့်အလုပ်စီးပွားဆောင်ရွက်သည်ဖြစ်စေ လူယုံမထားရ။ သူတစ်ပါးထံမှ ရရှိသောသတင်းစကားပေါ် အခြေတည်၍ ဆုံးဖြတ်ရန်မသင့်။ တစ်ပါးသူလုပ်သလိုလိုက်တုပခြင်းမရှိစေရ။ ဆောင်ရွက်သမျှကိစ္စအဝဝတွင် သိုသိုသိပ်သိပ်လုပ်ကိုင်လေ အကျိုးပေးလေဖြစ်မည်။ တစ်ပါးသူနှင့် ပူးပေါင်းဆောင်ရွက်သောလုပ်ငန်းများ အကျိုးမပေး။

## SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)

လုပ်ကိုင်ဆောင်ရွက်သမျှ အောင်မြင်ခြင်းရှိမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ရုတ်တရက်ဖြစ်ပေါ်လာသော အပြောင်းအလဲသစ်လက်ခံရမည်။ လူမျိုးကွဲအကျိုးပေးမည်။ အိုးအိမ်ကိစ္စ အလုပ်နေရာပြောဆိုမှုမှန်သမျှအဆင်ပြေမည်။ စက်ပစ္စည်းများထူးထူးခြားခြားဝင်ကိန်းရှိသည်။ ခြံ၊ ကား၊ အခန်းနှင့် ပတ်သက်၍ ငွေဝင်မည်။ တစ်ဦးထက်ပိုသော မေတ္တာရေးကိစ္စများ ပေါ်ပေါက်မည်။ ခရီးကံကောင်းမည်။

## SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)

မှန်းသည်နှင့် လက်တွေ့ကွာမည်။ အိမ်တွင်းရေး၊ လူမှုရေးအညံ့များရှိမည်။ ကိုယ်က မည်မျှအေးချမ်းစွာနေစေ တစ်ပါးသူမှစိမ်းကားဒုက္ခပေးခြင်းရှိမည်။ တစ်ပါးသူမှ အထောက်အကူမတောင်းဆိုဘဲ ရတတ်သည်။ နေရာအပြောင်းအရွှေ့၊ အပြောင်းအလဲများအတွက်လည်းကောင်း၊ ခရီးကိစ္စများအတွက်လည်းကောင်း စီစဉ်ဆောင်ရွက်မှုများအဆင်ပြေမည်။ ချောက်တွန်းမည့်သူများရှိမည်။ ပညာရေးတွင် အဖျက်ဝင်နိုင်သည်။

## CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)

ဆောင်ရွက်သည့်ကိစ္စမှန်သမျှအောင်မြင်မည်။ ငွေကြေးကိစ္စပြောဆိုမှုများအောင်မည်။ အလုပ်စီးပွားဆောင်ရွက်မှုတွင် အကြီးအကဲ၏ အထောက်ကူကောင်းများရမည်။ အိုးအိမ်သစ်များပိုင်ရမည်။ အလှူအတန်းမင်္ဂလာကိစ္စများ ဆောင်ရွက်ပြီး ရက်ပိုင်းတွင်း တိုးတက်ကံကောင်းခြင်းများ အခိုင်အမာဖြစ်ပေါ်မည်။ မိသားစုကိစ္စများအောင်မြင်မည်။ လုပ်ငန်းရှင်များ အလုပ်သမားပြဿနာကြုံမည်။ ပညာရှာသူများ စိတ်ပျံ့လွင့်မည်။

## AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)

အမှန်အတိုင်းပြောတတ်ခြင်း၊ လုပ်သည့်ကိစ္စများတာဝန်ယူရဲခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်းကြောင့် အောင်မြင်မှုအပြည့်အဝရမည်။ ပျိုရွယ်သူများအဖို့ အချစ်ရေး၊ မေတ္တာရေးစန်းပွင့်မည်။ ပညာရေးကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ ခရီးနှင့်ပတ်သက်သော ကိစ္စများကြုံမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ အရပ်ဝေးနှင့် ဆက်သွယ်ပြီး လုပ်သောကိစ္စများ ကောင်းသောအကျိုးဆက်ရရှိမည်။

## PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)

အတိုက်အခံကြားမှ တိုးတက်မည်။ ငွေကြေးကိစ္စပြောဆိုဆောင်ရွက်ခြင်းများ အဆင်ပြေမည်။ လူယုံဒုက္ခပေးတတ်သည်။ ရုတ်တရက်ပေါ်ပေါက်သော အခြေအနေများကို အသုံးချ၍ ဘဝတိုးတက်မည်။ ကိုယ်ရေးကိုယ်တာကိစ္စထက် မိသားစုရေးရာကိစ္စများဆောင်ရွက်ရမည်။ ဆွေမျိုးသားချင်းများထက် သူစိမ်းနှင့်ပူးတွဲ လုပ်သောကိစ္စများ အဆင်ပြေအောင်မြင်မည်။ အရပ်ဝေးမှ လက်ဆောင်ပစ္စည်းများလက်ခံရရှိမည်။

7 DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011



# ဗဟိုအာရှမှ ဒီမိုကရေစီနှင့်ဆီ

**ကြည်နေဝင်းမင်း**

ဗဟိုအာရှရှိ ကာဂျစ်စတန်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လက်ရှိ ဝန်ကြီးချုပ် အယ်လ်မာဇဘတ်အတန်ဘာယက်ဖ်က ရွေးကောက်ပွဲပြိုင်ဘက် ၁၆ဦးအပေါ် ပြတ်ပြတ်သားသားအနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲတွင် မဲဆန္ဒ စုစုပေါင်း ၆၃ ရာခိုင်နှုန်းနှင့် အခြားပြိုင်ဘက်များအပေါ် အပြတ်အသားစီးရရှိခဲ့ပြီး ယင်းမှနေ၍ ဒုတိယအကြိမ် ထိပ်တိုက်မဲခွဲမှုကို ရှောင်လွှဲနိုင်ခဲ့သည်။ ၎င်း၏ အနီးဆုံးပြိုင်ဘက်နှစ်ဦးမှာဆန္ဒမဲပေါင်း၁၅ ရာခိုင်နှုန်းစီခန့်သာရရှိခဲ့သည်။

ရွေးကောက်ပွဲမှာ သမ္မတစနစ်မှ ပါလီမန်စနစ်ကျင့်သုံးရန် အသွင်ကူးပြောင်းရေး တာရှည်သော ကြားကာလတစ်ရပ်အဆုံးသတ်ခြင်းဖြစ်သလို အသွင်ကူးပြောင်းရေးအစဉ်အလာသစ်များလည်းထင်ဟပ်နေသည်။ ယင်းမှာ လွန်ခဲ့သော ၁၈ လက သမ္မတကာမန်ဘက်ဘာကီယက်ဖ်အားရာထူးမှ ဖြုတ်ချခဲ့ပြီးနောက် ကာဂျစ်စတန်နိုင်ငံတွင် ပထမဆုံးကျင်းပသည့်သမ္မတရွေးကောက်ပွဲဖြစ်သည်။ အခြေခံဥပဒေသစ်တစ်ရပ်အောက်တွင် ပြည်သူများက ခေါင်းဆောင်သစ်ကို ရွေးချယ်သည့် ပထမဦးဆုံးအကြိမ်လည်းဖြစ်သည်။ လက်ရှိသမ္မတက ဝင်ရောက်ယှဉ် ပြိုင်ခြင်းမပြုသည့် ပထမဆုံးရွေးကောက်ပွဲလည်းဖြစ်သည်။

ရွေးကောက်ပွဲတွင် မစ္စတာအတန်ဘာယက်ဖ်မှာ ရှင်းရှင်းလင်းလင်းအနိုင်ရသူဖြစ်သော်လည်း ရွေးကောက်ပွဲကျင်းပပုံနှင့် အရည်အသွေးတွင် လိုအပ်ချက်များရှိခဲ့သည်။ ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်းနှင့် နေရာချထားမှုတွင် ပြဿနာများရှိခဲ့ကြောင်း ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OSCE)၏ ရွေးကောက်ပွဲလေ့လာသူအဖွဲ့ခေါင်းဆောင် မစ္စဝယ်လ်ဘာဂါဒေါက်ကလပ်စ်ကဆိုသည်။ သို့သော် “ကာဂျစ်စတန်နိုင်ငံရဲ့ အနာဂတ်အတွက် သတိချပ်ရင်းနဲ့ပဲ ကျွန်မတို့ အကောင်းဘက်က ရှုမြင်ထားပါတယ်”ဟု မစ္စဝယ်လ်ဘာဂါကပြောကြားပါသည်။

တစ်နည်းအားဖြင့်ဆိုသော် ယင်းမှာ ယမန်နှစ် ပါလီမန်ရွေးကောက်ပွဲမှ နောက်တစ်လှမ်းဆုတ်လာခြင်းဖြစ်သည်။ ပါလီမန်ရွေးကောက်ပွဲတွင်မူ ကာဂျစ်စတန်နိုင်ငံက ချီးကျူးဂုဏ်ပြုမှုအများအပြားရရှိခဲ့သည်။ သို့သော် ဥရောပပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ၎င်းတို့၏ အကဲဖြတ်မှုကို သတိထား၍ပြောဆိုပြီး ရွေးကောက်ပွဲအား ငြိမ်းငြိမ်းချမ်းချမ်းနှင့်ကျင်းပနိုင်ခဲ့သည်ဟုဆိုသည့် အချက်ကိုပင် ဦးစားပေးပြောဆိုသည်။ ယင်းမှာ ရွေးကောက်ပွဲသည် တစ်နည်းတစ်ဖုံဖြစ်သွားနိုင်ခဲ့ခြင်း (သို့မဟုတ်) ရွေးကောက်ပွဲအလွန် သွေးထွက်သံယိုမှုများအတွက် စိုးရိမ်ခြင်းကြောင့်လည်းဖြစ်ပါလိမ့်မည်။

ကာဂျစ်စတန်မှာ နိုင်ငံငယ်လေးဖြစ်သည်။ သို့သော် အာရှ၏ ဗဟိုဒေသ မဟာဗျူဟာမြောက် အရေးပါသောနေရာတွင် တည်ရှိနေသည်။ ကမ္ဘာပေါ်တွင် ၎င်း၏ နယ်မြေပေါ်၌ ရုရှားနှင့် အမေရိကန်နိုင်ငံ နှစ်နိုင်ငံစလုံးမှ စစ်အခြေစိုက်စခန်းများလက်ခံထားရှိသည့်တစ်ခုတည်းသောနိုင်ငံဖြစ်သည်။ နိုင်ငံရေးအရ မတည်ငြိမ်သောနိုင်ငံလည်းဖြစ်သည်။ ဤအခြေအနေများကြောင့် ပင် ၂၀၀၅ နှင့် ၂၀၁၀ ပြည့်နှစ်တွင် ခြစားမှုနှင့် ဆွေမျိုးသားချင်းကောင်းစားရေးဝါဒများအပေါ် ဆန့်ကျင်သည့် လူထုအုံကြွမှုများဖြစ်ပေါ်ခဲ့ပြီး အာဏာရှင်ဆန်ဆန်အုပ်ချုပ်သည့် သမ္မတနှစ်ဦးအား ပြုတ်ကျသွားစေခဲ့သည်။ လွန်ခဲ့သော ၁၈ လက မစ္စတာဘာကီယက်ဖ်အားဖြုတ်ချရာတွင်လည်း မြို့တော်ဘီရှက်ဖ်တွင် လူပေါင်း ၈၀ သေဆုံးပြီး လူပေါင်း ၁,၅၀၀ ခန့်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နောက်နှစ်လအကြာ ၂၀၁၀ ပြည့်နှစ် ဇွန်လတွင် နိုင်ငံတောင်ပိုင်း၌ ကာဂျစ်နှင့်ဥဇဘက်လူမျိုးစုများအကြား အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီး ဥဇဘက်လူမျိုးအများစု အပါအဝင် လူပေါင်း ၄၀၀ ကျော်သေဆုံးခဲ့သည်။

ဤကဲ့သို့ တင်းမာနေသော အခြေအနေများရှိနှင့်သော်လည်း မစ္စရိုဇာ အိုသွန် ဘာကီဗာဦးဆောင်သည့် ကြားဖြတ်အစိုးရက အခြေခံဥပဒေသစ်အား ၂၀၁၀ ပြည့်နှစ်ဇွန်လတွင် အတည်ပြုနိုင်ရန် ဆက်လက်တွန်းအားပေးခဲ့သည်။ အခြေခံဥပဒေသစ်က သမ္မတ၏ ဩဇာအာဏာအများအပြားကိုဖယ်ရှားခဲ့ရာ ဗဟိုအာရှရှိ အခြား အာဏာရှင်ဆန်သော အစိုးရခေါင်းဆောင်များ၏ နွေးထွေးစွာ ကြိုဆိုခြင်းမခံရ။ ယင်းနောက် မစ္စအိုသွန်ဘာယီဗာ အားနိုင်ငံ၏သမ္မတအဖြစ်ခန့်အပ်ခဲ့ရာ ဒေသတွင်း၌ ပထမဦးဆုံးသော အမျိုးသမီးအကြီးအကဲဖြစ်လာသည်။

ယခုရွေးကောက်ပွဲတွင်အနိုင်ရရှိသူအဖြစ် မစ္စတာအတန်ဘာယက်ဖ်သည် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်ထွန်းကားရေးနှင့် သာတူညီမျှရှိရေးတို့ကို ဦးစား ပေးကိုင်တွယ်ရမည်ဖြစ်သည်။ တည်ငြိမ်မှုရှိအောင် လုပ်ဆောင်နိုင်မည်လားဆိုသည်မှာ ခေါင်းဆောင်များ၏ အရည်အချင်းပေါ် မူတည်ကြောင်း လေ့လာသူများက ပြောကြားသည်။ ကြားဖြတ်အစိုးရက လက်ရှိအနေအထားကို ပြုပြင်ပြောင်းလဲရန် စိတ်အားထက်သန်မှုပြသခဲ့သည်။ သို့သော် ပြည်တွင်းရေးပြဿနာများကို အရေးတကြီးဖြေရှင်းရန် လိုအပ်နေသည်။ ဥဇဘက်အများစုနေထိုင်သည့် နိုင်ငံတောင်ပိုင်းတွင် လူမျိုးရေးတင်းမာမှုများကို အကျေအလည်မဖြေရှင်းနိုင်သေးပေ။ ဂိုဏ်းဂဏဖွဲ့၍ ပြစ်မှုကျူးလွန်မှုပြဿနာမှာ အစိုးရထိပ်ပိုင်းအထိ စိမ့်ဝင်နေပြီး နိုင်ငံ့စီးပွားရေးမှာ ဘုံးဘုံးလဲနိုင်သည့်အခြေအနေဖြစ်ကြောင်း၊ စောင့်ကြည့်ရေးအဖွဲ့ Crisis Groupမှ မစ္စတာကွင်းဂျပ်ချ်ကဆိုပါသည်။


လူဦးရေ ၅ ဒသမ ၅ သန်းသာရှိသည့် ကာဂျစ်စတန်နိုင်ငံမှ နိုင်ငံသား ၇၀၀,၀၀၀ ခန့် အိမ်နီးချင်းနိုင်ငံများတွင်ရောက်ရှိနေကြပြီး အများစုမှာ ရုရှားနှင့် ကာဇက်စတန်နိုင်ငံတို့တွင်ရွှေ့ပြောင်းလုပ်သားများအဖြစ် လုပ်ကိုင်နေကြသည်။ မိမိနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းအလွန်နည်းပါးလျက်ရှိရာ နိုင်ငံခြားရောက်နိုင်ငံသားများ ပြန်ပို့ငွေမှာ ကာဂျစ်စတန်နိုင်ငံ ဂျီဒီပီ၏ ၂၇ ရာခိုင်နှုန်းအထိရှိနေသည်။

ရွေးကောက်ပွဲတွင် အနိုင်ရရှိသူ မစ္စတာအတန်ဘာယက်ဖ်မှာလည်း ရုရှားနှင့်နီးစပ်ပြီး စက်မှုထွန်းကားသည့်နိုင်ငံမြောက်ပိုင်းမှလာသူဖြစ်သည်။ ၎င်း၏ အဓိကပြိုင်ဘက်နှစ်ဦးဖြစ်သော မာဒူဟာရော့ဖ်နှင့်တာရှီယက်ဖ်တို့ထက်သဘောထားပျော့ပျောင်းပြီး နိုင်ငံရေးတွင် ထဲထဲဝင်ဝင်ရှိသူဖြစ်သည်။ သမ္မတဟောင်း ဘာကီယက်ဖ်လက်ထက်တွင် ပြုလွယ်ပြင်လွယ်လုပ်နိုင်မှုအရည်အချင်းကိုကြီးကြီးမားမားပြသခဲ့သူဖြစ်ပြီး အစိုးရနှင့် အတိုက်အခံကြား လူးလာခေါက်တုံ့လွန်းထိုးရင်း တစ်ကြိမ်တွင် ဝန်ကြီးချုပ်တာဝန်ကိုပင် ထမ်းဆောင်ခဲ့သူဖြစ်သည်။

ရွေးကောက်ခံသမ္မတအဖြစ် ပထမဆုံး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်စစ်အခြေစိုက်စခန်းနှင့်ပတ်သက်၍ ၎င်း၏ ရပ်တည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် သက်တမ်းကုန်ဆုံးပါက ကာဂျစ်စတန်မြို့တော်အပြင်ဘက်ရှိမာနတ်စ်အမေရိကန်စစ်အခြေစိုက်စခန်းအား ဆက်လက်သက်တမ်း တိုးခွင့်ပြုတော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ (မာနတ်စ်စစ်အခြေစိုက်စခန်းမှနေ၍ အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်များထံ ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိသည်)

မိမိနိုင်ငံ၏ လုံခြုံရေးကို အလေးထားရမည်ဖြစ်ပြီး အခြားမည်သည့်နိုင်ငံကမျှ ကာဂျစ်စတန်နိုင်ငံအပေါ် လက်တုံ့ပြန်တိုက်ခိုက်ခြင်းကို အဖြစ်မခံနိုင်ဟုပြောကြားခဲ့သည်။ ရုရှားစစ်အခြေစိုက်စခန်းနှင့်ပတ်သက်၍မူ ကာဂျစ်စတန်ရွေးကောက်ခံသမ္မတက ယင်းသို့ ပူပန်မှုမဖော်ပြခဲ့ပေ။

ကာဂျစ်စတန်ရွေးကောက်ခံသမ္မတတစ်ယောက်နိုင်ငံအကြီးအကဲတာဝန်များကို ကျေပွန်မည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။ သို့သော် တစ်ချိန်တည်းမှာပင် ကာဂျစ်စတန်မြို့တော်ဘီရှက်ဖ်မှ တက်ကြွလှုပ်ရှားသူ လူငယ်များက ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဘဲ ရာထူးမှနုတ်ထွက်ပေးမည့် ကြားဖြတ်အစိုးရခေါင်းဆောင် မစ္စရိုဇာအား ကျေးဇူးတင်ရှိကြောင်းပြသရန် ဆုံးဖြတ်ခဲ့ကြသည်။ ‘Roses for Roza’ဟု အမည်ပေးထားသော လှုပ်ရှားမှုတွင် ပါဝင်သူလူငယ်များက ကာဂျစ်စတန်သမ္မတအိမ်ဖြူတော်သို့ သွားရောက်ခဲ့ပြီး ‘Spasibo’ဟူသော စကားလုံးပေါ်အောင် ပန်းပွင့်များ စီတန်းခဲ့ကြသည်။ ‘ငြိမ်းချမ်းသော အသွင်ကူးပြောင်းမှုအတွက်၊ သူမကိုယ်သူမ ချမ်းသာအောင်မလုပ်ခဲ့ခြင်းအတွက်၊ ပို၍ ခမ်းနားသော ဒီမိုကရေစီကို ဆောင်ကြဉ်းလာခဲ့ခြင်းအတွက် Thank You’ဖြစ်သည်။



*—Ref: Roses for Roza*

*By: Economist*

# နိုင်ငံတကာအာကာသယာဉ်မှူးသုံးဦး ကမ္ဘာမြေပြင်သို့ ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိ


Photo - AP

**မော်စကို၊ နိုဝင်ဘာ - ၂၁**

နိုင်ငံတကာအာကာသစခန်း(ISS) တွင် ခြောက်လနီးပါး နေထိုင်ခဲ့သော အာကာသယာဉ်မှူးသုံးဦးသည် ရုရှားနိုင်ငံမှ ဆိုယုဇ်အာကာသယာဉ်ဖြင့် ကမ္ဘာမြေသို့ လေထီးများအသုံးပြု၍ ဘေးကင်းလုံခြုံစွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။ ယင်းမှာအမေရိကန်နိုင်ငံက လွှန်ခဲ့သည့်နွေရာသီတွင် ၎င်း၏ အာကာသလွန်းပျံယာဉ်များအား အနားပေးပြီးနောက် ပထမဦးဆုံးအကြိမ် အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာခြင်းလည်း ဖြစ်သည်။

အမေရိကန်အာကာသယာဉ်မှူး မိုက်ဖော်ဆမ်၊ ဂျပန်မှ ဆာတိုရှိဖူရူကာဝါနှင့် ရုရှားအာကာသယာဉ်မှူး ဆာဂျီဗော်ကော့ဗ်တို့သည် ကာဇက်စတန်နိုင်ငံအလယ်ပိုင်းနှင်းများစိုစွတ်နေသည့်မြက်ခင်းများပေါ် နေမထွက်မီ ဆင်းသက်လာကြသည်။

"အဆင်းက တကယ်ကိုကောင်းပါတယ်။ အားလုံးကောင်းတယ်"ဟုကမ္ဘာ့လေထုထဲပြန်လည်ဝင်ရောက်စဉ် အပူချိန်ပြင်းထန်မှုကြောင့် မည်းနက်သွားသော TMA-02 ဆိုယုဇ်ဆလင်ဒါပုံ အာကာသယာဉ်မှထွက်လာသည့် ရုရှားအာကာသယာဉ်မှူး ဆာဂျီဗော်ကော့ဗ်ကပြောသည်။

အမေရိကန်အာကာသအေဂျင်စီ(NASA)၏ လွန်းပျံယာဉ်အစီအစဉ်အား ရပ်နားခဲ့ပြီးနောက် နိုင်ငံပေါင်း ၁၆ နိုင်ငံ မျှဝေအသုံးပြုသည့် နိုင်ငံတကာအာကာသစခန်းမှ အာကာသယာဉ်မှူးများနှင့် ပစ္စည်းများအား ကမ္ဘာမြေသို့သယ်ယူပို့ဆောင်ရေးမှာ ရုရှားအာကာသယာဉ်များကိုသာအသုံးပြုနေရသည်။

ကမ္ဘာမြေသို့ ပြန်လာသော အာကာသယာဉ်မှူးများနေရာတွင် ယခင်ရက်သတ္တပတ်အတွင်း နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိခဲ့သည့် အမေရိကန်အာကာသယာဉ်မှူး ဒယ်ရီနယ်ဘားဘင့်နှင့် ရုရှားအာကာသယာဉ်မှူးများဖြစ်သည့် အန်တန်ရှက်ပရီရော့ဗ်နှင့် အနာတိုလီအီဗာနစ်ရှင်တို့က ဝင်ရောက်နေရာယူမည်ဖြစ်သည်။ *—Ref: Reuters*

# အမေရိကန်နိုင်ငံဆိုင်ရာ ပါကစတန်သံအမတ်ကြီး ရာထူးမှ နုတ်ထွက်



**အစ္စလာမာဘတ်၊ နိုဝင်ဘာ - ၂၂**

ပါကစ္စတန်နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များအား ထိန်းချုပ်ရေးဝါရှင်တန်အား တိုက်တွန်းထားသည့်မှတ်ချက် ရေးသားပေးပို့ခဲ့သည်ဟူသော စွပ်စွဲခံရမှုများရှိနေစဉ်တွင် အမေရိကန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး ရာထူးမှ နုတ်ထွက်သွားကြောင်း သိရသည်။

လက်မှတ်ရေးထိုးထားခြင်းမရှိသောမှတ်ချက်ကို၎င်းရေးသားခြင်းမဟုတ်ကြောင်း သံအမတ်ကြီးဟူစိန်ဟက်ကာနီကပြောကြားသော်လည်း တင်းမာမှုလျော့နည်းစေရန်၎င်းအနေဖြင့်ရာထူးမှနုတ်ထွက်ပေးခြင်းဖြစ်ကြောင်း မစ္စတာဟက်ကာနီက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံဖွား အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ မန်ဆိုးအီဂျက်စ်က မစ္စတာဟက်ကာနီသည် ယင်းမှတ်ချက်အား ထိုစဉ်က အမေရိကန်စစ်ဦးစီးချုပ်များ၏အကြီးအကဲဗိုလ်ချုပ်ကြီးမိုက်မူလန်ထံ ပေးအပ်ရန် ၎င်းအား စေခိုင်းခဲ့ကြောင်းပြောကြားသည်။

အမေရိကန်တို့၏ စီးနင်းမှုကြောင့် အိုစမာဘင်လာဒင်သေဆုံးခဲ့ပြီးနောက်ပိုင်းပါကစ္စတန်စစ်ဘက်က အစိုးရအား ဖြုတ်ချမည့်အရေးကို တားဆီးပေးရန် အမေရိကန်နိုင်ငံက အကူအညီပေးရေး ယင်းမှတ်ချက်စာတွင် ဖော်ပြခဲ့သည်ဟုဆိုသည်။ မစ္စတာဟက်ကာနီမှာ ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီနှင့် နီးစပ်သူမဟာမိတ်တစ်ဦးဖြစ်သည်။

အမေရိကန်နိုင်ငံက အကူအညီပေးပါက အာဖဂန်သူပုန်အုပ်စုများနှင့်ဆက်သွယ်နေသည့် ပါကစ္စတန်ထောက်လှမ်းရေးဌာနတစ်ခုကို ဖျက်သိမ်းပေးမည်ဟု မစ္စတာဇာဒါရီက အဆိုပါစာတွင် ဖော်ပြခဲ့သည်ဟုလည်း သတင်းတွင်ဖော်ပြထားသည်။ *—Ref: UPI*



# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 DualCore 3.0 (E5700) (775) Processor | 53,625 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 95,700 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 152,625 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 240,075 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH51A-P35 (B3) | 84,150 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 71,775 |
| ASUS P8H67MLE (1155) | 94,050 |
| Gigabyte P67A-UD3 (B3) (1155) | 144,375 |
| Gigabyte G41MT-S2 (775) | 51,150 |
| Gigabyte H55M- S2V (1156) | 82,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 14,850 |
| 2 GB DDR2 (800) Kingston | 22,275 |
| 4 GB DDR3 (1333) Kingston | 22,275 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1.5 TB Seagate SATA | 66,000 |
| 2 TB Seagate SATA | 80,850 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 43,725 |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 54,450 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 67,650 |
| ASUS EHA 5750 Formula 1GB DDR5 PCI Express Card | 117,975 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,250 |
| Gigabyte Geforce 220TC 1GB PCI Express Card | 57,750 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 7,500 |
| Memory Stick Sony 8 GB | 13,000 |
| Memory Stick Sony 16 GB | 23,500 |
| Memory Stick Verbatim 16 GB | 16,000 |
| **UPS** | |
| Power Tree (650 VA) UPS | 36,000 |
| Power Tree (1250 VA) UPS | 61,000 |
| Power Pro (650 VA) UPS | 33,000 |
| Power Pro (1200 VA) UPS | 62,000 |
| Star (650 VA) UPS LED | 30,525 |
| Star (650 VA) UPS LCD Display | 32,174 |
| East (650 VA) UPS LED | 34,650 |
| East (650 VA) UPS LCD Display | 42,900 |
| East (1200 VA) UPS | 63,525 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA) | 23,925 |
| Liteon DVD Writer (SATA) | 25,575 |
| **အိတ်ဆောင်တိပ်ငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ နိုဝင်ဘာ(၂၅) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1" | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၂၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၈ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၁,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ (၂၆) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၇,၀၀၀-၁၈,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ နိုဝင်ဘာ (၂၆)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၃၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၃၅၀-၁,၅၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၄,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၀၀၀-၁,၇၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၁,၇၀၀-၂,၃၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၁,၈၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၉၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၀၀၀-၂၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၀၀၀-၁,၉၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၂,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၅,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၉၀၀-၁,၄၀၀ |

နိုဝင်ဘာ(၂၄)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | - | ၂ဂ | ၁၇၅ |
| ဟိုင်းလပ်ဆပ် 4ND | ၂၀၀၅ | - | ၄၀၀ |
| စူဇူကီး R- (2Way) | CNG | ၂ဂ | ၁၄၅ |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄ခ | ၂၃၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၆ | ၄ခ | ၃၄၀ |
| မတ်ခ်တူး ၂၀၅ | ၉၅ | ၄ဂ | ၂၄၀ |
| ချယ်ရီဝက်ဂွန် | - | ၆ဂ | ၁၂၅ |
| လန်ခရူဇာ | ၉၇ | ၄ဂ | ၁,၀၀၀ |


နိုဝင်ဘာ (၂၆)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှဈေးနှုန်းများ

| | Nov (19) | Nov (20) | Nov (21) | Nov (22) | Nov (23) | Nov (24) | Nov (25) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄အ၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

7DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011






## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776, 09-73204374**

**အမြန်ရောင်းမည်**

Inkjet ပုံကြီးထုတ်သော စက်အနံ ၈ ပေ၊ စက်အဟောင်း၊ တရုတ်စက် ဈေး- ၁၀ သိန်းအောက်။

**ဖုန်း- ၀၁-၃၈၂၇၄၃**

**ဝန်ဆောင်မှု**

တစ်ခါသုံး သွားတိုက်တံများကို လက်လီလက်ကား အထူးဈေးဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချပေးနေပါသည်။ **ဖုန်း- ၀၉-၅၁၄၇၉၅၀**

**ဝန်ဆောင်မှု**

အင်္ဂလိပ်စာ သင်ကြားရေးနှင့် ဘာသာပြန်ဝန်ဆောင်မှု။ ဆရာ ဦးကျော်မင်းအောင်၊ဆရာမဒေါ်အေးသဥ္စာ။ **ဖုန်း-၀၉-၄၃၁၂၀၀၉၂**

**တိုက်ခန်းရောင်းမည်**

မြေညီထပ်၊ ၁၅× ၅၀ ပေ၊ ဘူတာရုံလမ်းမှတ်တိုင်အနီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်။ **ဖုန်း- ၀၉-၅၁၇၅၅၆၉**

**အောင်သီရိ မီးစက်ပြုပြင်ရေး**

အမှတ်(၂၉)သိပ္ပံလမ်း၊အလုံမြို့နယ်၊

**ဖုန်း- ၀၉-၇၃၁၁၉၆၈၂**

**ဝန်ဆောင်မှု**

Wedding Presenter အဖြစ် တရုတ်၊ မြန်မာနှစ်ဘာသာဖြင့် လက်ခံဆောင်ရွက်ပေးပါသည်။

**ဖုန်း- ၀၉-၅၁၇၆၉၃၄**

**English Speaking**

၁၀ တန်းအောင်ပြီး နိုင်ငံခြားသွားမည့်သူများအား သီးသန့် အိမ်လိုက်သင်သည်။ **ဖုန်း- ၀၉-၇၃၀၃၈၈၁၀**

**English, Korean Training**

Native Teachers (4 Skills)

**PH:09-43105314**

**သင်ကြားပေးသည်**

မူလတန်း၊အလယ်တန်းကလေးများအား ဘာသာစုံဖြစ်စေ၊ ၁ ဘာသာချင်းဖြစ်စေ၊ အထူးသင်ကြားပေးသည်။ **ဖုန်း- ၀၉-၇၃၀၅၉၆၀၈**

**အမတဒါယီ ကွန်ပျူတာပညာဒါန**

Basic, I Office 10,000, Adv Excel, DTP 15,000, Photoshop 18,000, Graphic Design 20,000. **ဖုန်း- ၀၁-၇၀၅၄၈၄**

**ပုဂံသွေးလှူရှင်များအသင်း**

နေ့စဉ်အရေးပေါ် သွေးလှူဒါန်းနိုင်ရန်အတွက်သွေးလှူရှင်များအောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဖုန်း-၀၉-၇၃၀၂၅၂(ဦးခင်မောင်ဝင်း)**

**ဆိုင်ခန်းပြောင်းရွှေ့ခြင်း**

ခင်ရတနာအမျိုးသမီး အလှပြင်ဆိုင် ရတနာလမ်းသစ်အိမ်ရာ၊ ရတနာလမ်း၊ တိုက်(၇)၊ အခန်း(၀၀၄)၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း- ၀၉-၅၀၀၈၁၉၁**

**ဘာသာစုံ Guide**

ဆယ်တန်းတွင် 3D, 4D ရသော ပထမနှစ် ကျောင်းသူနှစ်ဦးကထူးချွန်စွာအောင်မြင်အောင် ဘာသာစုံ Guide လုပ်ပေးပါမည်။

**ဖုန်း- ၀၁-၄၀၀၉၃၁**

**အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါ**

ဝါရင့်ဆရာဦးမိုးမြင့် B.Sc, Dip in Eng (UFL) အခြေခံမှစ၍ စာအုပ်စာတမ်းပြည့်စုံစွာဖြင့် အိမ်တိုင်ရာရောက်သင်ပေးပါမည်။

**ဖုန်း- ၀၉-၅၁၅၇၀၂၈၊ ၅၄၃၁၄၃**

**မြန်မာ့ဂီတ အနုပညာအင်အားစု**

ထီးတင်ပွဲ၊ အလှူမင်္ဂလာပွဲအမျိုးမျိုး မင်္ဂလာငွေခရူ၊ မင်္ဂလာစည်တော်၊ ညှော်ခံဗျော၊ ဒိုးပတ်ဝိုင်းများ။

**မေတ္တာတော်ဝင်းခင်း (၆၇၇)၊ ဘားကရာ၊ အောက်ကြည့်မြင်တိုင်လမ်း။**

**သူနာပြုအကူ လူနာစောင့်လိုပါက**

Hospital- 3,000, Home- 3,500 သူနာပြု၊ ဆေးဝါးကျွမ်းကျင်အကူဝန်ထမ်းများလိုအပ်ပါက ဆက်သွယ်ပါရန်။ **ဖုန်း- ၀၁-၅၅၆၃၁၆**

**ပူးပေါင်းဖွင့်လှစ်လိုသည်**

ကျောက်တံတား၊လသာ၊ပန်းပဲတန်း ဒဂုံမြို့နယ်များတွင် စာသင်/ စာကျက်ဝိုင်း၊ နေ့တက်အထူးဘော်ဒါ အကျိုးတူပူးပေါင်းဖွင့်လှစ်လိုသည်။

**ဖုန်း- ၀၉-၄၃၀၂၆၈၂၉**

**PCLC**

တရုတ်၊ အင်္ဂလိပ်စကားပြော အထူးသင်တန်း၊ ၃ လအတွင်း အခြေခံစကားပြောတတ်စေရမည်။

**ဖုန်း- ၀၉-၇၃၁၃၆၇၈၈၊ ၇၀၆၅၂၇**

**လုံချင်းတိုက်ရောင်းမည်**

RC 2 ထပ်ခွဲ၊ VIP 2 သုဝဏ္ဏ။

**ဖုန်း- ၀၉-၇၃၀၇၇၂၂၉**

**CCA (Child Centre Approach)**

ကလေးဗဟိုပြု သင်ကြားမှု စနစ်ဖြင့် စာကို စနစ်တကျသီးသန့် သင်လိုပါသလား။

**ဖုန်း- ၀၉-၇၃၀၈၃၂၄၆**

**Sayar Htunn Linn Aung**

MC (B-Tech) နွေရာသီ ၃ လပြတ် ဘာသာစုံ ၉၊ ၁၀ တန်း အိမ်လိုက်သင်သည်။ Bio/ Eco ဘာသာစုံ။

**ဖုန်း- ၀၉-၄၃၀၂၆၈၂၉**

**ဟန်းဆက်ရောင်းမည်**

BLACK BERRY GSM Handset ရောင်းမည်။ ၃ လသာအသုံးပြုထားပြီး အသစ်အတိုင်းရှိသည်။ ချို့ယွင်းမှုအနာအဆာမရှိ ထက်ဝက်လျှော့ဈေးဖြင့်ရောင်းမည်။

**ဖုန်း- ၀၉-၅၁၇၉၁၂၅**

**သင်ကြားပေးသည်**

နိုင်ငံခြားသား၊ (မြန်မာ)သားသမီးများအတွက် မြန်မာစာ၊ ရေး၊ ဖတ်၊ ပြောစကားအိမ်လိုက်သင်သည်။

**ဖုန်း- ၀၉-၅၀၂၆၀၀၉**

**WIN Computer Service**

လူကြီးမင်းတို့၏ ကွန်ပျူတာနှင့်ပတ်သက်သမျှ အခက်အခဲများကို အချိုသာဆုံးနှုန်းထားဖြင့် အိမ်တိုင်ရာရောက်တာဝန်ယူဖြေရှင်းပေးသည်။

**ဖုန်း- ၀၉-၄၃၁၇၀၉၆၃**

**ငှားမည်**

84 Model TOYOTA Corolla Saloon (နံ/၈ထောင်ကျော်) အိမ်စီးကားသန့်ငှားမည်။

**ဖုန်း- ၀၉-၇၃၁၂၇၇၂၀**

**သင်ကြားပေးသည်**

ကိုရီးယားဘာသာစကားတတ်ကျွမ်းပြီး ညှော်လမ်းညွှန်လုပ်လိုသူများအတွက်(ညှော်လမ်းညွှန်အထောက်အကူပြု)(တစ်ချိန် ၅ ယောက်)

**ဖုန်း- ၀၉-၇၃၀၃၀၅၁၁**

**Forklift ရောင်းမည်**

TCM 3.5 MT တစ်စီး၊ Toyota 3.0 တစ်စီး၊ Komatsu 3.0 တစ်စီး၊ ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

**ဖုန်း- ၀၉-၅၁၄၃၃၂၂**

**Laptop ရောင်းမည်**

အမျိုးအစား ကောင်းကောင်းကြိုက်သူများအတွက် Sony (VAIO) BRAND NEW (Pink Colour) အားလျှော့ဈေးဖြင့်ရောင်းမည်။

**ဖုန်း- ၀၉-၅၁၇၉၁၂၅**

**ရုံးအသစ်လိပ်စာ**

Today Advertising Ltd.

အမှတ်-၅၂(A)၊ ရွှေဟင်္သာလမ်း၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။

**ဖုန်း- ၅၃၈၆၆၀၊ ၀၉-၇၃၁၅၀၂၇၀**

**IT Development Training**

Basic Office, DTP, Graphic Design. **ဖုန်း- ၀၁-၄၀၀၁၆၃** သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမျိုးသားအဆောင်ငှားမည်**

တာမွေဈေးအနီး တစ်လ ၂၀,၀၀၀ ကျပ်ဖြင့်။ **ဖုန်း- ၀၉-၄၃၀၈၈၅၆၈**

**Basic Land Survey Training**

Surveying, Trigonometry, Leveling, Traversing, Topographic Surveying, Introduction to GPS.

**ဖုန်း- ၅၅၃၈၇၅၊ ၄၀၀၅၉၉**

**စာအုပ်စာတမ်းများရောင်းမည်**

ကောလင်းသမိုင်း၊ ပေါ်တော်မူဘုရား၊ "ကျော်"ကျောင်းတိုက် နှစ် ၃၀ ပြည့်မဂ္ဂဇင်း၊ နှစ် ၅၀ မြန်မာကဗျာ၊ မိုးနောင်ကဗျာ(၄)မျိုး ၄ အုပ် ဝယ်ယူမှာကြားနိုင်သည်။

**ဖုန်း- ၀၇၅-၄၂၉၂၉**

**သင်ကြားပေးသည်**

Career Pass Job Training Centre တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ၊ လုပ်ငန်းခွင်ထဲတွင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပိုင်းတွင် တာဝန်ထမ်းဆောင်နေသူများအတွက် **ဖုန်း- ၀၉-၈၀၂၂၁၈၄**

**ကုန်ကားရောင်းမည်**

၆ ဘီး၊ Condor (ကောင်တာ) ၁၈၀ (turbo), ၇ တန်ခွဲ (၂၁ ပေ) လက်ရှိပြေးဆွဲနေသော ကားကောင်း။

**ဖုန်း- ၀၉-၂၂၀၁၅၅၇**

**ကားရောင်းမည်**

TOYOTA CELSIOR (1998-99) Model, အနက်ရောင်၊ Original TV, 4 AirBag, SunRoof, ကားအလွန်ကောင်း၊ ကီလိုနည်း(၂၈/•)

**ဖုန်း- ၀၉-၇၃၁၄၄၄၇**

**Hnin Wai Wai Fashion Tailor**

**မင်္ဂလာဝတ်စုံ၊ ထိုင်မသိမ်းနှင့် ပွဲထိုင်ဝတ်စုံအမျိုးမျိုး၊ ကုမ္ပဏီဝတ်စုံအမျိုးမျိုးတို့ကို စိတ်တိုင်းကျ သေသပ်လှပစွာစီစဉ်ချုပ်လုပ်ပေးနေပါသည်။ ဖုန်း- ၀၉-၅၀၆၀၄၉၇**

**ဝန်ဆောင်မှု**

ကွန်ပျူတာနှင့်ပတ်သက်သည့်ကိစ္စအဝဝကို စိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုပေးပါသည်။

**ဖုန်း-၀၉၇၃၉၀၀၇၀၂**

7DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

## စာ-၃၂၊ အပြောမခံချင်လွန်းလို့မှ

သို့ပေသိ ကိစ္စရှိတာလေးတွေက စုံးစုံးနစ်နစ်လာလေတော့ မကြာမကြာ ပြောသံလေးတွေ ကြားကြားလာရတော့။ တစ်ဖက်နိုင်ငံကိုသွားပြီး ဖြစ်ဖြစ်လာကြလွန်းလို့။ ဒီလိုပါ၊ ဒီလိုတွေပါ။

**ညစ်ပတ်တယ်**

အေးဗျာ။ ညစ်ပတ်တာကို 'ရိုးအ'မှုနဲ့မကွယ်လိုက်စေချင်ဘူး။ ခဏခဏလည်း မသိနားမလည်သူတွေမို့ပါဆိုပြီး ရောမချလိုက်စေချင်ဘူး။ ကိုယ့်ရွာမှာတော့ဗျာ၊ ဖုန်တောထဲ ကွမ်းတံတွေး ကြိုက်သလောက်ထွေးချ။ ဘာမှမဖြစ်ဘူး။ ဟိုမှာက သိတယ်မဟုတ်လား။ လမ်းတွေ၊ ပလက်ဖောင်းတွေကို နေ့တိုင်း တသသနဲ့။ အမှိုက်တွေဆိုလည်း ရှင်းနေမှ။ ပန်းချုံတွေဆိုလည်း စိမ်းလန်းနေမှ။ မီးပွိုင့်တွေဆိုလည်း အမြဲအလုပ်လုပ်နေမှ။ ဒါကတော့ အရေးကြီးတယ်။ ကားတွေကသိပ်များတော့ အတိမ်းအစောင်းမခံဘူး။ မှားတာနဲ့ 'ဂျိမ်း'ခနဲပဲ။ ထားပါ။ ဆက်ပြောပါဦးမယ်။ ပလက်ဖောင်းတစ်လျှောက်မှာ ခြေလှမ်းတစ်ရာလောက်ဆိုရင် အမှိုက်ပုံးတစ်ခုစီ ထားပေးထားတာ။ လွှင့်ပစ်စရာရှိရင် အလွယ်တကူလှမ်းထည့်လိုက်ရုံပဲ။ ဒါပေမဲ့လည်း သစ်ရွက်ကြွေတို့ ဘာတို့ညာတို့ဆိုတာကလည်း ခြေထောက်ပေါက် ရောက်လာတတ်တာမဟုတ်လား။ သည့်အတွက် တစ်နေကုန် မကြာမကြာ တံမြက်စည်းလှည်းကြပါလေ၏ပေါ့။ အနီးမြူနီစပယ်လုပ်သားတွေကလည်း ယူနီဖောင်းနဲ့ စမတ်တကျပါဗျာ။ အလုပ်လုပ်နေတုန်း ကားဝင်မတိုက်သွားရအောင်တောက်ပြောင်နေတဲ့ ထင်းခနဲ မြင်နိုင်တဲ့ဝတ်စုံတွေဝတ်ထားကြလို့၊ ခေါင်းမှာလည်း နေပူစပ်ခါး ရန်ကနေကာကွယ်ဖို့ မြက်ဦးထုပ်လိုမျိုး ခေါင်းဆောင်း ခပ်ကြီးကြီးတွေဆောင်းထားကြလို့။ ဒါက အမှိုက်ကိစ္စ ရှင်းလင်းနေသူတွေကို အလေးပေးတယ်ဆိုတာထင်ရှားနေတဲ့ပြယုဂ်။

ဟုတ်ပြီ။သည်လိုအခါသမယမှာ ဒို့ရွှေ(မြန်မာ)တွေ လုပ်ပုံကဒီလို။ 'အမေနဲ့ ရွာကိုလွမ်းတယ်သကွာ'ဆိုပြီး အာလုတ်သံပြင်းပြင်း ခံစားချက်တွေမြင့်တက်လာလို့ (ရွာမှာလို) ပြစ်ခနဲ ကွမ်းတံတွေးတွေ လှမ်းလှမ်းထွေးဖြစ်ကြ၊ ကွမ်းထုပ်တဲ့စက္ကူကို ခပ်တည်တည်နဲ့ လမ်းဘေးလွှင့်ပစ်။ သည်တော့ . . . ကဲဗျာ မပြောချင်တော့ဘူး။ တာဝန်ရှိသူတွေနဲ့ ခဏခဏပြဿနာတက်။

သည်တော့ကာ ကွမ်းတဝါးဝါးနဲ့ဒို့ရွှေတွေကိုမြင်တိုင်း ဟိုဘက်က လူကြီးမင်းများ နှာခေါင်းရှုံ့ကြပါလေ၏။ မကြာခင် ဒို့မြို့အလှကိုဖျက်တော့လတ္တံ့၊ စိတ်ညစ်တယ်ဆိုပြီး ကောက်ချက်တစ်ခုချလိုက်ကြပါ၏။ သို့ကလို "ရွှေတွေ တော်တော်ညစ်ပတ်တယ်"ဟူလို့။

**ရန်တော်တော်ဖြစ်တာပဲ**

အင်း. . သွေးတွေကပဲနီနီရဲမို့လား။ မဟုတ်ရင် မခံတတ်လို့ပဲလား။ ဒါလည်းမဟုတ်သေးဘူး။ မခံချင်စရာတွေ သိပ်များစရာမှ မရှိဘူး။ နောက်တစ်ခုကဖြစ်လိုက်ပြီဆိုကြည့်။ ဘာတဲ့ "မူးမူးနဲ့တွယ်လိုက်တာ"ဆိုလား။ ဟုတ်တယ်။ ဒါက တော်တော်ဆိုးတယ်။ တစ်ဖက်က လူကြီးမင်းတွေ သွေးတွေဘာတွေ ခဏခဏတိုးကုန်ကြတယ်။ "သေကုန်ကြပြီလား။ ဓားကြီးကိုင်ပြီး လျှောက်ခုတ်နေမှ ပြဿနာ။ မီးလည်း ရှို့နေဦးမလား"စသဖြင့်တွေနဲ့ ရဲကိုဖုန်းဆက်၊ ရောက်လာ။ ပြီးရင်တော့ ရဲစခန်းသို့ချီတက်ပေါ့ဗျာ။

ဒါက ဘာဖြစ်တာလဲ။ မေးစရာဖြစ်လာပြီ။ တစ်ဖက်နိုင်ငံသွားအလုပ်လုပ်တာပဲ။ စီးပွားသွားရှာတာပဲ။ ဒီကြားထဲကမှ ဘာတွေဖြစ်ရတာလဲ။ အေးဗျာ ခက်တာကအခါးရည်တွေကိုကြိုက်ကြတဲ့ကိစ္စပဲ။ ဟိုလိုတော့လည်း တစ်နေကုန် မူးနေကြတာကတော့ မဟုတ်ပါဘူး။ ရှားတယ်။ သို့ပေမဲ့ တစ်နေကုန် ထမ်းရ၊ ရွက်ရ၊ ပိုးရပြီးသည့်နောက် အညောင်းပြေလေး။ အဲဒီက စပါတယ်။ အညောင်းပြေလေး တစ်ခွက်တစ်ဖလားလောက် မော့ပြီးတာနဲ့ ဇာတ်လမ်းက စပါတယ်။ ရိတိတိပြည့်တည်တည်တွေ လာတော့တယ်။ "မင်းမိုက်လား"တွေပါလာတော့တယ်။ ပြီးရင်တော့ တကယ့်ကိုနှက်ကြတော့တာပါပဲ။ မြေကြီးထဲ လူးလိမ့်လို့၊ လည်းပင်းညှစ်လို့၊ အော်ကြီးဟစ်ကျယ်နဲ့ ဆဲဆိုလို့။

သည့်နောက်တော့လည်း ပြောခဲ့သလိုရဲစခန်းမှာညအိပ်ရပြီပေါ့ဗျာ။

ဟုတ်ပြီ။ ဒီကိစ္စတွေ အပေါ်မှာ ကောက်ချက်ချကြည့်ရအောင်။ ဘာဖြစ်လို့စည်းကမ်းမရှိရတာလဲ။ ညစ်ပတ်ရတာလဲ။ နောက်ပြီး သွေးဆူလွယ်ရသလဲပေါ့။ ထစ်ခနဲဆို လက်က အရင်ပါရသလဲပေါ့။

ပြောပါရစေ။ ဘာမှ ပြဿနာမရှိခဲ့လို့ပါ။ ရွာထဲ၊ လယ်ထဲ ဘယ်လိုနဲ့ပဲ ကွမ်းတံတွေးထွေးထွေး၊ ဘာမှမဖြစ်ခဲ့လို့ပါ။ တားမယ့်သူလည်းမရှိခဲ့ဘူးလေ။ ဘယ်သူမှလည်း အနစ်နာမခံဘူးလေ။ သည်တော့အနီးနောင်တော်ကြီးများ လွယ်လင့်တကူပြစ်ခနဲ ဆိုတဲ့ကိစ္စ၊ "အပြစ်မှ မဟုတ်တာဗျာ"ပေါ့။

ထို့နည်းတူ အရည်လေးနည်းနည်းဝင်သွားလို့ ယောက်ဖချင်းတွေ နပန်းလုံးတဲ့ကိစ္စ၊ ဘာများဖြစ်သွားကြလို့လဲပေါ့။ ထို့ပြင် ဆန်စင်ရာ ကျည်ပွေ့လိုက်သလိုမျိုး။ "အချိန်လည်းမလေး၊ ကတိလည်း မတည်၊ သန့်သန့်ရှင်းရှင်းလည်း မနေ"စသဖြင့်တွေနဲ့လည်း လက်ညှိုးထိုးမနေချင်တော့ပါဘူး။ ဟိုလိုသည်လိုတွေနဲ့ ပြန်ခြင်းခတ်လာနိုင်မို့ ခပ်တိုတိုပဲ မိန့်ခွန်းခြွေပါရစေတော့။ အဓိကက. . .

အစ်ကိုကြီးများ ရောမကို ရောက်ရင် ရောမလို ကျင့်ပါ။

နောက်ပြီး ကျွန်တော်တို့မှာ သင့်၊ မသင့် ပိုင်းခြားဖို့ ဦးနှောက်ဆိုတာရှိတယ်။ သည်တော့ လိုရင်းပြောရရင် ဦးနှောက်ကို နာနာသုံးပါ။ အထူးသဖြင့် တခြားနိုင်ငံကိုသွားပြီဆိုရင် ဦးနှောက်ကို အပြည့်သုံးပါ။ အစ်ကိုကြီးတို့ကို ကွမ်းတံတွေးထွေးနည်း၊ အမှိုက်ပစ်နည်းတွေကို သင်တန်းပေးလွှတ်လိုက်လို့မှမရတာ။ နောက်ပြီး မူးရင် အိပ်တော့လို့လည်း ပြောလို့မှမရတာ။ ဒီတော့ ခြုံပြီးတော့ပဲပြောပါရစေ။

သင့်ကြောင့် ဒို့လူမျိုး နာမည်မပျက်ပါစေနဲ့လို့။

ဟုတ်ပြီနော်။ ပြောလိုက်ပြီနော်။ မစင်တစ်စက်ကြောင့် ဟင်းတစ်ခွက်လုံး ပစ်လိုက်ရတာမျိုး ထပ်မဖြစ်ကြပါစေနဲ့။ နောင်ကြီးများရဲ့ လုပ်ရပ်တွေကြောင့် ပြောခဲ့တဲ့နာမည်ဆိုးတွေ ထပ်မရပါစေနဲ့။ ဒီနေ့ကစပြီး ပြင်ကြစို့။ ကောင်းတာတွေ အတုခိုးကြစို့။ ။




## စာ(၄၁)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ တွင် ကျင်းပမည့် လွှတ်တော်အစည်းအဝေး၌ ပြဋ္ဌာန်းနိုင်ရန် ပြင်ဆင် မှ

လွှတ်တော်ပထမအကြိမ်တတိယမြောက် အစည်းအဝေးကို နောက်နှစ်ဇန်နဝါရီလမှာ ကျင်းပမယ်။ အဲဒီအခါကျရင်တော့ အတည်ပြုထုတ်ပြန်ဖို့ ဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း စီစဉ်နေကြတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အာဆီယံနိုင်ငံများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းရန် လိုအပ်သည်မှာမြန်မာနိုင်ငံတစ်နိုင်ငံသာ ကျန်ရှိနေသောကြောင့် ၂၀၁၄ တွင် အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူမည့်မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းရန် လိုအပ်နေကြောင်းလည်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမူကြမ်းတွင် အခန်း ၁၄ ခန်းပါဝင်သည်။ လွှတ်တော်ပထမအကြိမ် ဒုတိယမြောက်အစည်းအဝေးသည် နိုဝင်ဘာလ ၂၅ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ဥပဒေမူကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်နှင့်ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးခဲ့ပြီး ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးရန် ကျန်ရှိနေသေးကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

## စာ-၂၅၊ မင်္ဂလာကန့်လန့်ကာအဖွင့် အောင်စည်ဖြင့် ရွှမ်းစေသော၀ မှ

ထိုသို့ဝင်ရောက်ယှဉ်ပြိုင်ခြင်းသည်ပင် လစ်လပ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ၄၈ နေရာမျှသာရှိသည်ဖြစ်သောကြောင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်အာဏာနိုင်ငံရေးနှင့် ပါတီနိုင်ငံရေးတွင် အခြေမခံကြောင်း ထူးခြားသိသာစွာမြင်နိုင်သည်။ ထိုကဲ့သို့ဝင်ရောက်ခြင်းဖြင့်ပင်တစ်ဖက်နှင့်တစ်ဖက် ပိုမိုပွင့်လင်းမြင်သာသောတံခါးပေါက်များကိုဖွင့်နိုင်ကြလိမ့်မည်ဟု ကျွန်တော်ထင်သည်။ ပိုမိုနက်ရှိုင်းသော အပြန်အလှန်ယုံကြည်မှုများကို တည်ဆောက်နိုင်လိမ့်မည်ဟု ကျွန်တော်ကယုံကြည်သည်။

လေးနက်ခိုင်မြဲသော အပြန်အလှန်ယုံကြည်မှုများကို တည်ဆောက်ခြင်းမှသည် ကျန်ရှိနေဆဲဖြစ်သောယုံကြည်ချက်ကြောင့် အကျဉ်းကျသူများလွတ်မြောက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ခိုင်မာသန့်စင်စွာပေါ် ထွန်းရေးတို့ အားလုံးသည် ကွဲကူးရေပါတစ်ပါတည်း ပါဝင်လာနိုင်လိမ့်မည်ဟုလည်း လေးနက်ခိုင်မာစွာဖြင့် ကျွန်တော်ယုံကြည်နေသည်။

ထို့ကြောင့်နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ အစိုးရအဖွဲ့နှင့်လွှတ်တော်အရပ်ရပ်တို့၏ နွေးထွေးစွာ တံခါးဖွင့်ကြိုဆိုလက်ကမ်းမှုကို သော်လည်းကောင်း၊ နှစ်ဦးနှစ်ဖက် နက်ရှိုင်းခိုင်မာစွာ ယုံကြည်မှုတည် ဆောက်ရင်းအမျိုးသားအကျိုးစီးပွားရင်းမြစ်ကို ဖော်ဆောင်နိုင်ရန် လွှတ်တော်ထဲသို့ဝင်ရောက်တော့မည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင် သောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုလည်းကောင်း နှစ်ဦးနှစ်ဖက်လုံး အားဂုဏ်ပြုလေးစားယုံကြည်အားကိုးစွာကြိုဆိုလိုက်ရကြောင်းပါ။ ။

Environment

7 DAY NEWS JOURNAL

Vol.10, No.37 · DECEMBER 1, 2011

# ဧရာဝတီမြစ်ထိန်းသိမ်းရေးစီမံချက် အမျိုးသားလွှတ်တော်တွင် အတည်ပြု

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၈**

ဧရာဝတီမြစ်မတိမ်ကောစေရန်အတွက် လိုအပ်သည့်နေရာများတွင် ရေထိန်းတမံကြီးများတည်ဆောက်ရန်နှင့် မြစ်အောက်ပိုင်း၌ ရေလမ်းကြောင်းထိန်းသိမ်းရေးစီမံကိန်းများ ထည့်သွင်းဆောင်ရွက်ရန်အဆိုကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း နိုဝင်ဘာ ၁၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြထားသည်။

ယင်းအဆိုကို မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်က တင်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်ကိုးဦးက ထောက်ခံဆွေးနွေးခဲ့ပြီး ကိုယ်စားလှယ်များက ထောက်ခံအတည်ပြုကြောင်းဖော်ပြထားသည်။

ဧရာဝတီမြစ်၏ ရေလမ်းကြောင်းထိန်းသိမ်းရာတွင် နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရာတွင် လုပ်ငန်းပမာဏကြီးမားသောကြောင့် ရန်ပုံငွေ အထူးဦးစားပေး စီမံကိန်းအဆင့်သတ်မှတ်ပြီး အဆင့်လိုက်သတ်မှတ်၍ ဆောင်ရွက်သင့်ကြောင်း မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က ထောက်ခံဆွေးနွေးသည်။

ယင်းစီမံကိန်းနှင့်ပတ်သက်၍ ဧရာဝတီမြစ်ကြောင်းတွင် ရေကြီးရေလျှံမှုနှင့် ရေနည်းရာသီ၌ ရေလွှတ်ပေးရေးအတွက် ရေထိန်းတမံတည်ဆောက်ရန် လိုအပ်ကြောင်း မြန်မာအင်ဂျင်နီယာအသင်းမှ အင်ဂျင်နီယာကျွမ်းကျင်သူ(အငြိမ်းစား)ဦးခင်မောင်ချစ်က ပြောသည်။

"ဝန်ထမ်းတာဝန်ထမ်းဆောင်တုန်းက ဧရာဝတီမြစ်မှာ ရေထိန်းတမံတည်ဆောက်ဖို့တင်ပြခဲ့တယ်။ ကွင်းဆင်းလေ့လာမှုတွေတောင် လုပ်ခဲ့တယ်။ လုပ်သင့်ပါတယ်။ ဧရာဝတီမြစ် တစ်ခုတည်းမဟုတ်ဘူး။ ချင်းတွင်းမြစ်လည်း လုပ်သင့်တယ်။ နွေရာသီ ရေနည်းရာသီမှာ ရေလွှတ်ပေးမယ်။ မိုးများတဲ့အချိန် ရေလျှံမှုမဖြစ်အောင်ထိန်းရမယ်။ တမံရှိမှ နုန်းတွေဖမ်းထိန်းထားနိုင်မယ်လေ။ အဲဒီတမံကရေအားလျှပ်စစ်အတွက်အဓိကလုပ်တာမဟုတ်ဘူး။ ပတ်ဝန်းကျင် ထိန်းသိမ်းဖို့ဆိုရင် လုပ်သင့်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မြစ်ကြီးများတွင် ဆည်တမံများတည်ဆောက်ပါက ထိခိုက်မှုများရှိသည်ဟု ယူဆထားခြင်းကြောင့်တည်ဆောက်မည်ဆိုပါက သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးခြင်းမရှိအောင်၊ လူမှုဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိအောင် လေ့လာဆန်းစစ်ခြင်းအပြင် ငလျင်လှုပ်ခြင်းနှင့် စံချိန်တင်မိုးရွာသွန်းခြင်းတို့ကြောင့် ဖြစ်ပေါ်သောသဘာဝဘေးအန္တရာယ်များ ကျရောက်မည့်အခြေအနေကိုပါတွက်ချက်၍ ဆောင်ရွက်သင့်ကြောင်း၊ ပြင်ပပညာရှင်အဖွဲ့အစည်းများပါဝင်သော ပညာရပ်ဆိုင်ရာလေ့လာမှုများနှင့် ပြုစုထားသည်များကို ထုတ်ပြန်ရန် အများဆန္ဒကိုကောက်ယူ၍ ဆောင်ရွက်သင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄) မှ ဒေါက်တာမြတ်ညဏစိုးက အထက်ပါအဆိုကို ထောက်ခံဆွေးနွေးပြောကြားခဲ့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*ပုဂံ၊ လောကနန္ဒာလှေဆိပ်အနီးမှ ဧရာဝတီမြစ်မြင်ကွင်း*

တရုတ်နိုင်ငံ CPI ကုမ္ပဏီမှ ဧရာဝတီမြစ်ဆုံတွင် ရေအားလျှပ်စစ်ထုတ်ယူခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လူမှုရေးထိခိုက်မှုများရှိနိုင်သောကြောင့် ပြည်တွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများနှင့်ပြည်သူတို့ စိုးရိမ်၍ကန့်ကွက်ခဲ့သည်။ ထို့ကြောင့်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိမိတို့အစိုးရလက်ထက်တွင် ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့သည်။

ထိုစီမံကိန်း ဆောင်ရွက်ရာတွင်ရေဝေရေလဲဒေသများကိုထိန်းသိမ်းခြင်းနှင့် မြစ်ကြောင်းထိန်းသိမ်းရေးတို့ကိုပူးပေါင်း၍ ဆောင်ရွက်သင့်ကြောင်း ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်က ဆွေးနွေးခဲ့သည်။

ဧရာဝတီမြစ်အတွင်း နှစ်စဉ် ပျမ်းမျှကျဆင်းသော သဲနုန်းပမာဏမှာ တစ်နှစ်လျှင် တန်ချိန် ၂၇၈ သန်းခန့်ရှိပြီး ရေများချိန်တွင် ရေထုထည်စီးဆင်းနှုန်းမှာ တစ်စက္ကန့်လျှင် ၄၀,၃၉၃ ကုဗမီတာနှင့် ရေနည်းချိန်တွင် တစ်စက္ကန့်လျှင် ၂,၁၀၂ ကုဗမီတာရှိသည်ဟု ခန့်မှန်းတွက်ချက်ထားကြသည်။

## Environment Cartoon



## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ တွင် ကျင်းပမည့် လွှတ်တော်အစည်းအဝေး၌ ပြဋ္ဌာန်းနိုင်ရန် ပြင်ဆင်

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ၂၀၁၂ ခုနှစ် လွှတ်တော်အစည်းအဝေးအပြီးတွင် အတည်ပြုထုတ်ပြန်နိုင်ရန် ပြင်ဆင်ဖြည့်စွက်ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်က 7 Day News သို့ ပြောသည်။

"လွှတ်တော်က ဒီလထဲမှာနားမယ်။ ဒီဇင်ဘာတစ်လနားမယ်။ ပြည်ထောင်စုလွှတ်တော်မှာ တော့အဲဒီဥပဒေမူကြမ်းကို အတည်ပြုဖို့မပါသေးဘူး။

*စာ(၄၀) သို့*



Tourism

7DAY NEWS JOURNAL

Vol.10, No.37 · DECEMBER 1, 2011

# ရန်ကုန်၊ ပုဂံ၊ အင်းလေးဟိုတယ်များ ဇန်နဝါရီလအထိအခန်းပြည့်ဧည့်သည်ရရှိထား

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

ကမ္ဘာလှည့်ခရီးသွားများ အဓိကလည်ပတ်ရာ ရန်ကုန်၊ ပုဂံနှင့် အင်းလေးဒေသများရှိ ဟိုတယ်များမှာ လာမည့်နှစ် ဇန်နဝါရီလကုန်အထိ ဟိုတယ်အခန်းမှာယူမှု အပြည့်ရရှိထားကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ တစ်လစာလောက်ပဲ စာရင်းကြိုယူထားတာ၊ ဇန်နဝါရီလအထိတော့ အခန်းအပြည့်ထားတယ်" ဟု အင်းလေးကန်အတွင်းရှိ GIC ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ပုဂံဒေသရှိ အဆင့်မြင့်ဟိုတယ်တစ်လုံးဖြစ်သော သရပါဟိုတယ်မှာလည်း ဇန်နဝါရီလကုန်ထိ ဟိုတယ်အခန်းမှာယူမှု အပြည့်ရရှိထားသဖြင့် ထိုလအတွက် လက်ကျန်အခန်းပင် မရှိတော့ကြောင်း အဆိုပါဟိုတယ်မှ စျေးကွက်မန်နေဂျာကပြောကြားသည်။ ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်ကြီးအချို့တွင် မတ်လကုန်အထိ ဧည့်သည်ရရှိမှု အပြည့်ရရှိထားပြီးဖြစ်ကြောင်း အဆိုပါဟိုတယ်ကြီးများမှ တာဝန်ရှိသူများက ဆိုသည်။


"ဒီနှစ်ထူးတာက ဖုန်းနဲ့ အီးမေးလ်နဲ့ လာသမျှ ဘွတ်ခ်ကင်တွေ အားလုံးနီးပါးကွန်ဖန်း(မ်)ဖြစ်တယ်" ဟု သရပါဟိုတယ်မှ စျေးကွက်မန်နေဂျာက ဆိုသည်။

ယခုနှစ် လာရောက်သော ဧည့်သည်များထဲတွင် ဥရောပမှ ပြင်သစ်နှင့် အင်္ဂလန်လူမျိုးများ၊ အမေရိကန်လူမျိုးများနှင့် အာရှမှ ဗီယက်နမ်နှင့် ကမ္ဘောဒီးယား ဧည့်သည်များ လာရောက်မှုများကြောင်း ဟိုတယ်အသိုင်းအဝိုင်းကဆိုသည်။

ရန်ကုန်မြို့တွင် အဆင့်မြင့်ဟိုတယ်ကြီးများသာမက နိုင်ငံသားများပိုင်သော ကြယ်သုံးပွင့်အဆင့်ဟိုတယ်များပါ ဧည့်သည်ရရှိမှု များလာခဲ့ကြောင်းလည်း သတင်းရရှိသည်။

ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ အမေရိကန်နိုင်ငံမှ လာရောက်သူ ၁၄,၄၆၇ ဦးနှင့် အင်္ဂလန်နိုင်ငံမှလာရောက်သူ ၆,၆၅၇ ဦးရှိသည်။

ထို့ကြောင့် ယခုနှစ်ခရီးသွားရာသီမှစ၍ ဟိုတယ်များပြန်လည်ပြုပြင်မှုများရှိလာပြီး ယခုလက်ရှိတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်နှင့် ယုဇနဟိုတယ်တို့မှာ ပြုပြင်မှုများ ပြုလုပ်လျက်ရှိသည်။ ယခုနှစ်ဇန်နဝါရီမှစက်တင်ဘာလကုန်အထိ ရန်ကုန်လေဆိပ်ဝင်ပေါက်မှ ခရီးသွား ၂၆၆,၉၈၈ ဦး ဝင်ရောက်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သတင်းရရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*ကမ္ဘာလှည့်ခရီးသည်နှစ်ဦး အမှတ်တရ ဓာတ်ပုံရိုက်နေသည်ကို ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်တွင် တွေ့ရစဉ်*

# သမိုင်းဝင်ဆံတော်ရှင်ဘုရားပွဲ ကျင်းပမည်

**မာန်ယုကျော်**

**စစ်တွေ၊ နိုဝင်ဘာ-၂၃**

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အနောက်ဖရုံကာကျွန်းတောင်ဘက်အစွန်းတောင်ထိပ်ပေါ်တွင်တည်ထားကိုးကွယ်လျက်ရှိသည့် သမိုင်းဝင်ဆံတော်ရှင်ဘုရားပွဲတော်ကို လာမည့်ဒီဇင်ဘာလအတွင်းကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါဘုရားပွဲတော်ကို လာမည့်ဒီဇင်ဘာလ ၅ရက်မှ ၁၀ ရက်အထိ (နတ်တော်လဆန်း ၁၀ ရက်နေ့မှ နတ်တော်လပြည့်နေ့အထိ) ၆ရက်တိုင်တိုင်ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ပွဲတော်ရက်များအတွင်း ဘုရားဖူးပြည်သူများသွားလာမှုလွယ်ကူစေရန်အတွက် စစ်တွေမြို့မှနေ၍ စိုးမဲကျိုဆိပ်ကမ်းသို့ ပုဂ္ဂလိကပိုင်သင်္ဘောများ၊ အမြန်ရေယာဉ်များနှင့် မော်တော်ဘုတ်များပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဘုရားပွဲတွင်ပျော်ပွဲရွှင်ပွဲများအဖြစ် အဆင့်မြင့်ဇာတ်သဘင်များဖြင့် ဖြေဖျော်ပေးသွားမည်ဖြစ်ပြီး ဘုရားဖူးများသည်လည်း ဆံတော်ရှင်ဘုရားရင်ပြင်၌ရှိသော ကျောင်း၊ သိမ်၊ ဇရပ်များတွင်အခမဲ့တည်းခိုနိုင်ကြမည်ဖြစ်သည်။

"ပွဲတော်ရက်တွေအတွင်း ဘုရားရင်ပြင်မှာရှိတဲ့ ကျောင်း၊ သိမ်၊ ဇရပ်တွေမှာ ရပ်နီးရပ်ဝေးကလာကြတဲ့ ဘုရားဖူးဧည့်သည်တွေ စိတ်ချမ်းချမ်းသာသာနဲ့ တည်းခိုနိုင်ဖို့အတွက် စီစဉ်ပေးထားပါတယ်။ တချို့ လွတ်လွတ်လပ်လပ် တည်းခိုချင်တဲ့သူတွေဆိုလည်း အခကြေးငွေပေးပြီး ပုဂ္ဂလိကတည်းခိုခန်းတွေမှာ တည်းခိုနိုင်ကြပါတယ်" ဟု ဆံတော်ရှင်ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ဆံတော်ရှင်ဘုရားမှာ စစ်တွေမြို့မှ ၁၂ မိုင်ခန့်ကွာဝေးသည့် စိုးမဲကျိုဆိပ်ကမ်းသို့ သင်္ဘောများ၊ အမြန်ရေယာဉ်များနှင့် မော်တော်ဘုတ်များဖြင့် သွားလာရပြီး ယင်းဆိပ်ကမ်းမှတစ်ဆင့် တောင်များကိုကျော်ဖြတ်၍ ဘုရားသို့ သွားရောက်ရကြောင်းနှင့် ထိုသို့သွားလာရေးခက်ခဲသော်လည်း ဘုရားပွဲတော်ရက်များအတွင်း ဘုရားဖူးပရိသတ်များ စည်ကားတတ်ကြောင်းသိရသည်။

အဆိုပါစေတီမှာ ခေတ်အဆက်ဆက်မင်းနှင့်ပြည်သူများပြုပြင်ကိုးကွယ်ခဲ့ကြသည့် သမိုင်းဝင်စေတီတော်တစ်ဆူဖြစ်သော်လည်း သွားရေးလာရေးခက်ခဲသဖြင့် ဘုရားပွဲတော်ရက်များအတွင်း အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသည့် ခရီးစဉ်များဖြင့်သာ သွားရောက်ဖူးမြော်နိုင်ကြကြောင်း သိရသည်။

# ပြည်ပထွက်ခွာခွင့် လက်မှတ် ထုတ်ပေးသော စက်ပျက်နေဆဲ

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၂၂**

ပြည်ပနိုင်ငံများသို့ ထွက်ခွာရာတွင် လေဆိပ်၌ ပြသရသော ပြည်ပထွက်ခွာခွင့်လက်မှတ် D-Form ထုတ်ပေးသည့် စက်ပျက်နေသည်မှာ နှစ်လကျော်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"ပုံစံဖြည့်လိုရတယ်။ အီးမေးလ်ပြန်မလာတာ ဆာဗာကြောင်နေတာ" ဟု ကျွမ်းကျင်သူများကဆိုသည်။

ထို့ကြောင့် D-Form ထုတ်ပေးနေသူများသည် ဘဏ်ချလန်နှင့် D-Form ဖြည့်ထားသော စာရွက်အား ထုတ်ပြီးပေးနေရကြောင်း လေယာဉ်လက်မှတ်ရောင်းကိုယ်စားလှယ်များက ပြောသည်။

ထိုကဲ့သို့ ထုတ်ပေးသော ပုံစံဖြင့် သွားရောက်ရာတွင် အဆင်ပြေသူများရှိသလို အဆင်မပြေသူများလည်း ရှိကြောင်း သတင်းရရှိသည်။

ပြည်ပနိုင်ငံသို့ ထွက်ခွာခွင့်ရရှိရန် D-Form အား လေဆိပ်တွင် ထပ်မံပြုလုပ်ရပြီး ထိုစနစ်မှာ အာဆီယံနိုင်ငံများတွင် မြန်မာတစ်နိုင်ငံသာ ပြုလုပ်ရကြောင်း စုံစမ်းသိရှိရသည်။

ထိုကဲ့သို့ D-Form ရရှိရန်အတွက် ဝန်ဆောင်မှုပေးသော လုပ်ငန်းအား တစ်စောင်လျှင် ၂,၀၀၀ ကျပ် ပေးသွင်းရကြောင်း သိရသည်။



Cartoon 2000






















7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# ကမ္ဘာ့ဈေးအချိုဆုံး တာတာနာနိုကား ၂၀၁၂ မော်ဒယ်အသစ် ထုတ်လုပ်မည်

**နယူးဒေလီ၊ နိုဝင်ဘာ - ၂၂**
ကမ္ဘာ့ဈေးအချိုဆုံးကားအဖြစ် သတ်မှတ်ခံရပြီး ၂၀၀၉ ခုနှစ်က ပေါ်ထွက်ခဲ့သည့်တာတာနာနိုကားကို ယခုအခါ ၂၀၁၂ ထုတ် မော်ဒယ်အဖြစ် ပိုမိုအဆင့်မြှင့်တင် ထုတ်လုပ်ကာ ဈေးကွက်သို့ဖြန့်ချိသွားရန်ရှိကြောင်းသိရသည်။

၂၀၁၂ နာနိုကားတွင် ကားအရောင်ကို ရောင်စုံရနိုင်မည်ဖြစ်ပြီး ကားအတွင်း အပြင်အဆင်များတွင်လည်း ပို၍ဇိမ်ခံကားဆန်ဆန် ပြင်ဆင်ထားသည်ဟု ဆိုသည်။ ထို့ပြင် ၂၀၁၂ မော်ဒယ်ကားသည် ယခင်ကားဟောင်းထက် ဆီစားပိုသက်သာမည်ဟု ကုမ္ပဏီကပြောသည်။

ဤသို့ ၂၀၁၂ မော်ဒယ်တွင် အဆင့်မြှင့်တင်မှုများပြုလုပ်ထားရခြင်းမှာ ဝယ်သူများဘက်မှ အကြံပြုချက်များကြောင့်ဖြစ်ကြောင်း တာတာမော်တော်ကားကုမ္ပဏီ၏ အိန္ဒိယဒါရိုက်တာပီအမ် တာလန်က အေအက်ဖ်ပီသို့ပြောသည်။ ၂၀၁၂ကားသစ်တွင် အင်ဂျင်ပါဝါကို မြင်းကောင်ရေ ၃၈ ကောင်အထိတိုးမြှင့်ထားသည်။ သို့သော် ကားဈေးနှုန်းကိုမူ ယခင်ဈေးဒေါ်လာ ၂,၀၀၀ ခန့်သာ ဆက်လက်ထားရှိရောင်းချမည်ဖြစ်သည်။

စာရင်းများအရ တာတာနာနိုကားများသည် ပြီးခဲ့သည့်နှစ်ကထက် ယခုနှစ်တွင် ရောင်းအား ၈၅ ရာခိုင်နှုန်းတက်ခဲ့သည်။ တာတာနာနိုကို ၂၀၀၉ ခုနှစ်တွင် ဈေးကွက်ဖြန့်စဉ်က ရူပီးတစ်သိန်း (ဒေါ်လာ ၁,၉၇၉)ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ဈေးအချိုဆုံးကားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

*—Ref: BBC*






# ၂၀၁၂ တွင် ဖိလစ်ပိုင်အထက်တန်းကျောင်းအားလုံး အင်တာနက်အသုံးပြုနိုင်မည်

**မနီလာ၊ နိုဝင်ဘာ - ၂၃**
ဖိလစ်ပိုင်နိုင်ငံတွင်ယခုအခါအစိုးရအထက်တန်း ကျောင်းပေါင်း ၃၃,၀၀၆ ကျောင်းရှိကျောင်းသား ၄ ဒသမ ၄ သန်းခန့်သည်အင်တာနက်အသုံးပြုခွင့်ရရှိနေပြီး လာမည့်၂၀၁၂ခုနှစ်တွင်နိုင်ငံတစ်ဝန်းလုံးရှိ အထက်တန်းကျောင်းအားလုံးတွင် အင်တာနက်ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကြေညာချက်ကို ဖိလစ်ပိုင်ပညာရေးဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အင်တာနက်အသုံးပြု၍ စာတတ်မြောက်ရေးလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်နိုင်ရန်ရည်ရွယ်ကြောင်းဆိုသည်။

ပညာရေးဝန်ကြီး အာမင်လူအစ်စထရိုက "ကျွန်တော်တို့ဟာ စာသင်ခန်းတွေ၊ အိမ်သာတွေ ထပ်ဆောက်နေရုံနဲ့မလုံလောက်ပါဘူး။ ပညာရေးမှာ တကယ့်တော်လှန်ရေးက အိုင်တီနည်းပညာနဲ့လုပ်နိုင်မှ ရမှာပါ"ဟုပြောသည်။

ဖိလစ်ပိုင်ပညာရေးဌာနသည် အင်တာနက်အသုံးပြုမှုကျွမ်းကျင်စေရန် ကျောင်း ဆရာ၊ ဆရာမပေါင်း ၁၃,၅၃၈ ဦးကိုလည်း လေ့ကျင့်ထားကြောင်းသိရသည်။ ပညာရေးဌာနသည် ၂၀၁၂ ခုနှစ်တွင် အထက်တန်းကျောင်းအားလုံး၌ အင်တာနက်ချိတ်ဆက်နိုင်ရန် ခွဲတမ်းရန်ပုံငွေ ပီဆို ၁ ဒသမ ၈ ဘီလီယံ (စင်ကာပူဒေါ်လာ ၅၄သန်း)ရရှိထားသည်။ ယခုအချိန်ထိ ဖိလစ်ပိုင်နိုင်ငံတွင် အထက်တန်းကျောင်း အားလုံး၏ ၉၇ ရာခိုင်နှုန်းအားကွန်ပျူတာများ တပ်ဆင်ထားပြီး ၆၈ ရာခိုင်နှုန်းမှာ အင်တာနက်အသုံးပြုခွင့်ရထားပြီဖြစ်သည်။

*—Ref: Philippine Enquirer*

# ထိုင်းရေကြီးမှုများကြောင့် စီးပွားရေး တိုးတက်မှုနှုန်း ၁ ရာခိုင်နှုန်းလျော့ကျနိုင်

**စင်ကာပူ၊ နိုဝင်ဘာ - ၂၂**
ပြီးခဲ့သည့်လများအတွင်း ရေကြီးမှုများကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၁ ရာခိုင်နှုန်းခန့် လျော့ကျနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ဖော်ပြသည်။

ကမ္ဘာ့ဘဏ်က ၎င်း၏ နောက်ဆုံးထုတ် အရှေ့အာရှနှင့် ပစိဖိတ်စီးပွားရေးအစီရင်ခံစာ၌ ထိုင်းစီးပွားရေးတိုးတက်မှုသည် ယခုနှစ်အတွင်း ၂ ဒသမ ၄ ရာခိုင်နှုန်းသာရှိမည်ဟု ခန့်မှန်းဖော်ပြခဲ့ရာ ယင်းမှာ လွန်ခဲ့သည့်ခြောက်လက ခန့်မှန်းချက် ၃ ဒသမ ၇ ရာခိုင်နှုန်းထက် ၁ ရာခိုင်နှုန်းကျော် လျော့ကျသွားခြင်းဖြစ်သည်။

အစီရင်ခံစာ၌ "ရေကြီးမှုတွေရဲ့ အကျိုးသက်ရောက်မှုကြောင့် ၂၀၁၁ ရဲ့ နောက်ဆုံး သုံးလပတ် ဘဏ္ဍာရေးကာလဟာ အထိခိုက်ဆုံးပါပဲ။ အထူးသဖြင့် ဘန်ကောက်ပတ်ဝန်းကျင်စက်မှုလုပ်ငန်းနယ်မြေတွေမှာ ကုန်ထုတ်လုပ်မှုတွေထိခိုက်ခဲ့ရပါတယ်"ဟု ဖော်ပြထားသည်။

ထို့ပြင် ကမ္ဘာ့ဘဏ်ကအရှေ့တောင်အာရှနိုင်ငံများတွင် ရေကြီးမှုများကြောင့် ဆုံးရှုံးရမှု တန်ဖိုးကို ယခုအချိန်အထိ အပြီးသတ် မခန့်မှန်းနိုင်သေးကြောင်း ဆိုသည်။ ကမ္ဘာ့ဘဏ်က ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် လာမည့် ၂၀၁၂ ခုနှစ် တွင်မူ ၄ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။

*—Ref: Xinhua*

7DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

# International

## နောက်ကျောဖုံး - အီတလီကို ကယ်တင်ရန် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ ပြင်ဆင်နေ မှ

ထိုအတောအတွင်း အီတလီနိုင်ငံတွင် ပြဿနာတစ်စုံတစ်ရာ ပေါ်လာပါက ယူရိုဇုန်၏ အရှိုက်ထိုးနှက်ခံရခြင်းဖြစ်လိမ့်မည် ဟု ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီ ရုံးကထုတ်ပြန်ခဲ့သည်။ ထို့ အပြင် ပြင်သစ်သမ္မတဆာကိုဇီနှင့် ဂျာမနီအဓိပတိအန်ဂျလာမာကယ်လ်တို့သည် ယခင်ရက်သတ္တပတ်က ပြင်သစ်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးအပြီးတွင်လည်း အီတလီပြိုလဲပါက ယူရိုငွေကြေး အဆုံးသတ်ပင်ဖြစ်လိမ့်မည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ပြောကြားခဲ့သည်။

—*Ref: AFP*

## နောက်ကျောဖုံး - နေတိုးထောက်ပံ့ရေးလမ်းကြောင်း ပါကစတန် ဖြတ်တောက် မှ




သေဆုံးခဲ့သည့် ပါကစ္စတန် တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုအောက်မေ့ဖွယ် အခမ်းအနားအား ပါကစ္စတန်ကြည်းတပ်အကြီးအကဲက ဦးဆောင်ကျင်းပချိန်မှာပင် နေတိုးအတွက် အရေးပါသောထောက်ပံ့ရေးလမ်းကြောင်း ဖြတ်တောက်မှုဖြစ်ပေါ်လာခြင်း ဖြစ်သည်။

တာလီဘန်စခန်းများဟု မသင်္ကာသော နေရာများအား အမေရိကန်-အာဖဂန်အထူးတပ်ဖွဲ့များက လေကြောင်းမှတိုက်ခိုက်စဉ် ပါကစ္စတန်စစ်ဘက်က စောင့်ကြပ်နေသည့် နယ်စပ်ဂိတ်ပေါက်နှစ်ခုကိုပါ ထိမှန်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကို ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ဂီလာနီက ရှုတ်ချပြောဆိုခဲ့သည်။

ထိုအတောအတွင်း ယင်းလေကြောင်းတိုက်ခိုက်မှုများအပေါ် ဝမ်းနည်းရပါကြောင်း နေတိုးအဖွဲ့ကပြောကြားခဲ့သည်။

—*Ref: UPI/AFP*



Leader's Profile

# အိန္ဒိယနိုင်ငံ၏ အကြီးဆုံးပုဂ္ဂလိကကုမ္ပဏီကြီးဥက္ကဋ္ဌ

# မူကက်ရှ်အမ်ဘာနီ

ရဲမင်း

မူကက်ရှ်ဒိုင်ရူဘီအမ်ဘာနီသည် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံး ပုဂ္ဂလိကပိုင် ကုမ္ပဏီကြီး Reliance Industries ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ ၂၀၁၁ ခုနှစ်စာရင်း အရ အာရှတွင် ဒုတိယအချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်ပြီး ကမ္ဘာပေါ်တွင် နဝမမြောက် အချမ်းသာဆုံးဖြစ်သည်။

မူကက်ရှ်အမ်ဘာနီအား ၁၉၅၇ ခုနှစ် ဧပြီလ ၁၉ ရက်တွင် မွန်ဘိုင်းမြို့၌မွေးဖွားခဲ့သည်။ ၎င်း၏ဖခင် ဒိုင်ရူဘီအမ်ဘာနီမှာ ထိုအချိန်က အသေးစားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သော်လည်း နောက်ပိုင်းတွင် အိန္ဒိယ စက်မှုလုပ်ငန်းတွင် ဂန္ထဝင်တစ်ဦးဖြစ်လာသည်။ အမ်ဘာနီတို့မိသားစုသည် ၁၉၇၀ ကျော်နှစ်များအထိ မွန်ဘိုင်းမြို့ ဘူလက်ရှ်ဝါဒေသတွင် အိပ်ခန်းနှစ်ခန်းသာရှိသော တိုက်ခန်း၌နေထိုင်ခဲ့သည်။

မူကက်ရှ်သည် အခြေခံပညာရေးကို မွန်ဘိုင်းမြို့မှာပင် သင်ယူခဲ့ပြီး ဘုံဘေတက္ကသိုလ်မှ ဓာတုဗေဒအင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။ ဆက်လက်၍ မူကက်ရှ်သည်အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်တွင်စီးပွားရေးမဟာဘွဲ့ ၂နှစ်သင်တန်းတက်ရောက်ခဲ့သော်လည်း တစ်နှစ်သာ ပြီးမြောက်ပြီး ၁၉၈၀ ပြည့်နှစ်တွင် ကျောင်းမှထွက်ခဲ့သည်။ ထိုအချိန်တွင် ၎င်း၏ဖခင် ဒိုင်ရူဘီအမ်ဘာနီမှာလည်း အထည်အလိပ်ချည်မျှင်များထုတ်လုပ်ရာမှ ပိုလီအက်စတာချည်မျှင်များပါ ထုတ်လုပ်ခွင့်ရရှိလာ၍ သားအကြီးဖြစ်သူ မူကက်ရှ်အမ်ဘာနီအား MBA သင်တန်းမှ ရပ်နားစေ၍ ၎င်း၏လုပ်ငန်းတွင်ပါဝင်ကူညီရန်စီမံခဲ့ခြင်းဖြစ်သည်။

မူကက်ရှ်အမ်ဘာနီသည် ၁၉၈၁ ခုနှစ်မှစ၍ Reliance စက်မှုလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အထည်အလိပ်ချည်မျှင်များမှ ပိုလီအက်စတာချည်မျှင်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ရေနံဓာတုလုပ်ငန်းများ၊ ရေနံချက်စက်ရုံလုပ်ငန်း၊ ထိုမှတစ်ဆင့်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးနှင့် ထုတ်လုပ်ခြင်းများကို ကမကထ ပြုဦးစီးဦးဆောင်ခဲ့သည်။ မူကက်ရှ်အမ်ဘာနီသည် နည်းပညာကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကာ ကမ္ဘာ့အဆင့်မီ စက်ရုံအသစ် ၅၁ ရုံကိုထူထောင်ခဲ့သည်။

မူကက်ရှ်အမ်ဘာနီသည် နည်းပညာပိုင်းအရ ကမ္ဘာပေါ်တွင် အရှုပ်ထွေးဆုံး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကုမ္ပဏီဖြစ်သော Reliance ဆက်သွယ်ရေးလီမိတက်ကိုလည်း ထူထောင်ခဲ့သည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံး ရေနံချက်စက်ရုံတစ်ရုံကိုလည်း အိန္ဒိယနိုင်ငံ ဂျမ်နာဂါးဒေသတွင်တည်ဆောက်ခဲ့ပြီး ယင်းစက်ရုံမှပင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ရေနံဓာတုပစ္စည်းစက်ရုံများ၊ ဆိပ်ကမ်းနှင့် အခြားအခြေခံအဆောက်အအုံများကိုပေါင်းစည်းထားသည်။

အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံချမ်းသာသော မူကက်ရှ်အမ်ဘာနီသည် Bank of America ကော်ပိုရေးရှင်း၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်ဖြစ်သလို နိုင်ငံတကာဆက်ဆံရေးကောင်စီ၏ နိုင်ငံတကာအကြံပေးဘုတ်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

မူကက်ရှ်အမ်ဘာနီတွင် ညီတစ်ဦးနှင့် ညီမနှစ်ဦးရှိပြီး ဇနီးသည် နီတာအမ်ဘာနီနှင့် သားသမီးသုံးဦးထွန်းကားခဲ့သည်။ ၎င်းတို့ မိသားစုဝင်လေးဦးသည် ကန်ဒေါ်လာ ၇၇ သန်းအကုန်အကျခံတည်ဆောက်ထားသော ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးအိမ်ဟုဆိုကြသည့် မွန်ဘိုင်းမြို့ရှိ ၂၇ ထပ်ပါ အန်တီလီယာစံအိမ်၌ နေထိုင်ကြသည်။

—*Ref: Wikipedia*

## နောက်ကျောဖုံး - ၂ဂျီ ရှားသမတရာထူးအတွက် မစတာပူတင်အား တရားဝင်အမည်စာရင်း တင်သွင်း မှ

ယူနိုက်တက်ရုရှားပါတီညီလာခံတွင် စကားပြောကြားရာ၌ မစ္စတာမက်ဗီဒက် (၄၆ နှစ်)က မစ္စတာပူတင် (၅၉ နှစ်)သည် သမ္မတ သက်တမ်းနှစ်ကြိမ် ရယူသွားနိုင်သည်ဟု အရိပ်အမြွက်မျှပြောကြားခဲ့သည်။ ဤသို့ဆိုလျှင် မစ္စတာပူတင်သည် ကရင်မလင်တွင် နောက်ထပ် ၁၂ နှစ်ဆက်ရှိနေမည်ဆိုသည့်အဓိပ္ပာယ်ပင်ဖြစ်သည်။ မစ္စတာမက်ဗီဒက်လက်ထက်တွင်သမ္မတသက်တမ်းကိုလေးနှစ်မှ ခြောက်နှစ်သို့ တိုးမြှင့်ခဲ့သည်။

—*Ref: The Hindu*

## နောက်ကျောဖုံး - အီဂျစ်တွင် မူဘာရက်အလွန် ရွေးကောက်ပွဲ မဲပေးရန် ပြင်ဆင် မှ

စစ်ဘက်ကောင်စီအကြီးအကဲကမူ အကျပ်အတည်းအား မကျော်လွှားနိုင်ပါက အလွန့်အလွန်ဆိုးရွားသော နောက်ဆက်တွဲပြဿနာများနှင့် ကြုံတွေ့ရနိုင်ကြောင်း သတိပေးပြောကြားသည်။

"အီဂျစ်ဟာ လမ်းဆုံလမ်းခွကိုရောက်နေပါတယ်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ကျွန်တော်တို့ အောင်မြင်ရင် အောင်မြင်၊ ဒါမှမဟုတ်ရင်တော့ နောက်ဆက်တွဲအခြေအနေတွေက အလွန်ကိုဆိုးရွားပါလိမ့်မယ်။ ဒါကို ကျွန်တော်တို့အဖြစ်မခံနိုင်ပါဘူး"ဟု၍ ဖီးလ်မာရှယ်မိုဟာမက်တန်တာဝီက နိုဝင်ဘာလ ၇ ရက်တွင်ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ၎င်းကအမည်စာရင်းတင်သွင်းထားသည့် ဝန်ကြီးချုပ် ကာမယ်လ်ဂန်ဇူရီအား ထောက်ခံရန်လည်း သမ္မတရွေးကောက်ပွဲ ရေပန်းစားနေသူများဖြစ်သော မစ္စတာမိုဟာမက်အယ် ဘာရာဒီနှင့် မစ္စတာအာမေးမူဆာတို့အား မစ္စတာတန်တာဝီက တိုက်တွန်းပြောကြားသည်။



နိုဝင်ဘာ ၈ ရက်တွင် စတင်မဲပေးရမည့် ရွေးကောက်ပွဲအစီအစဉ်မှာ ၂၀၁၂ ခုနှစ် မတ်လအထိ ကြာမြင့်မည်ဖြစ်သည်။ ပါလီမန်နှစ်ရပ်စလုံးအတွက် အကျုံးဝင်မည့် ရွေးကောက်ပွဲ ပထမအဆင့်တွင် အဖွဲ့ဝင် ၅၀၈ ဦးပါ ပြည်သူ့လွှတ်တော်ကိုစတင်ရွေးချယ်မည်ဖြစ်သည်။

နိုဝင်ဘာ ၈ ရက်မှစ၍ ကန့်ကွက်ဆန္ဒပြမှုများ ပြန်လည်ဖြစ်ပေါ်လာပြီး ၁၀ ရက်အတွင်း ဆန္ဒပြသူ၄၁ဦးသေဆုံးခဲ့ကာလူ ၂,၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

—*Ref: BBC*

## မွန်ဘိုင်းတိုက်ခိုက်မှု သေနတ်သမားကို သုံးနှစ်ကြာ ထိန်းသိမ်းစရိတ် ကန်ဒေါ်လာသုံးသန်း အိန်ဒိယကုန်ကျ

**နယူးဒေလီ၊ နိုဝင်ဘာ - ၂၃**

အိန္ဒိယအစိုးရသည် ၂၀၀၈ ခုနှစ် မွန်ဘိုင်းတိုက်ခိုက်မှုများ၏နောက်ကွယ်မှ တစ်ဦးတည်းကျန်ရှိနေသည့်သေနတ်သမား မိုဟာမက် အာဂျမယ်အမီရာကာဆတ်ကို ထိန်းသိမ်းထားခဲ့သည့် သုံးနှစ်တာကာလအတွင်း ကုန်ကျစရိတ် ဒေါ်လာသုံးသန်းခန့်ရှိကြောင်းသိရသည်။

ကာဆတ်ကို ထိန်းသိမ်းထားရာ မွန်ဘိုင်းမြို့မှ အာသာလမ်းအကျဉ်းထောင်ရှိအထူးအချုပ်ခန်းတစ်ခုတည်းကိုပင် တည်ဆောက်စရိတ် ဒေါ်လာတစ်သန်းခန့်ရှိကြောင်းသိရသည်။ နောက်ထပ်ကုန်ကျစရိတ်ဒေါ်လာနှစ်သန်းမှာမူ ၂၀၀၉ မတ်လမှ ၂၀၁၀ စက်တင်ဘာလအထိ ကာဆတ်အတွက် လုံခြုံရေးကုန်ကျစရိတ်ဖြစ်သည်။ ယင်းကုန်ကျငွေသုံးသန်းတွင် တရားစရိတ်များ မပါဝင်သေးကြောင်းသိရသည်။

ကာဆတ်သည် ပြီးခဲ့သည့်နှစ် မေလက တရားခွင်တွင် သေဒဏ်ချမှတ်ခံခဲ့ရပြီး လက်ရှိ၌ နိုင်ငံတော်တရားရုံးသို့ အယူခံလွှာတင်သွင်းထားသည်။ အဆိုပါ မွန်ဘိုင်းတိုက်ခိုက်မှုများတွင် ကာဆတ်အပါအဝင် သေနတ်သမားများ ပစ်ခတ်မှုကြောင့် လူပေါင်း ၁၆၅ ဦးသေဆုံးပြီး သေနတ်သမားများထဲမှ ကိုးဦးသေဆုံးခဲ့သည်။

၂၀၀၈ နိုဝင်ဘာ ၂၆ ရက်တွင်ဖြစ်ခဲ့သော ယင်းအကြမ်းဖက်မှုဖြစ်စဉ်၌ မွန်ဘိုင်းဘူတာရုံ၊ ဂျူးယဉ်ကျေးမှုဌာနနှင့် ဇိမ်ခံဟိုတယ်ကြီးများမှ လူပေါင်းများစွာကို သေနတ်သမားများက ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည်။ ကာဆတ်နှင့် ၎င်း၏အဖော်တစ်ဦးသည် မွန်ဘိုင်းဘူတာရုံတွင် လူပေါင်း ၅၂ ဦးကို သေနတ်နှင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

—*Ref: BBC*

7DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011



# "မျှော်လင့်ချက်ကိုဖန်တီးထားဖို့လိုတယ်"

## ဇင်ဘာဘွေဝန်ကြီးချုပ်မော်ဂန်ချန်ဂရိုင်းနှင့်အမေးအဖြေ

ကျော်မျိုး

ဇင်ဘာဘွေရဲ့ လက်ရှိဝန်ကြီးချုပ်မော်ဂန်ချန်ဂရိုင်းဟာ ပြီးခဲ့တဲ့နိုဝင်ဘာ ၂၀ ကပဲ ဇင်ဘာဘွေယဉ်ကျေးမှုထုံးစံအရနိုဝင်ဘာမှာလက်ထပ်ပွဲမလုပ်တဲ့ ဓလေ့ကိုချိုးဖျက်ကာ အစဉ်အလာကိုတွန်းလှန်ပြီး ဂိုတာဒီဟာတင်မ်ဘိုဆိုသူ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးနဲ့ လက်ထပ်လိုက်ပါတယ်။ ဇင်ဘာဘွေယဉ်ကျေးမှုအရအယူရှိတာကတော့နိုဝင်ဘာလမှာ လက်ထပ်ပွဲလုပ်ရင် ကံမကောင်းတတ်ဘူးလို့ယူတာဖြစ်ပေမယ့်ဝန်ကြီးချုပ်ချန်ဂရိုင်းကတော့ သတို့သမီးကြေးဒေါ်လာ၃၆,၀၀၀ နဲ့ နွား ၁၀ ကောင် တင်တောင်းကာ အစဉ်အလာလက်ထပ်ပွဲပြုလုပ်ပြီး ထိမ်းမြားခဲ့ပါတယ်။ ဒါဟာ ဝန်ကြီးချုပ်အတွက် ဒုတိယအိမ်ထောင်ဖြစ်ပြီး ပထမအိမ်ထောင်ဖြစ်တဲ့ ဇနီးသည်ဆူဆန်ကတော့ ၂၀၀၉ မှာ ယာဉ်မတော်တဆမှုဖြစ်ပြီး ဆုံးပါးခဲ့ပြီးပါပြီ။ ယခုအိမ်ထောင်ဖက်မစ္စတင်မ်ဘိုကတော့ ချန်ဂရိုင်းရဲ့ နိုင်ငံရေးပြိုင်ဘက်ဖြစ်သူ သမ္မတမူဂါဘီရဲ့ ဇနူ-ပီအက်ဖ်ပါတီမှ လွှတ်တော်အမတ်တစ်ဦးရဲ့ ညီမလည်း ဖြစ်ပါတယ်။

ဇင်ဘာဘွေရဲ့ အင်အားအကြီးဆုံးအတိုက်အခံခေါင်းဆောင်ဖြစ်တဲ့ချန်ဂရိုင်းဟာ ၂၀၀၈ ရွေးကောက်ပွဲမှာ ၎င်းရဲ့ ဒီမိုကရက်တစ်ပြောင်းလဲရေးလှုပ်ရှားမှုပါတီ(MDC)နဲ့ အနိုင်ရခဲ့ပေမယ့် မဲရလဒ်အငြင်းပွားမှုတွေကြောင့် မူဂါဘီနဲ့ကန့်ကွက်သူတွေအကြား အကြမ်းဖက်မှုတွေဖြစ်ပွားစေခဲ့ပါတယ်။ ဒီနောက် ၂၀၀၉ မှာတော့ နိုင်ငံကိုကြာရှည်ထိန်းချုပ်လာတဲ့ မူဂါဘီနဲ့ သဘောတူညီချက်ရလို့ အစိုးရအဖွဲ့မှာ ပူးတွဲပါဝင်ခဲ့ကာ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၎င်းဟာ လာမယ့်နှစ်ရွေးကောက်ပွဲတွေမှာတော့သမ္မတလောင်းအဖြစ် ထပ်မံအရွေးချယ်ခံဦးမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဇင်ဘာဘွေရဲ့ အဖိနှိပ်ခံအတိုက်အခံခေါင်းဆောင်ဘဝကနေဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီးနောင်မှာလည်း သမ္မတအဖြစ်ဦးဆောင်ဖို့ အလားအလာရှိနေတဲ့ မစ္စတာချန်ဂရိုင်းနဲ့ တိုင်းမ်မဂ္ဂဇင်းတို့ရဲ့ မေးမြန်းထားမှုတွေကို ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။

**မကြာသေးမီက သတင်းပေါက်ကြားခဲ့တဲ့ဝီကီလိခ်က အမေရိကန်သံတမန်ရေးဆက်သွယ်မှုသတင်းတွေမှာ ဝန်ကြီးချုပ်ရဲ့ တစ်ချိန်ကပြိုင်ဘက်၊ အခုတော့ အစိုးရအဖွဲ့ထဲမှာလက်တွဲ ဖော်ဖြစ်နေတဲ့ သမ္မတရောဘတ် မူဂါဘီဟာ ကင်ဆာဖြစ်နေပြီလို့ ဆိုထားပါတယ်။ အဲဒါ အမှန်ပဲလား။**

ကျန်းမာရေးမကောင်းဘူးလို့ အဲဒီလိုပြောကြတာတော့ မရှိပါဘူး။ ကျွန်တော်တို့ အားလုံးသိကြတာကတော့ သူ မလေးရှားကို ဆေးရုံသွားတက်ခဲ့ပြီး မကြာခင်ကတော့ စင်ကာပူရောက်ခဲ့တယ်။ သူသွားတာ ကျန်းမာရေးပုံမှန်စစ်ဆေးဖို့သွားတာပါ။ သူ့ကျန်းမာရေးအခြေအနေကောင်း၊မကောင်းကိုတော့ ဘယ်သူမှမပြောနိုင်ပါဘူး။

**သူ(သမ္မတ)တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားခဲ့ရင် ဘာဖြစ်မလဲ။**

သမ္မတတစ်ယောက်မှာ ဖြစ်တာမျိုးဆိုရင်တော့ ဒီကိစ္စက အခြေခံဥပဒေအရ နောက်ထပ်ရက်ပေါင်း ၉၀ အတွင်း သူ့အကြံပေးတွေထဲက တစ်ဦးက အာဏာလွှဲပြောင်းရယူပြီး ရွေးကောက်ပွဲကျင်းပချိန်အထိ တာဝန်ယူပေးရပါမယ်။

**ဒါပေမဲ့ သူ့ရဲ့ပါတီဖြစ်တဲ့ ဇင်ဘာဘွေအာဖရိကန်အမျိုးသားသမဂ္ဂ၊ မျိုးချစ်တပ်ဦးက မူဂါဘီထက်ကျော်လွန်ပြီး တကယ်တည်ရှိ(အာဏာ)နေတာ မဟုတ်လား။**

သူတို့မှာပြဿနာရှိပါတယ်။ သိတဲ့အတိုင်းပဲ ဒီပါတီက သူ့ရဲ့ ဂုဏ်သိက္ခာကို(ဇင်ဘာဘွေ)လွတ်လပ်ရေးလှုပ်ရှားမှုက ရခဲ့တာပါ။ ဒါပေမဲ့ မူဂါဘီက ဆက်ခံမယ့်သူ ရေရေရာရာမရှိဘဲ သူချည်း လွှမ်းမိုးထားခဲ့တယ်။ တကယ်လို့ ဒီနေ့ သူကွယ်လွန်သွားမယ်ဆိုရင် အဲဒါက တစ်နိုင်ငံလုံးအဆင့် ပူပန်စရာကိစ္စဖြစ်လာပါလိမ့်မယ်။

**(မူဂါဘီရဲ့)ဒီလက်ရှိအစိုးရနဲ့ မဟာမိတ်တပ်ဖွဲ့ ပူးပေါင်းခဲ့လို့ ဝန်ကြီးချုပ် ဘာအောင်မြင်မှုရခဲ့သလဲ။**

ကျွန်တော်တို့က အပြောင်းအလဲကာလတစ်ရပ်ကိုဖန်တီးနေတာပါ။ မူဂါဘီကို တစ်သီးပုဂ္ဂလတစ်ဦးအနေနဲ့ ခင်ဗျားဖယ်ထုတ်ပစ်နိုင်တယ်။ ဒါပေမဲ့ သူ့ပါတီက ပြီးခဲ့တဲ့အနှစ် ၃၀ လုံးလုံး အခိုင်အမာအားကောင်းနေခဲ့တာပါ။ ဒါ့ကြောင့် တကယ်လိုအပ်တာက အဖွဲ့အစည်း(အင်စတီကျူးရှင်း)တွေကို အသွင်ပြောင်းလဲပစ်ရေးဖြစ်ပါတယ်။

**သူ့ကိုထောက်ခံသူတွေက ဝန်ကြီးချုပ်ကို အကြမ်းဖက်ခြိမ်းခြောက်နေဆဲအချိန်မျိုးမှာ မူဂါဘီကို ဝန်ကြီးချုပ်က ဘယ်လိုယုံကြည်စိတ်ချနေတာပါလဲ။**

ယုံကြည်မှုဆိုတာ ဘာလဲ။ ကျွန်တော်တို့မှာ အလုပ်သဘောဆက်ဆံမှုရှိထားပါတယ်။ ဒါပေမဲ့ မကြာခင် လာတော့မယ့် ရွေးကောက်ပွဲ တွေနဲ့အတူ အထင်အရှားပဲ။ ဒီအလုပ်သဘောဆက်ဆံရေးကို တိုက်စားတော့မယ့်အရာတွေ စတင်မြင်တွေ့ရဖို့ရှိနေပါပြီ။

**ဝန်ကြီးချုပ်ကို မူဂါဘီက သေစေချင်တဲ့ အချိန်ကာလတစ်ခုလည်း အရင်က ရှိခဲ့ဖူးတယ်နော်။**

ကျွန်တော်တို့ကို သူတို့လုပ်ခဲ့တဲ့အချက်နဲ့ အတိုက်အခံဆိုတာကို လက်မခံနိုင်တာတွေကို ကျွန်တော်တို့ အမြဲပဲ သိမှတ်ထားပါတယ်။ ဒါပေမဲ့ တိုင်းပြည်က ရှေ့ကိုသွားနေပြီဆိုရင် အဲဒါကို တစ်ယောက်က နောက်ပြန်ဆုတ်လို့ မရပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒါ(နောက်ပြန်သွားတယ်ဆိုတာ)ဟာ လက်စားပြန်ချေဖို့ပဲ လုပ်မယ်လို့ အဓိပ္ပာယ်ထွက်လို့ပါ။ ကျွန်တော်တို့ဟာ တစ်သီးပုဂ္ဂလတစ်ဦးအနေနဲ့ ကျွန်တော့်အပေါ် ဦးတည်ဆန့်ကျင်ခဲ့တဲ့ အပြုအမူတွေနဲ့ အဲဒီတိုက်ပွဲအတွင်း သေဆုံးခဲ့ရတဲ့ကျွန်တော်တို့ရဲ့ထောက်ခံသူအားလုံးအပေါ် လုပ်ခဲ့တဲ့အပြုအမူတွေကို အမြဲပဲ သိမှတ်ထားပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ မေးခွန်းက ရာဇဝတ်မှုကျူးလွန်သူတွေရဲ့ အကြောက်တရားနဲ့ အပြစ်မဲ့သားကောင်တွေရဲ့ ဝိုသံတွေအကြား ခင်ဗျား ဘယ်လိုညီမျှအောင်လုပ်မလဲဆိုတာပါ။ တည်ငြိမ်မှုနဲ့ငြိမ်းချမ်းရေးအတွက် ပေးဆပ်ရမယ့် တန်ဖိုးဆိုတာရှိပါတယ်။

**မွမ်မာကဒါဖီနဲ့ သူ့မိတ်ဆွေ မူဂါဘီတို့လိုလူတွေက အာဖရိကတိုက်ကြီးအတွက် ချန်ထားရစ်ခဲ့တဲ့ အမွေအနှစ်က ဘာများဖြစ်မလဲ။**

ဒါဟာ အာဖရိကအနေနဲ့ လက်ခံသင့်တဲ့အခြေအနေတစ်ရပ် ပါ။ မူဝါဒအမှားအယွင်းတွေ၊ (ရာထူး)နေရာအမှားအယွင်းတွေပေါ့။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဒါဟာ အဆင့်တစ်ခုပါပဲ။ ဒီအမျိုးသားရေးဝါဒီ၊ (နယ်ချဲ့ဆန့်ကျင်ရေး) လွတ်မြောက်ရေးသမားတွေဟာ တိုင်းပြည်လည်း လွတ်လပ်ရော တစ်ဦးတည်းအုပ်ချုပ်တဲ့ မိသားစုအလိုက် နန်းဆက်ခံတဲ့အုပ်စိုးမှုကိုဖန်တီးပစ်ခဲ့ကြတယ်။ ဒါကို ဒီမိုကရေစီဆန်ပြီး ကြွယ်ဝတဲ့ အနာဂတ်အတွက် အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်ခံမယ်ဆိုရင် အာဖရိကမှာ ဒါမျိုး ကျွန်တော်တို့ ထပ်မရနိုင်တော့ပါဘူး။



**အာဖရိကတိုက်မှာ တရုတ်နိုင်ငံကရော နယ်ချဲ့အသစ်ဖြစ်နေပါသလား။**

ဟင့်အင်း။ ကျွန်တော် အဲဒီလိုမထင်ပါဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်သူတို့က သာသနာပြုသမားတွေတော့မဟုတ်ဘူး။ သူတို့က စီးပွားရေးအကျိုးစီးပွားတွေအတွက်လာတာပါ။ တရုတ်က သဘာဝရင်းမြစ်တွေအတွက် (ကမ္ဘာမှာ) အပြိုင်အဆိုင်ကြိုးစားရတာတွေရှိလာတော့မယ်ဆိုတာ သိထားပါတယ်။

**ဝန်ကြီးချုပ်ရဲ့ စာအုပ်ကနေ စာဖတ်သူတွေက ဘာတွေရသွားမယ်လို့ မျှော်လင့်ထားပါသလဲ။**


အဲဒါဟာ ဒီမိုကရေစီလှုပ်ရှားမှုအကြောင်းဇာတ်လမ်းပါ။ အဲဒီရည်မှန်းချက်အတွက် တိုက်ပွဲမှာ ကျွန်တော်တို့ရင်ဆိုင်ခဲ့ရတဲ့ အမှုအခင်းပေါင်းစုံနဲ့ ဒုက္ခပေါင်းစုံအကြောင်းဇာတ်လမ်းပေါ့။ ကြမ်းတမ်းရက်စက်မှုတွေကို လုံးဝကိုမသုံးဘဲ ထုံးစံမဟုတ်တဲ့နည်းတွေမသုံးဘဲ ဒီမိုကရက်တစ်နည်းလမ်းတွေအသုံးပြုပြီး အာဏာရှင်စနစ်တစ်ရပ်ကို ခင်ဗျား ဘယ်လိုတိုက်ပွဲဝင်မလဲ။ အဲဒီစာအုပ်က အဓိကအားဖြင့် အပြောင်းအလဲတစ်ရပ်နဲ့ တိုက်ပွဲတစ်ရပ်အကြောင်း အသိပေးတင်ပြမှုမက်ဆေ့ချ်တစ်ခုဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်ထင်တာက အဲဒါဟာ ထူးခြားတယ်။ တခြားသူတွေအတွက်လည်း သင်ခန်းစာတစ်ရပ်ပါ။

**ဝန်ကြီးချုပ်ဟာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရဖူးပြီး အကြမ်းဖက်မှုကို ခံစားခဲ့ရဖူးတယ်။ အဲဒါထိုက်တန်ပါရဲ့လား။**


ကျွန်တော် နောက်တစ်ကြိမ်ထပ်လုပ်ဦးမှာပါ။ လူတွေရဲ့ ဆိုးရွားနေတဲ့အခြေအနေကိုကြည့်ပြီးပေါ့။ ကျွန်တော် ဆက်လုပ်ဦးမှာဖြစ်ပါတယ်။ ဇင်ဘာဘွေရဲ့ ပြည်သူတွေဟာ (သူတို့)ချစ်ရတဲ့အရာတွေဆုံးရှုံးခဲ့ရတယ်။ သူတို့ ရက်စက်မှုဒဏ်ခံစားခဲ့ရတယ်။ အကြောက်တရားပုံစံမျိုးစုံနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒါကြောင့် ဒီပြည်သူတွေက အချည်းနှီး ရုန်းကန်တိုက်ပွဲဝင်ခဲ့ရတာမဟုတ်ဘူးလို့ ပြောဖို့ အမြဲ နောက်ပြန်ကြည့်ဖို့ သိပ်အရေးကြီးပါတယ်။ မျှော်လင့်ချက်ကို ဖန်တီးထားဖို့ လိုအပ်တယ်လေ။

*—Ref: 10 Questions for Morgan Tsvangirai. Time: Nov 28*





အကယ်ဒမီ မမျှော်လင့်တဲ့
ပြေတီဦး စာ(၄၈)



ရုပ်ရှင်ပြန်ရိုက်တော့မယ့်
အိန္ဒြာကျော်ဇင် စာ(၄၈)

နိုဝင်ဘာ ၂၄ရက်က ချီးမြှင့်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံ၏ ဂီတအသိုင်းအဝိုင်းတွင် အမြင့်ဆုံးဆုတစ်ဆုဖြစ်သော **Melon Music Awards** ဆုပေးပွဲတွင် အင်တာနက်သုံးစွဲသူပရိသတ်များအကြား ရေပန်းအစား ဆုံးဂီတအနုပညာရှင်ဆုကို **'Super Junior'**အဖွဲ့က ရရှိသွားခဲ့သည်။ Ref; Hancinema

## ကျွန်တော် လွတ်လပ်တဲ့လူတစ်ယောက်ရဲ့အရသာကို ခံစားရတာ အချိန်ပိုင်းပဲရှိပါသေးတယ်

မြင့်မြတ်နှင့်တွေ့ဆုံခြင်း

အေးသူစံ



ဓာတ်ပုံ-လမင်းနိုင်

ရုပ်ရှင်လောကမှာ လွန်ခဲ့တဲ့ငါးနှစ်ခန့်လောက်ကစပြီး ဒရာမာပိုင်တဲ့မင်းသားတစ်လက်ပေါ် ထွက်လာပါတယ်။ သူကတော့ မဟော်ဂနီထုတ်လုပ်ရေးက စင်တင်ခဲ့တဲ့ မြင့်မြတ်ဖြစ်ပြီး အငိုမင်းသားအဖြစ် တောက်လျှောက် အားပေးမှု ခံခဲ့ရပါတယ်။ အခုတော့ မြင့်မြတ်ဟာ မဟော်ဂနီထုတ်လုပ်ရေးနဲ့ ငါးနှစ်စာချုပ်ပြည့်သွားပြီဖြစ်လို့ သူ့ကိုယ်ပိုင်ရပ်တည်ဆုံးဖြတ်ချက်တွေနဲ့ အနုပညာခရီးလမ်းကို စတင်လျှောက်လှမ်းနေပြီဖြစ်ပါတယ်။ အရင်က မြင့်မြတ်ဟာ ဇာတ်ကားရိုက်ကူးခြင်းတွေထဲမှာပဲ နစ်မြုပ်နေခဲ့ပြီး အပြင်လောကနဲ့ ထိတွေ့မှုနည်းပါးခဲ့ပေမယ့် ခုချိန်မှာတော့ နယ်ပယ်အသီးသီးမှာ တခြားအနုပညာရှင်များနည်းတူ လှုပ်ရှားလာတာတွေ့ရတာကြောင့် သူ့ ဘဝရဲ့ရပ်တည်ချက်၊ ရှေ့ဆက်သွားမယ့်အနုပညာလမ်းကြောင်းနဲ့ မကြာခင်ကမှ မင်းသားလေးဦးနဲ့ပူးပေါင်းတည်ထောင်လိုက်တဲ့အနုပညာပျိုးခင်းအစီအစဉ်တွေကို မေးမြန်းခဲ့ပါတယ်။

**အနုပညာပျိုးခင်းအတွက် ပထမခြေလှမ်းအဖြစ်မင်းသမီးအသစ် သုံးယောက်ကို စင်တင်တဲ့အခါ မင်းသမီးတွေအများကြီးထဲကမှ ဒီသုံးယောက်ကို ဘယ်လိုစံနှုန်းနဲ့ ဆန်ခါတင်ရွေးချယ်ဖြစ်ခဲ့တာပါလဲ။**

အဓိက စိတ်ဓာတ်နဲ့ အရည်အသွေးကိုဦးစားပေးပြီး ရွေးကြတာပါ။ ကျွန်တော်တို့အနုပညာပျိုးခင်းရဲ့ဦးဆောင်သူခြောက်ယောက်လုံးဟာ လွယ်လွယ်ကူကူနဲ့ ဒီလောကထဲကို ရောက်လာတာမဟုတ်ပါဘူး။ ကျွန်တော်တို့ မှာ အခက်အခဲတွေအများကြီး။ ကြိုးစားပြီးမှ ဒီနေရာကိုရောက် လာကြတာ။ ဒါကြောင့် ကျွန်တော်တို့နဲ့ လက်တွဲမယ့်သူတွေကိုလည်း ကျွန်တော်တို့လို စိတ်ဓာတ်မျိုးရှိစေချင်တယ်။ ပေါ့ပျက်ပျက်ရတဲ့ အရာတစ်ခုမဟုတ်ဘူးဆိုတာကိုလည်း သိစေချင်တယ်။ အဓိကကစိတ်ဓာတ်ပဲ။ ကျွန်တော်တို့က အကောင်းဆုံးဖြစ်အောင်ထောက်ပံ့ပေးမယ်။ မင်းသမီးသစ်တွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ ထိပ်ဆုံးရောက်မလာကြဘူးဗျ။ အရည်အသွေးမပြည့်ဝလို့ပဲလို့ ကျွန်တော်တို့ထင်တယ်။ ဘယ်အတိုင်းအတာရောက်မယ်ဆိုတာထက် သရုပ်ဆောင်ပညာအရည်အချင်းပြည့်ဝတဲ့မင်းသမီးသုံးယောက် ကျွန်တော်တို့လောကမှာ ပေါ်ထွန်းလာမယ်လို့ ကျွန်တော်အာမခံတယ်။

**ကိုယ်တိုင်ကလည်းဒီလိုစင်တင်တဲ့ဘဝကနေလာရတဲ့အခါကျတော့ အခု စင်တင်မယ့် မင်းသမီးသစ် သုံးယောက်နဲ့ စိတ်ချင်းပိုနီးစပ်မယ်လို့ ထင်ပါသလား။**

စာ(၄၉)သို့



ဓာတ်ပုံ-ဇေမောင်မောင်(အမရပူရ)

## ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ရိုက်ကူးခြင်းကို လုံးဝရပ်နားလိုက်သည့် မယ်လိုဒီ

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၂**

အောင်မြင်နေဆဲမင်းသမီးတစ်ဦးဖြစ်သော မယ်လိုဒီသည် စင်ကာပူနိုင်ငံသို့ ယခုလလယ်ခန့်က ဆေးကုသရန် ထွက်ခွာသွားပြီး ပြန်လည်ရောက်ရှိချိန်တွင် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးခြင်းလုံးဝ မပြုလုပ်တော့ကြောင်း သူမကိုယ်တိုင်အတည်ပြုပြောကြားသည်။

"ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကား ရိုက်ကူးမှုကိုလုံးဝရပ်နားလိုက်ပါပြီ။ ဘယ်လိုကြောင့်ဘာညာကြောင့်တော့ အကြောင်းပြချက်တွေမပေးချင်ပါဘူး။ ကောလာဟလတွေနဲ့ နာမည်ကြီးအောင် လုပ်တယ်လို့လည်းထပ်ပြီးအပြောမခံချင်တော့ဘူး။ ကိုယ့်အကြောင်းနဲ့ကိုယ် ဆက်မရိုက်ချင်တော့လို့ ရပ်ပစ်လိုက်တာပါ။ တချို့တွေပြောနေကျသလို အချစ်နဲ့တွေ့သွားလို့၊ အိမ်ထောင်ပြုတော့မှာမို့လို့ ရပ်လိုက်တော့ မယ်ဆိုတာတွေလုံးဝမဟုတ်ပါဘူး"ဟု မယ်လိုဒီက ပြောသည်။

မယ်လိုဒီသည် ရိုက်ကူးရေးလောကကို ကျောခိုင်းလိုက်သော်လည်း သီချင်းသီဆိုခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ကြော်ငြာရိုက်ခြင်းနှင့် စာနယ်ဇင်းများတွင် ဓာတ်ပုံရိုက်ခြင်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဟုပြောသည်။ စာ(၄၉)သို့

7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# အကယ်ဒမီကို အရမ်းကြီးမမျှော်လင့်ဟု ပြေတီဦးပြောကြား

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ- ၁၈**

ပြေတီဦးသည် ၂၀၁၂ ခုနှစ်တွင် ကျင်းပဖွယ်ရှိသော ၂၀၁၀ ပြည့်နှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင်'အာဒမ်ရယ်ဧဝရယ်၊ ဒသရယ်' ရုပ်ရှင်ကားဖြင့် အမျိုးသားဇာတ်ဆောင်ဆုရရန် ရေပန်းစားလျက်ရှိသည်။

"ကျွန်တော်ကတော့ အလုပ်တစ်ခုကိုအကောင်းဆုံးဖြစ်လာအောင်ကြိုးစားပြီးတော့လုပ်ထားပါတယ်။ အကယ်ဒမီဆိုတာက နတ်လည်းကြီးတယ်လေ။ ကျွန်တော့်အနေနဲ့ အရမ်းကြီးလည်း မမျှော်လင့်ထားပါဘူး။ ဘယ်သူပဲရရအားပေးဖို့အတွက်သွားမှာပါ။ ဒီကားရိုက်ဖို့ ဒီဇာတ်ရုပ်အတွက် ဝတ္ထုကိုဖတ်တဲ့အချိန်မှာ အဲဒီဇာတ်ကောင်ကိုပဲကြိုက်တယ်။ အဲဒီနေရာမှာပဲ သရုပ်ဆောင်ချင်တယ်။ ဒါပေမဲ့ တကယ်ရိုက်တော့ ပရိသတ်များ မုန်းမလားလို့ နည်းနည်းလေး စိုးရိမ်စိတ်တော့ဖြစ်မိသေးတယ်။ ဒါလည်း အခိုက်အတန့်ပါပဲ။ ကိုယ့်ဇာတ်ကောင်စရိုက်ပီပြင်ဖို့က အရေးကြီးဆုံးလို့ ကျွန်တော့်အနေနဲ့သေချာသိထားတော့ဇာတ်ကောင်စရိုက် ပီပြင်ဖို့ကြိုးစားတယ်။ လုပ်နိုင်ပ့ါမလားလို့ စိတ်ထဲမှာ တထင့်ထင့်လည်း မဖြစ်ပါဘူး။ အကြိုက်ဆုံးဇာတ်ဝင်ခန်းဆိုရင်တော့ ဇာတ်သိမ်းကိုပြောကြတာပေ့ါ။ ဒါပေမဲ့ ကျွန်တော်ကတော့ အခန်းတိုင်းအခန်းတိုင်းကြိုက်နှစ်သက်ပါတယ်။ ပရိသတ်ကလည်း ဒီအခန်းကိုကြိုက်တယ်ပြောကြတယ်"ဟု ပြေတီဦးက အာဒမ်ရယ်ဧဝရယ် ဒသရယ် ဇာတ်ကားထဲမှ အကယ်ဒမီရရှိရန်တစ်ပြေးနေသည့်၎င်း၏ဇာတ်ကောင်စရိုက်နှင့်ပတ်သက်ပြီး ပြောကြားသည်။

ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသော သရုပ်ဆောင်များထဲတွင် ပြေတီဦးအပါအဝင် စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့လည်း ထူးချွန်ဆု တစ်ကြိုခန့်မှန်းစာရင်းထဲ၌ပါဝင်နေပြီး စာရေးဆရာမ ပုညခင်၏ ဝတ္ထုကိုဇာတ်ကားအဖြစ် ရိုက်ကူးသူ ဒါရိုက်တာဝိုင်းသည်လည်း ရွှေစင်ရုပ်ဆုရရှိနိုင်သည် ဟု ခန့်မှန်းထင်ကြေးများ ထွက်ပေါ်နေသည်။ အချစ်နှင့်ဒရာမာ အမျိုးအစားဇာတ်ကားဖြစ်ပြီး ပြည်တွင်းတွင် ပြသစဉ်ကတည်းက ရုံပြည့်ရုံလျှံအားပေးခံခဲ့ရပြီး စင်ကာပူနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် သွားရောက်ပြသစဉ်က လည်း ပရိသတ် အားပေးမှုရရှိထားသည့် ဇာတ်ကားကြီးဖြစ်သည်။



# ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ပြန်လည်ရိုက်ကူးတော့မည့် အိန္ဒြာကျော်ဇင်

**အေးသူစံ**


**ရန်ကုန်၊ နိုဝင်ဘာ ၁၈**

သမီးဦးလေး မွေးဖွားရန် အတွက် ပြီးခဲ့သည့်နှစ် နှစ်ဝက်ကတည်းက ရိုက်ကူးရေးလုပ်ငန်းများကို ရပ်နားထားခဲ့သော အိန္ဒြာကျော်ဇင်သည် ယခုအခါ ခင်ပွန်း ဖြစ်သူ ပြေတီဦး တည်ထောင်ထားသည့် ပြေတီဦးဖောင်ဒေးရှင်း ရန်ပုံငွေဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေရန်ရှိပြီး ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ပြန်လည် ရိုက်ကူးတော့မည်ဖြစ်ကြောင်းပြောသည်။

"ပြဇာတ်က ပထမဆုံး ပြန်လုပ်ဖြစ်တဲ့ အနုပညာအလုပ်ပေ့ါ။ ဒီကြားထဲမှာတော့ ဓာတ်ပုံနဲ့ ကြော်ငြာရိုက်တာလောက်ပဲ လုပ်တာပေ့ါ။ ကားရိုက်တွေကို ၂၀၁၂ ခုနှစ် မတ်လမှာ ပြန်ပြီး လက်ခံထားတယ်။ ရုပ်ရှင်ကားကြီးနဲ့ ဗီဒီယိုတွေပေ့ါ" ဟု အိန္ဒြာကျော်ဇင်ကပြောသည်။ အိန္ဒြာကျော်ဇင်နှင့် ပြေတီဦးတို့၏သမီးဦးလေးကို ပြေသုဒြာဟုနာမည်ပေးထားပြီး အမည်ပေးကင်ပွန်းတပ်ကိုတခမ်းတနားပြုလုပ်မည်မဟုတ်ကြောင်း သူမက ဆက်လက်ပြောသည်။

"သမီးနာမည်ကို ပြေသုဒြာလို့ ပေးထားတယ်။ အဲဒီနာမည်လေးက အစ်မအမေပေးထားတာ။ ပြေက သူ့အဖေနာမည်။ အလယ်ကသုက သူကသောကြာသမီးဆိုတော့ သု။ ဒြာကတော့ အစ်မနာမည် အိန္ဒြာထဲက ဒြာကို ယူထားတာ။ အဲဒီနာမည်လေးကိုတော့ အားလုံးကလည်းကြိုက်ကြတော့ ဒီနာမည်လေးပဲပေးဖြစ်မယ်ထင်ပါတယ်။ ကလေး နာမည်ပေးကင်ပွန်းတပ်တော့လုပ်မှာ မဟုတ်ဘူး။ ကလေးက ငယ်လည်းငယ်သေးတယ်လေ"ဟု ပြောသည်။

ကလေးမီးဖွားပြီးနောက် မိခင်တစ်ယောက်ဖြစ်လာချိန်တွင် အနုပညာလုပ်ငန်းအပေါ် ထားရှိသည့်သဘောထားများ အပြောင်းအလဲရှိသလားဟု မေးမြန်းရာ "သမီးလေးမွေးပြီးတဲ့နောက် ပိုင်းဇာတ်ရုပ်ရွေးချယ်တာတို့ ဘာတို့တော့ သိပ်ပြီး သိသိသာသာ ပြောင်းလဲမှုတော့ရှိမှာမဟုတ်ဘူး။ ကိုယ့်ကိုလာအပ်တဲ့အလုပ်ဆိုတာလည်း ကိုယ်နဲ့လိုက်ဖက်လို့ လာအပ်တာပဲဆိုတော့ သိပ်အပြောင်းအလဲတော့မရှိပါဘူး"ဟုပြောသည်။



# ချစ်သူရသွားတဲ့ Wonder Girls အဖွဲ့ခေါင်းဆောင် မင်ဆန်းယီ

**ဆိုးလ်၊ နိုဝင်ဘာ - ၂၃**

ကိုရီးယားနာမည်ကျော် Wonder Girls အဖွဲ့ခေါင်းဆောင် မင်ဆန်းယီသည် အနုပညာလောကပြင်ပမှ လူတစ်ဦးနှင့် တွဲခုတ်လျက် ရှိကြောင်း ကိုရီးယားမီဒီယာများတွင် ဖော်ပြသည်။

မင်ဆန်းယီသည် မကြာသေးမီကပင် ရုပ်သံရှိုးတစ်ခု၌ ယောက်ျားလေးတစ်ဦးနှင့်တွဲလျက်ရှိနေသည်ကို ပရိသတ်များမြင်တွေ့ခဲ့ရာမှ သူမကိုယ်တိုင်က နိုဝင်ဘာ ၂၂ရက်တွင် ၎င်း၏ တွစ်တာဝက်ဘ်စာမျက်နှာ၌ ချစ်သူရှိနေကြောင်းဝန်ခံခဲ့ခြင်းဖြစ်သည်။

အသက် ၂၂နှစ်အရွယ်မင်ဆန်းယီသည် ၂၀၀၇ ခုနှစ်မှစ၍ Wonder Girls အဖွဲ့နှင့် နာမည်ကြီးလာခဲ့သည်။ Wonder Girls အဖွဲ့သည် ၎င်းတို့၏ ဒုတိယ မြောက် စတူဒီယိုအယ်လ်ဘမ် Wonder World ကို နိုဝင်ဘာ ၇ ရက်တွင် ဖြန့်ချိထားသည်။

—Ref: CNA







7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

## စာ - ၄၇၊ မြင့်မြတ်နှင့်တွေ့ဆုံခြင်း မှ

နီးစပ်တယ်ဆိုတာထက်သူတို့တွေ လတ်တလောဖြစ်နေတဲ့ခံစားချက်ကို ကျွန်တော်အကုန်သိတယ်ဗျာ။ ကိုယ်တိုင်လည်း မပော်ဂနီက စင်တင်လို့ဖြစ်လာတဲ့ မင်းသားတစ်ယောက်ပဲလေ။ ဒါပေမဲ့ သူတို့ကအရမ်းကံကောင်းပါတယ်။ ကျွန်တော်တို့တုန်းက ဒီလိုလက်တွဲခေါ်မယ့်သူမရှိဘူး။ ကူညီဖေးမမယ့်သူထက် ကျွန်တော်တို့ကို နှိပ်ကွပ်မယ့်သူကများတယ်။ ကျွန်တော်တို့မှာ တကယ့်ကိုအားငယ်မှုတွေ၊ သိမ်ငယ်မှုတွေ၊ ခံစားမှုများစွာနဲ့ ကြိုးစားလာရတာပါ။ ဒါကြောင့်လည်း သူတို့အတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ရိုက်ကူးပေးမယ်။ သူတို့ဆီ ကျရောက်လာမယ့် ဘေးထွက်ဆိုးကျိုးတွေ၊ အောင်မြင်မှုကို ထိခိုက်လာနိုင်မယ့်ကိစ္စတွေကိုကျွန်တော်တို့က ကာကွယ်ပေးပြီးသားပါ။

**အရင်က မပော်ဂနီနဲ့ လက်တွဲနေတဲ့အချိန်မှာကိုမြင့်မြတ်အနေနဲ့ ပြင်ပလောကနဲ့ ထိတွေ့မှုနည်းပါးခဲ့တယ်။ ခုစာချုပ်သက်တမ်းပြည့်သွားတဲ့အချိန်မှာ ပြင်ပလူမှုရေးလှုပ်ရှားမှုလေးတွေ ခပ်စိပ်စိပ်တွေ့လာရတယ်။ ဘာကြောင့်ပါလဲ။**

အရမ်းလွတ်လပ်တာပေါ့ဗျာ။ လွတ်လပ်တဲ့လူတစ်ယောက်ရဲ့အရသာကို ကျွန်တော်ခံစားရတာ အချိန်ပိုင်းပဲရှိပါသေးတယ်။ အဲဒီအတွက် ကျွန်တော်အရင်တုန်းကမလုပ်ဖြစ်ခဲ့တာလေးတွေ၊ ကျွန်တော် ဝတ္တရားပျက်ကွက်ခဲ့တာလေးတွေ၊ လူမှုရေးပိုင်း၊ အနုပညာပိုင်းမှာ ကျွန်တော့်ဘက်က ချို့ယွင်းခဲ့တာလေးတွေကို ခုချိန်မှာ ကျွန်တော့်ရဲ့လွတ်လပ်ခွင့်နဲ့အတူ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေပါတယ်။

**ထုတ်လုပ်ရေးတစ်ခုရဲ့ အပိုင်မင်းသားမဟုတ်တော့ဘဲ အပြင်ထုတ်လုပ်ရေးတွေနဲ့လုပ်လာရတဲ့အခါ အနုပညာပိုင်းအရ ပိုပြီးတိုးတက်လာတယ်ထင်လား။**

တိုးတက်လာပါတယ်။ သရုပ်ဆောင်ပညာထက် အမြင်တွေပိုကျယ်လာတယ်။ ကိုယ်ပိုင် ဆုံးဖြတ်ချက်တွေရလာတယ်။ ဒါတွေက ပိုက်ဆံနဲ့ပေးပြီးဝယ်လို့မရဘူးဗျ။ အတွေ့အကြုံဆိုတာ အရမ်းကိုတန်ဖိုးရှိတယ်။ ခု ကျွန်တော် အဲဒီလိုအတွေ့အကြုံမျိုးကို ရှာနေပါတယ်။

**ကိုမြင့်မြတ်က အခုအနုပညာလုပ်ငန်းတွေအတွက် ကိုယ်ပိုင်မန်နေဂျာထားပြီးဆောင်ရွက်နေတယ်လို့သိရပါတယ်။မန်နေဂျာထားတာကဘယ်လိုအဆင်ပြေမှုတွေကိုရရှိစေပါသလဲ။**

မန်နေဂျာဆိုတာ ရှိသင့်ပါတယ်။ တချို့ကျွန်တော့်မှာ မလုပ်နိုင်တဲ့ကိစ္စလေးတွေရှိတယ်။ မလုပ်နိုင်တဲ့ကိစ္စတော့မဟုတ်ဘူးပေါ့ဗျာ။ ကျွန်တော်လုပ်လို့အဆင်မပြေတာလေးတွေကို မန်နေဂျာက လုပ်ပေးတော့ သရုပ်ဆောင်ပိုင်းကို ကျွန်တော်ပိုပြီး အားစိုက်လို့ရပါတယ်။

**မပော်ဂနီနဲ့ ပတ်သက်ပြီး အင်တာဗျူးတွေဖြေရင်ကိုမြင့်မြတ်က လိမ္မာပါးနပ်စွာ ဖြေဆိုတာတွေတွေ့ရပါတယ်။ အဲဒီအပေါ်မှာလည်း ပရိသတ်တွေက အမှတ်ပေးနေကြတယ်နော်။**

ဒါ လုပ်ကြံပြီးဖြေတာတော့ မဟုတ်ပါဘူး။ ကျွန်တော့်စိတ်မှာခံစားတဲ့အတိုင်းပဲပြောတာပါ။ ကျွန်တော်ကားရိုက်တဲ့အချိန်ပဲ သရုပ်ဆောင်တတ်တယ်။ အပြင်မှာ လုံးဝ သရုပ်မဆောင်တတ်ဘူး။ ကျွန်တော့်ရဲ့စိတ်ခံစားချက်အတိုင်းပဲ ကျွန်တော်ပြောနေကျပါ။ မပော်ဂနီနဲ့ကျွန်တော်နဲ့က ငါးနှစ်စာချုပ်ပြည့်သွားလို့ ကျွန်တော်ကလည်း ကိုယ့်ရဲ့လွတ်လပ်ခွင့်နဲ့ကိုယ်၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် အလုပ်လုပ်ချင်အတွက် ကျွန်တော်တို့ လမ်းခွဲလိုက်တယ်။ ဒါပါပဲ။ ကျန်တဲ့ကိစ္စ အထွေအထူးမရှိပါဘူး။ မပော်ဂနီရဲ့ကျေးဇူးတွေလည်း ကျွန်တော့်မှာ အများကြီးရှိပါတယ်။

**မပော်ဂနီနဲ့တုန်းက ဒရာမာ တွေအရိုက်များခဲ့တယ်။ ခု နောက်ပိုင်း ကိုယ်တိုင်ဇာတ်ရွေးနေပြီဆိုတော့ ဘယ်လိုပုံစံနဲ့ဇာတ်တွေ ဆက်ရိုက်ဖို့ရှိလဲ။**

ရှိပါတယ်။ အရင်တုန်းက ကျွန်တော် ဒရာမာတွေ ရိုက်တာများခဲ့တယ်။ ခု နောက်ပိုင်း ကျွန်တော် အစုံရိုက်မှာပါ။ ဟာသလည်း ရိုက်မယ်။ ဖန်စီလည်း ရိုက်မယ်။ ဒရာမာလည်းရိုက်မယ်။ ဘဝသရုပ်ဖော်လည်းရိုက်မယ်။ ပရိသတ်အမြင်လည်းမရိုးအောင်၊ တကယ့်ဇာတ်ကောင်အဆန်းတွေလည်းရိုက်ဖို့ရှိပါတယ်။

**ရုပ်ရှင်ကားကြီးရိုက်ဖို့စီစဉ်ထားတာရှိပါသလား။**

ကားကြီးကတော့ ၂၀၁၂ ထဲမှာ ရိုက်ဖို့စီစဉ်ထားတာရှိပါတယ်။ ဒါပေမဲ့ မသေချာသေးလို့ ကျွန်တော်မပြောချင်သေးဘူး။

**လတ်တလောမြင့်မြတ်ရဲ့ နှလုံးသားရေးရာကို ပြောပါဆိုရင် ဘာများ ပြောဖို့ရှိပါသလဲ။**

အချစ်ရေးကိုဖြေဖို့ အခက်အခဲနည်းနည်းရှိလို့ပါ။

### အေးသူစံ

■စန္ဒီမြင့်လွင်၏ ဒုတိယတစ်ကိုယ်တော်စီးရီးဖြစ်သော‘Shock’ စီးရီးကို ဒီဇင်ဘာ ၄ရက်နေ့တွင် ဘိုဘိုအန်တာတိန်းမန့်မှ ဖြန့်ချိတော့မည်ဖြစ်သည်။ ယခုစီးရီးတွင် ဟစ်ဟော့ပ်နှင့် R & B အမျိုးအစားတေးသီချင်းများပါဝင်ပြီး မျိုးကျော့မြိုင်၊ ဇဝါ၊ ရဲလေး၊ Snare ၊ Ar T ၊ မိုးမိုး၊ ဘန်နီဖြိုး၊ လွှမ်းပိုင်တို့ ရေးသားသော သီချင်းများကိုစန္ဒီမြင့်လွင်က သီဆိုထားသည်။ Featuring ကို ရသ၊ Snare နှင့် မိုးမိုးတို့ သီဆိုထားသည်။ စန္ဒီမြင့်လွင်သည် ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလကလည်း ပထမဆုံးတစ်ကိုယ်တော်စီးရီး ‘ဆေးရောင်လှလှခြယ်ရအောင်’ ထွက်ရှိထားသည်။

■ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးပြီး လွင်မိုး၊ နေတိုး၊ ကျော်ကျော်ဗို၊ မိုးဟေကို၊ အေးမြတ်သူ၊ ခင်လှိုင်၊ ကျော်ထူး၊ ဒိန်းဒေါင်၊ ချစ်စရာတို့ ပါဝင်သရုပ်ဆောင်ထားသော ‘ချောကလက်ဘေဘီ’ ရုပ်ရှင်ဇာတ်ကားကိုနိုဝင်ဘာလ ၁၃ ရက်နေ့က အထူးပွဲပြသခဲ့ပြီး နိုဝင်ဘာလ ၂၅ ရက်နေ့မှစ၍ ရန်ကုန်မန္တလေး အဆင့်မြင့် ရုပ်ရှင်ရုံတို့တွင် ရုံတင်ပြသနေပြီဖြစ်သည်။

■တေးရေး စိုင်းခမ်းလိတ်ဂုဏ်ပြုအမှတ်တရ ဖျော်ဖြေပွဲကို လာမည့်နိုဝင်ဘာလ ၂၈ရက်နေ့တွင် ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့ပြီး တေးရေးစိုင်းခမ်းလိတ် ဂုဏ်ပြုအမှတ်တရ ရုပ်တုကိုလည်း ပြင်ဦးလွင်မြို့တွင် စိုက်ထူသွားရန်စီစဉ်နေကြောင်း ပွဲစီစဉ်သူ ဇော်ဝင်းထွဋ်ကပြောသည်။

## စာ-၄၇၊ ုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ိုက်ကူးခြင်းကို လုံးဝရပ်နားလိုက်သည့် မယ်လိုဒီ မှ

“ခုလောလောဆယ် ဘာကိုမှ သတင်းမထုတ်ပြန်ချင်သေးတာကို နားလည်ပေးပါလို့ပဲ ပြောချင်ပါတယ်။ မယ်လိုဒီမဟုတ်တဲ့သာမန် မျိုးမျိုးဘဝမှာတောင် စိတ်ညစ်မှုတွေရှိလာတာကြောင့် ဒါတွေကို ဆက်မလုပ်ချင်တော့တာပါ” ဟု မယ်လိုဒီက ဆက်လက်ပြောကြားသည်။

မယ်လိုဒီသည် ဒါရိုက်တာထွန်းအောင်ဇော်ရိုက်ကူးနေသည့် ‘လော်မင်္ဂလာ’ ရုပ်ရှင်ကားတွင် ပါဝင်ရိုက်ကူးနေရာမှ မျက်စိ၌ ထိခိုက်ဒဏ်ရာရခဲ့သည့်အတွက် စင်ကာပူနိုင်ငံသို့သွားရောက် ဆေးကုသခဲ့ရပြီး ယင်းဇာတ်ကားကိုလည်း ဆက်လက်ရိုက်ကူးနိုင်ခြင်းမရှိတော့ပေ။ ၎င်း၏နေရာတွင် အနုပညာပျိုးခင်းအစီအစဉ်မှ စင်တင်မင်းသမီးအိချောပိုက ဝင်ရောက်သရုပ်ဆောင်မည်ဖြစ်ပြီး နန်းဆုရတီစိုးသည်လည်းယင်းဇာတ်ကားရိုက်ကူးရင်းထိခိုက်ဒဏ်ရာ ရရှိသွားသည့်အတွက်ဆက်လက်ရိုက်ကူးခြင်းမရှိတော့ဘဲ နန်းဆုရတီစိုးနေရာတွင် မေသက်ခိုင်ကအစားထိုးဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

## သားဦးလေးပိုင်ဆိုင်တော့မယ့် စည်သူလွင်နဲ့ နွယ်မာကျော်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၃**

အဆိုတော်စည်သူလွင်နှင့် ဇနီးဖြစ်သူ နွယ်မာကျော်တို့၏ သားဦးကို လာမည့်ဇန်နဝါရီလ ပထမပတ်အတွင်း ပန်းလှိုင်ဆေးရုံတွင် ခွဲစိတ်မွေးဖွားမည်ဖြစ်ကြောင်း စည်သူလွင်ကပြောသည်။

“အစ်ကို့ကလေးက တစ်လပိုင်းပထမပတ်လောက် ပန်းလှိုင်မှာ မွေးမှာပါ။ ဒေါက်တာဒေါ်ရင်ရင်စိန်နဲ့အပ်ထားပါတယ်။ အာထရာဆောင်းမရိုက်ခင်အချိန်ကတော့ သားလေးလိုချင်တယ်တယ်။ အာထရာဆောင်းလည်း ရိုက်ပြီးသားလေးဆိုတာလည်းသိရော သမီးလေးလိုချင်ပြန်ရော။ ဒါပေမဲ့ ဘာပဲမွေးလာမွေးလာ ကိုယ့်ရင်သွေးချစ်မှာပဲ။ သားလေးကျတော့လည်း အားကိုးရတာပေါ့” ဟု စည်သူလွင်က ပြောသည်။

၎င်းတို့၏ သားဦးကို ၂၀၁၂ ဇန်နဝါရီ ၆ ရက်နှင့် ၇ရက် တစ်ရက်ရက်တွင် ခွဲစိတ်မွေးဖွားမည်ဖြစ်ပြီး ကလေးအတွက် အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အစားများကို မွေးဖွားခါနီး တစ်လအလိုခန့်တွင် ဝယ်ယူစုဆောင်းမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

စည်သူလွင်သည် တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာတွင် ပြုလုပ်မည်ဟု စီစဉ်ထားသော်လည်း မင်္ဂလာဆောင် လိုက်သည့်အတွက် မပြုလုပ်ခဲ့ပေ။ ယခုနှစ်တွင်လည်း ကလေးမီးဖွားမည့် ကိစ္စရှိနေသဖြင့် ပြုလုပ်ဖြစ်ဦးမည်မဟုတ်ဘဲ နောက်နှစ်တွင် ကျရောက်မည့်၎င်း၏ အသက် ၄၀ ပြည့်နှစ်မွေးနေ့တွင် မွေးနေ့တစ်ကိုယ်တော်ရှိုး ပြုလုပ်ရန်အစီအစဉ်ရှိကြောင်း စည်သူလွင်ကပြောသည်။


## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Twilight Saga: Breaking Dawn-Part 1 | Summit Entertainment | ၁၃၈,၁၂၂,၂၆၀ | ၁ |
| ၂။ | Happy Feet Two | Warner Bros. Pic. | ၂၁,၂၃၇,၀၆၈ | ၁ |
| ၃။ | Immortals | Relativity Media | ၅၃,၀၇၉,၈၈၉ | ၂ |
| ၄။ | Jack and Jill | Sony Pictures | ၄၀,၇၆၆,၄၇၉ | ၂ |
| ၅။ | Puss in Boots | N\A | ၁၂၂,၃၉၁,၈၇၃ | ၄ |
| ၆။ | Tower Heist | N\A | ၅၃,၅၃၈,၈၂၀ | ၃ |
| ၇။ | J.Edgar | Warner Bros. | ၂၀,၇၂၂,၈၀၄ | ၂ |
| ၈။ | A Very Harold & Kumar 3D Christmas | Warner Bros. Pic. | ၂၈,၃၃၅,၂၈၀ | ၃ |
| ၉။ | In Time | 20th Century Fox | ၃၃,၄၅၄,၅၃၃ | ၄ |
| ၁၀။ | The Descendants | Fox Searchlight Pic. | ၁,၂၆၉,၂၉၆ | ၁ |

## Movie Review

### My Week With Marilyn




အမေရိကန်ဂန္ထဝင်မင်းသမီး မာရီလင်မွန်ရိုးတစ်ယောက် ၁၉၅၆ ခုနှစ်တွင် ‘The Prince and the Showgirl’ ဇာတ်ကား ရိုက်ကူးနေစဉ်စိတ်အနှောင့်အယှက်ဖြစ်စရာများ ကြုံတွေ့ရချိန်၌ ယင်းဇာတ်ကား ရိုက်ကူးသူ၏ လက်ထောက်ဒါရိုက်တာတစ်ဦးဖြစ်သူ Colin Clark က မာရီလင်မွန်ရိုးအား ကူညီသည်။ Clark မှာ မာရီလင်နှင့် အသက်ကွာခြားသော်လည်း သူတို့နှစ်ဦးသား သီတင်းတစ်ပတ်အတွင်း ရင်းနှီးမှု၊ ပျော်ရွှင်မှုများ ရရှိခဲ့ကြသည်။ သို့သော် မွန်ရိုးမှာ မွန်ရိုးပင်ဖြစ်ရာ လူငယ်လေး၏ ဖေးမကူညီချစ်ခင်နှစ်သက်မှုကလည်း သူမအတွက် မလုံလောက်ပါပေ။

Michelle Williams၊ Eddie Redmayne၊ Kenneth Branggh၊ Julia Ormond တို့ပါဝင်ထားသည့် ဇာတ်ကားအား Simon Curtis က ရိုက်ကူးထားသည်။ နိုင်ငံတကာရုပ်ရှင်ပြပွဲနှစ်ခုတွင် ပြသပြီးသောဇာတ်ကားအား The Weinstein Company က နိုဝင်ဘာလ ၂၃ ရက်တွင် ဖြန့်ချိခဲ့သည်။

Sports
7DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

# ကြေးတံဆိပ်ရ မြန်မာဘောလုံးအသင်း ဆုကြေးစုစုပေါင်း ကန်ဒေါ်လာ နှစ်သိန်းခွဲရရှိ


Photo - AFP

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၃**

(၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့်မြန်မာယူ-၂၃ အမျိုးသားဘောလုံးအသင်းသည် စုစုပေါင်းဆုကြေးငွေ အမေရိကန်ဒေါ်လာ နှစ်သိန်းခွဲရရှိခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီး (လေးပွဲနိုင်တစ်ပွဲသရေ) ရလဒ်အထိ ကန်ဒေါ်လာ တစ်သိန်း ရရှိထားခဲ့ပြီး တတိယနေရာလုပွဲတွင်ဗီယက်နမ်အသင်းအား ၄-၁ ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်အပြီး၌ ကန်ဒေါ်လာ တစ်သိန်းခွဲ ထပ်မံချီးမြှင့်ခံရခြင်းဖြစ်သည်။

မြန်မာအသင်းအား ချီးမြှင့်ခဲ့သည့် ဆုကြေးငွေအားလုံးအနက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကဦးအောင်ကိုဝင်းနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်တို့က ကန်ဒေါ်လာကိုးသောင်းစီဖြင့် အများဆုံးချီးမြှင့်ခဲ့ကာ ကျန်ဆုကြေးငွေများကို အခြားတာဝန်ရှိသူများက ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းသည်ဒေသတွင်း အားအနည်းဆုံးအသင်းအများစုနှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး ပြိုင်ပွဲအပြီး၌သွင်းဂိုးအများဆုံးအသင်းအဖြစ် (သွင်းဂိုး၁၇ဂိုး)ဗီယက်နမ်အသင်းနှင့်အတူ ရပ်တည်နိုင်ခဲ့သည်။


ထို့အပြင် မြန်မာအသင်းတိုက်စစ်မှူးကျော်ကိုကိုသည်ပြိုင်ပွဲတစ်လျှောက် သွင်းဂိုးငါးဂိုးဖြင့် လာအိုကစားသမား၏ နောက် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

# လက်ရွေးစင်ဘောလုံးအသင်းနည်းပြ ကိုရီးယားနိုင်ငံသား နေရပ်သို့ခေတ္တပြန်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၅**

အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာယူ-၂၃ အသင်းအား ဆို့ဒင်နည်းပြဆရာ မစ္စတာဟန်ဆန်က ကိုင်တွယ်ခဲ့သော်လည်း လာမည့်နိုင်ငံတကာပြိုင်ပွဲများအတွက်မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းကို တောင်ကိုရီးယားလူမျိုး နည်းပြဆရာ မစ္စတာပတ်ဆောင်ဟွာက တာဝန်ယူသွားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။



"မြန်မာလက်ရွေးစင်အသင်းနဲ့မြန်မာယူ-၂၃ အသင်းတွေရဲ့ လာမယ့် နိုင်ငံတကာပြိုင်ပွဲတွေအတွက် တောင်ကိုရီးယားနည်းပြဆရာက တာဝန်ယူသွားမှာပါ။ ခုတော့ သူက ခွင့်ရက်သတ္တပတ်နှစ်ပတ်ယူပြီး နေရပ်ကိုပြန်သွားပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ယခုလ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

မစ္စတာပတ်ဆောင်ဟွာသည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ရန်ကုန်မြို့သို့ရောက်ရှိလာပြီး မြန်မာယူ-၂၃ အသင်း၏ ပြည်ပပြိုင်ပွဲများဖြစ်သည့် VFF Cup ဖိတ်ခေါ်ဖလားပြိုင်ပွဲနှင့် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲသို့ လေ့လာသူအဖြစ် လိုက်ပါကြည့်ရှုခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၎င်းနှင့် ၂နှစ် သဘောတူစာချုပ် ချုပ်ဆိုထားပြီးဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက အတည်ပြုပြောကြားသည်။

မစ္စတာပတ်ဆောင်ဟွာသည် တောင်ကိုရီးယား ယူ-၂၀ အသင်းအား အာရှလူငယ်ချန်ပီယံနှစ်ကြိမ်ရရှိအောင်စွမ်းဆောင်ထားဖူးပြီး ကိုရီးယားကလပ် ပိုဟန်စတီလာစ်၊ တောင်ကိုရီးယားယူ-၂၃၊ တရုတ်စူပါကလပ် ဒါလီယန်ရှီဒီ အသင်းများအား ကိုင်တွယ်ခဲ့ကြောင်းသိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အဓိကပြိုင်ပွဲအဖြစ် ၂၀၁၂ ခုနှစ်၌ အာဆီယံဆုဇူကီးပြိုင်ပွဲဝင်ရောက်ရန် ရှိပြီး မြန်မာယူ-၂၃ အသင်း၏ အဓိကပြိုင်ပွဲမှာ ၂၀၁၃ ခုနှစ် နေပြည်တော်၌ ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

## ပြည်နယ်၊ တိုင်းဒေသကြီး အခြေခံကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ နိုဝင်ဘာ- ၂၃**
တိုင်းဒေသကြီးနှင့် ပြည်နယ် အခြေခံပညာကျောင်း ပေါင်းစုံ အားကစားပြိုင်ပွဲကို ယခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပညာရေးဝန်ကြီးဌာနမှကြီးမှူးကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အခြေခံပညာကျောင်း ပေါင်းစုံ အားကစားပြိုင်ပွဲကို လာမည့်ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါပြိုင်ပွဲတွင် ဘောလုံး ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ တင်းနစ်၊ ဂေါက်သီးရိုက်၊ ရေကူး၊ စစ်တုရင်၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ကရာတေးဒို စသည့် အားကစားနည်း ၁၅ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါ အားကစားပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော်ရှိအားကစားဝန်ကြီးဌာန လက်အောက်ရှိ အားကစားကွင်း၊ အားကစားရုံများတွင်ကျင်းပသွားမည်ဖြစ်ပြီး၊ ပြိုင်ပွဲ၏ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို ပေါင်းလောင်းအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲမှာ တစ်နိုင်ငံလုံးက ကျောင်းသား၊ ကျောင်းသူ အားကစားသမားစုစုပေါင်း သုံးထောင်ကျော် ပါဝင်ယှဉ်ပြိုင်ကြမှာပါ။ နိုင်ငံတော်အတွက် မျိုးဆက်သစ်လူငယ်တွေ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေးအတွက် ကျောင်းသားအားကစားပြိုင်ပွဲကြီးကို ကျင်းပခြင်းဖြစ်ပါတယ်။ နောက်နှစ်တွေလည်း နှစ်စဉ်ဆက်လက်ကျင်းပသွားမှာပါ" ဟု ပညာဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြီးကျယ်ခမ်းနားစွာ ပါဝင်ဆင်နွှဲသည့် ကျောင်းသားအားကစားပွဲတော်ကို ၁၉၉၀ပြည့်နှစ်၌ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စတင်ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ် ချင်းပြည်နယ်၊ ဟားခါးမြို့၌ ကျင်းပခဲ့သည့် အဋ္ဌမအကြိမ်မြောက်ပြိုင်ပွဲအပြီးတွင် ရပ်နားထားခဲ့သည်။

ယင်းမှ ၁၃ နှစ်အကြာ ယခုနှစ်တွင် ပြန်လည်လှုပ်ရှားလာသည့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲသည် နောင်နှစ်ပြိုင်ပွဲများတွင် ယခင်ကျောင်းသားအားကစားပွဲတော်ကဲ့သို့စည်ကားသိုက်မြိုက်ရန် မျှော်လင့်ရသည်။

## ဗီယက်နမ်ဘောလုံးအသင်း ဆီးဂိမ်း လုပ်ပွဲကစားခဲ့ခြင်းရှိ၊ မရှိ ရဲတပ်ဖွဲ့ စုံစမ်းနေ



Photo - AFP

**ဟနွိုင်း၊ နိုဝင်ဘာ - ၂၆**
ဗီယက်နမ်ရဲတပ်ဖွဲ့သည် ပြီးခဲ့သော အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အသက် ၂၃ နှစ်အောက် အမျိုးသားဘောလုံးပွဲ၌ ဗီယက်နမ်လူငယ်အသင်း လုပ်ပွဲကစားခဲ့ခြင်းရှိ၊ မရှိကို စုံစမ်းစစ်ဆေးနေကြောင်း ဗီယက်နမ်ဘောလုံးအာဏာပိုင်များက အတည်ပြုလိုက်သည်။

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်(VFF)၏ ဒုတိယဥက္ကဋ္ဌ ဖမ်ငေါ့ဗီယန်က "ကျွန်တော်တို့ဟာ ဆီးဂိမ်းမှာ ပြိုင်ခဲ့တဲ့ဘောလုံးသမားတွေကို ရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး စုံစမ်းနေပါတယ်။ ရဲအဖွဲ့ရဲ့ အစီရင်ခံစာကိုလေ့လာသွားမှာပါ" ဟု ပြောသည်။ ၂၀၀၇ ခုနှစ်ကလည်း ဗီယက်နမ်နိုင်ငံတွင် ၂၀၀၅ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာနှင့်ပွဲစဉ်၌ လုပ်ပွဲကစားခဲ့သော ဗီယက်နမ် ယူ-၂၃ လက်ရွေးစင်ဘောလုံးသမားနှစ်ဦးကို ထောင်ဒဏ်များချမှတ်ခဲ့ဖူးသည်။

ဗီယက်နမ်ထွိုင်ထရီသတင်းစာကမူ ပြိုင်ပွဲအတွင်း ဗီယက်နမ်ကစားသမားများ၏ အပြုအမူအချို့တွင် မသင်္ကာစရာများရှိခဲ့ကြောင်းဆိုသည်။ သတင်းစာ က ကွင်းလယ်ကစားသမား ထရောင်ဟွမ်၏ ပင်နယ်တီကန်ချက်လွဲခဲ့ခြင်းနှင့် တိုက်စစ်မှူး ဗန်ကွိုင်ယတ်မှာ ဗီယက်နမ်က လာအိုကို ၃-၁ ဂိုးဖြင့် ဦးဆောင်နေချိန် ကွင်းထဲ၌ ဆုတောင်းခဲ့ခြင်းတို့ကို ထောက်ပြခဲ့သည်။ သို့သော် ကွင်းလယ်လူဟွမ်က ၎င်းနှင့် အသင်းဖော်အားလုံးသည် ပြိုင်ပွဲ၌ သန့်ရှင်းစွာယှဉ်ပြိုင်ခဲ့ကြောင်းပြောသည်။

ဗီယက်နမ်သည် အုပ်စု(ခ) ပထမအဖြစ် ဆီမီးဖိုင်နယ်တက်ခဲ့ပြီး အင်ဒိုနီးရှားကို ၂-၀ ဂိုးဖြင့် ရှုံးကာ တတိယလုပွဲတွင်လည်း မြန်မာကို ၄-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ *—Ref: AFP*

## အာဆီယံမသန်စွမ်းပြိုင်ပွဲတွင် အားကစားနည်းခြောက်မျိုး မြန်မာ ဝင်ရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ နိုဝင်ဘာ- ၂၃**
(၆)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ (6th Asean Para Games)သို့မြန်မာ အားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၊ ဆိုလိုမြို့တွင် ဒီဇင်ဘာ ၁၁ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံ ၁၁ နိုင်ငံမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစား ၁၁ မျိုး ထည့်သွင်းကျင်းပမည့် ၎င်းပြိုင်ပွဲတွင်မြန်မာနိုင်ငံမှ ပြေးခုန်ပစ်၊ ရေကူး၊ ဘော်လီဘော၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ မျက်မမြင်စစ်တုရင်စသည့် အားကစားနည်း ၆ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူကပြောသည်။


အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၀၁ ခုနှစ်မှစတင်၍ ၂ နှစ်တစ်ကြိမ် ဆီးဂိမ်းအားကစားပြိုင်ပွဲအပြီး တစ်လအကြာတွင်ဆီးဂိမ်းအိမ်ရှင်နိုင်ငံက လက်ခံကျင်းပခြင်းဖြစ်သည်။

သို့သော် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ် လာအိုဆီးဂိမ်းပြိုင်ပွဲကျင်းပခဲ့သည်။ ယခုနှစ်တွင်မူ လာအိုနိုင်ငံက လက်ခံကျင်းပခြင်းမရှိခဲ့ဘဲ မလေးရှားနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည်။ ၂၀၀၉ ခုနှစ်(၅)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေ ၁၄၊ ငွေ ၁၉၊ ကြေး ၇ ခုဖြင့် နိုင်ငံအလိုက် အဆင့် ၈ တွင် ရပ်တည်နိုင်ခဲ့ကြောင်းသိရသည်။

## လက်ရွေးစင်ဘော်လီဘောကစားသမား ငါးဦး ပြည်ပကလပ်နှစ်ခုတွင် သွားရောက်ကစားမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ နိုဝင်ဘာ- ၂၅**
မြန်မာ့လက်ရွေးစင်ဘော်လီဘောကစားသမားငါးဦးသည် ထိုင်းနှင့် ဗီယက်နမ်ကလပ်များတွင်ကာလတိုစာချုပ်ဖြင့် သွားရောက်ကစားမည်ဖြစ်ကြောင်းသတင်းရရှိသည်။



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

လက်ရွေးစင်ကစားသမား ကျော်ကျော်ထွေးနှင့် အောင်သူတို့နှစ်ဦးသည် Thailand League 2012တွင်ပါဝင်ယှဉ်ပြိုင်မည့် Air Force အသင်းတွင် ယခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၂၀၁၂ ခုနှစ် ဧပြီလ ၁၅ ရက်အထိ သွားရောက်ကစားမည်ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် လစာအဖြစ် အမေရိကန်ဒေါ်လာ ရှစ်ရာနှင့် အခြားခံစားခွင့်များရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အခြားလက်ရွေးစင်ကစားသမားများသည် ဗီယက်နမ်ကလပ်များတွင် သွားရောက်ကစားကြမည်ဖြစ်ပြီး ဝင်းထွန်းဦးက ဟိုချီမင်းကလပ်တွင်လည်းကောင်း၊ ကျော်ရွှေမှာ Army 9 ကလပ်တွင် လည်းကောင်း၊ ရဲမင်းအောင်သည် Phu Tho အသင်းတွင် လည်းကောင်း အသီးသီး သွားရောက်ကစားကြမည်ဖြစ်သည်။ ၎င်းတို့၏ စာချုပ်စာတမ်းမှာနိုဝင်ဘာလ ၂၆ရက်မှဒီဇင်ဘာ ၂၆ ရက်အထိဖြစ်ပြီး လစာအဖြစ် အမေရိကန်ဒေါ်လာ ၂,၅၀၀ ရရှိမည်ဖြစ်ကြောင်းသိရသည်။

မြန်မာဘော်လီဘောကစားသမားများသည် ၂၀၀၈ ခုနှစ်မှစတင်၍ ပြည်ပနိုင်ငံများသို့ကြေးစားသွားရောက်ကစားခဲ့ခြင်းဖြစ်သည်။ ဝင်းထွန်းဦးသည် ၂၀၀၈ ခုနှစ်၌အင်ဒိုနီးရှားကလပ်အသင်းတွင်လည်းကောင်း၊ ဝင်းထွန်းဦးနှင့် ကျော်စွာဝင်းတို့သည် ၂၀၁၀ ပြည့်နှစ်၌ ဗီယက်နမ်ကလပ်အသင်းများတွင်လည်းကောင်း သွားရောက်ကစားခဲ့သည်။

## တစ်ပွဲတည်း အဝါကတ်ငါးကြိမ်အထက် ပြသခံရသော ကလပ်နှစ်ခု ဒဏ်ကြေးကျပ်သုံးသိန်းဆောင်ရ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ နိုဝင်ဘာ - ၂၅**
တစ်ပွဲတည်း၌ အဝါကတ်ငါးကြိမ်နှင့်အထက် ပြသခြင်းခံရသည့် အသင်းနှစ်သင်းသည် မြန်မာနေရှင်နယ်လိဂ်အရန်အသင်းဘောလုံးပြိုင်ပွဲကျင်းပရေးစည်းမျဉ်းအရ ဒဏ်ကြေးငွေကျပ်သုံးသိန်းစီ ပေးဆောင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၁ မြန်မာနေရှင်နယ်လိဂ်အရန်အသင်းများ ပွဲစဉ်(၁၉) အဖြစ်နိုဝင်ဘာ ၂၁ရက်ကY.U.S.C ကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ ယင်းပွဲစဉ်၌ ဇွဲကပင်အသင်းသည် ပွဲစဉ်တစ်ပွဲတည်း၌ အဝါကတ် ငါးကြိမ်ပြသခံရကြောင်းတွေ့ရှိရသဖြင့် ပြိုင်ပွဲကျင်းပရေးစည်းမျဉ်းအပိုဒ်(၁၁)၊ အပိုဒ်ခွဲ(၁၁-၆)အရဒဏ်ကြေးငွေကျပ်သုံးသိန်းအား ဘောလုံးအဖွဲ့ချုပ်ထံ ပေးသွင်းရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

ထို့အပြင်ပြီးခဲ့သည့်အောက်တိုဘာ ၃၁ ရက်က ပဒုမ္မာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ရက္ခပူရအသင်းနှင့် ကမ္ဘောဇအသင်းပွဲစဉ်၌လည်း ကမ္ဘောဇအသင်းသည် အဝါကတ်ခြောက်ကြိမ်ကြိမ်ပြသခံရသည့်အတွက် ဒဏ်ကြေးငွေကျပ်သုံးသိန်း ပေးဆောင်ခဲ့ရကြောင်း သိရသည်။

## မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက် တစ်ဆင့်တက်လာ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ နိုဝင်ဘာ- ၂၃**
ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)မှ နိုဝင်ဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ထွက်ပေါ်ခဲ့ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယခင်လထက် တစ်ဆင့် မြင့်တက်လာသော်လည်း ဒေသတွင်း အားနည်းသည့် ကမ္ဘောဒီးယားအသင်းနှင့် အဆင့်တူ ရပ်တည်လျက်ရှိသည်။

မြန်မာအသင်းသည် ရမှတ် ၁၀၃ မှတ်ဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၆၉ တွင် ရပ်တည်နေသော်လည်း ကမ္ဘောဒီးယားအသင်းမှာ ယခင်လထက် အဆင့် ၇ ဆင့်ထိ မြင့်တက်ကာ မြန်မာအသင်းနှင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် တူညီခဲ့ခြင်းဖြစ်သည်။

အာဆီယံနိုင်ငံများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များတွင် ထိုင်း ၁၃၂၊ ဗီယက်နမ် ၁၃၄၊ အင်ဒိုနီးရှား ၁၄၄၊ စင်ကာပူ ၁၅၂၊ မလေးရှား ၁၅၅၊ ဖိလစ်ပိုင် ၁၅၉၊ ကမ္ဘောဒီးယား ၁၆၉၊ လာအို ၁၇၅၊ ဘရူနိုင်း ၁၉၈၊ တီမော ၂၀၃ ဖြင့် အသီးသီး ရပ်တည်လျက်ရှိပြီး ဂျပန်အသင်းမှာ ကမ္ဘာ့အဆင့် ၁၉ ဖြင့် အာရှနိုင်ငံများ၌ ထိပ်ဆုံးမှ ဦးဆောင်ထားသည်။

စပိန်အသင်းမှာ လက်ရှိ ကမ္ဘာ့အဆင့် ၁ တွင် ဆက်လက်ရပ်တည်နေပြီး ၎င်း၏နောက်တွင် နယ်သာလန်၊ ဂျာမနီ၊ ဥရုဂွေး၊ အင်္ဂလန်၊ ဘရာဇီး၊ ပေါ်တူဂီ၊ ခရိုအေးရှား၊ အီတလီ၊ အာဂျင်တီးနားအသင်းများက အစဉ်လိုက်ရပ်တည်လျက်ရှိသည်။

7DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

# နယူးကာဆယ်–ချယ်လ်ဆီး၊ ဗီလာ–မန်ယူနှင့် ပရီးမီးယားလိဂ်ပွဲစဉ်(၁၄)ပွဲကြိုခန့်မှန်းချက်

ကိုအေးမြတ်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၁၄)ကတော့ စနေညနေ အဖွင့်ပွဲမှာပဲ နယူးကာဆယ်-ချယ်လ်ဆီး ထိပ်တိုက်တွေ့ဆုံမှုနဲ့စတင်မှာပါ။ ဒီတစ်ပတ်မှာ ပွဲစဉ်အနေအထားအရ မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူး၊ အာဆင်နယ် အသင်းကြီးလေးသင်းစလုံး အဝေးကွင်းပွဲတွေရင်ဆိုင်ရချိန်မှာ မန်စီးတီးက အိမ်ကွင်းမှာ နော်ဝစ်ချ်နဲ့တွေ့မှာမို့ ဥရောပပွဲစဉ်အခြေအနေမကောင်းပေမယ့်ပြည်တွင်းလိဂ်မှာဦးဆောင်ခွင့်ရဖို့ သေချာသလောက်ရှိနေတာပါ။

**ဒီဇင်ဘာ ၃၊ စနေ။**

**ည ၇း၁၅ နာရီ**

**နယူးကာဆယ်-ချယ်လ်ဆီး**

**ယမန်နှစ်ရလဒ် ၁-၁**

ယမန်နှစ်က ချယ်လ်ဆီးတို့ နယူးကာဆယ်နဲ့ နှစ်ကျော့စလုံး တွေ့ဆုံမှုမှာ သရေကျခဲ့တာမို့ သတိထားရပါမယ်။ ချယ်လ်ဆီးရဲ့ အဝေးကွင်းခြေစွမ်းက ဒီနောက်ပိုင်း ရှုံးပွဲတွေ တွေ့လာရပြီး ပုံမှန်ပြန်ရောက်ဖို့ ရုန်းကန်နေရသလိုဖြစ်နေတယ်။ အိမ်ကွင်းရှုံးပွဲ အနည်းဆုံးအသင်းတွေထဲမှာပါဝင်နေတဲ့ နယူးကာဆယ်ကို ပိုကြိုက်မိပါတယ်။ နယူးကာဆယ် ကပ်နိုင်ခြေရှိသလို သရေပွဲလည်း ဖြစ်နိုင်တယ်။

**ည ၉း၃၀ နာရီ**

**ဘလက်ဘန်း-ဆွမ်းဆီး**

**ယမန်နှစ်ရလဒ် - မရှိ**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံဖူးတာ ၁၉၈၄ မတ် ၇ ရက်နေ့က ဒုတိယတန်းပွဲမှာဖြစ်တယ်။ ထိုစဉ်က ဘလက်ဘန်းက ၄-၁ ဂိုးနဲ့နိုင်ခဲ့တယ်။ လက်ရှိမှာတော့ ဘလက်ဘန်းတို့ ဇယားအောက်ခြေရောက်နေပြီး ဆွမ်းဆီးကလည်း အဝေးကွင်းနိုင်ပွဲမရသေးတဲ့အသင်းဖြစ်နေတယ်။ ဒါ့ကြောင့် မထင်မှတ်ဘဲ အကြိတ်အနယ်ရှိလာနိုင်ပြီး အကြိုက်ကတော့ အိမ်ရှင် ဘလက်ဘန်းပါ။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်သွားနိုင်တယ်။


Photo - AFP




**မန်စီးတီး-နော်ဝစ်ချ်**

**ယမန်နှစ်ရလဒ် - မရှိ**

ဇယားထိပ်က မန်စီးတီးအတွက် အခက်အခဲသိပ်မရှိနိုင်တဲ့ပွဲပါ။ အဂူရို၊ ဒီဇီကို၊ ဘာလော့တယ်လီတို့ရဲ့ သွင်းဂိုးတွေနဲ့ ဇယားကို ဦးဆောင်နေတဲ့ မန်စီးတီးကပဲ အိမ်ကွင်းမှာနှစ်ဂိုးအသာလောက်ရသွားနိုင်တယ်။ နော်ဝစ်ချ်နိုင်ခြေသိပ်နည်းနေတယ်။

**ကျူပီအာ-ဝက်စ်ဘရွန်း**

**ယမန်နှစ်ရလဒ် - မရှိ**

အိမ်ကွင်းသရေပွဲ များနေတဲ့ ကျူပီအာတို့ အဝေးကွင်းရလဒ်သိပ်မကောင်းတတ်တဲ့ ဝက်စ်ဘရွန်းကို ရင်ဆိုင်ရမှာပါ။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဖူးတဲ့ ၂၀၁၀ ချန်ပီယံရှစ်ပွဲတုန်းက ကျူပီအာနိုင်ခဲ့ပြီး ယခု တစ်ကြိမ်မှာတော့ သရေပွဲဖြစ်ဖို့များနေတယ်။

**စပါး-ဘော်လ်တန်**

**ယမန်နှစ်ရလဒ် ၂-၁**

ယမန်နှစ်က နှစ်သင်းစလုံး ကိုယ့်အိမ်ကွင်းမှာတော့နိုင်ပွဲတစ်ပွဲစီရခဲ့တယ်။ အခုလည်း စပါးတို့ ဆက်တိုက်ခြေစွမ်းကောင်းလာတာမို့ အိမ်ကွင်းနိုင်ပွဲရဖို့ ၇၀ ရာခိုင်နှုန်းသေချာနေတယ်။ ဗန်ဒါဗတ်၊ အဒီဘာယောတို့ရဲ့ စပါးကိုပဲ နှစ်ဂိုးလောက်နဲ့ ရွေးထားသင့်တဲ့ပွဲပါ။

**ဝီဂန်-အာဆင်နယ်**

**ယမန်နှစ်ရလဒ် ၂-၂**

ဝီဂန်တို့ ယမန်နှစ်က အိမ်ကွင်းမှာ မထင်မှတ်ဘဲ အာဆင်နယ်ကို သရေယူပြနိုင်ခဲ့တယ်။ အဝေးကွင်းရှုံးပွဲတချို့ယခင်ပွဲတွေမှာ အာဆင်နယ်တို့ရှိထားတာမို့ ဂရုစိုက်ကစားမှရမှာပါ။ အာဆင်နယ် တစ်ဂိုးအသာလောက်နဲ့နိုင်ခြေရှိတယ်။ အပြန်အလှန်သွင်းဂိုးတွေရှိနိုင်တဲ့ပွဲပါ။

**ဒီဇင်ဘာ ၄၊ တနင်္ဂနွေ။**

**ည ၁၂ နာရီ**

**ဗီလာ-မန်ယူ**

**ယမန်နှစ်ရလဒ် ၂-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုလေးကြိမ်မှာ ဗီလာနဲ့ အိမ်ကွင်းသုံးပွဲပါဝင်ပြီး နှစ်ပွဲသရေကျခဲ့တယ်။ အစဉ်အလာအရ ဗီလာဟာ မန်ယူအတွက် ခက်ခဲတဲ့ပြိုင်ဘက်ဖြစ်ပြီး ဒီရာသီမှာလည်း အိမ်ကွင်းရှုံးပွဲနည်းတဲ့အသင်းဖြစ်နေတယ်။ မန်ယူ နိုင်ရင်တောင် နှစ်ဂိုးအထက် မရနိုင်တဲ့ပွဲပါ။ ဗီလာဘက်က အမြင့်ဆုံး သရေတော့ မျှော်မှန်းနိုင်တယ်။

**ည ၉း၃၀ နာရီ**

**အဲဗာတန်-စတုတ်စီးတီး**

**ယမန်နှစ်ရလဒ် ၁-၀**

ခြေစွမ်းမကွာလှတဲ့ နှစ်သင်းပါ။ ယမန်နှစ်ကတော့ နှစ်သင်းစလုံး အိမ်ကွင်းနိုင်ပွဲတစ်ပွဲစီရခဲ့တယ်။ အိမ်ကွင်းရှုံးပွဲများနေပေမယ့် အဲဗာတန်တို့ ဒီတစ်ပွဲမှာနိုင်ခြေများပါတယ်။ နှစ်ဂိုးလောက်ရသွားနိုင်တယ်။ ဒါပေမဲ့ အဲဗာတန် အိမ်ကွင်းပေးဂိုးများနေတာကြောင့် ဂိုးပြန်သွင်းခံရကိန်းတော့ရှိပါတယ်။

**ည ၁၀း၃၀ နာရီ**

**ဝုလ်-ဆန်းဒါးလန်း**

**ယမန်နှစ်ရလဒ် ၃-၂**

ယမန်နှစ်က ဝုလ်ကချည်း နှစ်ကျော့စလုံးနိုင်ခဲ့တယ်။ ဇယားအောက်ခြေနား ရောက်နေတဲ့ ဒီနှစ်သင်းမှာ ညှော်သည် ဆန်းဒါးလန်းကိုပိုကြိုက်မိပါတယ်။ ခြေမကွာပေမယ့် ဂိုးအကွာနဲ့ ဆန်းဒါးလန်းနိုင်ခြေရှိတယ်။

**ဒီဇင်ဘာ ၆၊ အင်္ဂါ။**

**နံနက် ၂း၃၀ နာရီ**

**ဖူလ်ဟမ်-လီဗာပူး**

**ယမန်နှစ်ရလဒ် ၂-၅**

ယမန်နှစ်က အိမ်ကွင်းမှာ ၂-၅ ဂိုးနဲ့ ဂိုးပြတ်ရှုံးခဲ့တဲ့ ရှုံးကြွေးကို ဒီပွဲမှာ ဖူလ်ဟမ်တို့ ပြန်ဆပ်ဖို့ မလွယ်ပါဘူး။ အဝေးကွင်းခြေစွမ်းအကောင်းဆုံးအသင်းတွေထဲမှာ ပါနေတဲ့ ညှော်သည်လီဗာပူးကပဲ နှစ်ဂိုးလောက် ရသွားနိုင်တယ်။

7DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

# ဥရောပဒုံးကျည်ကာကွယ်ရေးစနစ် ရုရှား ပစ်မှတ်ထားဖွယ်ရှိ

**မော်စကို၊ နိုဝင်ဘာ - ၂၃**

အမေရိကန်နိုင်ငံကကျောထောက်နောက်ခံပေးထားသည့် ဥရောပဒုံးကျည်ကာကွယ်ရေးစနစ်အား ပစ်မှတ်ထား၍ ရုရှားနိုင်ငံက ၎င်း၏ ဒုံးကျည်များကို ဖြန့်ကြက်ချထားသွားနိုင်ကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ကပြောကြားသည်။

ရုရှားသမ္မတက ရုရှားနိုင်ငံအနေဖြင့် လိုအပ်ပါက အမေရိကန်နိုင်ငံ၏ ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များနှင့်ရေဒါစနစ်များအားပစ်မှတ်ထား၍ ရုရှားနိုင်ငံ အနောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိုက်ချင်းပစ်ဒုံးကျည်များချထားသွားမည်ဖြစ်ကြောင်း ရုရှားသတင်း အေဂျင်စီ(RIA Novocti)အား ပြောကြားသည်။



အမေရိကန်နှင့်ရုရှားနှစ်နိုင်ငံအကြား ဒုံးကျည်ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများပျက်ပြားခဲ့ပါက ယင်းသို့ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာမက်ဗီဒက်ကပြောကြားသည်။

ရုရှားနိုင်ငံအား ခြိမ်းခြောက်ခြင်းမဟုတ်ဘဲ အီရန်နိုင်ငံမှ ဖြစ်ပေါ်လာနိုင်သည့်တိုက်ခိုက်မှုများကိုကာကွယ်ရန် အရှေ့ဥရောပတွင် ဒုံးကျည်ကာကွယ်ရေးစနစ်ချထားရေးအတွက် အမေရိကန်နိုင်ငံက အားပေးတိုက်တွန်းလျက်ရှိသည်။ —*Ref: UPI*

# ညတွင် ပွင့်သည့်သစ်ခွပန်းကို ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိ

**လန်ဒန်၊ နိုဝင်ဘာ - ၂၂**

ကမ္ဘာ့ပထမဆုံးဟု သတ်မှတ်နိုင်မည့် ညတွင်ပန်းပွင့်သော သစ်ခွတစ်မျိုးကို ဒတ်ချ်ရုက္ခဗေဒပညာရှင် အက်ဒ်ဒီဗိုဂယ်က တွေ့ရှိခဲ့ကြောင်းသိရသည်။

သုတေသီများက အဆိုပါ သစ်ခွကိုရုက္ခဗေဒအမည်Bulbophyllum Nocturnum ဟုခေါ်ထားပြီး ထိုသစ်ခွပင်သည် ညအမှောင်ရောက်ခါမှ ပန်းပွင့်ကာ မနက်ခင်းရောက်လျှင်ပွင့်အာနေသည့်ပန်းပွင့်မှာ ပြန်လည် ဖူးငုံသွားကြောင်းဆိုသည်။ အများအားဖြင့် ညတွင် ပွင့်သောပန်းများမှာ သေးငယ်သည့် အပင်မျိုးစိတ်များဖြစ်ပြီး ညဘုရင်မ ရှားစောင်းပင်၊ ညတွင်ပွင့်သည့် စံပယ်ပန်းများဖြစ်သည်။

သစ်ခွအများအပြားမှာ လိပ်ပြာတို့၏ ဝတ်မှုန်ကူးခြင်းဖြင့် မျိုးဆက်ပြန့်ပွားကြပြီး ယခု ညသစ်ခွပန်းမှာမူ ယင်ကောင်ကဲ့သို့ ညတွင် ကျက်စားသည့် အင်းဆက်ပိုးကောင်ငယ်များ၏ ဝတ်မှုန်ကူးခြင်းဖြင့် မျိုးဆက်ပြန့်ပွားကြောင်း ပညာရှင်များက ယုံကြည်နေသည်။ ယခု သစ်ခွမျိုးစိတ်သစ်ကို ပါပူအာနယူးဂီနီကျွန်း၏ အရှေ့မြောက်ကမ်းရိုးတန်းအပြင်ဘက် နယူးဗြိတိန်ကျွန်းပေါ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

—*Ref: Telegraph*

# အီရန်အပေါ် ပိတ်ဆို့တားဆီးမှုများချမှတ်ရန် ဥရောပသမဂ္ဂသဘောတူ

**ဘရပ်ဆဲလ်၊ နိုဝင်ဘာ - ၂၂**

နျူကလီးယားလက်နက်များထုတ်လုပ်ရန် အီရန်နိုင်ငံက ကြိုးပမ်းနေသည်ဟူသော မသင်္ကာမှုများကြောင့် အမေရိကန်၊ ဗြိတိန်နှင့် ကနေဒါနိုင်ငံများက အီရန်နိုင်ငံအပေါ် ပိတ်ဆို့တားဆီးမှုများချမှတ်ရန်ဆုံးဖြတ်ခဲ့ပြီးနောက် အီရန်၏ ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် လူပေါင်း ၂၀၀ ကျော်အပေါ် ပိတ်ပင်မှုများပြုလုပ်ရန် ဥရောပသမဂ္ဂက မူအားဖြင့် သဘောတူညီခဲ့သည်။

နောက်ဆုံးပေါ်ထွက်လာသည့် ပိတ်ဆို့တားဆီးမှုများကို အီရန်နိုင်ငံက ပယ်ချခဲ့ပြီး ယင်းသို့ ပိတ်ဆို့မှုများကြောင့် ၎င်းတို့၏ နျူအစီအစဉ်ကိုလူထုထောက်ခံမှုပိုမို၍ ရရှိလာကြောင်းပြောသည်။ ဆန်းစစ်လေ့လာသူများကမူ အီရန်ခေါင်းဆောင်ပိုင်းသည် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများချမှတ်ရေးသန္နိဋ္ဌာန်ကိုလျှော့တွက်ခဲ့ကြောင်းနှင့် သဘောထားတင်းမာသောစိန်ခေါ်မှုများကို အလွန်အကျွံ အသုံးချခဲ့ကြောင်း ပြောကြားကြသည်။ ထို့အတွက် ဆွေးနွေးညှိနှိုင်းမှုတစ်ရပ်ရရှိရန် ခက်ခဲသွားစေသည်ဟု လေ့လာသုံးသပ်သူများကပြောသည်။

“စစ်ပြုလာမှာကို အီရန်အစိုးရက အရမ်းကို စိုးရိမ်နေပါတယ်။ သူတို့က ဒီကိစ္စမှာမှားယွင်းခဲ့ပါတယ်။ အခုဆိုရင် သူတို့အတွက် ဆွေးနွေးညှိနှိုင်းမှုတစ်ရပ်ရရှိဖို့ အလွန်ကိုခက်ခဲသွားပါပြီ” ဟု တီဟီရန်ရှိ ဥရောပထိပ်တန်း သံတမန်တစ်ဦးကပြောသည်။

အီရန်နိုင်ငံသည် အဏုမြူဗုံးတစ်လုံးအတွက် ပုံစံထုတ်နေကြောင်း နိုဝင်ဘာလ ၈ ရက်တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ အစီရင်ခံစာ ပေါ်ထွက်လာပြီးနောက် အီရန်နိုင်ငံအပေါ် နိုင်ငံတကာ၏ ဖိအားပေးမှုများ ပိုမိုမြင့်တက်လာသည်။ —*Ref: Reuters*






7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011





# ဘာရိန်း ဆန္ဒပြမှုများနှိမ်နင်းရာတွင် အင်အားအလွန်အကျွံ သုံးစွဲခဲ့ကြောင်းတွေ့ရှိ

**မာနာမာ၊ နိုဝင်ဘာ - ၂၃**

ယခုနှစ် စောစောပိုင်းက ဘာရိန်းနိုင်ငံ၌ ကန့်ကွက်ဆန္ဒပြသူများအား နှိမ်နင်းရာတွင် ဘာရိန်းတပ်ဖွဲ့များက အင်အားအလွန်အကျွံ သုံးစွဲခဲ့ကြောင်း ဘာရိန်းဘုရင်ထံသို့ပေးပို့ခဲ့သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

အမှီအခိုကင်းသော ဘာရိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်အား အီဂျစ်ရှေ့နေတစ်ဦးဖြစ်သူ ရီချက်ဘက်ဆောနီက ဦးဆောင်ခဲ့ပြီး သေဆုံးမှု ၄၆ မှု၊ နှိပ်စက်ခံရသည်ဟုပြောကြားသူ ၅၅၉ ဦးနှင့် ကန့်ကွက်ဆန္ဒပြမှုများတွင် ပါဝင်မှုကြောင့် အလုပ်မှ ထုတ်ပယ်ခံရသည်ဟု ပြောကြားသူ လူပေါင်း ၄,၀၀၀ ၏ အကြောင်းအရာ အသေးစိတ်ကို အစီရင်ခံစာတွင် ဖော်ပြထားကြောင်းသိရသည်။

လူနည်းစု ဆွန်နီအုပ်ချုပ်သူများအပေါ် မကျေနပ်၍ ဆန္ဒပြခဲ့ကြသည့် လူများစု ရှီးယားအုပ်စုများအကြား သဘောထားကွဲလွဲမှုများကို ကုစားရန် အစိုးရ၏ ခွင့်ပြုချက်ဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အာရပ်အစိုးရတစ်ရပ်က ၎င်းတို့၏ ကိုယ်ပိုင်လုပ်ရပ်များအတွက် အမှီအခိုကင်းသော စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းမှာ ထူးခြားသည်ဟု အီဂျစ်ရှေ့နေ မစ္စတာဘက်ဆောနီက ပြောကြားသည်။

ပြုပြင်ပြောင်းလဲမှုအတွက် ထောက်ခံချက်များပေးရန် ကော်မတီတစ်ရပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဘာရိန်းဘုရင် ဟာမက်ဘင်အီဆာအယ်လ်ခါလီဖာက ပြောကြားသည်။ နာကျင်စရာအဖြစ်အပျက်များ ထပ်မံမဖြစ်ပေါ်ရေး သင်ခန်းစာယူရှေ့ဆက်ရန် စိတ်ပိုင်းဖြတ်ထားကြောင်း ဘာရိန်းဘုရင်ကပြောကြားသည်။

—*Ref: UPI*

# အစိုးရသစ်အဖွဲ့အား လစ်ဗျားမျိုးနွယ်စုများကန့်ကွက်



Photo - Reuters

**ထရီပိုလီ၊ နိုဝင်ဘာ - ၂၃**

လစ်ဗျားနိုင်ငံတွင် အစိုးရသစ်အဖွဲ့အား ထုတ်ပြန်ကြေညာပြီးနောက်တစ်ရက်မှာပင် အစိုးရသစ်အား အသိအမှတ်ပြုမည်မဟုတ်ကြောင်း လစ်ဗျားမျိုးနွယ်စုများက ပြောသည်။

ဝန်ကြီးချုပ်နေရာ လျာထားခံရသူ အဗ္ဗဒူရာဟင်အယ်လ်ကီအစ်က မျိုးနွယ်စုများ၊ ဒေသအကျိုးစီးပွားနှင့် အယူအဆအမျိုးမျိုးရှိသူ အုပ်စုများကျေနပ်စေရန် ဝန်ကြီး အဖွဲ့စာရင်းကို ထုတ်ပြန်ခဲ့သည်။ လောလောဆယ်တွင် ဝန်ကြီးအဖွဲ့နှင့်ပတ်သက်၍ ဩဇာအာဏာအကြီးဆုံးအုပ်စုများထံမှ မကျေနပ်မှုလက္ခဏာများ ပြသခြင်းမရှိသေးပေ။ အထူးသဖြင့် ဝန်ကြီးအဖွဲ့တွင် အရေးပါသော နေရာများမရရှိခဲ့သည့် အစ္စလာမ်မစ်အုပ်စုများထံမှ မကျေမနပ် ပြောဆိုမှုများထွက်ပေါ်မလာသေးကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။ သို့သော် အုပ်စုငယ်များက ၎င်းတို့မှာ လျစ်လျူရှုခံနေရကြောင်း ပြောကြားသည်။

နိုဝင်ဘာလ ၂၃ရက်တွင်လစ်ဗျားအမျိုးသားအသွင်ကူးပြောင်းရေးကောင်စီရုံးများရှိရာ ဘင်ဂါဇီမြို့ ဟိုတယ်ရှေ့၌ လူပေါင်း ၁၅၀ ခန့် ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း မျက်မြင်သက်သေများကပြောသည်။ ယင်းကန့်ကွက်ဆန္ဒပြမှုများအားအစိုးရအဖွဲ့တွင်အရေးပါသည့်နေရာမရရှိသည့်အတွက် ဒေါသထွက်နေကြသော အဝါဂီနှင့် မာဂရာရီဘာမျိုးနွယ်စုများကပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

—*Ref: Reuters*



7DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011



# ရာထူးမှ ဆင်းပေးရန် ယီမင်သမ္မတ သဘောတူလက်မှတ်ရေးထိုး

**ရီယာ့ဒ်၊ နိုဝင်ဘာ - ၂၃**

ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလေးက သမ္မတရာထူးကိုစွန့်လွှတ်သွားရန် ဆော်ဒီအာရေးဗီးယားနိုင်ငံ ရီယာ့ဒ်မြို့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။

ယီမင်သမ္မတသည် နိုင်ငံတွင် တစ်နှစ်လုံးနီးပါးဖြစ်ပေါ်ခဲ့သည့် ကန့်ကွက်ဆန္ဒပြမှုများ ငြိမ်သက်သွားစေရန် မျှော်လင့်ချက်ဖြင့် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီက ကြားဝင်၍ ညှိနှိုင်းပေးသောသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ဆော်ဒီ အာရေးဗီးယားနိုင်ငံသို့ သွားရောက်ခဲ့သည်။

"ဒီနေ့မှာပဲ ခင်ဗျားတို့နိုင်ငံရဲ့ သမိုင်းမှာ စာမျက်နှာသစ်ဖွင့်လှစ်လိုက်ပါပြီ"ဟု အခမ်းအနားသို့ တက်ရောက်လာသော ယီမင်နိုင်ငံသားများအား ဆော်ဒီအာရေးဗီးယားဘုရင်အဗ္ဗဒူလာကပြောကြားခဲ့သည်။ ဆာလေး၏ ၃၃ နှစ်ကြာ အုပ်ချုပ်ရေးကို အဆုံးသတ်လိုက်သည့်သဘောတူညီချက်ကို သက်ဆိုင်သူအားလုံးက လေးစားလိုက်နာကြရန် ဆော်ဒီအာရေးဗီးယားဘုရင်က တိုက်တွန်းပြောကြားခဲ့သည်။



**သမ္မတရာထူးမှ ဆင်းပေးရန် ပြုံး၍လက်မှတ်ထိုးနေသော အဗ္ဗဒူလာဆာလေး**

သဘောတူညီချက်၌ အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရတစ်ရပ်ကို ၁၄ ရက်အတွင်း ဖွဲ့စည်းရေးနှင့်သမ္မတရွေးကောက်ပွဲများကို ရက်ပေါင်း ၉၀ အတွင်း ကျင်းပရန်ဖော်ပြထားသည်။ နိုင်ငံအုပ်ချုပ်ခွင့် အာဏာများအား ဒုတိယသမ္မတမန်ဆိုးအယ်လ်ဟာဒီ ထံသို့ ချက်ချင်း လက်ငင်းလွှဲပြောင်းပေးရန်လည်း သဘောတူညီချက်တွင်ဖော်ပြသည်။ အမေရိကန်သမ္မတကလည်း ယီမင်သဘောတူညီချက်ကို ကြိုဆိုခဲ့ကြောင်းသိရသည်။ —*Ref: UPI*

## ဂျာမနီငွေတိုက်စာချုပ်များရောင်းချမှုက ယူ ို ငွေကို လှုပ်ခတ်သွားစေ

**စင်ကာပူ၊ နိုဝင်ဘာ - ၂၃**

ဂျာမနီငွေတိုက်စာချုပ်ရောင်းချမှု မအောင်မြင်ခဲ့ခြင်းက ဥရောပ၏ အစိုးရကြွေးမြီအကျပ်အတည်းကို ပိုမိုဆိုးရွားလာစေပြီး ဥရောပ၏ စီးပွားရေးအင်အားကြီးနိုင်ငံကိုပင် ထိခိုက်လာခဲ့ပြီဟူသော စိုးရိမ်မှုများမြင့်တက်လာခဲ့ကာ ယူရိုငွေမှာလည်း ဂျပန်ယန်းငွေနှင့်နှိုင်းယှဉ်လျှင် သီတင်းပတ်ခြောက်ပတ်အတွင်း တန်ဖိုးအနိမ့်ဆုံးသို့ကျဆင်းခဲ့ကြောင်းနှင့် အာရှစတော့ဈေးနှုန်းများကိုလည်း ကျဆင်းလာစေကြောင်းသိရသည်။

ရေနံဈေးနှုန်းများ မူလဈေးနှုန်းရရှိရန် ရုန်းကန်ခဲ့ရပြီး ကြေးနီဈေးနှုန်းများကျဆင်းခဲ့သည်။ ဥရောပ၊ တရုတ်နှင့် အမေရိကန်နိုင်ငံတို့မှထွက်ပေါ်လာသည့် အားနည်းသောအချက်အလက်များကြောင့် ကမ္ဘာ့စီးပွားရေးသည် စက်မှုလုပ်ငန်းကုန်ကြမ်းပစ္စည်းများကိုပါ လိုအပ်ချက်လျော့နည်းစေမည့် ဆုတ်ကပ်အတွင်းသို့ ဦးတည်နေကြောင်း စိုးရိမ်မှုများလည်းမြင့်မားလာစေခဲ့သည်။

နိုဝင်ဘာ ၂၂ရက်က ဂျာမနီငွေတိုက်စာချုပ်များရောင်းချမှုတွင် ယူရိုငွေစတင်သုံးစွဲပြီးနောက်ပိုင်း ဝယ်လိုအားအနည်းဆုံးဖြစ်ခဲ့ရာ ဥရောပအကျပ်အတည်းအတွက် ဒိုင်ခံငွေကြေးကျခံခဲ့သော ဂျာမနီနိုင်ငံပါ အကျပ်အတည်းအတွက် ပေးဆပ်နေရပြီဟူသော စိုးရိမ်မှုများမြင့်တက်လာသည်။

ဥရောပတွင်ဖြစ်ပေါ်သည့် စိုးရိမ်မှုများကြောင့် တိုကျိုနီကေးစတော့ရှယ်ယာဈေးကွက် ပျမ်းမျှညွှန်းကိန်း ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အမေရိကန်ဝေါလ်စထရီရှယ်ယာဈေးကွက် ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ကမ္ဘာ့စတော့ရှယ်ယာများ သီတင်းပတ်ခြောက်ပတ်အတွင်း အနိမ့်ဆုံးသို့ကျဆင်းလာသည်။ တန်ဖိုးကျဆင်းမှုတွင် သတ္တုတူးဖော်ရေးလုပ်ငန်းရှယ်ယာများ အထိအနာဆုံးဖြစ်ကြောင်းသိရသည်။ —*Ref: Reuters*



7 DAY NEWS JOURNAL

# International

Vol.10, No.37 · DECEMBER 1, 2011

## ရုရှားသမ္မတရာထူးအတွက် မစ္စတာပူတင်အား တရားဝင်အမည်စာရင်း တင်သွင်း

**မော်စကို၊ နိုဝင်ဘာ-၂၇**

လာမည့်နှစ် မတ်လတွင် ကျင်းပမည့် ရုရှားသမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လက်ရှိအာဏာရပါတီက ဝန်ကြီးချုပ် ဗလာဒီမာပူတင်အား တရားဝင်အမည်စာရင်း တင်သွင်းလိုက်ကြောင်းသိရသည်။

မတ်လ ၁၄ ရက်ရွေးကောက်ပွဲတွင် မစ္စတာပူတင်အား ၎င်းတို့ပါတီ၏ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရန် နိုဝင်ဘာ ၂၇ ရက်တွင်ပြုလုပ်သည့် ယူနိုက်တက်ရုရှားပါတီညီလာခံက တညီတညွတ်တည်း မဲပေးခဲ့ကြသည်။

"ရုရှားနိုင်ငံမှာ မစ္စတာပူတင်ထက်ပိုပြီး အောင်မြင်တဲ့၊ အတွေ့အကြုံရှိတဲ့၊ လူကြိုက်များတဲ့ နိုင်ငံရေးသမားမရှိပါဘူး"ဟု၍ သမ္မတဒီမီထရီမက်ဗီဒက်ကပါတီညီလာခံတွင် ပြောကြားခဲ့သည်။ မက်ဗီဒက်အနေဖြင့် ဒုတိယအကြိမ်သမ္မတသက်တမ်းရယူမည် မဟုတ်ကြောင်း စက်တင် ဘာလအတွင်းက ကြေညာခဲ့သည်။

မစ္စတာပူတင်သည် လေးနှစ်သက်တမ်းရှိသော ရုရှားသမ္မတတာဝန်ကို နှစ်ကြိမ်ဆက်တိုက်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်တွင် ရာထူးမှ ဆင်းပေးခဲ့ပြီး ၎င်းနေရာ၌ မစ္စတာ မက်ဗီဒက်အား အစားထိုးရန် ထောက်ခံခဲ့သည်။

**စာ(၄၅)သို့**



Photo - AFP

## အီတလီကို ကယ်တင်ရန် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ ပြင်ဆင်နေ

**ရောမ၊ နိုဝင်ဘာ-၂၇**

ငွေကြေးအကျပ်အတည်းတွေ့နေသော အီတလီနိုင်ငံတွင် ဝန်ကြီးချုပ်သစ် မာရီယိုမွန်တီက ခြိုးခြံချွေတာရေးအစီအစဉ်များကို အလျင်အမြန် အကောင်အထည်ဖော်ရန် ဖိအားများ ကြုံတွေ့နေရစဉ်မှာပင် အီတလီနိုင်ငံ၏ အကျပ်အတည်းအား ကယ်တင်ရန် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)က ယူရို ၆၀၀ ဘီလီယံချေးငှားရန် ပြင်ဆင်နေကြောင်း အီတလီသတင်းစာတစ်စောင်တွင် ဖော်ပြသည်။

ယင်းငွေကြေးဖြင့် ဝန်ကြီးချုပ် မွန်တီသည် အရေးပေါ်ဘတ်ဂျက်ဖြတ်တောက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပြုပြင်ပြောင်းလဲရေးများ ပြုလုပ်နိုင်ရန် ၁၂ လနှင့် ၁၈ လအထိ ကြားခံအချိန်တစ်ရပ်ရရှိမည်ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အရာရှိများအား ကိုးကား၍ La Stamp သတင်းစာတွင် ဖော်ပြသည်။

IMF က ပေးအပ်မည့် ချေးငွေမှာ အတိုးနှုန်း ၄၊ ၅ ရာခိုင်နှုန်းခန့်သာရှိမည်ဖြစ်ပြီး ယင်းမှာ ပြင်ပစျေးကွက်ပေါက်စျေး ၇ ရာခိုင်နှုန်းထက် သက်သာမည်ဖြစ်သည်။

**စာ(၄၅)သို့**

## နေတိုးထောက်ပံ့ရေးလမ်းကြောင်း ပါကစ္စတန် ဖြတ်တောက်



Photo - AFP

**အစ္စလာမာဘတ်၊ နိုဝင်ဘာ-၂၇**

ပါကစ္စတန်စစ်သား ၂၄ ဦး သေဆုံးခဲ့သည့် လေကြောင်းမှ မှားယွင်းတိုက်ခိုက်မှုအား လက်တုံ့ပြန်သည့်အနေဖြင့် ယခုရက်သတ္တပတ်တွင် နေတိုးထောက်ပံ့ရေးယာဉ်တန်းများအား ရပ်တန့်ထားရန် ပါကစ္စတန်အာဏာပိုင်များက အမိန့်ပေးထားကြောင်း သိရသည်။

နိုဝင်ဘာ ၂၇ ရက်တွင် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်၌ ကုန်တင်ယာဉ်အသွားအလာများ ရပ်ဆိုင်းထားကြောင်း သတင်းများတွင် ဖော်ပြခဲ့ရာ အာဖဂန်နစ္စတန်ရှိနေတိုးတပ်ဖွဲ့များအတွက် ထောက်ပံ့ရေးပစ္စည်းတင်ပို့မှုမှာ ရပ်တန့်သွားရသည်။

## အီဂျစ်တွင် မူဘာရက်အလွန် ရွေးကောက်ပွဲ မဲပေးရန် ပြင်ဆင်

**ကိုင်ရို၊ နိုဝင်ဘာ - ၂၇**

အီဂျစ်နိုင်ငံတွင် သမ္မတဟောင်း ဟို့စနီမူဘာရက်ပြုတ်ကျပြီး ပထမဆုံးအကြိမ်ကျင်းပသည့် ရွေးကောက်ပွဲ၌ မဲပေးရန် အီဂျစ်နိုင်ငံသားများ ပြင်ဆင်နေကြကြောင်းသိရသည်။

ကန့်ကွက်ဆန္ဒပြသူ ထောင်ပေါင်းများစွာမှာလည်း တာရာရင်ပြင်တွင် စုဝေးနေဆဲ ဖြစ်ပြီး စစ်ဘက်ကောင်စီက အရပ်သားအစိုးရအား အာဏာလွှဲပြောင်းပေးရန် တောင်းဆိုနေကြသည်။

**စာ(၄၅)သို့**



# သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ဝန်ကြီးဌာနအချို့အား အပြောင်းအလဲပြုလုပ်သောသဝဏ်လွှာပေးပို့

သီဟ

**နေပြည်တော်၊နိုဝင်ဘာ-၂၅**

စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာဆောင်ရွက်အကောင်အထည်ဖော်နိုင်ရန်အတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့အား စက်မှုဝန်ကြီးဌာနအဖြစ်ဝန်ကြီးဌာနတစ်ခုတည်း ပြင်ဆင်ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတကယနေ့ကျင်းပသည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ခြောက်ရက်မြောက်နေ့တွင်သဝဏ်လွှာပေးပို့ခဲ့သည်။

အလားတူ ယခင်သမဝါယမပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အားလက်ရှိဝန်ကြီးဌာနအပြင်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနကိုပါ ပူးတွဲတာဝန်ထမ်းဆောင်စေမည့် သဝဏ်လွှာနှင့် ယခင်အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတစ်ခုတည်းကိုသာတာဝန်ထမ်းဆောင်စေရန်ပြင်ဆင်ခန့်အပ်သည့် သဝဏ်လွှာကိုလည်း ပေးပို့ခဲ့သည်။

သမ္မတကပေးပို့သည့် သဝဏ်လွှာသုံးခုအနက်ပြည်ထောင်စုဝန်ကြီးဌာနများ ပူးတွဲတာဝန်ထမ်းဆောင်စေခြင်းသဝဏ်လွှာနှင့်ပြည်ထောင်စုဝန်ကြီးဌာနပြင်ဆင်ခန့်အပ်ခြင်းသဝဏ်လွှာတို့အားပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အလားတူဝန်ကြီးဌာနတစ်ခုတည်းအဖြစ်ပြင်ဆင်ဖွဲ့စည်းခြင်းသဝဏ်လွှာကိုမူ ကန့်ကွက်ဆွေးနွေးလိုသူရှိပါက ဒီဇင်ဘာ ၁ ရက်နောက်ဆုံးထား၍ စာဖြင့်ရေးသားကာ လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံပေးပို့ထားရမည်ဖြစ်ကြောင်းပြည်ထောင်စုလွှတ်တော်နာယက က ကိုယ်စားလှယ်များအားပြောကြားသည်။

ကန့်ကွက်သူရှိပါက နောက်တစ်ကြိမ်ကျင်းပမည့်ပြည်ထောင်စုလွှတ်တော်တွင်တင်ပြမဲခွဲဆုံးဖြတ်သွားမည်ဖြစ်ပြီး ကန့်ကွက်သူမရှိပါက ဝန်ကြီးဌာနပေါင်းစည်းခြင်းကို သဘောတူသည်ဟု ယူဆကာ ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း နာယကက နိုင်ငံတော်သမ္မတထံ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

## လွှတ်တော်ကိုယ်စားလှယ်အချို့ မမေးသင့်သောမေးခွန်း မေးဟုဆို

သီဟ

**နေပြည်တော်၊နိုဝင်ဘာ-၂၄**

ကျင်းပခဲ့သည့်ပြည်သူ့လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းအချို့သည် မေးရန်မသင့်သော၊ ဥပဒေနှင့်မညီညွတ်သော၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုအား တစ်နည်းမဟုတ်တစ်နည်းနှင့် ထိခိုက်စေသောမေးခွန်းများပါရှိခဲ့သည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကပြောသည်။



သို့သော်လည်း မေးခွန်းနှင့်အဆိုအများ၊ဥပဒေများ အများစုသည်နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားနှင့်ဥပဒေပြုရေးကိုအထောက်အကူဖြစ်စေသည့် မေးခွန်းများနှင့် အဆိုများ ဖြစ်ကြောင်း သိရသည်။

ကျင်းပခဲ့သည့်ပထမအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးကာလ ရက်ပေါင်း ၅၁ ရက်အတွင်းမေးခွန်းပေါင်း ၅၀၆ ခု၊အဆိုပေါင်း ၅၁ တင်သွင်းနိုင်ခဲ့သည်ဟု သိရသည်။

အထက်ပါ အဆိုများ မေးခွန်းများအား ဆောင်ရွက်ပြီးစီးမှုအနေဖြင့် မေးခွန်းများတွင် စိစစ်ခွင့်ပြုမှု ၅၀၆ ခုအနက် ကြယ်ပွင့်ပြနှုတ်ဖြေ ၃၃၇ ခု၊ကြယ်ပွင့်ပြ စာဖြင့် ၅၄ ခု၊ကြယ်ပွင့်မပြ စာဖြင့် ၉၃ ခုနှင့် ရုပ်သိမ်း ၂၂ ခုတို့ဖြစ်ကြောင်း သိရသည်။

အလားတူ အဆို ၅၁ ခုအနက်မှလည်း အတည်ပြုပြီး ၁၈ ခု၊ အတည်မပြု ၂ ခု၊မှတ်တမ်းတင် ၁၈ ခု၊ရုတ်သိမ်းအဆို ၁၃ ခုတို့ဖြစ်သည်။

## ဒေါ်အောင်ဆန်းစုကြည်က တိုင်းပြည်အကျိုးပြုတေးသီချင်းများ ရေးဖွဲ့ရန် ဂီတအနုပညာရှင်များကို တွေ့ဆုံဆွေးနွေး တိုက်တွန်း

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ ၂၅**

ဒေါ် အောင်ဆန်းစုကြည်သည် ပြည်တွင်းရှိ ဂီတအနုပညာရှင် ၈၀ ကျော်နှင့် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ၎င်း၏နေအိမ်၌ တွေ့ဆုံကာ တိုင်းပြည်၏ ကဏ္ဍအသီးသီးအတွက်အကျိုးပြုတေးသီချင်းများ ဖန်တီးရေးသားကြရန် တိုက်တွန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။



**ဒေါ်အောင်ဆန်းစုကြည်နှင့် ဂီတအနုပညာရှင်များ** ဓာတ်ပုံ-NLD

"ကျွန်တော်တို့မနေ့ကခေါင်းဆောင် အမေဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံတဲ့နေရာမှာ အင်န်အယ်ဒီပါတီတစ်ခုတည်းရဲ့ ရွေးကောက်ပွဲအောင်နိုင်ဖို့အတွက်တေးသီချင်းစပ်ဆိုဖို့ဆိုတာထက်ပြည်သူ့အကျိုးပြုသီချင်းတွေလည်း ဖန်တီးဖို့ကို အဓိကထားပြီးဆွေးနွေးဖြစ်တာပါ။ ပါတီတစ်ခုတည်းရဲ့ရွေးကောက်ပွဲအောင်နိုင်ရေးဆိုတဲ့ ကျဉ်းမြောင်းတဲ့ကဏ္ဍလေးတစ်ခုတည်းမဟုတ်ပါဘူး။ တခြားလူထုကို အကျိုးပြုမယ့်သီချင်း၊ ပြည်သူအပေါ် အကျိုးပြုနိုင်မယ့်သီချင်းတွေ ဖန်တီးဖို့အဓိကထား ဆွေးနွေးခဲ့ပါတယ်။

အမေစုက ဘယ်လို လမ်းညွှန်မှုပေးလဲဆိုရင် ရွေးကောက်ပွဲအောင်နိုင်ရေးခေါင်းစဉ်အောက်မှာရှိတဲ့အတွက်ကြောင့်ရွေးကောက်ပွဲ အောင်နိုင်ရေးသီချင်းတွေ ပါမှာဖြစ်သလို လူငယ်တွေနဲ့ပတ်သက်တဲ့တေးသီချင်းတွေရေးစပ်ဖို့တွေ၊ အမျိုးသမီးအခွင့်အရေးနဲ့ပတ်သက်ပြီး ရေးစပ်ဖို့တွေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေကိုလည်း ဂီတနဲ့ဖန်တီးဖို့တွေ၊အခြားအခြားသော အခြေခံလူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့လည်း ဖန်တီးဖို့တွေ တိုင်ပင်ဆွေးနွေးဖြစ်ပါတယ်" ဟု တေးသံရှင်ဇေယျာသော်ကပြောသည်။

"ပထမတော့ အားလုံးထင်ထားတာက အသစ်ပြန်လုပ်မယ့်ပါတီအတွက် ပါတီစည်းရုံးရေးသီချင်းတွေလုပ်ဖို့တာဝန်ပေးမယ်လို့ပဲထင်ခဲ့တာ။ တကယ်တမ်းကျတော့ ဒီလိုမဟုတ်ပါဘူး။ တိုင်းပြည်မှာတကယ်လိုအပ်နေတဲ့စိတ်ဓာတ်ပိုင်းဆိုင်ရာမြှင့်တင်တဲ့သီချင်းတွေကို အဓိကထားပြီး လုပ်ခိုင်းတာပါ။ အန်တီ့ ပါတီစည်းရုံးရေးသီချင်းတွေကိုတော့ အဲဒီပါတီက လူငယ်တွေပဲဆိုကြမှာပါ။ ကျွန်တော်တို့ဘက်ကလည်း စိတ်ဓာတ်ခွန်အားတွေ၊ဇာတိမာန်တွေ၊ တက်ကြွဖြစ်ပေါ်စေမယ့်သီချင်းတွေ ဥပမာ နဂါးနီလိုပေါ့ဗျာ။ အဲဒီလိုသီချင်းတွေပါတဲ့ အယ်လ်ဘမ်လေးလုပ်ဖို့ စဉ်းစားထားပါတယ်။ နောက်လထဲ အကောင်အထည်ဖော်ကြမယ်လို့ အကြမ်းဖျင်း သဘောတူထားပါတယ်" ဟု ဆွေးနွေးပွဲတက်ရောက်ခဲ့သူ ဆောင်းဦးလှိုင်ကလည်းပြောသည်။

ယင်းဆွေးနွေးပွဲသို့ ဆောင်းဦးလှိုင်၊ ဇေယျာသော်၊ အနဂ္ဂ၊ ရန်ရန်ချမ်း၊ ရွှေဂျော်ဂျော်၊ ညီညီသွင်၊ ရသ၊ လင်းနစ်၊ ထူးအယ်လင်း၊ ကျားပေါက်၊ ဇဝါ၊ ချောစုခင်၊ ထွန်းအိန္ဒြာဗို၊ မီးမီးခဲ၊ ကဗျာဘွဲ့မှူး၊ ခင်ဘုဏ်း၊ သံသာဝင်းစသည့် ဂီတအနုပညာရှင် ၈၀ ကျော်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

## ဒေါ်အောင်ဆန်းစုကြည် ရုပ်ရှင်အနုပညာရှင်များနှင့် တွေ့ဆုံမည်

အေးသူစံ

**ရန်ကုန်၊ နိုဝင်ဘာ ၂၈**

ဒေါ်အောင်ဆန်းစုကြည် သည် ယခုလာမည့် ဒီဇင်ဘာ ၃ ရက်၊ ညနေ ၃ နာရီတွင် ပြည်တွင်းရှိ ရုပ်ရှင်လောကမှ အနုပညာရှင်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီအစီအစဉ်က ခုမှ စီစဉ်နေတုန်းဆိုတော့ အတိအကျပြောဖို့ခက်ပါတယ်။ နောက်ပြီး ဒါက အန်တီက ပါဆင်နယ် ဖိတ်ကြားတာဖြစ်ပြီး ရုံးကဖိတ်တာမဟုတ်ပေမယ့် အဓိကကတော့အဖွဲ့ချုပ်အတွက်၊အောင်နိုင်ရေးအတွက်ပဲလုပ်တာပါ။ ဘယ်လိုအကြောင်းအရာတွေဆွေးနွေးမယ်ဆိုတာတော့ တွေ့ဆုံပွဲပြီးမှပဲ ထုတ်ပြန်သွားပါမယ်" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဖိတ်ကြားခံရသူ ဒါရိုက်တာဝိုင်းက "ကိုယ်တို့ အန်တီနဲ့ ခုလိုတွေ့ရမယ်ဆိုတာကို ဝမ်းသာအားရကိုလက်ခံပါတယ်။ လာမယ့် ဒီဇင်ဘာလ ၃ ရက်နေ့ ညနေ ၃ နာရီတွေ့ရမှာပါ။ အန်တီနဲ့တွေ့ပြီးမှပဲ ဘယ်လိုအကြောင်းအရာတွေဆွေးနွေးဖြစ်မယ်ဆိုတာ သိရမှာပါ။ အဓိကက အခုလိုတွေ့ဆုံခွင့်ရလာတာကိုက နိုင်ငံအတွက် အပြုသဘောဆောင်တဲ့ကိစ္စတွေလုပ်နိုင်မယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ကတော့ ကိုယ်တတ်စွမ်းတဲ့အနုပညာနဲ့ အကောင်းဆုံးကူညီလုပ်ဆောင်သွားမှာပါ" ဟု ပြောသည်။ အမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်သူ အိန္ဒြာကျော်ဇင်ကလည်း "မနေ့ကတော့ ကိုပြေတီဦးဆီ ဖုန်းဆက်ပြီး ဒီအကြောင်းပြောနေသံကြားပါတယ်။ ရုပ်ရှင်လောကသားတွေအကုန်သွားမယ်ဆိုရင်တော့ အူဝဲကလည်း သွားမှာပါ။ ဘယ်လိုအကြောင်းအရာတွေလုပ်ဖြစ်ပြောဖြစ်မယ်ဆိုတာတော့ မတွေ့ရသေးတော့မသိရသေးပါဘူး။ အန်တီနဲ့လည်း အရင်က တစ်ခါမှမဆုံဖူးသေးပါဘူး။ အူဝဲတို့ကတော့ ကိုယ်တတ်စွမ်းတဲ့ အနုပညာနဲ့ ဘာမဆို တတ်နိုင်သလောက် လုပ်သွားပေးဖို့ အသင့်ပါပဲ" ဟု ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာ ၂၅ ရက်က ဂီတလောကမှ အနုပညာရှင် ၈၀ ကျော်နှင့် ၎င်း၏ နေအိမ်တွင်တွေ့ဆုံခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011

# ဟီလာရီကလင်တန် မြန်မာနိုင်ငံခရီးစဉ် သုံးရက်ကြာမည်

**ရန်ကုန်၊ နိုဝင်ဘာ- ၂၆**

သမိုင်းဝင် ခရီးစဉ်တစ်ခုဖြစ်လာမည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ပထမဆုံး မြန်မာနိုင်ငံခရီးစဉ်မှာ နိုဝင်ဘာ၃၀ရက်မှဒီဇင်ဘာ ၂ရက်အထိ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးတစ်ဦး မြန်မာနိုင်ငံသို့ နှစ် ၅၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ဟီလာရီကလင်တန်မှာ မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ဟီလာရီကလင်တန်မှာ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၈ ရက်က အမေရိကန်သမ္မတအိုဘားမား၏မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပထမဆုံးပြောကြားသော မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမှာ ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီဇင်ဘာ ၂ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

"ဟီလာရီကလင်တန်ဟာ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံမှာ အပြုသဘောဆောင်တဲ့အပြောင်းအလဲကာလတစ်ရပ်ဖြစ်ဖို့ လုပ်နိုင်၊ မလုပ်နိုင်ဆိုတာကို နည်းလမ်းရှာဖွေပြီး ကျွန်တော်တို့ နှစ်နိုင်ငံအကြား စာမျက်နှာသစ်စတင်ဖွင့်လှစ်ပါလိမ့်မယ်" ဟု အိုဘားမားက ဟီလာရီကလင်တန်၏ခရီးစဉ်နှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

## ဒေါ်မိန်းခလေး ပြည်သူ့စာကြည့်တိုက် စိန်ရတုအကြို စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ နိုဝင်ဘာ- ၂၆**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်ရှိ ဒေါ်မိန်းခလေး ပြည်သူ့စာကြည့်တိုက်၏ စိန်ရတုအကြိုစာပေဟောပြောပွဲကိုဒီဇင်ဘာ ၁၂ရက်နှင့် ၁၃ ရက်ညတို့တွင် သုံးခွမြို့နယ်လုံးဆိုင်ရာ မဟာအတုလဇေယျာ့သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၂ရက ညတွင် ဆရာလယ်တွင်းသားစောချစ်၊ဆရာဟိန်းလတ်၊ဆရာကောင်းသန့်တို့ကလည်းကောင်း၊ ဒီဇင်ဘာ ၁၃ရက်ညတွင် ဆရာအောင်သင်း၊ ဆရာမောင်သာချို၊ ဆရာအော်ပီကျယ်တို့ကလည်းကောင်းဟောပြောကြမည်ဖြစ်သည်။ သုံးခွမြို့လယ်ဒေါ်မိန်းခလေး ပြည်သူ့စာကြည့်တိုက်ကို မြန်မာသက္ကရာဇ် ၁၃၀၂ ခုနှစ်တွင် အလှူရှင်ဖြစ်သူ ဒေါ်မိန်းခလေးက ဆောက်လုပ်လှူဒါန်းခဲ့ပြီး ယခုအခါနှစ်ပေါင်း၇၁ နှစ်သက်တမ်းရှိပြီဖြစ်သည်။ ဒေါ်မိန်းခလေးသည် ငယ်စဉ်က ဆင်းရဲနွမ်းပါးသဖြင့် စာမသင်ခဲ့ရသော်လည်း အိမ်ထောင်ပြုပြီးနောက် လယ်ယာလုပ်ငန်းလုပ်ကိုင်ကာ ချမ်းသာကြွယ်ဝလာခဲ့သည်။ မကွယ်လွန်မီတွင် မျက်စိကွယ်ခဲ့သူ ဒေါ်မိန်းခလေးသည် ငယ်စဉ်က စာမသင်ကြားခဲ့ရသူလည်းဖြစ်ရာ နောင်သံသရာတွင် ထိုသို့အဖြစ်မျိုးမကြုံရစေရန် ရည်ရွယ်၍ စာပေနှင့်ပတ်သက်သော ကုသိုလ်ဒါနအဖြစ် ဒေါ်မိန်းခလေးပြည်သူ့စာကြည့်တိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

# အိန္ဒိယသို့ မျောပါသွားသော မြန်မာငါးဖမ်းရေလုပ်သား ၁၈၂ ဦး ပြန်ရောက်

**သန်းဌေး**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၄**



အိန္ဒိယသို့ မျောပါသွားသော မြန်မာရေလုပ်သားများ လေယာဉ်ဖြင့် ပြန်ရောက်လာစဉ်။
ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

မြန်မာ့ပင်လယ်ပြင်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အိန္ဒိယနိုင်ငံသို့မျောပါသွားသောရေလုပ်သားများထဲမှ ၁၄၂ ဦးမှာ မြန်မာ့လေကြောင်းလိုင်းဖြင့် နှစ်သုတ်ခွဲ၍ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သူတို့တွေပြန်လာဖို့ နှောင့်နှေးနေရတာက လေကြောင်းလိုင်းအခက်အခဲကြောင့်ပါ"ဟု ၎င်းကပြောသည်။

ယခုနှစ်ဆန်း ဇန်နဝါရီလအတွင်းက အိန္ဒိယသို့ မျောပါသွားသော ရေလုပ်သား ၅ဦးနှင့် မတ်လအတွင်းက ၁၃၀ဦးဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါရေလုပ်သားများအား အိန္ဒိယနိုင်ငံသို့ သွားရောက်ခေါ်ယူရန် စက်တင်ဘာလကတည်းက ကြိုးပမ်းခဲ့ရာတွင် ရေ... လေဆိပ်သည် အိန္ဒိယစစ်တပ်ပိုင်လေဆိပ်ဖြစ်သဖြင့် ပုဂ္ဂလိကပိုင်လေကြောင်းလိုင်း ဆင်းသက်ခွင့်မရရှိခဲ့သောကြောင့် မြန်မာ့လေကြောင်းလိုင်းဖြင့် သွားရောက်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယခုပြန်လည်ရောက်ရှိလာသောရေလုပ်သားများအနက် ဧရာဝတီတိုင်းဒေသကြီးမှ ၁၂၀ ဦးထဲတွင် ဖျာပုံခရိုင်မှ ၇၈ဦးပါဝင်သည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးမှ ၉ဦးအပါအဝင် တနင်္သာရီ... ကြီးနှင့် မွန်ပြည်နယ်တို့မှ တစ်ဦးစီအသီးသီးပါဝင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိန္ဒိယမှယခုကဲ့သို့ပြန်လည်ရောက်လာသောရေလုပ်သားများအား မြန်မာနိုင်ငံသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ယူခေါ်ဆောင်ခြင်းဖြစ်ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သတင်းရရှိသည်။

၂၀၁၁ ခုနှစ်၊ မတ်လ ၁၄ ရက်မှ ၁၇ရက်အတွင်း မြန်မာ့ပင်... ရာသီဥတုဖောက် ... ဝါးဖောင်များဖြင့် ငါးနှင့် ပုစွန်ရှာဖွေနေသော ရေလုပ်သားများ ၁၆,၀၀၀ ခန့်ရှိနေသည်။ ၎င်းတို့အထဲမှ အများစုမှာ ပြည်တွင်းမှကူညီကယ်ဆယ်သူများကြောင့်အသက်ဘေး လွတ်မြောက်ခဲ့သည်။ ပျောက်ဆုံးနေသော ရေလုပ်သားများမှာ ၅၀၀ ဦးခန့်ရှိပြီး ယနေ့အထိ ၂၅ဦးမှာ သေဆုံးစာရင်းဝင်နေသော်လည်း ကျန် ၄၇၅ဦးမှာမူ ပျောက်ဆုံးဆဲဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

# နာရေးကူညီမှုအသင်းက ကချင်ပြည်သူများအတွက် ငွေကျပ်သိန်း ၂၀၀ မတည်ကူညီ

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ- ၂၆**

နာရေးကူညီမှုအသင်း(ရန်ကုန်)က ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော အခြေအနေများကြောင့် ဘေးကင်းရာသို့ တိမ်းရှောင်ခဲ့ရသူ ကချင်ပြည်သူများအတွက် ထောက်ပံ့ကူညီရန် ငွေကျပ်သိန်း ၂၀၀ မတည်ခဲ့ကြောင်း အသင်း၏ဥက္ကဋ္ဌဦးကျော်သူက ပြောသည်။

"ဒီဇင်ဘာလဆန်းမှာသွားမယ်။ အလှူငွေက အသင်းကပဲ မတည်ပြီးလှူတာ။ နောက်ထပ် အလှူရရင်လည်းထပ်လှူမယ်။ နိုင်ငံတော်က သတ်မှတ်ထားတဲ့ နယ်နိမိတ်ကိုပဲသွားလို့ရမှာပေါ့။ မြစ်ကြီးနားတစ်ဝိုက်ပေါ့။ ခေတ္တပြောင်းရွှေ့ရောက်ရှိလာသသူတွေရှိတဲ့ ဘုရားကျောင်းတွေတော့ သွားမယ်လို့စီစဉ်ထားတယ်။ ဒုက္ခသည်မို့လို့ လှူတာပါ။ ရိုးရိုးဒုက္ခသည်တောင်မဟုတ်ဘူး၊ လတ်တလော ပဋိပက္ခကြောင့် ပြောင်းရွှေ့ရောက်ရှိလာတဲ့သူတွေ၊ မိသားစုတွေတကွဲတပြားနဲ့ဖြစ်နေကြတယ်။ စားဝတ်နေရေးအတွက် အဓိကသွားလှူမယ်" ဟု ၎င်းကလှူဒါန်းမှုအစီအစဉ်ကိုပြောသည်။

ယင်းအသင်း၏ ဥက္ကဋ္ဌကျော်သူသည် တစ်ချိန်က သရုပ်ဆောင်အဖြစ်စဉ်နှင့် ကချင်ပြည်နယ်ရှိမြစ်ကြီးနား၊ ဖားကန့်၊ လုံးခင်းနှင့် မြစ်ဆုံဒေသများ၌ 'တိန်ကော့နော်ဂျာ' ရုပ်ရှင်ဇာတ်ကားကို သွားရောက်ရိုက်ကူးခဲ့ဖူးသည်။

## စာ - ၂၉၊ မြန်မာပြည်ပြောင်းလဲခြင်း မှ

အကူးအပြောင်းလို့ပြောတဲ့ကာလမှာတော့ အဓိကက ဘာလဲဆိုရင် အစိုးရရဲ့မူဝါဒရေးရာတွေနဲ့ပတ်သက်ပြီးတော့အစိုးရထဲမှာသဘောထားကွဲလွဲချက်တွေကိုပြည်သူတွေမြင်သာ ထင်သာတဲ့အထိ သိလာရမယ်"ဟု သင့်ဘဝမဂ္ဂဇင်းအယ်ဒီတာချုပ်ဟောင်းဖြစ်သူ ဦးတင်မောင်သန်းက ဆက်လက်ပြောသည်။

Transition (ကူးပြောင်းရေးအဆင့်)တွင် နောင်တွင် ကျင်းပမည့် ရွေးကောက်ပွဲများနှင့်ပတ်သက်၍ အစိုးရနှင့်အတိုက်အခံကြားသဘောထားတူညီမှုရရှိခြင်း၊ ပါတီ၊ အဖွဲ့အစည်းများနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို အစိုးရနှင့်အတိုက်အခံကြား သဘောထားတူညီမှုရရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းတို့ ပါဝင်သည်။

နောက်ဆုံးအဆင့်ဖြစ်သော Consolidation (ခိုင်မာစေရေးအဆင့်)နှင့်ပတ်သက်၍ ဦးတင်မောင်သန်းက အောက်ပါအတိုင်း ဆက်လက်ပြောသည်။ "ဒီမိုကရေစီခိုင်မာအောင်လုပ်တယ်ဆိုတာကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး အငြင်းမပွားကြတော့ဘူး။ ပြီးတော့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ရရှိလာတဲ့ရလဒ်တွေကိုလည်း အငြင်းမပွားကြတော့ဘူး။ အသိအမှတ်ပြုလာကြတယ်။ ပါတီတစ်ခုက နောက်ပါတီတစ်ခုကို အာဏာလွှဲပြောင်းတာတွေက တည်တည်ငြိမ်ငြိမ်နဲ့ လွှဲပြောင်းလာတယ်။ နောက်ပြီးတော့ ဖွဲ့စည်းပုံအပြင်ဘက်ကနေ အာဏာကိုရယူဖို့ ကြိုးစားတာတွေလည်း မရှိကြတော့ဘူး။ မီဒီယာနဲ့ပတ်သက်ပြီးတော့လည်း လက်ဝါးကြီးအုပ်တာမျိုးတွေကို ကာကွယ်ပေးတဲ့ ဥပဒေမျိုးတွေ ရှိလာတယ်၊ အစရှိသဖြင့်ပေါ့။ ဒီအချက်တွေ ရှိလာပြီဆိုရင်တော့ နိုင်ငံမှာ ဒီမိုကရေစီကို ခိုင်မာအောင်လုပ်ပြီလို့ပြောလို့ရတယ်"

အထက်ပါအချက်များကို ကြည့်၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာ မည်သည့်အဆင့်ရောက်ရှိနေသည်ကို စာဖတ်သူများကိုယ်တိုင် ချိန်ထိုးစဉ်းစားစေလိုကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယနေ့အချိန်တွင် မြန်မာ့နိုင်ငံရေး စတင်ပြောင်းလဲနေသည်ကိုလူအများစုကလက်ခံနေပြီဖြစ်သည်။ 7Day Newsက သာမန်ပြည်သူ ၁၀၀ ဦးကို ကျပန်းတွေ့ဆုံမေးမြန်းခဲ့ရာ ၇၈ ဦးက မြန်မာနိုင်ငံပြောင်းလဲနေပြီဟု ဖြေဆိုသည်။ သို့သော်ဖြေဆိုသူအများစုက ပြောင်းလဲမှုများမှာ အနည်းငယ်သာရှိသေးပြီး၊အောက်ခြေအထိ မရောက်သေးဟုလည်း ဆိုကြသည်။

"ဒီအစိုးရလက်ထက်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်လာတယ်။ အခြေအနေသစ်တွေပေါ်ထွန်းအောင်လုပ်တယ်။ ဒါတွေဟာ အောက်ခြေလူထုပဲခေါ်ခေါ် နယ်စွန်နယ်ဖျားပဲခေါ်ခေါ် အလွန်ကျယ်ပြန့်တဲ့လူထုကြားထဲမှာ ဘာမှသက်ရောက်မှုမရှိဘူး"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝင်းတင်က ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ လိုအပ်ချက်ကို ထောက်ပြပြောဆိုသည်။

အမေရိကန်သမ္မတအိုဘားမားကလည်း မြန်မာနိုင်ငံတွင် အရေးကြီးသောခြေလှမ်းများကို စတင်နိုင်ပြီဖြစ်သော်လည်း လုပ်ဆောင်ရန် ကျန်ရှိသည်များနှင့်ပတ်သက်၍ "တကယ်တော့ လုပ်စရာတွေ အများကြီး ရှိပါသေးတယ်။ မြန်မာနိုင်ငံရဲ့ ပိတ်ပင်ထားတဲ့ နိုင်ငံရေးစနစ်၊ တိုင်းရင်းသားလူမျိုးစုတွေအပေါ်မှာ ဆက်ဆံပုံနဲ့ ယုံကြည်ချက်အကျဉ်းသားတွေကို ဆက်လက်ထိန်းသိမ်းထားတာတွေ၊ စိုးရိမ်ပူပန်ဆဲ ရှိနေပါတယ်"ဟုထည့်သွင်းပြောကြားသွားသည်။

လက်ရှိ ဖြစ်ထွန်းနေသော ပြောင်းလဲမှုများ နောက်ကြောင်းပြန်မသွားရန်အတွက် မြန်မာအစိုးရအပါအဝင်ပြည်သူတစ်ရပ်လုံး လုပ်ဆောင်ရန် များစွာကျန်ရှိနေကြောင်းလည်း နိုင်ငံရေးလေ့လာသူအားလုံးက တညီတညွတ်တည်းပြောသည်။ ကျန်ရှိနေသော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကိုလွှတ်ပေးရန်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ဖြစ်ပွားနေသော တိုက်ခိုက်မှုများ ပြီးဆုံး၍ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် တရားရေးမဏ္ဍိုင်ခိုင်ခံ့ရန်၊ လာဘ်ပေးလာဘ်ယူကိစ္စရပ်များ ကင်းရှင်းရန်၊ အစိုးရဝန်ထမ်းအများစုနှင့် ပြည်သူတို့၏ စိတ်နေစိတ်ထားကို ပြောင်းလဲရန် စသောအချက်များစွာတို့ကို ဆောင်ရွက်ရန်လိုနေသေးကြောင်းလည်း ထောက်ပြကြသည်။ ဦးကျော်ဝင်းက မြန်မာနိုင်ငံကဲ့သို့ ရွေးကောက်ပွဲ ဒီမိုကရေစီမှ လစ်ဘရယ်ဒီမိုကရေစီသို့ ပြောင်းလဲနေသောနိုင်ငံတွင် နိုင်ငံရေးဖွံ့ဖြိုးမှု၊ စီးပွားရေးဖွံ့ဖြိုးမှု စသည်တို့တွင် အားနည်းပါက အချိန်မီနောက်ပြန်သွားနိုင်ကြောင်းလည်း ပြောသည်။

"စီးပွားရေးဖွံ့ဖြိုးမှုမရှိရင် နောက်ကြောင်းပြန်နိုင်တဲ့ အန္တရာယ်က သိပ်များတယ်"ဟု၎င်းကပြောသည်။

"ဒီရက်ပိုင်းမှာ ကားဆွဲလို့ ပြန်မကောင်းဘူး။ လူတွေက စီးပွားရေးသိပ်အဆင်မပြေလို့ထင်တယ်။ တက္ကစီသိပ်မစီးကြဘူး။ အဲဒီတော့ကျွန်တော်ထင်တာ ပြောင်းလဲမှုတွေက ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝထဲတော့ ရောက်မလာသေးဘူး"ဟု အငှားယာဉ်မောင်း ဦးနန်းဆွေကဖွင့်ဟသည်။

အလားတူ လှည်းတန်းဈေးမှ အသက် ၃၁ နှစ်အရွယ် ဈေးဆိုင်ပိုင်ရှင်တစ်ဦးကလည်း ပြုပြင်ပြောင်းလဲမှုများ၏ အသံကိုကျယ်ကျယ်လောင်လောင် ကြားနေရသော်လည်း ဈေးအရောင်းအဝယ်မှာ တပ်မတော်အစိုးရလက်ထက်ကကဲ့သို့ပင်မကောင်းသေးကြောင်း သူ၏အတွေ့အကြုံကိုပြောသည်။ "အပြောင်းအလဲတွေက အောက်ခြေအထိမရောက်သေးဘူး၊ အစိုးရရုံးတွေမှာလည်း အရင်အတိုင်းပဲ။ ဝန်ထမ်းတွေနဲ့ ဆက်ဆံရတာတွေက အရင်လိုပဲ" ဟု လှည်းတန်းမှ ဈေးဆိုင်ပိုင်ရှင်က မှတ်ချက်ချသည်။ မျှော်လင့်ချက်များ ရှင်သန်လာသည်နှင့်အတူ အလုပ်အကိုင်များ ပိုမိုကောင်းမွန်လာရန် ဦးနန်းဆွေတို့လိုပြည်သူတွေက တူညီစွာမျှော်နေကြဆဲ။ ။

7 DAY NEWS JOURNAL
Vol.10, No.37 • DECEMBER 1, 2011



# လွှတ်တော်အစည်းအဝေးများအပေါ် လွှတ်တော်ကိုယ်စားလှယ်အချို့၏အမြင်

**သီဟ**

ပထမအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများအားပြီးခဲ့သည့်သြဂုတ်လ ၂၂ရက်ကစတင်ကျင်းပခဲ့ရာ ယနေ့ နိုဝင်ဘာ ၂၅ ရက်တွင် ပြီးဆုံးပြီဖြစ်သည်။

ကျင်းပခဲ့သည့် ဒုတိယပုံမှန်အစည်းအဝေးကာလများအတွင်း ပြည်ထောင်စုလွှတ်တော်၊အမျိုးသား လွှတ်တော်နှင့်ပြည်သူ့လွှတ်တော် အစရှိသည့် လွှတ်တော်သုံးရပ်တို့မှ ကိုယ်စားလှယ်များက ပြည်သူများအား အကျိုးပြုမည့် မေးခွန်းများ၊ အဆိုများအား တင်သွင်းခဲ့ကြသည်။

ကိုယ်စားလှယ်များတင်သွင်းခဲ့ကြသည့် မေးခွန်းနှင့်အဆိုများသည် ဥပဒေအဖြစ်သက်ရောက်မှုရှိခဲ့သည့် အဆိုများရှိသကဲ့သို့ မှတ်တမ်းအဖြစ်သာလည်းကောင်း၊ ရုပ်သိမ်းရသည့် အဆင့်သို့လည်းကောင်း ရောက်ရှိခဲ့သည့် မေးခွန်းများ၊ အဆိုများလည်းရှိခဲ့ကြသည်။

ထို့ကြောင့် လွှတ်တော်များကျင်းပနေစဉ်ကာလအတွင်းက အဆိုများ၊ မေးခွန်းများ တင်ပြဆွေးနွေးချက်များအားတင်ပြခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ရုပ်သိမ်းမည့် နိုဝင်ဘာ ၂၅ ရက်တွင် လူတွေ့မေးမြန်းခဲ့ပါသည်။

ထိုသို့မေးမြန်းရာတွင် အချို့သောလွှတ်တော်ကိုယ်စားလှယ်များသည် မေးမြန်းသည့် မေးခွန်းများအားစိတ်ရှည်စွာပြန်လည်ဖြေကြားပေးကြသော်လည်း တပ်မတော်သားကိုယ်စားလှယ်များနှင့် အချို့သောကိုယ်စားလှယ်များမှာမူ ဖြေဆိုရန် မဝံ့မရဲဖြစ်နေသေးသည်များကို တွေ့ရှိခဲ့ရပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လွှတ်တော်စတင်ကျင်းပသည့်နေ့တွင် ယင်း၏ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား မီဒီယာများကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြောင်းနှင့် ဝေဖန်အကြံပြုမှုများအားလည်းလိုလားကြောင်း ပြောဆိုခဲ့သည်။

ဖြေဆိုရန် မဝံ့မရဲဖြစ်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ပတ်သက်၍ "ကိုယ်စားလှယ်များအပေါ် ပွင့်ပွင့်လင်းလင်း ရဲရဲဝံ့ဝံ့ သတ္တိရှိရှိပြောဆိုဆောင်ရွက်ဖို့မှာထားပါတယ်။ သို့ရာတွင် သဘောသဘာဝဆိုတာ ချက်ချင်းဖျောက်လို့မရပါဘူး။ မြန်မာနိုင်ငံမှာကိုက လွှတ်လွှတ်လပ်လပ် ပွင့်ပွင့်လင်းလင်းပြောဆိုတဲ့အခြေအနေမရှိခဲ့တာကြာပြီ"ဟု သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်အပြီး သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသွားသည်။

တပ်မတော်သား ကိုယ်စားလှယ်များ၏ဖြေဆိုရန်မဝံ့မရဲဖြစ်မှုများနှင့်ပတ်သက်၍လည်း သူရဦးရွှေမန်းက"ဒါကြောင့် တပ်မတော်သားကိုယ်စားလှယ်တွေနဲ့တွေ့တဲ့အခါမှာ မီဒီယာကိုတွေ့ရင် ရှောင်မယ်၊ ပြေးမယ်။ မေးရင် ဖြေမယ်ဆိုတဲ့အနေအထားမရှိဘူး။ အခုဒါတောင် လွှတ်တော်ကျင်းပပြီးနောက်ပိုင်းမှ ဒီအခြေအနေဖြစ်လာတာ၊ တချို့ဆိုရင်မီဒီယာကို



မြင်တဲ့အမြင်က ငါတို့ကိုဒုက္ခပေးမယ့်သူတွေဆိုတဲ့ အနေအထားမျိုးဖြစ်တယ်"ဟု ပြောသည်။

ပြည်သူများအား အခြေအနေမှန်များကို ဖော်ဆောင်ပေးရန်မှာ မီဒီယာများတွင်တာဝန်ရှိပြီး မီဒီယာများအနေဖြင့်လည်းပြည်သူကို လေးစားရန်လိုအပ်ပြီး မီဒီယာကလည်းမီဒီယာအလုပ်လုပ်ကာ ပြည်သူကလည်း ပြည်သူ့တာဝန်ကျေပွန်ပါက ယခုကဲ့သို့ ကြောက်လန့်ခြင်း၊ ရှောင်ကြဉ်ခြင်းများ ရှိတော့မည်မဟုတ်ဟု သူရဦးရွှေမန်းကပြောသည်။

လက်ရှိကျင်းပပြီးစီးခဲ့သည့် လွှတ်တော်နှင့်စပ်လျဉ်း၍လွှတ်တော် ကိုယ်စားလှယ်များကို မေးမြန်းခဲ့ရာ

**ဦးဖြေဦး(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးက ကိုယ့်ဒေသအကျိုးအတွက်ကို ပိုပြီးတော့မှ အချိန်ရလာပြီးတော့ အကြောင်းအရာတွေများများစားစား ဒုတိယလွှတ်တော်မှာ တင်ပြနိုင်တယ်။ ပွင့်လင်းမြင်သာမှုကတော့ အရင်လည်းရှိပါတယ်။ အခုလည်းရှိပါတယ်။

နောက်တစ်ခုက လွှတ်တော်အတွေ့အကြုံ ကျွန်တော်တို့မှာမရှိကြဘူး။ ပထမလွှတ်တော် အတွေ့အကြုံတုန်းကတော့ အစိမ်းသက်သက်ဝင်လာတယ်၊ ဒုတိယလွှတ်တော်ကျတော့ပထမအတွေ့အကြုံအပေါ် မူတည်ပြီးတော့ ပိုပြီးတော့မှ တိုးတက်လာတဲ့ အခြေအနေရှိလာတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

လွှတ်တော်ထဲရောက်လာတဲ့အချိန်မှာ ပါတီစွဲလည်းမရှိဘူး။ ဒေသစွဲလည်းမရှိဘူး။ ကောင်းတဲ့အချက်တွေကိုပဲ အကုန်လုံးဝိုင်းစုတင်တယ်။ ကျွန်တော်တို့ပါတီကလူများတယ်ဆိုပေမယ့်သူတို့ဘက်ကကောင်းရင်လည်းကျွန်တော်တို့ထောက်ခံတာပဲ။ သူတို့ဘက်ကကောင်းရင်လည်း ကျွန်တော်တို့ထောက်ခံရတာပဲ။

NLD ပါတီနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်မယ့်အပေါ်မှာလည်း ရွေးကောက်ပွဲဝင်တာတို့၊ပါတီဖွဲ့တာတို့ဆိုတာကတော့ ကာယကံရှင်တွေရဲ့အဆုံးအဖြတ်ပါပဲ။ ကျွန်တော်တို့ကတော့ ဒီလမ်းစဉ်ကိုယုံလို့၊ ဒီပုံစံကိုယုံလို့ ကျွန်တော်တို့ကတော့ဝင်နေပြီ၊ဒါကြောင့် ဒီပုံစံထဲကိုလာပြီး ဝင်တယ်ဆိုရင် ကျွန်တော်တို့က ဝမ်းသာတာပေါ့ဗျာ။

**ဒေါက်တာအေးမောင် (အမျိုးသားလွှတ်တော် ကိုယ်စားလှယ်)**

ပထမအကြိမ်တုန်းကတော့ အတွေ့အကြုံကလည်းမရှိကြဘူးလေ။ အဲဒီတော့ပါလီမန်ဒီမိုကရေစီခေတ်ကို ပြန်မှန်းပြီးခါမှ စမ်းပြီးလျှောက်ကြတာ။ အဲဒီတော့ မဝံ့မရဲတာလည်းရှိတာပေါ့။ မှားမှာကြောက်တာလည်းရှိတာပေါ့။ ဒုတိယအကြိမ်ကျတော့ တော်တော်များများဟာ ခေတ်လည်းပြောင်းတယ်၊အခြေအနေလည်းပြောင်းတယ်ဆိုတော့ လွတ်လပ်မှုလည်း ပိုရလာတယ်။ ဆွေးနွေးခွင့်လည်းရတယ်။

အဆိုတို့ မေးခွန်းတို့ကအစ တော်တော်များများကို ကြိုးစားမေးကြတယ် ဖြေတဲ့ပုဂ္ဂိုလ်တော်တော်များများကလည်း တချို့ပုဂ္ဂိုလ်တွေဆိုရင်ပွင့်ပွင့်လင်းလင်းပြောတယ်။ ကျွန်တော်တို့တော့ အားရတယ်ဗျ။ ဒီဘက် ဒုတိယအကြိမ်လွှတ်တော်ကိုပေါ့။ အစအဆုံး ပြန်သုံးသပ်ရင် တော်တော်လေးကို အားရတယ်။

**ဦးသိန်းညွန့်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

အနေအထားကိုက မတူဘူးလေ။ ပထမအကြိမ်က အစိုးရအဟောင်းလက်ထက်မှာကျင်းပတာ။ အစိုးရအသစ်ဖွဲ့စည်းတာက အဓိကပဲကို။ အဲဒါကြောင့် ကျွန်တော်တို့က ပထမအကြိမ်မှာပြည်သူ့လွှတ်တော်မှာ မေးခွန်းတွေ၊ အဆိုတွေ တင်ပြခဲ့ခြင်းမရှိပါဘူး။ ပြည်ထောင်စုလွှတ်တော်မှာသာ လွတ်ငြိမ်းချမ်းသာခွင့်အဆိုနဲ့ အနောက်နိုင်ငံတွေက စီးပွားရေးပိတ်ဆို့မှုကို ပြန်လည်မေတ္တာရပ်ခံတယ်ဆိုတဲ့ အဆိုနှစ်ခုတင်ခဲ့ပါတယ်။ ဆွေးနွေးခွင့်မရခဲ့ပါဘူး။ သတင်းမီဒီယာတွေကို ကြိုတင်ပြောတယ်ဆိုတဲ့ဟာ ဆွေးနွေးခွင့်မရခဲ့ပါဘူး။

ဒုတိယအကြိမ်ကျတော့ အစိုးရသစ်လက်ထက်မှာ ကျင်းပတဲ့အတွက်မေးခွန်း ၁၀ ခုမေးခဲ့တယ်။ ချုပ်ပြောရရင်တော့ ဒီဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ ဘောင်ကိုချဲ့နိုင်အောင် ကျွန်တော်တို့တတ်စွမ်းသမျှ၊ ကျွန်တော်တို့တတ်နိုင်သမျှလုပ်ပေးနိုင်ခဲ့တယ်။ ဒါကြောင့်ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးနဲ့ပတ်သက်လို့ ပြောရရင် ကျွန်တော်တို့ ကိုယ့်မဲဆန္ဒရှင်ကိုရော၊ ပြည်သူလူထုကိုရော ကျွန်တော်တို့ဟာ ဘယ်လိုလွှတ်တော်ကိုယ်စားလှယ်တွေဆိုပြသနိုင်တဲ့အတွက် ကျွန်တော်တို့ အိမ်ပြန်ခရီးကျေနပ်ပါတယ်။

**ဦးခိုင်မောင်ရီ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

လွှတ်တော်ကျင်းပနေတဲ့ပုံစံကတော့ ပထမအကြိမ်နဲ့ ဒုတိယအကြိမ် သိပ်ကွာခြားချက်မရှိဘူးပေါ့။ ဒါပေမဲ့ ပထမအကြိမ်တုန်းကတော့ လူတွေအတွေ့အကြုံနည်းတဲ့အတွက် နောက်ပြီးတော့ လွှတ်တော်ရဲ့အရှိန်အဝါကြီးမားမှုပေါ့။ အဲဒီကြီးမားမှုကို မူတည်ပြီးတော့မှ ပြောချင်တဲ့သူတွေကလည်း မပြောရဲကြဘူး။ မပြောရဲတဲ့သူတွေက အခုဒုတိယအကြိမ်မှာတော်တော်ပြောရဲလာကြပြီ။ နောက်တစ်ခုက ဒီဒုတိယအကြိမ်မှာတောင်မပြောရဲတဲ့သူတွေရှိသေးတယ်ဆိုတာ မနေ့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနောက်ဆုံးမှာ ကြားချက်မှာပါတာပေါ့နော်။

အဓိကကတော့ပြောရဲသည်ဖြစ်စေ မပြောရဲသည်ဖြစ်စေ၊ ကျွန်တော်တို့ကတော့ ပြည်သူလူထုအတွက်လုပ်ကိုလုပ်ရမယ်ဆိုတဲ့ စိတ်နဲ့ပြောကြတာပေါ့။ကျွန်တော်တို့လည်း စစချင်းထွက်တဲ့အချိန်မှာ နည်းနည်းရွံ့တာတွေရှိတာပေါ့ ဒါပေမဲ့ အဲဒီဟာကို ပြည်သူလူထုမျက်နှာနဲ့ စိတ်ကိုဇွတ်နှစ်ပြီးလုပ်ခဲ့ရတာတွေရှိတာပေါ့။

အခုဒုတိယအကြိမ်မှာကျတော့ ကိုယ့်ထက်ပြောနိုင်တဲ့သူတွေပေါ်လာတာကိုတွေ့ရတာပေါ့။ ဒုတိယလွှတ်တော်က ပထမလွှတ်တော်ထက်စာရင်အတွေ့အကြုံလေးနည်းနည်းအခြေခံလာတဲ့အတွက် ပိုပြီးပြောရဲတဲ့သူတွေရှိလာတာပေါ့။

သို့သော်တအားကြီးပွင့်လင်းတာတော့မရှိသေးဘူး။ ဒါပေမဲ့ ဥပဒေကြမ်းတွေကိုဆွေးနွေးတဲ့အခါမှာကျတော့ ကိုယ့်ရဲ့ထင်မြင်ယူဆချက်တွေထပြောရဲတဲ့အဆင့်ရောက်လာပြီ။ ပထမလွှတ်တော်မှာ အဲဒါမတွေ့ခဲ့ရဘူး. . . ။

## အမှတ်(၁)စက်မှုဝန်ကြီးဌာနရုံးဟောင်းကို ဟိုတယ်ဆောက်မည်

ပြည်သိမ်း

**နေပြည်တော်၊ နိုဝင်ဘာ-၂၈**

ရန်ကုန်မြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးဟောင်းအား ဟိုတယ်တည်ဆောက်ရင်းနှီးမြှုပ်နှံရန် ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီကို ခွင့်ပြုလိုက်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက နေပြည်တော်၌ သတင်းထောက်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

ဆီဒိုးနားဟိုတယ်မျက်စောင်းထိုး၊ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု(၁)လမ်းကြားရှိရုံးဟောင်းကိုဖြိုချ၍ဟိုတယ်ဆောက်လုပ်မည်ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင်ဆီးဂိမ်းအားကစားပွဲများကျင်းပရန်ရှိခြင်းနှင့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံကအာဆီယံဥက္ကဋ္ဌတာဝန်ယူမည်ဖြစ်၍ ပြည်ပမှခရီးသွားများ ဝင်ရောက်မှုများလာပါက ဟိုတယ်များလုံလောက်စေမှုရှိရန် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်လိုအပ်ကြောင်းဦးစိုးသိန်းက ပြောသည်။

"ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှုက ၂၀၁၅မှာအရမ်းအရေးကြီးတယ်။ စင်ကာပူ၊ မလေးရှား၊ ကိုရီးယား၊ ဂျပန်၊ ဗီယက်နမ်တို့က ဟိုတယ်လုပ်ငန်းမှာ ရင်းနှီးဖို့စိတ်ဝင်စားနေကြတယ်"ဟု ၎င်းကပြောသည်။

ဟိုတယ်များ တည်ဆောက်ရန် မြေကွက်များရယူထားသူများကိုလည်း ဟိုတယ်များ အလျင်အမြန်တည်ဆောက်ရန် ဦးစိုးသိန်းကတိုက်တွန်းခဲ့သည်။

## မျက်နှာဖုံး- ခုံးကျော်တံတားလေးစင်း လေးလအတွင်း တည်ဆောက်မည် မှ

ယာဉ်ကြောပိတ်ဆို့မှု အများဆုံးနေရာများဖြစ်သောလှည်းတန်း၊ ရွှေဂုံတိုင်၊ တာမွေ၊ ဘုရင့်နောင်လမ်းဆုံတို့တွင် ခုံးကျော်တံတားများတည်ဆောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ပြောသည်။

"ရုံးဆင်းချိန်ဆို လူတိုင်းအိမ်ပြန်ချင်တာပေါ့။ အိမ်အလုပ်တွေကရှိသေးတယ်။တစ်နာရီနာရီဝက်အချိန်ပိုရရင် ရသလိုအကျိုးရှိတာပေါ့"ဟုဦးစိုးသိန်းက ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

တံတားသစ်လေးစင်း တည်ဆောက်ရာတွင်အစိုးရအသုံးစရိတ်ဖြင့်မဟုတ်ဘဲ ဘဏ်များ၊ ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်မည်ဖြစ်သည်။ လှည်းတန်းခုံးကျော်တံတားကို ကမ္ဘောဇဘဏ်နှင့် တာမွေခုံးကျော်တံတားကို မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့ကတည်ဆောက်မည်ဖြစ်သည်။ ရွှေဂုံတိုင်နှင့် ဘုရင့်နောင်ခုံးကျော်တံတားများကိုသက်ဆိုင်ရာဆောက်လုပ်ရေးကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု(BOT) စနစ်ဖြင့်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခုံးကျော်တံတားများကို တည်ဆောက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု၊ လမ်းပိတ်ဆို့မှုမဖြစ်စေရန် တံတားအစိတ်အပိုင်းများ သီးသန့်ပြုလုပ်စေပြီး တပ်ဆင်စနစ်အသုံးပြုမည်ဟုဆိုသည်။

ထို့အပြင် ယာဉ်ကြောပိတ်ဆို့မှုမကြာခဏဖြစ်ပွားသော ဘုရင့်နောင်မြစ်ကူးတံတားဘေးတွင်လည်း တံတားအသစ်တစ်စင်းကို ထပ်မံဆောက်လုပ်ရန် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.37 · DECEMBER 1, 2011

# ပုဂံတွင် ကျင်းပသော မဲခေါင်နိုင်ငံများ ခရီးသွားပြပွဲသို့ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မဲခေါင်ခရီးသွားအလုပ်ရုံမှ တာဝန်ရှိသူများ တက်ရောက်

**အောင်သူရ**

**ပုဂံ၊ နိုဝင်ဘာ-၂၈**

ပုဂံဒေသတွင် ပထမဆုံးပြုလုပ်သော မဲခေါင်ဒေသ နိုင်ငံများခရီးသွားပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ပနိုင်ငံများမှ ပညာရှင်များတက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ယခင်က တက်ရောက်လေ့မရှိသော Mekong Tourism Coordination Office မှ အမှုဆောင်ဒါရိုက်တာနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ညွှန်ကြားရေး (Country Director Thialand) တို့လည်း တက်ရောက်ခဲ့ကြသည်။



**မဲခေါင်ခရီးသွားပြပွဲမှ ကမ္ဘောဒီးယားပြခန်းကိုတွေ့ရစဉ်**

“ဒီဆွေးနွေးပွဲမှာမြန်မာနိုင်ငံအတွက် အကောင်းဆုံးအကြံပေးကြတာက ဆက်သွယ်ရေးကောင်းဖို့ပါ” ဟု မဲခေါင်ရုံးခွဲမှ Mr. Mason Florence က ပြောသည်။

ထို့အပြင် မြန်မာနိုင်ငံမှ တက်ရောက်လာသော ဈေးကွက်မြှင့်တင်ရေးကော်မတီမှ ဒေါ်စုစုတင်က အိမ်နီးချင်း မဲခေါင်နိုင်ငံများတွင်တွေ့ကြုံခဲ့ရသောကောင်းသော အလေ့အကျင့်များနှင့် ၎င်းတို့ ပြုလုပ်ခဲ့ကြသော အမှားများကို မခြွင်းမချန် သိလိုက်ရ၍ ခရီးသွားလုပ်ငန်းအတွက် ကောင်းမွန်သော အချက်တစ်ခုဖြစ်ကြောင်း သုံးသပ်ပြောကြားသည်။

ထိုဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည့်ထဲမှ Community Base Tourism မြန်မာနိုင်ငံအတွက် သင့်လျော်သော ခရီးသွားလုပ်ငန်းအဖြစ် သိခဲ့ရသည်ဟု တက်ရောက်သည့် မြန်မာကိုယ်စားလှယ်များက ပြောသည်။

နန်းမြင့်တာဝါတွင် ပြုလုပ်သော ခရီးသွားပြပွဲသို့ မဲခေါင် ၆ နိုင်ငံမှ ပြခန်း ၆ ခု လာရောက်ပြသကြပြီး ပြည်တွင်းဟိုတယ်ဇုန် ၁၁ ခုမှပြခန်း ၁၁ ခန်း၊ လေကြောင်းလိုင်းတစ်လိုင်းမှ ပြခန်းတစ်ခုအပါအဝင်စုစုပေါင်းပြခန်း၁၈ခုပြသခဲ့သည်။

# ပုဂံရှေးဟောင်းဇုန်အတွင်းရှိဆိုင်ခန်းများ ဆက်လက်ဖွင့်လှစ်ခွင့်ပြုမည်

**အောင်သူရ**

**ပုဂံ၊ နိုဝင်ဘာ - ၂၇**

ပုဂံမြို့ ရှေးဟောင်းစေတီပုထိုးများတည်ရှိရာ ဇုန်အတွင်း (Monument Zone) ဘုရားအနီး၌ ခေတ်ပေါ်ဒီဇိုင်းများဖြင့် တည်ဆောက်ထားသော ဆိုင်ခန်းများအား ဆက်လက်ထားရှိသွားမည်ဟုနိုဝင်ဘာ ၂၆ရက်ကဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်မြင့်ကပုဂံဟိုတယ်တွင်သတင်းထောက်များအား ပြောသည်။

အဆိုပါဘုရားအနီးတွင် ဆိုင်ခန်း ၃၈ ခန်းနှင့် ဇာတ်ရုံကြီးတစ်ခုတည်ဆောက်ထားပြီး ညဈေးတန်းအဖြစ်ဆောက်လုပ်သွားမည်ဟု မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုးဝင်းက ပြောသည်။

အဆိုပါဆိုင်ခန်းများတွင်မြန်မာ့ခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့အောက်ရှိ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်ကြီးများနှင့် ဒေသခံအချို့မှ ဒေသထွက် ပစ္စည်းအချို့အား မဲခေါင်ခရီးသွားပြပွဲကျင်းပသော နိုဝင်ဘာ ၂၇ရက်မှစ၍ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

“ပြပွဲကျင်းပပြီးတဲ့ နိုဝင်ဘာ ၃၀ ရက်အထိပဲဖွင့်မှာပါ”ဟု အဆိုပါဆိုင်ခန်းများတွင် ဖွင့်လှစ်ထားသော အာရှဖွံ့ဖြိုးရေးဘဏ်ငွေလဲကောင်တာ၊ ရတနာပုံတယ်လီပို့၊ မန္တလေးစားသောက်ဆိုင်အသင်းဆိုင်နှင့် မြန်မာ့ဟိုတယ်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများအသင်းဆိုင်တို့မှ တာဝန်ရှိသူများကပြောသည်။

ရှေးဟောင်းစေတီပုထိုးများတည်ရှိရာ ဇုန်အတွင်းတွင် အဆောက်အအုံသစ်များ တည်ဆောက်ခွင့်မရှိကြောင်း ပုဂံဒေသခံအမျိုးသားတစ်ဦးကပြောသည်။

“ကျွန်တော်တို့ ရှေးဟောင်းဇုန်ထဲမှာရှိလို့ဆိုပြီး ၁၉၉၁ ခုနှစ်ကစပြီး အဲဒီနေရာကနေ မြို့သစ်ကို ရွှေ့ပေးခဲ့ရတယ်”ဟု ပုဂံဒေသခံ အမျိုးသားတစ်ဦးကပြောသည်။

ပုဂံဒေသသို့ လာရောက်ကြသော ခရီးသွားများက ညဈေးသို့ သွားရောက်လည်ပတ်စားသောက်လိုကြသော်လည်း ယခု ဖွင့်လှစ်သောနေရာသည် ဟိုတယ်များနှင့်ဝေးသဖြင့် သွားရောက်လည်ပတ်လိုသူနည်းကြောင်း ယခုရက်ပိုင်း ပုဂံရောက်နေသော ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးက မှတ်ချက်ပေးသည်။

“ဟိုတယ်အများစုက မြို့သစ်မှာရှိတာ။ အဲဒီမြို့ဟောင်းထဲမှာ ဟိုတယ်လေးလုံးပဲရှိတယ်။ ဒါတောင် သရပါက ဝေးသေးတယ်။ ဒါကြောင့် လမ်းလျှောက်လာဖို့က မလွယ်ဘူး။ ကားသမားတွေကလည်း မပို့ပေးချင်ဘူး။ အခု ကျွန်တော့်ဧည့်သည် ၂၈ ဦးတောင်မသွားဘူး”ဟု အဆိုပါဂျာမန် ဧည့်လမ်းညွှန်က ပြောကြားသည်။

ပုဂံ-ညောင်ဦး ဒေသတွင် ဟိုတယ် ၄၇ လုံးရှိပြီး ထိုညဈေးသို့ သီရိပစ္စယာပုဂံဟိုတယ်နှင့် ပုဂံသံတဲဟိုတယ်တို့တွင် တည်းခိုသော ဧည့်သည်များသာ လမ်းလျှောက်လည်ပတ်နိုင်သည်ဟု ဧည့်လမ်းညွှန်များကဆိုသည်။

ယခု ညဈေးတည်ဆောက်ထားသောနေရာသည် တူးဖော်တွေ့ရှိရသော အုတ်ခွက်ဘုရားများအရ ပုဂံခေတ်အစောဆုံးရှေးဟောင်းစေတီပုထိုးအဖြစ် တည်ရှိရာ ဘုရားဝန်းကျင်နေရာတွင်ဖြစ်သည်။

# ပဲမျိုးစုံ ပြည်ပတင်ပို့မှု များပြားသော်လည်း ဝင်ငွေ လျော့နည်းနေ

**သိမ့်သိမ့်စိုး၊ ဇာဇာနီ**

**ရန်ကုန်၊ နိုဝင်ဘာ-၂၆**

ပဲမျိုးစုံ ပြည်ပတင်ပို့မှုတွင် ယခုဘဏ္ဍာနှစ်စမှ နိုဝင်ဘာလလယ်အထိ တင်ပို့ခဲ့သော ပမာဏနီးပါးရှိနေပြီဖြစ်သော်လည်း ဝင်ငွေမှာ များစွာနည်းနေသေးကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းက ယနေ့ပြုလုပ်သည့် (၁၈)ကြိမ်မြောက် ပဲ၊ နှမ်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ယခု ၂၀၁၁-၁၂ဘဏ္ဍာနှစ်တွင်ပဲမျိုးစုံပြည်ပတင်ပို့မှုမှာ နိုဝင်ဘာလအထိ တန်ချိန် ၀ ဒသမ ၉၄ သန်း(၉၄၀,၀၀၀တန်)ရှိသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတန်ချိန် ၀ ဒသမ ၉၅ သန်း တင်ပို့ခဲ့ရာ ကန်ဒေါ်လာ ၉၈၃ သန်း ရရှိခဲ့ပြီး ယခုနှစ်တွင် လက်ရှိကာလအထိ ကန်ဒေါ်လာ ၇၂၈ သန်းသာရရှိသေးကြောင်း သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံဘက်မှ တိရစ္ဆာန်အစားအစာအဖြစ် ပဲနှင့်ပြောင်းများကိုဝယ်ယူလာသည့်အတွက် အလေးထားဆောင်ရွက်ရမည့် အနေအထားဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

“ဈေးကွက်စီးပွားရေးကျင့်သုံးတဲ့နှစ် ၂၀ အတွင်းမှာ ပဲမျိုး စုံကဏ္ဍက တိုးတက်ဖွံ့ဖြိုးမှု အများဆုံးဖြစ်တယ်” ဟု ၎င်းကပြောကြားခဲ့သည်။ ပြီးခဲ့သည့်နှစ်လယ်ယာထွက် ကုန်ပြည်ပတင်ပို့မှုဝင်ငွေများအနက် ပဲမျိုးစုံတင်ပို့မှုက စုစုပေါင်းရောင်းရငွေ၏ ၆၄ ရာခိုင်နှုန်းရှိခဲ့ကြောင်း ဒေါက်တာပွင့်ဆန်းက ပြောသည်။

၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် ပြည်ပတင်ပို့မှု ဝင်ငွေဒေါ်လာ သန်း ၁၄၀၀ ကျော်ရှိသည့်အနက် ပဲမျိုးစုံကဏ္ဍမှ ဒေါ်လာ ၉၀၀ ကျော်ရှာဖွေနိုင်ခဲ့သည်။

ပဲမျိုးစုံစိုက်ပျိုးမှုမှာ ဧကသန်းပေါင်း ၁၀ ကျော်စိုက်ပျိုးပြီး ဈေးကွက်ရရှိမှုမှာလည်း ဆန်ဈေးကွက်ထက် ၂ ဆပိုမိုရရှိခဲ့ကြောင်း UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်ကပြောကြားခဲ့သည်။

ပြီးခဲ့သည့် နှစ် ၂၀ ကျော် ကာလဖြစ်သည့် ၁၉၈၈-၈၉ ခုနှစ်က စိုက်ဧက ၁ ဒသမ ၈ သန်းရှိခဲ့ပြီးပြည်ပတင်ပို့မှုတန်ချိန် ၂ ဒသမ ၅ သိန်းသာတင်ပို့နိုင်ခဲ့သည်။

၂၀၀၉-၁၀ တွင်စိုက်ဧက ၁၀ ဒသမ ၅ သန်းထိ စိုက်နိုင်ခဲ့ပြီးပြည်ပတင်ပို့မှုတန်ချိန် ၁၂ ဒသမ ၉ သိန်း တင်ပို့နိုင်ခဲ့သောကြောင့် စိုက်ဧကနှင့် တန်ချိန် ၇ ဆကျော်ခန့် တိုးတက်လာခဲ့ကြောင်း သိရသည်။

## ပဲနှမ်း အသင်းက ပဲအထူးပြု ကုမ္ပဏီ ၆ ခု တည်ထောင်ရန် စီစဉ်

**ဇာဇာနီ၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၂၆**

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ပဲအထူးပြုကုမ္ပဏီ ၆ ခု ထပ်မံဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းက ပြောသည်။

လက်ရှိကာလတွင် ပဲအထူးပြုကုမ္ပဏီ ၂၁ ခုဖွဲ့စည်းထားပြီး ဖြစ်သည်။ ယင်းတို့မှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၆ ခု၊ ပဲခူးတိုင်းဒေသကြီးမှာ ၉ ခု၊ ရန်ကုန်တိုင်းဒေသကြီး၌ ၃ ခုနှင့် မကွေးတိုင်းဒေသကြီးတွင် ၃ ခုတို့ဖြစ်သည်။ ယခုဖွဲ့စည်းမည့် ၆ ခုကို လိုအပ်သည့်နေရာများတွင် ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအထူးပြုကုမ္ပဏီများကို ၂၀၀၉ ခုနှစ် မေလကစတင်ဖွဲ့စည်းခဲ့ပြီး မျိုးနှင့်သွင်းအားစုများကိုစတင်၍ တောင်သူများကိုပံ့ပိုးပေးခဲ့ရာ ပထမနှစ်တွင် ငွေကျပ် ၄ ဒသမ ၁၂ ဘီလီယံပေးခဲ့သည်။ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၆၄ ဘီလီယံ ပံ့ပိုးပေးခဲ့သည်။ ယခု ၂၀၁၁-၁၂ဘဏ္ဍာ နှစ်အတွက် ငွေကျပ် ၁ ဘီလီယံအထိသာ ပံ့ပိုးထားပြီး ကျန်ရှိသည်များကို ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းကုမ္ပဏီများက အရည်အသွေးကောင်း၊ မျိုးကောင်းမျိုးသန့်ပဲများနှင့်လိုအပ်သော သွင်းအားစုဖြည့်တင်းပေးခြင်းနှင့်ထွက်ရှိလာသော ပို့ကုန်များကိုပြည်ပသို့တိုးမြှင့်နိုင်ရေးတို့ကို ဆက်လက်လုပ်ဆောင်ပေးရန်လည်း ပြောကြားခဲ့သည်။

# ဘာလီတွင်သွားရောက်ဖျော်ဖြေခွင့်ရခဲ့သော Side Effect

ဝေယံ

**ရန်ကုန်၊**
**နိုဝင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ပြုလုပ်သော အာဆီယံထိပ်သီးအစည်းအဝေးပွဲဖျော်ဖြေရေးကာလတွင် ဟယ်လို အာဆီယံအမည်ဖြင့် ကျင်းပသော ဂီတပွဲတော်တွင်မြန်မာနိုင်ငံ Underground (တရားဝင်ခွေထုတ်ဝေခြင်းမပြုရသေးသော်လည်းရှိုးပွဲများသီဆိုဖျော်ဖြေနေသော ဂီတအဖွဲ့များ)မှ အဖွဲ့တစ်ဖွဲ့ဖြစ်သည့် Side Effect အဖွဲ့ သွားရောက်ဖျော်ဖြေခွင့်ရခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံမှ Pop Punk ဂီတအဖွဲ့များနှင့် ရိုးရာဂီတအဖွဲ့များ ပါဝင်ဖြေဖျော်ခဲ့ပြီး ထိုဂီတပွဲကြီး အားနိုဝင်ဘာလ ၁ ရက်မှ ၂၃ ရက်အထိMain Stage၊အခြား Mini Stage များ၊ပြခန်းများဖြင့်ရက်ရှည်ပြုလုပ်ခဲ့သည်။ Side Effect အဖွဲ့က ၂၀ ရက်တွင်ဝင်ရောက်ဖျော် ဖြေခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့ကို အွန်လိုင်းကနေ ပွဲစီစဉ်သူ မီယာဂျူဟန်က တိုက်ရိုက် by name နဲ့ခေါ်တာပါ၊ ကျွန်တော်တို့တောင် မြန်မာနိုင်ငံမှာတောင်လူမသိသေးတဲ့ Side effect ကိုခေါ်လို့အံ့ဩမိပါတယ်၊ အွန်လိုင်းကတင်ထားတဲ့ကျွန်တော်တို့ Bandဝက်ဘ်ဆိုက်ကနေပြီးသူတို့သီချင်းတွေနားထောင်ဖူးတယ်လို့ဟိုရောက်တော့ပြောပြပါတယ်၊ ဒီပွဲက သူတို့ဆီက ရိုးရာဂီတနဲ့ Bandတွေကိုပရိုမိုတ်လုပ်ပေးတာများတယ်။ ဒီအတွက်များခေါ်သလားတော့မသိပါဘူး။ မေးမကြည့်ဖြစ်ခဲ့ဘူး။ ကိုရီးယားက နာမည်ကြီးအက အဖွဲ့တွေလည်း လာရောက် ဖျော်ဖြေတာတွေ တွေ့ရတယ်။ ဒါပေမဲ့ ထူးခြားတာ ကျွန်တော်တို့ရဲ့ Main Stage က Main Band က သူတို့ဆီမှာနာမည်ကြီးတဲ့ Pop Punk တစ်ခုဖြစ်တဲ့ Superman is Dead ဆိုတဲ့Band ဖြစ်နေတာပါ၊ ပြောရရင်သူတို့ဆီမှာ Punk ဆိုတာ လူထုနဲ့တော်တော်ရင်းရင်းနှီးနှီးရှိနေတယ်။ အထူးတလည်မဟုတ်ဘူးလို့ သိရပါတယ်၊ကျွန်တော်တို့သီဆိုဖျော်ဖြေရာမှာလည်း တော်တော်များများအားပေးခြင်း ခံရပါတယ်” ဟု ဖျော်ဖြေပွဲအတွေ့အကြုံကိုပြောပြခဲ့သည်။



ထိုအဖွဲ့မှာ မြန်မာနိုင်ငံမှ Underground ဂီတဖျော်ပွဲများတွင် Punk ဂီတကြိုက်နှစ်သက်သောပရိသတ်များ၏ အားပေးမှု အများဆုံးခံရသည့်အဖွဲ့တစ်ဖွဲ့ဖြစ်သော်လည်းမည်သည့်ဂီတဟုသတ်မှတ်ထားခြင်းမရှိဘဲOwntune များကိုသာ Vocal အဖြစ် ဒါကိုစီ၊ Guitar ဂျိုးဇတ်ဖ် ကေနှင့် Drum ဆယ်ထူးတို့ဖြင့်တီးခတ်သီဆိုထားကြောင်းသိရသည်။ Band အနေဖြင့် ၂၀၀၄ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် Sample ခွေတစ်ခွေ ထုတ်ဝေခဲ့ကာ ယခုလက်ရှိတွင် တေးစီးရီး အယ်ဘမ်တစ်ခုထုတ်နိုင်ရန် အွန်လိုင်းမှ အလှူခံလျက်ရှိကြောင်း သိရသည်။

ထိုအဖွဲ့မှ ဒါကိုစီက “တခြားနိုင်ငံမှာက ကိုယ့်နိုင်ငံက ဂီတအဖွဲ့လေးတွေကိုပရိုမိုတ်လုပ်ပေးတယ်၊ ကျွန်တော်တို့လာမည့် ၂၀၁၄ မှာရော ကိုယ့်နိုင်ငံက အဖွဲ့လေးတွေကိုဖျော်ဖြေခွင့်ပေးပြီး နိုင်ငံခြားက အဖွဲ့တွေကိုရော ဖိတ်ခေါ်ပြီးဒီလိုပွဲကြီးမျိုး ကျင်းပပေးရင်ကောင်းမယ်လို့တွေးပြီး ရင်ခုန်မိတယ်ဗျာ။ ကျွန်တော်တို့ဂီတတွေက အာရှမှာမနိမ့်ကျဘူး”ဟုဆိုသည်။

မြန်မာနိုင်ငံရှိအခြား Band များကို ခေါ်ဆိုခြင်းမပြုခြင်း ပြုခြင်မှာ ကော်ပီသီဆိုမှုများ အပေါ်တွင်သက်ဆိုင်မှုရှိနိုင်ကြောင်း ၎င်းက ဆိုသည်။